www.burmeseclassic.com


# စာအုပ်များ ၊ နှင့် ၊ ထင်မြင်ချက်များ

ကျော်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



[redacted] ၄၀၀ဂဂ၃၀ဂ၀၈
[redacted] ၄၀၀၈၄၀၀ဂ၀၈
[redacted] ပထမအကြိမ် ၂၀၀၈ ဩဂုတ် "ကျော်မှူး"
[redacted] နိုင်းဝင်းမြင့်
[redacted] ၁၀၀၀
[redacted] ကိုတိုနိုင်
[redacted] ကိုသိန်းအေး (စံတော်ချိန်)
[redacted] အောင်ဇော် (ပုံနှိပ်ရှင်)
[redacted] ဝင်းကျော်ထွန်း (မုံရွာစာပေ)
၈၀(စ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
[redacted] ဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်)
၈၀(စ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
[redacted] ကိုမြင့်
[redacted] ၂၀၀၀ကျပ်

BURMESE CLASSIC .com

## မာတိကာ


* စာရေးသူ၏အမှာ ၇
* စာရေးသူ၏ ကိုယ်ရေးအကျဉ်းနှင့် ထုတ်ဝေပြီးစာအုပ်များ ၉

အင်တာဗျူး - ၁ ၁၃
ငြိမ်းချမ်းရေးစကားဝိုင်း
(ကိုရဲမိုး - နှင့်)

အင်တာဗျူး - ၂ ၃၉
စာအုပ်များ(၁)
(ကိုအောင်ဇော်မြင့် - နှင့်)

အင်တာဗျူး - ၃ ၅၉
စာအုပ်များ(၂)
မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) - နှင့်

အင်တာဗျူး - ၄ ၇၅
အမြင်အရွေ့နှင့် ဂလိုဘယ်လိုက်ဇေးရှင်း(၁)
(မျိုးမြတ်သူ - နှင့် )

အင်တာဗျူး - ၅ ၉၇
အမြင်အရွေ့နှင့် ဂလိုဘယ်လိုက်ဇေးရှင်း(၂)
(စိုးအောင် - နှင့်)




www.burmeseclassic.com

www.burmeseclassic.com


အင်တာဗျူး - ၆ ၁၃၉
စီးပွားရေးဖွံ့ဖြိုးမှု
( The Trust ဂျာနယ် - နှင့် )
အင်တာဗျူး - ၇ ၁၅၃
စာအုပ်များ (၃)
( Action ဂျာနယ် - နှင့် )
အင်တာဗျူး - ၈ ၁၅၉
အပြောင်းအလဲများနှင့် အမြင်အရွေ့
( Living Color မဂ္ဂဇင်း - နှင့် )
အင်တာဗျူး - ၉ ၁၇၃
ကန္တာရကျွန်းအင်တာဗျူး
( ကိုတာ - နှင့် )




BURMESE CLASSIC .com

## စာရေးသူ၏ အမှာ

၁။ 'ခင်ဗျား အင်တာဗျူးတွေ မလုပ်နဲ့တော့ဗျာ' ဟု စာရေးသူ၏ ရင်းနှီးသော မိတ်ဆွေတစ်ဦးက အကြံပြုဖူးသည်။ စာရေးသူ၏ အပြော အဆိုများကြောင့် မိတ်ဆွေ(ဟောင်း)အချို့ အဝေးတော်မကျေမနပ် ဖြစ်နေကြကြောင်း သူကပြောပြသည်။ မိတ်ဆွေ၏ ရည်ရွယ်ချက်မှာ အချင်းချင်း ပြဿနာ မဖြစ်စေချင်သောကြောင့် ဖြစ်ပါလိမ့်မည်။ အမှန်စင်စစ် စာရေးသူ ရေးနေပြောနေသည်မှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပုဂ္ဂိုလ်ရေးအရ ထိခိုက်နစ်နာစေလို၍ မဟုတ်သည်မှာ သေချာပါသည်။ မိမိဖတ်ရှုမှတ်ရသမျှ အတွေးသစ်၊ အမြင်သစ်များဖြင့် မိမိ၏အခုအခံ အစွဲအလမ်းဟောင်းများကို shock ရိုက်ကြည့်ခြင်းသာဖြစ်သည်။ ဤအတွက် မိတ်ဆွေ(ဟောင်း)အချို့ကို ထိခိုက်စေသည် ဆိုငြားအံ့။ စာရေးသူ မတောင်းပန်နိုင်ပါ။ လုပ်သင့်လုပ်ထိုက်သည်ဟု မိမိယုံကြည်သည်ကို တစိုက်မတ်မတ် ဆက်လုပ်မည်သာဖြစ်ပါသည်။ သို့အတွက် ဆိုခဲ့ပါ မိတ်ဆွေ၏စေတနာကို နားလည်သည့်တိုင် သူ့အကြံပေးချက်ကို ဝမ်းနည်းစွာ ငြင်းပယ်လိုက်ရပါသည်။

၂။ အဆိုပါ ဆုံးဖြတ်ချက်နှင့် ဆိုခဲ့ပါ စိတ်အခံကြောင့်ပင် ကဗျာဆရာ(ကို)စိုင်းဝင်းမြင့်(ကျော်မွှေးစာပေ) က စာရေးသူ၏ အင်တာဗျူးများကို စုစည်းထုတ်ဝေလိုသည်ဟု အဆိုပြုလာသောအခါ စာရေးသူအလွယ်တကူခေါင်းညိတ်လက်ခံလိုက်ခြင်း ဖြစ်ပါသည်။ ယခု စာရေးသူ ဖြေကြားခဲ့ပြီးသော အင်တာဗျူး(၉)ခုလုံးကို စုစည်းပေးလိုက်ပါသည်။ အင်တာဗျူး ၁-၂နှင့် ၅တို့မှာ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေပြီးဖြစ်သော်လည်း ယခုအခါ စာအုပ်ရှာ မရတော့ပြီဖြစ်၍ အားလုံးကို တစုတစည်းတည်း ဖော်ပြလိုက်ပါသည်။ ဤသို့ [illegible]လည်



www.burmeseclassic.com

www.burmeseclassic.com



စုစည်းရာတွင် တစ်လုံးတစ်ပါဒမျှ ပြင်ဆင်ဖြည့်စွက်ခြင်း မလုပ်ဘဲ အရင်းအတိုင်း လွှတ်ထားလိုက်ပါသည်။ စာရေးသူဘက်မှ အထူးအထွေ ပြင်ဆင်စရာ မရှိသောကြောင့်ဖြစ်သည်။ စာဖတ်သူများသို့ မေတ္တာရပ်ခံလိုသည်မှာ မူလ အင်တာဗျူးစဉ်က နေ့စွဲနှင့် တိုက်ဆိုင်ဖတ်ကြဖို့ ဖြစ်ပါသည်။

၃။ စာရေးသူ၏ ပထမဆုံး အင်တာဗျူးစာအုပ်(၂၀၀၄၊ဖေဖော်ဝါရီလ က The Couple မှ ထုတ်ဝေဖြန့်ချိခဲ့) အမှာတွင် ယခုလို ရေးခဲ့ဖူးပါသည်။ "စာဖတ်သူအတွက် ကျွန်တော်ပေးနိုင်သည်မှာ 'ရိုးသားမှု' မှ လွဲ၍ ဘာမှမရှိ"။ ယခု အမှာစာကိုလည်း ဤစကားဖြင့်ပင် နိဂုံးချုပ်လိုက်ပါသည်။

နိုးသားစွာဖြင့်
ကျော်ဝင်း
၂-၃-၂၀၀၈



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း
## နှင့်
## ထုတ်ဝေပြီးစာအုပ်များ

- ၁၉၅၂ ဧပြီ ၂၀ ရက်နေ့တွင် စစ်ကိုင်းတိုင်း မုံရွာမြို့၌ အဘဦးဘစိန်၊ အမိ ဒေါ်အုန်းစိန် တို့မှမွေး။ မွေးချင်း (၇)ယောက်တွင် အငယ်ဆုံးဖြစ်။
- အမှတ်(၁) အထက(မုံရွာ)၊ မန္တလေးဆေးတက္ကသိုလ်၊ မန္တလေးစာပေး စာယူ တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့။
- ကျောင်းသားဘဝ(၁၉၇၀) ပြည့်နှစ်ကပင် ကျူရှင်ဆရာဖြစ်နေခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ စ၍ တပေလုပ်ငန်းတစ်ခုတည်းသာ လုပ်ကိုင်ဆောင်ရွက်ခဲ့။
- သင့်ဘဝမဂ္ဂဇင်း(၂၀၀၀)၊ စံပယ်ဖြူမဂ္ဂဇင်း(၂၀၀၁-၀၃)၊ ခေတ်ဆန်း ဂျာနယ် (၂၀၀၃-၀၄)၊ မိုးဂျာနယ်(၂၀၀၄-၀၆)တို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး (၂၀၀၆)ခုနှစ်မှစ၍ The Waves မဂ္ဂဇင်းကို တည်းဖြတ် ထုတ်ဝေခဲ့။
- ယခုအချိန်(၂-၃-၂၀၀၈)အထိ ရေးသားထုတ်ဝေပြီးစာအုပ်များမှာ

### ၂၀၀၀ ပြည့်နှစ်

၁။ နိုင်ငံ၏စီးပွားရေး

### ၂၀၀၁ ခုနှစ်

၂။ ထောင်စု၊ ရာစု၊ ဆယ်စုများ
၃။ ကမ္ဘာလုံးစီးပွားရေးဘဝေးမြင်

### ၂၀၀၂ ခုနှစ်

၄။ ဒါဝင်မိတ်ဆက်
၅။ ကမ္ဘာကြီးရဲ့မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



၆။ ယဉ်ကျေးမှုများတိုးတိုက်မိခြင်း

၂၀၀၃ ခုနှစ်

၇။ ပင့်ကူအိမ်လူ့အဖွဲ့အစည်း
၈။ သူတို့အက်ဆေး
၉။ အတောင်ပါသောစကားလုံးများ
၁၀။ တော်ဖလာနှင့်စကားစမြည်
၁၁။ ၂၁ ရာစုဒစ်ပလိုမေစီ
၁၂။ လူများ၊ ဖြစ်ရပ်များ၊ တူရှုချက်များ
၁၃။ ရေစီးကြောင်းများပြောင်းလဲချိန်
၁၄။ စိန်ခေါ်ကြသူများ
၁၅။ ဦးနှောက်မုန်တိုင်းဆင်ခြင်း
၁၆။ နှစ်ပေါင်း ၂၀၀၀ က ဘီဇနက်စကား
၁၇။ ထောင်စု၊ ရာစု၊ ဆယ်စုများ (ဒု-ကြိမ်)

၂၀၀၄ ခုနှစ်

၁၈။ ပုံရိပ်၊ ရှုခင်း၊ အမှတ်ရချက်နှင့် ခေတ်ရေစီး
၁၉။ ပညာရှင်များရဲ့ ၂၁ ရာစု
၂၀။ အီရတ်အလွန်
၂၁။ ဘီဇနက်ဂျာနယ်လစ်ဇင်
၂၂။ ကောင်းကင်တွင် စင်တင်မည့် ဒရမ်မာသစ်
၂၃။ အင်တာဗျူး
၂၄။ ဂလိုဘယ်အမြင်၊ ဂလိုဘယ်လိုက်ဇေးရှင်း
၂၅။ ၂၁ ရာစု သားရွှေဥ
၂၆။ ခေတ်ပြိုင်ဘောဂဗေဒ
၂၇။ ရာဇဝင်တွင်ရစ်မယ့် စကားဝိုင်းများ
၂၈။ အယ်ဒီတာစကား၊ အယ်ဒီတာအကြိုက်

၂၀၀၅ ခုနှစ်

၂၉။ သူတို့အမြင်၊ သူတို့အပြော
၃၀။ ဂျပန်အိပ်မက်





၃၁။ နိုင်ငံ၏ စီးပွါးရေး (ဒု-အကြိမ်)
၃၂။ ကမ္ဘာ့အစိစဉ်သစ်ရှာပုံတော်
၃၃။ အာရှစီးပွားရေး အနှစ် လေးဆယ်
၃၄။ နိုင်ငံတည်ဆောက်ရေး
၃၅။ ဂလိုဘယ်လိုက်ဇေးရှင်း ခေါင်းနှင့်ပန်း
၃၆။ ပေါက္ခရဝဿမိုး
၃၇။ ပလာတိုရဲ့ မျဉ်းနှစ်ကောင်
၃၈။ သစ္စာရှာဖို့ မြင်းစီးသူ
၃၉။ အက်ဆေးဆရာရဲ့ ဖြတ်သန်းခြင်း

၂၀၀၆ ခုနှစ်

၄၀။ စစ်အေးလွန်သော်
၄၁။ ဈေးကွက်ဖွင့်အမေးအဖြေ
၄၂။ လူများ၊ အိုင်ဒီယာများ၊ နိုင်ငံများနှင့်ခေတ်ရေစီး
၄၃။ ကမ္ဘာပြားပြီ (ပတွဲ)
၄၄။ အိုင်တီခေတ်၊ ပညာခေတ်၊ အိုင်ဒီယာခေတ်
၄၅။ နိစ္စများရဲ့ အနိစ္စ
၄၆။ ကမ္ဘာပြားပြီ (ဒု-တွဲ)
၄၇။ ပညာ၊ ပညာရေးနဲ့ စိန်ခေါ်ကြသူများ
၄၈။ ဆိုက်ဘာခေလှေ အကောက်အယူများ
၄၉။ ကလေးစကား
၅၀။ ကမ္ဘာပြားပြီ (တ-တွဲ)

၂၀၀၇ ခုနှစ်

၅၁။ ဒုတိယအတွေး
၅၂။ Kyaw Win's Sketch



www.burmeseclassic.com

www.burmeseclassic.com



၅၃။ နှင်းခဲပျော်ချိန်
၅၄။ ဆင်းရဲခြင်း လွတ်ကင်းအောင်
၅၅။ နှလုံးလှသံတမန်
၅၆။ နောင်လာမယ့် လူ့အဖွဲ့အစည်း
၅၇။ မငြိမ်၊ ဂန္ဓာလနှင့် ကမ္ဘာတစ်ခွင်
၅၈။ ထောင်စုသစ် အိုင်ဒီယာများ
၅၉။ ဗုဒ္ဓအလိုကျ ဘောဂဗေဒ
၆၀။ အငြင်းသန်တဲ့ မငြိမ်မသား
၆၁။ ကမ္ဘာလုံးစီးပွားရေးအဘိဓာန်

၂၀၀၈ ခုနှစ်

၆၂။ စာအုပ်များနှင့် နှစ်ပေါင်းများစွာ
၆၃။ ဂလိုဘယ်လိုက်ဇေးရှင်းတတိယလှိုင်းနှင့် ဦးနှောက်ပါဝါစစ်ပွဲများ



## အင်တာဗျူး(၁)

## ငြိမ်းချမ်းရေးစကားဝိုင်း

*ယခုစာအုပ်မှာ Beauty မဂ္ဂဇင်းအယ်ဒီတာ ကိုရဲမိုး၏ မေးမြန်းချက်များကို စာရေးသူ ပြန်လည်ဖြေကြားထားသည့်များ ဖြစ်ပါသည်။ ဤ အင်တာဗျူးကိုပင် ၂၀၀၃ ခုနှစ်လထုတ် Beauty မဂ္ဂဇင်းတွင် ဖော်ပြပြီး ဖြစ်ပါသည်။*

အမေရိကန်နဲ့ အင်္ဂလိပ်တို့က အီရတ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ စစ်ပွဲအပြီး ရက်သတ္တပတ်အနည်းငယ်အကြာမှာပဲ ငြိမ်းချမ်းရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဆရာကျော်ဝင်းနဲ့ အင်တာဗျူးလုပ်ဖြစ်ခဲ့ပါတယ်။ ဆရာကျော်ဝင်းရေးသားတဲ့ ယဉ်ကျေးမှုများတိုးတိုက်မိခြင်းနဲ့ ပင့်ကူအိမ်လူ့အဖွဲ့အစည်းတို့ အပါအဝင် အခြားစာအုပ်များကို စာဖတ်ပရိသတ်များ ရင်းနှီးပြီးဖြစ်ပါတယ်။ ၁၁-၅-၂၀၀၃ က ပြည်ရိပ်မွန်မှာရှိတဲ့ ဆရာ့အိမ်မှာပြောဆိုဖြစ်ခဲ့တာတွေကို ဖော်ပြလိုက်ပါတယ်။

မေး - ဒီလ Beauty ရဲ့ Cover Story က လူငယ်နဲ့ ငြိမ်းချမ်းသာယာတဲ့ကမ္ဘာ' ဆိုတော့ ဒီအင်တာဗျူးကို ငြိမ်းချမ်းရေး ရှုထောင့်ကပဲ မေးပါရစေ ဆရာ။ ငြိမ်းချမ်းရေး ဆိုတာမှာလဲ တစ်ဦးတစ်ယောက်ရဲ့ စိတ်ငြိမ်းချမ်းမှုမျိုး၊ ဘာသာရေးရှုထောင့် မျိုးမဟုတ်ဘဲ လူမျိုးအားလုံး၊ ဘာသာအားလုံးနဲ့ သက်ဆိုင်တဲ့ ငြိမ်းချမ်းရေးကို ဦးတည်ချင်တာပါ။ ငြိမ်းချမ်း



www.burmeseclassic.com

မေး ရေးဆိုတဲ့ဝေါဟာရကို ဆရာဘဝမှာ ဘယ်လိုစတင်ထိတွေ့နားလည်ခဲ့တာလဲ ဆိုတာရယ်၊ ငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက် တောင်းဆိုခဲ့ကြတဲ့ သမိုင်းနောက်ခံလှုပ်ရှားမှုတွေရယ်အကြောင်းတွေကအစ ပြောပေးပါဆရာ။

ဖြေ ငြိမ်းချမ်းရေးဆိုတာတော့ လူမှုန်းသိတတ်ခါစကတည်းကနီးစပ်ခဲ့တဲ့ စကားလုံးလို့ ပြောနိုင်မယ်ထင်ပါတယ်။ ကျွန်တော် မွေးတော့ ၁၉၅၂ အဲဒီအချိန်လောက်ကတည်းက ငြိမ်းချမ်းရေး လှုပ်ရှားမှုတွေက ရှိနေပြီ။ ကျွန်တော်တို့ တိုင်းပြည်အပါအဝင် ကမ္ဘာမှာဖြစ်နေတာတွေကို ကလေးဘဝရှိသေးတော့ ကိုယ်တိုင် မဖြတ်သန်းခဲ့ရဘူး။ ဒါပေမဲ့ အစ်ကိုဝမ်းကွဲတွေကတစ်ဆင့် သိရတာရှိတယ်။ များသောအားဖြင့်တော့ စာအုပ်တွေကတစ်ဆင့် သိရတယ်။ သမိုင်းကြောင်းနဲ့ ယှဉ်ပြီးပြောရရင်တော့ ဒုတိယကမ္ဘာစစ် အပြီးမှာ ဒီ movement က စလာတယ် ပြောရမှာပေါ့။ ပြောရရင် စစ်အေးနဲ့ ဖွားဖက်တော်လို့ ပြောရမယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာစစ်ကြီးနှစ်ခုကို ဆက်တိုက်ဖြတ်သန်းလိုက်ရတော့ လူတော်တော်များများက စစ်ကိုမုန်းလာတယ်။ အဲတော့ ငြိမ်းချမ်းရေးက လူထုရဲ့လိုလားချက်ဖြစ်လာတယ်။ အဲဒီအခြေခံပေါ်ကနေပြီးတော့ လူထုနည်းနဲ့ ကမ္ဘာစစ်တွေကို တားလို့ ရနိုင်တယ်ဆိုတဲ့ အယူအဆတစ်ခု ပေါ်လာတယ်။ ဒါကိုအခြေခံပြီး ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေ ပေါ်လာတာပါပဲ။ ဒါတွေကို အစိုးရတွေက လုပ်တာတော့ မဟုတ်ဘူး။ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေက လုပ်ကြတာပါ။ အခုခေတ် အခေါ်တော့ NGO ပေါ့။ ကမ္ဘာလုံးဆိုင်ရာ၊ အရပ်ဘက်ဆိုင်ရာ လူ့အဖွဲ့အစည်းလို့ ပြောနိုင်တယ်။ သိပ္ပံပညာရှင်တွေ ပါတယ်။ အနုပညာရှင်တွေ ပါတယ်။ နောက် စာရေးဆရာတွေပါတယ်။ တက္ကသိုလ်က ပါမောက္ခတွေပါတယ်။ Intellectual Movement ပေါ့ ။ ပညာတတ်လှုပ်ရှားမှုလို့လဲ ခေါ်လို့ရတယ်။ အဲဒီလှုပ်ရှားမှုက ကမ္ဘာမှာရှိခဲ့သလို မြန်မာနိုင်ငံမှာလဲ ရှိခဲ့တယ်။ ထင်ရှားတဲ့ စာရေးဆရာထဲကဆိုရင် ဒဂုန်တာရာတို့၊ ဗန်းမော်တင်အောင်တို့၊ မြသန်းတင့်တို့ပါတယ်။ ကျွန်တော်တို့ အထိုက်အလျောက် ထိတွေ့ခွင့်ရတယ်ဆိုတာလဲ ဒီဆရာကြီးတွေရဲ့ စာတွေကတစ်ဆင့်ထိတွေ့ခဲ့ရတာ များပါတယ်။ အဲဒီလှုပ်ရှားမှုတွေနဲ့ တစ်ပြိုင်နက်စစ်အေးကလဲ ဖြစ်နေတယ်။ အဲဒီတော့ ဒီလှုပ်ရှားမှုထဲမှာ စစ်အေး ရဲ့ ဂယက်တွေကလဲ ပါလာတယ်။ ပါလာတော့ ကမ္ဘာစစ်ကြီးကို တားဆီးမယ်ဆိုတဲ့ ဒီလှုပ်ရှားမှုကြီးကိုယ်တိုင်က စစ် အေးရဲ့ Ideology အငြင်းပွားမှုတွေနဲ့ မကင်းဘူး ဖြစ်လာတယ်။ ပထမဦးဆုံး စကွဲခဲ့တာ ကျွန်တော်မှတ်မိသလောက်တော့ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမှာလုပ်တဲ့ ငြိမ်းချမ်းရေးကွန်ဖရင့်မှာ။ ငြိမ်းချမ်းရေးလှုပ်ရှားမှုထဲမှာကိုပဲ အယူအဆနှစ်ခု ကွဲကြတယ်။ ရုရှားနဲ့နီးတဲ့လိုင်းက လက်နက်ဖျက်သိမ်းရေးကို တင်တယ်။ တရုတ်နဲ့နီးတဲ့လိုင်းက အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွေကို တင်တယ်။ ဒီနေရာမှာ နောက်ခံ အယူအဆတွေကိုလဲ နည်းနည်းပြောဖို့လိုမယ်။ လက်နက်ဖျက်သိမ်းရေးကလဲ နှစ်မျိုးဗျ။ တစ်ခုကတော့ အနုမြူလက်နက်တွေအားလုံးကို ဖျက်သိမ်းဖို့ အထွေထွေလက်နက်ဖျက်သိမ်းရေးဆိုပြီး အဆိုတင်တယ်။ ဒါပေမဲ့ အဲဒီအဆိုကို အနုမြူလက်နက်ပိုင်ပြီးသား နိုင်ငံတွေက လက်မခံဘူး။ သူတို့က ရှိပြီးသားကိုး။ အစတုန်းကတော့ အမေရိကန်တစ်ဦးတည်းပိုင်တာ။ နောက်တော့ ဆိုဗီယက်ကပါ ပိုင်လာတယ်။ အဲတော့ သူကလဲ လက်မခံဘူး။ ကိုယ့်ရှိပြီးသားကျတော့ မဖျက်ချင်ဘူး။ သူများရှိလာမှာလဲ မလိုလားဘူး။ အဲဒီတော့ သူတို့က လက်နက်လျှော့ပေါ့ရေးဆိုပြီး ပြောင်းပြောလာတယ်။ အဲဒါကိုလဲ ကျန်တဲ့ အနုမြူလက်နက် မပိုင်တဲ့ နိုင်ငံတွေက မလိုလားကြဘူး။ ဒီလို အနုမြူလက်နက်တို့ လက်ဝါးကြီးအုပ်ထားလို့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အာမခံချက်မရှိဘူးပေါ့။ အဲဒီတော့ အထွေထွေလက်နက်ဖျက်သိမ်းရေးလုပ်ပါ။ အဲလိုမှ မဟုတ်ရင် ကျုပ်တို့ပါ




ကျော်ဝမ္မစာပေ

www.burmeseclassic.com



အနုမြူလက်နက် လုပ်မှာပဲဆိုတဲ့ အငြင်းပွားမှု ဖြစ်လာတယ်။

အဲဒီအချိန်မှာက နိုင်ငံအားလုံး လွတ်လပ်ရေးမရ သေးဘူး။ လွတ်လပ်ရေးအတွက် ဆက်တိုက်နေတဲ့ နိုင်ငံတွေက ရှိနေတယ်။ ဥပမာ-ဗီယက်နမ်ဆိုရင်လဲ တောင်ပိုင်းက လွတ်လပ်တယ်ဆိုပေမဲ့ အမေရိကန်ခြေထောက်မှာပဲ ရှိသေးတယ်။ အဲဒီလွတ်မြောက်ရေးစစ်ပွဲတွေကို တစ်ဖက်အုပ်စုက ဒါတွေဟာ စစ်မီးပွားတွေပဲ၊ ဒါတွေကနေစပြီး တစ်ချိန်မှာ ကမ္ဘာစစ်ကြီး ဖြစ်လာနိုင်တယ်၊ ဒါတွေဟာ ငြိမ်းချမ်းရေးလှုပ်ရှားမှုနဲ့ မတော်ဘူး၊ ဒါတွေကို ကန့်ကွက်ရမယ်ဆိုပြီး ဖြစ်လာတယ်။ အဲဒါကို တရုတ်က လက်မခံဘူး။ သူတို့ အယူအဆကျတော့ ကမ္ဘာစစ်ကြီးတွေ ဖြစ်တာဟာ နယ်ချဲ့စနစ်ကြောင့်၊ အဲတော့ နယ်ချဲ့စနစ်ရှိနေသရွေ့ ကမ္ဘာ စစ်ကြီးတွေ ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေ ရှိနေတယ်၊ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲတွေက နယ်ချဲ့စနစ်ကို ဆန့်ကျင်တယ်၊ ဒါဟာ သွယ်ဝိုက်တဲ့နည်းနဲ့ ငြိမ်းချမ်းရေးကို အကျိုးပြုတယ်၊ အဲဒီအယူအဆပေါ့။ အဲဒီမှာ အယူအဆနှစ်ခု ကွဲကြတယ်၊ အကျိုးဆက်ကတော့ ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ တော်တော်အားနည်းသွားတယ်၊ ဖွံ့ဖြိုးပြီးသားနိုင်ငံတော်တော်များများကတော့ သူတို့ရဲ့ အဓိကခြိမ်းခြောက်မှုက အနုမြူအန္တရာယ်၊ အဲဒီတော့ သူတို့က လက်နက်ဖျက်သိမ်းရေးဘက်ကို ပိုအားသန်တယ်၊ ဒါပေမဲ့ တတိယကမ္ဘာနိုင်ငံတွေကျတော့အနုမြူလက်နက်ဆိုတာထက် လောလောဆယ်ရင်ဆိုင်နေရတဲ့ ကိုယ့်အမျိုးသားလွတ်မြောက်ရေးကိစ္စတွေကရှိတော့ မတူကြဘူး၊ အဲဒီစတော့ဟုမ်းမှာ လုပ်တဲ့ ညီလာခံကို တက်တဲ့အထဲမှာ ကျွန်တော်တို့နိုင်ငံက ဒဂုန်တာရာ ပါတယ်၊ မြသန်းတင့် ပါတယ်၊ နောက်ပါမောက္ခဦးအောင်လှလား မသိဘူး ပါတယ်။ သုံးယောက်တက်တယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့ကတော့ တရုတ်ဘက်ကပေါ့။ အဲဒါကို မြသန်းတင့်ရေးတဲ့ 'အရှေ့လေတိုက်သောအခါ' ထဲမှာပါတယ်။ နောက် ဒဂုံတာရာရဲ့ 'ဧရာဝတီ ယန်စီ ဘော်လ်ဂါ'





ထဲမှာ ပါတယ်။ ဒါက တစ်ပိုင်းပေါ့။

မေး အဲဒီခေတ်တွေမှာ ကမ္ဘာ့လူငယ်တွေ ပါဝင်ခဲ့တဲ့ အခန်းကဏ္ဍတွေကိုလည်း ဆက်ပြောပါဦးဆရာ။

ဖြေ ဒီ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေမှာ အဓိကပါကြတာလူငယ်တွေပါ။ ဒါကြောင့် လူငယ်လှုပ်ရှားမှုလို့ ယူရင်လဲ ရပါတယ်။ ကျွန်တော်တို့ဆီက ဆရာဒဂုန်တာရာတို့ဆိုရင်လဲ အဲဒီကာလက ၃၀ သာသာလောက် ရှိဦးမှာပါ၊ လူငယ်တွေပါပဲ။

မေး နောက်ပိုင်း လှုပ်ရှားမှုတွေ ဆက်ပါဦး။

ဖြေ ၁၉၆၀ အလွန် နှစ်တွေမှာ နောက်ထပ် လှုပ်ရှားမှုတွေ ပြန်ပေါ်လာပါတယ်။ အနောက်ဥရောပမှာ လှုပ်ရှားမှုတစ်ခုရှိတယ်။ စတာကတော့ ပါရီမှာပေါ့။ 'ဆိုဘွန်း' တက္ကသိုလ်မှာ လူငယ်တွေက ပိုစတာကြီးတွေ ချိတ်ကြတယ်၊ သူတို့ Slogan က ' All power to idea!'၊ ဟိုအောက်တိုဘာတော်လှန်ရေးတုန်းကတော့ 'All power to Soviet!' ဆိုတာ ရှိခဲ့တယ်၊ဘာပြောတာလဲဆိုတော့ ရှိတဲ့ idea တွေ အကုန် လက်ဝဲရော၊ လက်ယာရောအကုန် Review လုပ်ပြီး၊ ကောက်ချက်ချတော့ ဘယ် idea မှ စိတ်မချရဘူး။ idea အသစ်တွေ လိုတယ်ဆိုပြီးတော့ idea လှုပ်ရှားမှုတစ်ခုအနေနဲ့စတယ်။ အဲဒီထဲမှာ ငြိမ်းချမ်းရေး အငွေ့အသက်ပါတယ်။ တစ်ခုလုံးအနေနဲ့ကတော့ အိုင်ဒီယာလှုပ်ရှားမှုလောက်ပဲပြောနိုင်မှာပါ။ ဒါပေမဲ့ အိုင်ဒီယာရဲ့ တစ္စချက်က ငြိမ်းချမ်းရေးလို့တော့ ပြောနိုင်ပါတယ်။ အဲဒီတုန်းက ကိုလိုနီစနစ်တို့ နယ်ချဲ့စနစ်တို့က ရှိသလောက် ရှိသေးတယ်။

နောက် အဲဒီအချိန်မှာ အမေရိကန်က ဗီယက်နမ်စစ် တိုက်နေတယ်။ဗီယက်နမ်စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲတွေ ပေါ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုတော့ ငြိမ်းချမ်းရေး Movement ပီပီသသလို့ ပြောလို့ရတယ်။ အဲဒီဥရောပနဲ့ အမေရိကန်က လှုပ်ရှားမှုတွေကို တစ်ကြော တည်းယူပြီး နောက်ပိုင်းပညာရှင်တွေက New Left Movement လို့ ခေါ်ကြတယ်။ အခု ကျွန်တော်တို့ဆီမှာ အပြောများနေတဲ့ Post modern ဆိုတာလဲ အဲဒါကို Base လုပ်ပြီး ပေါ်လာတာပဲ။ အဲဒီ လှုပ်ရှားမှုထဲမှာ ဆိုရင် ကလင်တန်တို့ ပါတာပေါ့။ ဒီနေ့ပညာရှင်ထဲက နာမည်ကြီးဆိုရင် တော်ဖလာ လဲပါတယ်။ ပြောချင်တာက ဒီနေ့ ပေါ်လစီဖန်တီးနိုင်တဲ့ အပိုင်းမှာ အဲဒီခေတ်က လူငယ်တွေရှိနေကြပြီဆိုတာပါ။

ကစ်ဆင်းဂျားရဲ့ သုံးသပ်ချက်အရဆိုရင် ဒီနေ့ အမေရိကန်ရဲ့ နိုင်ငံရေးဝါဒကို ချုပ်ကိုင်နေတာ အုပ်စုသုံးစုရှိတယ်။ နံပါတ်တစ်အုပ်စုက စစ်အေးကိုဖြတ်ခဲ့တဲ့ လူဟောင်းကြီးများအုပ်စု၊ အဲဒီအထဲမှာ အခု ဝစ်ချေနီတို့၊ ဒေါ်နယ်ရမ်းစဖဲလ်တို့ပါတယ်။ စစ်အေးခေတ် အမူးမပြေသေးသူတွေလို့ ဆိုနိုင်တယ်။ နောက်တစ်အုပ်စုကတော့ အခု လူလတ်ပိုင်းတွေပေါ့။ အဲဒီအုပ်စုကတော့ အခုနကပြောခဲ့တဲ့ New Left Movement ကိုဖြတ်သန်းခဲ့တဲ့လူတွေပေါ့။ နောက်တစ်အုပ်စုက အသစ်တက်လာတဲ့လူငယ်တွေ။ သူတို့ကတော့ အားနည်းဆဲပဲရှိသေးတယ်။ သိပ်ဩဇာမကြီးသေးဘူးပေါ့။ New Left Movement ကတော့ဒီနေ့ အထိ ပေါ်လစီပေါ်မှာတစ်စုံတစ်ရာ ဩဇာညောင်းသေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဆီက ဒီလှုပ်ရှားမှုအကြောင်း သိပ်မသိခဲ့ကြဘူး၊ ကျွန်တော်တို့က ကိုယ်နဲ့နီးတဲ့ တရုတ်ပြည်ယဉ်ကျေးမှုတော်လှန်ရေးကိုသာ အာရုံစိုက်နေခဲ့ကြတာကိုး။

မေး **စစ်အေးခေတ်နောက်ပိုင်း ပြောင်းလဲလာတဲ့ နိုင်ငံရေး၊ စီးပွားရေးပုံစံသစ်တွေနဲ့အတူ ဘယ်လို ငြိမ်းချမ်းရေးမျှော်လင့်ချက်တွေ ပေါ်ထွက်လာခဲ့ပါသလဲ ဆရာ။**

ဖြေ စစ်အေးပြီးချိန်လောက်မှာ အပြောင်းအလဲတွေ ပေါ်လာတယ်။





နယ်ချဲ့စနစ်နဲ့လဲ ပတ်သက်တာပေါ့။ ဟိုတုန်းကတော့ နယ်ချဲ့စနစ်က သိတဲ့အတိုင်းပေါ့။ ပထမတော့ ကုန်သင်္ဘော၊ နောက်တော့ စစ်သင်္ဘောဝင်လာပြီး တိုင်းပြည်ကိုသိမ်းတယ်။ နောက်ပိုင်း စစ်ပြီးခေတ်ကျတော့ လက်ဝဲအုပ်စုက ကိုလိုနီ စနစ်သစ်လို့ ခေါ်တာမျိုးပေါ်လာတယ်။ ပုံစံက တိုက်ရိုက်ကြီးတော့ မအုပ်ချုပ်တော့ဘူး။ သူတို့ နီးစပ်တဲ့လူကို တင်ထားပြီးတော့ စီးပွားရေးအရ ကိုင်တဲ့သဘောမျိုး ဖြစ်လာတယ်။ ရုပ်သေးအစိုးရ ပုံစံမျိုးပေါ့။ ဒါပေမဲ့ စစ်အေးနောက်ပိုင်း၊ IT ပေါ်လာပြီး နောက်ပိုင်းမှာ အဲဒီသဘောတွေပြောင်းလာတယ်။ ဘယ်လို ပြောင်းသွားလဲဆိုတော့ ဆက်သွယ်ရေးနည်းပညာတွေ၊ တခြားနည်းပညာတော်လှန်ရေးတွေကြောင့် ကမ္ဘာက ရေကြော၊ မြေကြော တော်တော်ကျုံ့သွားတယ်။ အဲဒီအပေါ်မှာစီးပွားရေးပုံစံပြောင်းသွား တယ်။ ဟိုတုန်းက စီးပွားရေးဆိုတာကတော့ လက်ဝါးကြီးအုပ် ကုမ္ပဏီကြီးတွေက နိုင်ငံတစ်ခုနှစ်ခုကို ကိုယ်စားပြုထားတဲ့ပုံစံပေါ့။ အခု အဲဒီသဘောမျိုး မဟုတ်တော့ဘဲနဲ့ နိုင်ငံပေါင်းစုံသဘောမျိုး ဖြစ်လာတယ်။ စုရာကနေပြီး ပြန့်လာတယ်။ ကိုလိုနီစနစ် အဟောင်းတုန်းကတော့ လက္ခဏာသုံးခုရှိတယ်လေ၊ ပိုလျှံတဲ့အရင်းအနှီး တင်ပို့မယ်၊ လုပ်အားနဲ့ ကုန်ကြမ်းကို ဈေးချိုချိုနဲ့ ဝယ်မယ်၊ ကုန်ချောတွေကို ဈေးတင်ရောင်းမယ် ဒါမျိုးပေါ့။ အခုနောက်ပိုင်းကျတော့ အဲဒီလိုပုံစံ မစဉ်းစားကြတော့ဘူး။ စီးပွားရေးတစ်ခုလုံး ကမ္ဘာ့ဖြန့်လုပ်လာကြတယ်။ ကမ္ဘာလုံးစီးပွားရေး Global Economy ခေါ်တာပေါ့။ FDI လို့ခေါ်တဲ့ တိုက်ရိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ဝင်လာတယ်။ အဲဒီလိုဝင်လာတော့ ဖွံ့ဖြိုးဆဲနိုင်ငံဘက်က ကိုယ့်ဘက်မှာမရှိတဲ့ အရင်းအနှီးနဲ့ နည်းပညာကို ရတယ်၊ အဲတော့ ဒါက နှစ်ဖက် အထိုက်အသင့်အကျိုး ရှိတယ်။ အဲဒီမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေကိုယ်တိုင်က နိုင်ငံခြားအရင်း အနှီးကို လိုချင်လာတယ်။ အရင်ကစကားနဲ့ ပြောမယ်ဆိုရင်တော့ သွေးစုပ်ခံရမယ့်သူကိုယ်တိုင်က သွေးစုပ်ခံချင်သလို ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးကိုယ်တိုင်ကလည်း ကမ္ဘာပြန့်လုပ်သလို ဖြစ်လာတော့ ဟိုတုန်းကလို နိုင်ငံတစ်နိုင်ငံ၊ နှစ်နိုင်ငံလောက်ကို သက်ဝင်ကြီး အုပ် လုပ်တာမျိုး မဟုတ်တော့ဘူး။ ဆိုလိုတာက အရင်းအနှီး တွေက အကုန်လုံး ကမ္ဘာမှာ ပြန့်လာတယ်။ ဟိုတုန်းကတော့ ပြည်နာမှငွေရှာကောင်းဆိုတဲ့ အနေအထားမျိုးပေါ့။ အခုနောက် ပိုင်းကျ အဲဒီလိုမျိုးမဟုတ်တော့ဘူး။ တစ်နေရာမှာ စစ်ဖြစ်လာ လို့ရှိရင် အဲဒီနေရာမှာမြှုပ်ထားတဲ့ အရင်းအနှီးက ဆုံးမှာကိုး။ နောက်တစ်ချက် အရေးကြီးတာက ဈေးကွက်မှာ ရောင်းအား အမြင့်ဆုံးက အရင်တုန်းက လက်နက်၊ အခု နည်းပညာဖြစ်လာ တယ်။ ဒီတော့ ကမ္ဘာလုံးစီးပွားရေးကိုယ်တိုင်က တည်ငြိမ်တဲ့ အနေအထားတစ်ခုကို လိုလာတယ်။ ငြိမ်းချမ်းရေးဘက် ရောက် လာ တယ်ဆိုရမှာပေါ့။

ပြီးတော့ ငြိမ်းချမ်းရေးကို ပညာနဲ့ဆက်နွယ်ပြီး စဉ်းစားတဲ့ အချက်လည်း ပေါ်လာတယ်။ အဲဒါတော့ ပြောရရင် Game Theory ကို ပြောရမှာပဲ။ Game Theory ကို ယေဘုယျပြော ရရင်တော့ Game တွေကို နှစ်မျိုးပြောနိုင်တယ်။ တစ်မျိုးက တော့ Zero Sum ပေါ့။ Zero Sum ဆိုတာကတော့ အနိုင်အ ရှုံး ချတာပဲ။ သူအသေ ငါအရှင် တိုက်တာပဲ။ နောက်ဆုံး နိုင်တဲ့ လူနဲ့ ရှုံးတဲ့လူနဲ့ ချေလိုက်တော့ သုညပဲ။ စစ်ဆိုတာအဲဒီသဘော ပဲ။ ဟိုတုန်းကတော့ စစ်ဆိုရင် ရန်သူကို အပြတ်ချေမှုန်းရမှာပဲ လို့ တွက်တယ်။ အခု နောက်ပိုင်းကျတော့ Non- Zero Sum Game က နှစ်ဖက်လုံးအတွက် ပိုအကျိုးရှိတယ်၊ ဆိုလိုတာက တော့ သူသေငါသေတို့ သူသေငါရှင်တို့ မဟုတ်တော့ဘူး၊ သူမ နာကိုယ်မနာ နှစ်ဖက်စလုံး Compromise လုပ်ပြီးတော့ ကြား အဖြေတစ်ခုရှာမယ် ဆိုတာမျိုးဖြစ်လာတယ်။ ဟိုတုန်းကတော့ ကိုယ်ဖြစ်ချင်တာကို ပန်းတိုင်ထားပြီး Expected Value နဲ့ သွားကြတာ။ အခု Expected Value နဲ့သွားလို့ကတော့ Zero Sum ပဲဖြစ်နိုင်တယ်။ Non- Zero Sum ဖြစ်ဖို့ဆိုရင် Ex-





pected Value နဲ့သွားလို့မရဘူး။ မူလအခြေအနေထက် နှစ် ဖက်လုံး ပိုကောင်းလာရင် Better Off ဖြစ်လာရင် လက်ခံရ မယ်ဆိုတဲ့ အခြေအနေမျိုး ဖြစ်လာတယ်။ ဆိုလိုတာက စစ်ပွဲ ယဉ်ကျေးမှုကနေ စားပွဲဝိုင်းယဉ်ကျေးမှုပြောင်းလာတယ်ပြော ရမှာပေါ့။ ဒါဟာ စစ်အေးလွန်ခေတ်ရဲ့ ထူးခြားချက်လို့ ဆိုနိုင် မယ်ထင်ပါတယ်။ ဒီနေရာမှာ ပြန်ချုပ်လိုက်ရင် စစ်ပြီးခါစက ငြိမ်းချမ်းရေးကို အိုင်ဒီအိုလိုဂျီရှုထောင့်က အဓိပ္ပာယ်ဖွင့်ကြတယ်။ စစ်အေးလွန်ခေတ်မှာတော့ ပညာနဲ့ ငြိမ်းချမ်းရေးကိုချဉ်းကပ် တာမျိုး ဖြစ်လာတယ်။ ကမ္ဘာကြီးဟာ အကောင်းဘက်ကို ဦး တည်လာတယ်လို့ ဆိုနိုင်မယ်ထင်တာပဲ။

**မေး** ဒီအခြေအနေကို ပြောင်းပစ်တာ စက်တင်ဘာ ၁၁ အရေး အခင်းလို့ ဆိုနိုင်မလား။

**ဖြေ** အဲဒီလိုပြောနိုင်မယ် ထင်ပါတယ်။ စက်တင်ဘာ ၁၁ နောက်ပိုင်း ကျတော့ အပြောင်းအလဲတွေရှိလာတယ်။ အကြမ်းဖက် လှုပ်ရှား မှုတွေ ပေါ်လာတယ်။ ပေါ်လာတော့ အရင်ကဆိုရင် အမေရိ ကန်ရဲ့တင်ထားတဲ့ Value က Freedom အခုနောက်ပိုင်းကျ တော့ Security ဖြစ်လာတယ်။ အဲတော့ Security ကို တင် ရင်း တင် ရင်းနဲ့ Individual Freedom က ပျောက်လာတယ်။ ဒါတစ်ချက်ပေါ့။ နောက်တစ်ချက်ကစစ်အေးခေတ် နောက်ပိုင်း၊ ကလင်တန်လက်ထက်မှာ ကလင်တန်က မိန့်ခွန်းတစ်ခု ပြောဖူး တယ်။ "Least Government is the Best Government" တဲ့။ အဲဒီအချက်ကိုလည်း ပညာတတ်အပိုင်းက တော်တော် လက်ခံကြတယ်။ ဒါပေမဲ့ ခုနကပြောသလို Security ဆိုတာ ကြီး ပေါ်လာတော့ ဗျူရိုကရက်တစ် ယန္တရားကြီးကို မကြီး ကြီး အောင် လုပ်လာရတယ်။ အဲတော့ ခုနကပြောတဲ့ငြိမ်းချမ်းရေးကို ဦးတည်လာတဲ့ အကောင်းဘက်နဲ့ ဆန့်ကျင်ဘက်ဖြစ်လာတယ်။ ပြီးတော့ စစ်အေး နောက်ပိုင်းမှာ ဟိုတုန်းကလို Bipolar



www.burmeseclassic.com

www.burmeseclassic.com



world မဟုတ်တော့ Unipolar world ဖြစ်လာမယ်လို့ ပညာရှင်ပိုင်းက မယူဆဘူး။ အမေရိကန်ကိုယ်တိုင်က သူလုပ်ချင်သလို လုပ်လို့မရတော့ဘူး။ ကမ္ဘာ့လူထုကလဲ တစ်ပုံတစ်ရာ နိုးကြားလာပြီ။ အဲတော့ အဆုံးအဖြတ်ဟာ International Community ပဲ ဖြစ်သင့်တယ်ဆိုတဲ့ Multipolar world ဝင်ရိုးပေါင်းစုံကမ္ဘာ ဘက်ကို ဦးတည်ခဲ့ကြတယ်။ အဲ ဒါပေမဲ့ အခုန ပြောတဲ့ စက်တင်ဘာ ၁၁ နောက်ပိုင်းကြတော့ အမေရိကန်အစိုးရ ကိုယ်တိုင်က Unipolar world ဆိုတဲ့ ခြေလှမ်းမျိုးတွေ လုပ်လာတယ်။ အဲဒီတော့ ပြောရမယ်ဆိုရင် စက်တင်ဘာ ၁၁ က စပြီး အခုအီရတ်စစ်ပွဲအထိ ငြိမ်းချမ်းရေးမျှော်လင့်ချက်တွေ ပြန်ကျသွားပြီလို့ ဆိုရမယ်ထင်ပါတယ်။

မေး - **အဲဒီ စက်တင်ဘာ ၁၁ ဖြစ်လာတဲ့ နောက်ပိုင်းအနေ အထားက Unipolar ဘက်ကို ဦးတည်လာတာတွေ၊ ငြိမ်းချမ်းရေးပြန်ဆုတ် ယုတ်သွားတာတွေကို ဘယ်လိုသုံးသပ်မလဲ၊ သမိုင်းနဲ့ ခေတ်အနေအထားအရ ဖြစ်လာရတာတွေလား၊ ဒါမှမဟုတ် အယ်လ်ကေးဒါးနဲ့ သူတို့ကို တုံ့ပြန်တဲ့ ဘုရှ်အစိုးရ နှစ်ခုကြောင့်လား။**

ဖြေ အဲဒါကျတော့ နဲနဲ ကျယ်ကျယ်ပြန့်ပြန့်တော့ ပြောရမှာဗျ။ ဘယ်သူ့ကြောင့်ဆိုပြီး တစ်ယောက်ထဲ တရားခံတော့ ပြောလို့မရဘူး။ Factors တွေက Multifactor ဖြစ်လိမ့်မယ်။ ဆက်စပ်ပြီး ပြောရရင် အယူအဆတစ်ခု ရှိတယ်ဗျ။ ကစ်ဆင်းဂျားရဲ့ အယူအဆလို့ ပြောရမယ်၊ သူ့ကိုတော့ နိုင်ငံတကာဆက်ဆံရေးမှာRealism လို့ ခေါ်တာပေါ့။ စာပေ Realism နဲ့တော့ မတူဘူး။ တချို့ကလဲ Real Polictics လို့ ခေါ်တယ်။ သူ့အခြေခံ အယူအဆက ဘာလဲဆိုတော့ ကမ္ဘာ့နိုင်ငံရေးမှာ World Order ပီပီပြင်ပြင် မရှိဘူး။ တစ်ကမ္ဘာ လုံးကို လွှမ်းမိုးနိုင်တဲ့ World Order ဆိုတာ မရှိဘူး။





အဲဒါ တစ်ချက်၊ နောက်တစ်ချက်က တစ်ကမ္ဘာလုံး သဘောဆောင်တဲ့ Sovereignty အာဏာပိုင်အဖွဲ့အစည်းမရှိဘူး။ အဲဒီနှစ်ချက်ကြောင့် ကမ္ဘာ့သမိုင်းမှာ ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ်လို့ ယတိပြတ်ပြောလို့ မရဘူး။ သူဖြစ်ချင်သလို ဖြစ်သွားမယ်။ ဒါကြောင့်မို့လို့ နိုင်ငံတိုင်းဟာ National Interest ဆိုတဲ့ အမျိုးသား စီးပွားရေးကို စွန့်လွှတ်လို့မရဘူး။ အဲဒါကို ဘာနဲ့ပဲ သွားရမလဲ ဆိုတော့ တစ်ဖက်က Diplomacy နဲ့ သွားသလို၊ တစ်ဖက်က Power Balance ဆိုတဲ့ အယူအဆကို ကိုင်မြဲကိုင်ထားရမယ်တဲ့။ ဒီအယူအဆကစစ်အေးပြီးခါစက သိပ်ခေတ်မစားခဲ့ဘူး။ ဒါ အဆိုးမြင်လို့ မြင်ခဲ့ကြတယ်။ ဒီအယူအဆကို တိုက်ခဲ့တဲ့အထဲမှာ ဖူကူယားမားလဲ ပါတယ်။ ဒါပေမဲ့ စက်တင်ဘာ ၁၁ နောက်ပိုင်းမှာ ဒီအယူအဆကို လူကြိုက်ပြန်များလာတယ်။ ဒီအယူ အဆဟာ ငြိမ်းချမ်းရေးနဲ့မနီးပေမဲ့၊ အင်အားကို အခြေခံတဲ့ ပါဒဖြစ်ပေမဲ့ မလွှဲမရှောင်သာ လက်ခံကြရမယ့် ခါးသီးတဲ့အမှန်တရားလို့ ယူဆကြ သူတွေရှိတယ်။

မေး - **မှန်လာတယ်ပေါ့။**

ဖြေ မှန်သယောင်ယောင် ဖြစ်လာတယ်ပေါ့။ မှန်တယ်မှားတယ်ဆိုတာ ပြောဖို့ခက်တယ်။ နောက်ပိုင်းမှာလဲ ကစ်ဆင်းဂျားအယူအဆက လူပြောပြန်များလာတယ်။ အီရတ်စစ်ပွဲနောက်ပိုင်းမှာပေါ့။ အရင်ကမျှော်လင့်တာတွေ ဖြစ်ချင်မှဖြစ်တာ။ အဲဒါတွေ ဘာကြောင့်ဖြစ်တာလဲဆိုတာလဲ အချက်တစ်ချက်ကြောင့် မဟုတ်ဘူး။ အချက်ပေါင်း မြောက်မြားစွာကြောင့်ဖြစ်တာ။ အဲတော့ စောစောတုန်းကပြောသလို စစ်အေးခေတ်နောက်ပိုင်း မျှော်လင့်ချက်ကြီးက ပျောက်သွားတာ။ အယ်လ်ကေးဒါးကြောင့်ရော၊ အမေရိကန်ကြောင့်ရော၊ တခြား Factors တွေလည်း အများကြီး ပါတယ်။ သေချာတာကတော့ စစ်အေးတုန်းက



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ထားတာတွေနဲ့ အခုဖြစ်နေတာတွေနဲ့ မတူတော့ဘူး။ ဥပမာ စစ်အေးတုန်းက ယေဘုယျမှန်းဆထားတာဆိုရင် ကမ္ဘာကြီး ဟာ Ideology အငြင်းပွားမှုကနေ ဘယ်ကိုရွေ့လာသလဲ ဆိုတော့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဘက်ကို ရွေ့လာတယ်။ ဒါ စစ်အေးပြီးခါစက ကမ္ဘာကြီးရဲ့တိမ်းညွှတ်မှုပေါ့။ Power နဲ့ ပတ်သက်ရင်လည်း Hard Power တွေဖြစ်တဲ့ စစ်ရေးတို့စီးပွားရေး တို့ထက် Soft Power ရဲ့ အခန်းကပိုရှေ့ရောက်လာတယ်။ အဓိကပြောချင်တာကတော့ ပညာပေါ့။ ပညာကရှေ့ရောက်လာတယ်။ Unipolar World ကနေ Multipolar World ကို ကူးလာတယ်။ နောက်တစ်ချက်ကလည်း အရင်ကတော့ National Interest က ထိပ်ပေါ့။ National Interest ရဲ့ အမြင့်ဆုံး အဆင့်ကတော့ National Independence ဆိုတဲ့ အမျိုးသားလွတ်လပ်ရေးပေါ့။ အခုတော့ ကမ္ဘာကြီးက Globalization ဖြစ်လာတော့ National Interest နဲ့ မလုံလောက်တော့ဘူး။ Transnational အမျိုးသားလွန်အကျိုးစီးပွားတွေ ရွေ့ရောက်လာတယ်။ ဆိုလိုတာကတော့ Global Interest ကို ပြောတာ၊ ဒီ Interest မှာကျတော့ National Independence လောက်နဲ့ မလုံလောက်တော့ဘူး။ Interdependence အပြန်အလှန် အမှီသဟဲပြုရေး ဖြစ်လာတယ်။ ဒါကြောင့် နောက်ဆုံး တိမ်းညွှတ်မှုက Independence ကနေ Interdependence ကို ရောက်လာတယ်။ ဒါဟာ ကမ္ဘာကြီးရဲ့ တိမ်းညွှတ်မှုပဲ၊ ဦးတည်ရာက ဘာလဲ ဆိုတော့ ငြိမ်းချမ်းသာယာပြီး ခေတ်မီတဲ့ ကမ္ဘာကြီးပဲ။ အကောင်းဘက်က မြင်ခဲ့ကြတာ။ လက်တွေ့ကျတော့ အကောင်းဘက်က ဖြစ်မလာဘူး။ ဖြစ်မလာတာက စက်တင်ဘာ ၁၁ အလှည့်အပြောင်းလို့ ပြောနိုင်သလို စက်တင်ဘာ ၁၁ နဲ့ ကွဲကူးရေပါဖြစ်လာတာတွေလဲ ရှိတယ်။ ဥပမာ Corporate အရှုပ်တော်ပုံတို့ ဘာတို့ပေါ့ဗျာ။ ပြောရရင်တော့ Factor တစ်ခုထဲတော့ မဟုတ်ဘူး။ ဒါပေမဲ့ ကမ္ဘာကြီးကတော့ မျှော်





လင့်တဲ့အတိုင်း ဖြစ်မလာဘူးဆိုတာ တွေ့ရတယ်။ ဒါပေမဲ့ အကောင်းဘက်ကပြန်စဉ်းစားမယ်ဆိုရင်လဲ အခုအီရတ်စစ်ပွဲ ကာလမှာ ခင်ဗျားလဲ ကြည့်ရမှာပဲ။ စစ်တိုက်နေတာ လူကြီးတွေ။ ငြိမ်းချမ်းရေးဆန္ဒပြနေတာ လူငယ်တွေ။ ဒီလူငယ်တွေ တိမ်းညွှတ်မှုပေါ်က အနာဂတ်ကို မျှော်ကြည့်လိုက်ရင် ရေရှည်မှာတော့ ကမ္ဘာ့လူထုရဲ့ ငြိမ်းချမ်းရေးဆန္ဒက ပျောက်သွားမယ်မထင်ဘူး။ အဲဒါကပဲ ပြန်ပြီးလွှမ်းလိမ့်မယ်လို့ မှန်းရတာပဲ။

မေး - ကျွန်တော်တို့ ဖြတ်သန်းမှုကို ပြန်ကြည့်မယ်ဆိုရင် ၉၀ ခုနှစ်တွေမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး တော်တော်အားတက်လာတယ်။ ရာဘင်နဲ့ အာရာဖတ်နဲ့ အိမ်ဖြူတော် မြက်ခင်းပြင်မှာ လက်ဆွဲနှုတ်ဆက်လိုက်ပြီး ကလင်တန်မျက်ရည်ကျချိန်မှာ ငြိမ်းချမ်းရေးသံတွေ ကြားလာရပြီဆိုပြီး ကမ္ဘာ့ပြည်သူတွေ ဝမ်းသာခဲ့ကြတယ်။ ဒါပေမဲ့ ဆယ်စုနှစ်တစ်စုအတွင်းမှာပဲ တော်တော် ပြန်ပြောင်းလဲသွားခဲ့တယ်။ ဘယ်လိုများ ပြန်ဖြစ်သွားခဲ့တာလဲ။

ဖြေ အဲဒါနဲ့ ပတ်သက်ပြီး စပ်မိလို့ ပြောရရင် Media လောကမှာ စစ်အေးလွန်ခေတ်ရဲ့သင်္ကေတက ခုနကပြောတဲ့ အာရာဖတ်နဲ့ ရာဘင် လက်ဆွဲနှုတ်ဆက်ပြီး ကလင်တန် မျက်ရည်ကျတဲ့ပုံပေါ့။ မျှော်စင်ညီနောင်ပြိုတာနဲ့ အာဖဂန်ပြည်သူတွေ ဒုက္ခရာရတဲ့ပုံတွေက စက်တင်ဘာ ၁၁ နောက်ပိုင်းရဲ့ သင်္ကေတ Image ပေါ့။ ဒါကလဲ ဒီအပြောင်းအလဲက ဘာကြောင့်ဖြစ်လာလဲလို့ ပြန်ကြည့်လိုက်မယ်ဆိုရင် စစ်အေးတုန်းက ကျတော့လဲ အဆိုးမြင်တွေက ကဲတယ်။ စစ်အေးလွန်ကျတော့ အကောင်းမြင်တွေက ကဲမလားလို့။ ဘာကြောင့်လဲဆိုတော့ အဲဒီတုန်းက ယူဆချက်တွေထဲမှာ National State တွေက ရေရှည်မတည်ရှိနိုင်တော့ဘူးဆိုတဲ့ အချက်တစ်ချက်ပါတယ်။ Paul Kennedy



www.burmeseclassic.com

www.burmeseclassic.com



တို့ကလဲ ဒါကို ကိုယ်စားပြုပြီးပြောတယ်။ ဒါကို လက်မခံတဲ့သူတွေလဲ ရှိတယ်။ National State တွေ ရှိနေတာနဲ့ အမျှ National Sovereignty အမျိုးသား အချုပ်အခြာအာဏာ ဆိုတာလဲ ရှိနေဦးမှာပဲ။ ဒါတွေကို မြန်မြန်ဆန်ဆန် ပျောက်သွားမယ်လို့လဲ တွက်လို့မရဘူးတဲ့။ နောက်တစ်ချက်က ဟန်တင်တန်တို့ ကိုယ်စားပြုပြောတဲ့ ယဉ်ကျေးမှုကိစ္စ။ ယဉ်ကျေးမှုချင်း မတူတာတွေ၊ မတူမှုက ဖြစ်လာနိုင်တဲ့ ပဋိပက္ခတွေ၊ ယဉ်ကျေးမှုချင်း တိုးတိုက်နိုင်စရာအကြောင်းတွေက ကမ္ဘာပေါ်မှာ တော်တော်ကြာကြာကြီး ရှိနေဦးမယ်။ နောက်ဆုံး တစ်ကမ္ဘာလုံး Democratic Value နဲ့ လွှမ်းခြုံနိုင်တောင်မှ ဒီပြဿနာရှိနေနိုင်သေးတယ်တဲ့။ ဒါ ယဉ်ကျေးမှုဘက်က စဉ်းစားတာ။

နောက်တစ်ခုက ရေမွန်အာရွန်ဆိုတဲ့ Social Scientist က ပြောတာ။ သူ့အမြင်ကဘာလဲဆိုတော့ လူ့အဖွဲ့အစည်းက Ideology တစ်ခုထဲနဲ့ လည်ပတ်ခုတ်မောင်းနေတာ မဟုတ်ဘူးတဲ့။ ဖူကူယားမားကတော့ Ideology အပေါ်မှာ အခြေခံပြီး သမိုင်းကောက်ချက်ကိုဆွဲတာ၊ ရေမွန်အာရွန်ကတော့ Glory လဲ ပါမယ်၊ ပါဝါလဲ ပါမယ်။ ပါဝါနဲ့ ဂလိုရီကတော့ Human Nature ပေါ့။ လူဆိုတာ ပါဝါကို Attached ဖြစ်တယ်ပေါ့။ ဒါ လူ့သဘာဝပေါ့။ ပြီးတော့ လူဆိုတာဂုဏ်ရောင်ပြောင် ချင်တယ်၊ ကြီးကျယ်ခမ်းနားချင်တယ်။ အဲဒီတော့ တစ်နေ့မှာ Ideology တစ်ခုတည်း ဖြစ်သွားတောင် ပါဝါနဲ့ ဂလိုရီရှိနေရင်ဒီ Attached ကြောင့် နောက်ထပ် ပြဿနာအသစ်တွေ ပေါ်ထွက်လာမယ်ပေါ့။ အမေရိကန်ကိုလဲ ပါဝါနောက် လိုက်တာလား၊ ဂုဏ်ရောင်ပြောင်ချင်လို့လားလို့ ဒီရှုထောင့်ကကြည့်ကြတယ်။ အလေခံ ဗုံးခွဲသမားတွေကိုလဲ ဒီအတိုင်းပဲ၊ ဆက်ဒမ် ဟူစိန်တို့လည်း ဒီအတိုင်းပဲ။

အယူအဆတွေကတော့ မျိုးစုံပဲ။ ဟန်တင်တန် ပြောတာလဲရှိတယ်။ သူက Third Wave ဆိုတဲ့ စာအုပ်တစ်အုပ်ကို





၁၉၈၂ ခုလောက်က ရေးခဲ့တယ်။ သူကဘာပြောသလဲဆိုတော့ သမိုင်းမှာ ဖြတ်သန်းခဲ့တာ Wave သုံးခုရှိပြီတဲ့။ အဲဒီ Wave သုံးခုစလုံးဟာ သမိုင်းရဲ့တိုးတက်မှုကို၊ လူ့အဖွဲ့အစည်းတိုးတက်မှုကိုတင်ပြတဲ့ Wave တွေပေါ့။ ဒါပေမဲ့ သူ့အယူအဆတစ်ခုက ဘာလဲဆိုတော့ လှိုင်းတွေက ရှေ့ချည်းပဲ တက်တာမဟုတ်ဘူးတဲ့။ ရှေ့တစ်လှမ်းတိုးရင် နောက်တစ်လှမ်းပြန်ဆုတ်တဲ့ သဘောရှိတယ်တဲ့။ လှိုင်းတိုင်းလှိုင်းတိုင်းမှာ ဆန့်ကျင်လှိုင်းတွေ ရှိတတ်တယ်တဲ့။ သူက ပထမလှိုင်းကိုတော့ ပြင်သစ်တော်လှန်ရေးနဲ့ အမေရိကန်လွတ်လပ်ရေးစစ်ပွဲကာလလို့ ပြောထားတယ်ဗျ။ အဲဒီနောက်မှာ ကပ်ပါလာတဲ့ နယ်ချဲ့စနစ်နဲ့ ကိုလိုနီစနစ်တွေကိုတော့ ပထမဆန့်ကျင်လှိုင်းလို့ သူက သတ်မှတ်ထားတယ်။ ဒုတိယကမ္ဘာစစ်အပြီး လှုပ်ရှားမှုကို ဒုတိယလှိုင်းလို့ သူကပြောပြီး နောက်ပိုင်းစစ်အေးကိုတော့ ဒုတိယဆန့်ကျင်လှိုင်းတဲ့။ ၈၀ ပြည့်လွန်နှစ်တွေက အရှေ့ဥရောပကို ဝဟိုပြုတဲ့ Movement တွေကို ကျတော့ တတိယလှိုင်းလို့ သတ်မှတ်တယ်။ အဲဒီမှာလဲ တတိယဆန့်ကျင်လှိုင်း လာနိုင်သေးတယ်။ ဒါပေမဲ့ အဲဒီအချိန်က ဟန်တင်တန်ရေးတဲ့အချိန်ကတော့ မလာသေးဘူးပေါ့။ အဲဒါကြောင့် စက်တင်ဘာ ၁၁ ဖြစ်တဲ့အချိန်ကို တတိယဆန့်ကျင်လှိုင်းလို့ တချို့က တွက်ဆကြတယ်။ စက်တင်ဘာ ၁၁ ကနေ အီရတ်စစ်ပွဲအထိပေါ့။ တချို့ကျတော့လဲ စက်တင်ဘာ ၁၁ က တတိယဆန့်ကျင်လှိုင်း၊ အီရတ်စစ်ပွဲက စတုတ္ထလှိုင်းလို့ တွက်ကြပြန်တယ်။ အယူအဆတွေက အမျိုးမျိုးပဲ၊ ဒါပေမဲ့ အခု အီရတ်စစ်ပွဲကို ကန့်ကွက်တဲ့အထဲမှာ ဟန်တင်တန်လဲ ပါတယ်။ အဲဒီတော့ ဟန်တင်တန်ရဲ့ မူလအယူအဆအရပြောရင် စက်တင်ဘာ ၁၁ ကနေ အီရတ်စစ်ပွဲအထိက တတိယဆန့်ကျင်လှိုင်းထဲမှာ ပါမယ်လို့ ဆိုရမလားပဲ။

မေး - စစ်အေးတိုက်ပွဲအပြီးမှာ ဆက်တိုက်ဖြစ်ခဲ့တဲ့ လူမျိုးရေး



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေ၊ ဘာသာရေးအစွန်းရောက်ကိစ္စတွေက စစ်အေးနဲ့အတူကွန်မြူနစ်အုပ်စု ပြိုကျသွားတာနဲ့လဲ ဆက်နွယ်နေတဲ့ ကွင်းဆက်တွေပေါ့နော်၊ အရင်ဆိုဗီယက်ပြည်ထောင်စုဟောင်းနိုင်ငံတွေကပြဿနာတွေ၊ ယူဂိုစလားဗီးယား၊ ဘော့စနီးယားကိစ္စတွေ၊ ပြီးတော့ အခုနောက်ပိုင်း ပြင်းပြင်း ထန်ထန်ပေါက်ကွဲလာခဲ့တဲ့ ဘာသာရေးအစွန်းရောက်တွေအထိပေါ့၊ အခု အီရတ်ကိစ္စဆိုရင်လဲ စစ်အေးအပြီးမှာ Uni - polar ပုံစံမျိုး ဖြစ်လာသလိုပဲ မဟုတ်လားဆရာ။

ဖြေ ပိုလန်က ခေါင်းဆောင်တစ်ယောက်ရှိတယ်ဗျ။ အဒမ်မစ်ရှနစ်ဖြစ်မယ်ထင်တယ်၊ သိပ်မမှတ်မိတော့ဘူး။ သူပြောတဲ့ စကားတစ်ခွန်းရှိတယ်၊ စဉ်းစားစရာပေါ့။ 'အမျိုးသားရေးဝါဒက ဒီမိုကရေစီရဲ့ ထောင်ချောက်ဖြစ်နိုင်တယ်' တဲ့။ ရုရှမှာဆိုရင် ပြောရရင် ဟိုးတုန်းက ဇာဘုရင်ကလည်း ရုရှ Nationalism ပဲ ။ ဆလပ်(ဗ်) တွေရဲ့ အမျိုးသားရေးဝါဒကို Press လုပ်ထားတာ။ ဘော်လ်ရှီဗစ်တွေကလဲ Internationalism ပြောပေမဲ့ လက်တွေ့မှာတော့ ဇာဘုရင်လမ်းကြောင်းပဲ။ အင်ပါယာလုပ်ခဲ့တာပဲ။ ဆိုလိုတာက အဲဒီတုန်းက အမျိုးသားရေးဝါဒတွေရဲ့ အသံတွေက Press လုပ်ခံထားရတာဆိုတော့ ထွက်မလာဘူး။ သူလဲ မရှိတော့ဘူးဆိုတော့ ကန်ပြီးထွက်လာတာပေါ့။ အဲဒီသဘောလို့ယူဆကြတဲ့ လူ တော်တော်များများရှိတယ်။ အဲဒီအထဲမှာ အဒမ်မစ်ရှနစ်လဲပါတယ်။ သူတို့သဘောကတော့ ဒီလိုကန် ထွက်တာတွေဟာ လှိုင်းသစ်မဟုတ်ဘူးပေါ့။ အတိတ်ရဲ့ ဆိုးမွေတွေပေါ့။ ဒါပေမဲ့ ဒီကနေ လှိုင်းဟောင်းပြန်ပေါ်နိုင်တယ်။ သမိုင်းနောက်ပြန်ဆုတ်သွားနိုင်တယ်။ ဒါကြောင့် ဒါတွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ဖြေရှင်းကြရမယ်လို့ ပြောကြတယ်။ မထိန်းသိမ်းနိုင်ရင် ခုနကပြောတဲ့ ထောင်ချောက်ထဲ ရောက်သွားနိုင်တယ်ပေါ့။ အဲဒါက အယူအဆတစ်ခု။





နောက် အယ်လ်ကေးဒါးလိုဟာကျတော့ သူ့မှာလဲ အချက်တွေအများကြီးပဲ။ သူက Fundalmentalism ပေါ့။ Ideology အရ စဉ်းစားကြည့်ရင် သူက ထူထောင်မယ့်အာဏာက Theocracy ဗျ။ Theocracy ဆိုတာ တကယ်ကတော့ Pri - mative Politics ပါပဲ။ သမိုင်းဦးနိုင်ငံရေးပေါ့။ ဘာလဲဆိုတော့ God ဆိုတာရှိတယ်၊ God ရဲ့ တာဝန်ပေးအပ်ခံရတဲ့ ကိုယ်စားလှယ်ရှိတယ်။ သူ့မှာလဲ God လိုပဲ Divine Power ရှိတယ်။ အဲတော့ သူလုပ်သမျှဟာ God ရဲ့ အလိုကျပဲဆိုတဲ့ အယူအဆမျိုးပေါ့။ ဒီအယူအဆကတော့ လစ်ဘရယ်ဒီမိုကရေစီကို ယှဉ်နိုင်စရာ အကြောင်းမရှိပါဘူး။ ဒီ Theocracy ကိုလဲ အကြမ်းဖက်ဝါဒ ရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေကသာ ကိုယ်စားပြုတာပါ။ ဒီလောက် ရှေးကျတဲ့ Ideology ကြီးနောက်ကို ဘာကြောင့်နောက်လိုက်တော်တော်များများ လိုက်သလဲဆိုတာတော့ စဉ်းစားစရာရှိတယ်။ ဒီလိုအယူအဆအတွက် ဖွံ့ဖြိုး တိုးတက်နေတဲ့ ၂၁ ရာစုကြီးမှာ ကိုယ့်အသက်ကိုလဲ မနှမြော၊ သူများအသက်သတ်ရမှာလဲ ဝန်မလေးဖြစ်ရတာ ဘာကြောင့်လဲဆိုတာပဲ။ စဉ်းစားကြည့်တော့ ဘာတွေသွားတွေ့ရသလဲဆိုရင် အမေရိကန်ရဲ့ ပေါ်လစီပဲ။ အထူးသဖြင့်တော့ အရှေ့အလယ်ပိုင်း ပေါ်လစီပေါ့။ အရှေ့အလယ်ပိုင်းမှာ အာရပ် အစ္စရေးရှိတယ်ပေါ့ဗျာ။ အစ္စရေးဘက်က တစ်ဖက်သတ်ရပ်ခဲ့တာနဲ့ ပတ်သက်ပြီး အာရပ်တွေ မကျေနပ်ကြဘူး။ နောက် အမေရိကန်တွေရဲ့ လက်ရှိမဟာမိတ်တွေ ပြန်ကြည့်လိုက်တော့လဲ Democratic Value အရဆိုရင် နဲနဲ ကိုးယိုးကားယား ဖြစ်နေတယ်။ သမိုင်းနဲ့ဆိုင် တာလဲရှိတယ်။ အစ္စလာမ်ယုံကြည်ကိုးကွယ်မှုနဲ့ အနောက်တိုင်း ခရစ်ယာန်ယုံကြည်ကိုးကွယ်မှုက ပဋိပက္ခတွေရှိတယ်။ ခရူးဆိတ် စစ်ပွဲ ကာလလောက်ကတည်းက စရေတွက်ရင် ရာစုသုံးစုလောက်ကြာပြီ။ တစ်ခါထဲ ပြေလည်အောင် ဖြေရှင်းနိုင်တဲ့အနေအထား ခုထိမရောက်ခဲ့ဘူး။ နောက်တစ်ခုက အရှေ့အလယ်ပိုင်းလို နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော်တော်များများမှာ အနောက်ရဲ့ ဖြတ်သန်းမှုလို မရှိ တာတွေလဲ ပါတယ်။ အနောက်ရဲ့ ဖြတ်သန်းမှုလို့ ဆိုတာတွေ ထဲမှာ ဉာဏ်သစ်အရေးတော်ပုံတို့၊ ဉာဏ်အလင်းခေတ်တို့၊ နောက်စက်မှုတော်လှန်ရေးတို့၊ လူလတ်တန်းစား ဖြစ်ထွန်းမှုတို့လိုဟာမျိုးတွေပေါ့။ ဒါမျိုး သိပ်မရှိခဲ့ဘူး။ ဝက်စ်ဖေးနီးယား စာချုပ်လိုဟာမျိုးလဲ မရှိခဲ့ဘူး။ နှစ်တစ်ရာလောက်စစ်ပွဲတိုက်ပြီး ပြန်ချုပ် ကြတဲ့ စာချုပ်မျိုးပေါ့။ ဆိုလိုတာက အဲဒီ ဖြတ်သန်းမှုတွေကနေ လောကီနဲ့ လောကုတ္တရာ ခွဲခြားရေး၊ ဘာသာရေးနဲ့ နိုင်ငံရေး ခွဲခြားရေးဆိုတဲ့ အယူအဆရှိတယ်။ ဒါပေမဲ့ အထူးသဖြင့် အရှေ့အလယ်ပိုင်းမှာ ဒီလိုအယူအဆမျိုးမရှိဘူး။ ရှိလာနိုင်တဲ့ ဖြတ်သန်းမှုမျိုးလဲ သူတို့မှာ မရှိခဲ့ဘူး။ အဲဒီတော့ ဒီအချက်တွေ အောက်မှာ အကြမ်းဖက်ဝါဒက ရှိနေတယ်။ ဒါ ဆက်စပ်စဉ်းစားရမယ့် ကိစ္စတွေလို့ ထင်တယ်။

အကြမ်းဖက်ဝါဒကို စစ်ရေးနည်းတစ်ခုထဲနဲ့တော့ ဖြေရှင်းလို့မရနိုင်ဘူး။ စစ်ရေးအပါအဝင် ဘက်စုံက ဖြေရှင်းမှရနိုင်မယ်။ စစ်ရေးတစ်ခုထဲ လုပ်လို့ကတော့ အမြစ်မပြတ်တဲ့အပြင် ပိုဆိုးလာနိုင်တယ်။ နောက်ဆုံး ဘင်လာဒင်တစ်ယောက်က နှစ်ယောက်ဖြစ်လာနိုင်တယ်။ အခုလက်တွေ့ပဲ ဆက်ဒမ်ဟူစိန် ကိုယ်ပျောက်သွားပြီ။ ဒါကို အမေရိကန်လုံခြုံရေးအမြင်ကကြည့်ရင်မကောင်းဘူး။ အီရတ်စစ်ပွဲနဲ့ ပတ်သက်ရင်တော့ ကျွန်တော်လက်လှမ်းမီသလောက်ဆိုရင် သောမတ်စ်ဖရိုင်းမန်းတို့အုပ်စုက ထောက်ခံတယ်။ဂျာနယ်လစ်ထဲကပေါ့။ ပညာရှင်ပိုင်းထဲကတော့ဟန်တင်တန် မထောက်ခံဘူး။ ပေါလ်ကနေဒီ မထောက်ခံဘူး။ ထောက်ခံသူ မထောက်ခံသူကတော့ စုံနေတာပဲ။ ကစ်ဆင်းဂျားလဲ မထောက်ခံတဲ့အထဲပါတယ်။ ဂျော့ဘွတ်ရှ်အစိုးရဘက်ကတော့ ဘာကြောင့်တိုက်ရသလဲဆိုတော့ Weapon of Mass Destruction အစုလိုက်အပြုံလိုက် ပျက်စီးစေနိုင်တဲ့လက်နက်က နံပါတ်(၁)။နံပါတ်(၂)က အီရတ်လွတ်မြောက်ရေးဆိုတဲ့ အချက်နှစ်ချက်။ ဆန့်ကျင်





တဲ့အုပ်စုကတော့ နှစ်ချက်စလုံးကို ကန့်ကွက်တယ်။ ဘာကြောင့်တိုက်တာလဲဆိုတော့ ရေနံကြောင့်တိုက်တယ်ပေါ့။ နောက်တစ်ချက်ကလဲ ပါဝါအတွက် တိုက်တယ်လို့ ပြောကြတယ်။ အခုစစ်ပွဲအပြီးမှာ 'တည်'ဖြစ်နေတဲ့ ပြဿနာကတော့ ဒီမိုကရေစီကို Export လုပ်လို့ ရမရ၊ ရတယ်ဆိုတဲ့ဘက်ကတော့ ဒုတိယကမ္ဘာစစ်အပြီး ဂျာမနီနဲ့ ဂျပန်ကို သက်သေပြတယ်။ ဂျပန်နဲ့ဂျာမနီကို စစ်အနိုင်တိုက်အပြီးမှ ပြန်ထူထောင်တာ။ အခုနှစ်နိုင်ငံစလုံးထိပ်ကိုရောက်နေပြီ။ အဲဒီတော့ လုပ်လို့ရနိုင်တယ်လို့ ကောက်ချက်ဆွဲပြတယ်။ တစ်ဖက်က ဆန့်ကျင်တဲ့လူတွေက ဘာပြန်ပြောသလဲဆိုတော့ ဂျပန်မှာ ဟိုကတည်းက မေဂျီပြုပြင်ပြောင်းလဲရေးတွေ ရှိခဲ့တယ်။ ဂျာမနီမှာဆိုရင်လဲ အစောကြီးကတည်း က ဖွံ့ဖြိုးပြီးသား တစ်စုံတစ်ရာ ရှိခဲ့တယ်။ အီရတ်မှာ ဒီလိုအခြေခံမရှိခဲ့ဘူး။ ဒါကြောင့် မတူပါဘူးဆိုပြီး ငြင်းကြတာရှိတယ်။ ဆန့်ကျင်တဲ့အုပ်စုက ဘာထပ်ပြောသေးလဲဆိုတော့ စစ်အေးကာလတုန်းက လက်ဝဲတွေကလဲ Revolution ကို Export လုပ်ခဲ့ကြတယ်။ လက်တွေ့မှာ ကျွန်တော်တို့နဲ့ အနီးဆုံး ဥပမာပြောရရင် ကမ္ဘောဒီးယားပေါ့။ ခမာနီအာဏာရလာတယ်ပေါ့။ ပုံမှန်ကြည့်ရင်တော့ အမျိုးသားရေးရှုထောင့်ကကြည့်ရင်တော့ ဟီးရိုးပေါ့။ ဒါပေမဲ့ သိပ်မကြာဘူး။ နာမည်ပျက်သွားတယ်။ ဘာဖြစ်တာလဲဆိုတော့ တရုတ်ရဲ့ ယဉ်ကျေးမှုတော်လှန်ရေးပုံစံမျိုးတွေကို Import လုပ်လိုက်တာ။ လက်တွေ့ကျတော့ ဘာဖြစ်သွားလဲဆိုတော့ ဥပမာပြောရရင် ခမာနီခေါင်းဆောင် ခီယူဆန်ဖမ်ဟာ ၅၀ ပြည့်လွန်နှစ်တွေကျော်ကျော် ငြိမ်းချမ်းရေး Movement တွေမှာရှေ့တန်းရောက် လူငယ်ခေါင်းဆောင်တစ်ယောက်ပဲ။ လူထုချစ်တဲ့ လူငယ်ခေါင်းဆောင်တစ်ယောက်ပေါ့။ ခမာနီခေါင်းဆောင် တစ်ယောက်အနေနဲ့ ဖန္ဒမ်းပင်ကို ပြန်ဝင်တော့ ခံနဲ့ထုခံရတာ ၊ သေွးတွေကို ရှုလို့၊ အဲဒီတုန်းက ဗြိုဟ်တုသတင်းထဲမှာ ကြည့်လိုက်ရတာ၊ အဲလောက်တစ်ဆစ်ချိုးပြောင်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာက ဘာလဲဆိုတော့ Revolution ကို Export လုပ်တဲ့ Side effect တွေပဲ။ အခုလဲ သတိပေးတဲ့လူတွေရှိကြတယ်။ အဲဒီအထဲမှာ ကစ်ဆင်ဂျားက ရှေ့ရောက်တယ်၊ ဒုတိယ ဗီယက်နမ် ဖြစ်လိမ့်မယ်ပေါ့။ ဘယ်ဘက်ကမှန်တယ်၊ မှားတယ်တော့ ကျွန်တော်သိပ်မပြောချင်ဘူး။ ကိုယ့်ဘာသာကိုယ် စဉ်းစားကြတာ ကောင်းပါတယ်။

မေး - ဒီနေ့ခေတ်အနေအထားတွေကို ချဉ်းကပ်ဖို့က တော်တော်ခက်နေတာပေါ့။

ဖြေ ဒီနေ့ပြောင်းလဲနေတာတွေကို ကျွန်တော့်အထင်ပြောရရင် သုံးခုရှိတယ်ဗျ။ နံပါတ်(၁)က Uncertainity ဘာမှ ရေရာမှုမရှိဘူး။ အခိုင်အမာသဘော သိပ်မရှိဘူး။ Uncertainity အောက်မှာ Truth တွေရဲ့ သက်တမ်းက တိုတိုလာတယ်။ ဒါအမှန်ကွလို့ စေန်သဘော သိပ်မပြောအပ်ဘူး။ ကျွန်တော်တော့ ပြောလဲမပြောရဲဘူး။ နောက်တစ်ခုက Fragility ကျိုးလွယ်ပဲ့လွယ်တယ်ပေါ့ဗျာ။ အကဲဆတ်တယ်ပေါ့။ အခုကောင်းပေမဲ့ ခဏနေရင် ဆိုးသွားမှာ။ အဲဒီအနေအထားအောက်မှာ ဘာဖြစ်မယ်၊ ညာဖြစ်မယ်လို့ ပြောဖို့ တော်တော်ခက်တယ်။ Predict လုပ်ဖို့ခက်တယ်။ တတိယ အချက်က Universalization တစ်လောကလုံးသဘော ဆောင်ဆောင်လာတယ်။ ဒါလဲ IT ရဲ့ အကျိုးဆက်လို့ ပြောရမယ်။ အဲဒီတော့ ကိုယ့်အခြေအနေ၊ ကိုယ့်ခံစားမှုနဲ့ ချဉ်းကပ်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခုလုံးက Universal သဘော ဆောင်လာတယ်။

မေး - အဲဒီတော့ ငြိမ်းချမ်းရေးရှုထောင့်က ပြန်ကြည့်မယ်ဆိုရင် အခု ၂၁ ရာစု ဦးရဲ့ တိမ်းညွှတ်မှုက ဘယ်လိုရှိမလဲ ဆရာ။





ဖြေ ဒုတိယ ကမ္ဘာစစ် ပြီးခါစမှာ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေ ထိပ်ရောက်လာတယ်။ နောက် စစ်အေးတိုက်ပွဲနဲ့အတူ တဖြည်းဖြည်းပျောက်လာတယ်။ ၆၀ လောက်မှာ တဖြည်းဖြည်း ပြန်လည်သယောင်ယောင်ရှိတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးဆိုတာထက် Idea လှုပ်ရှားမှုက ပိုကဲတယ်။ စစ်အေးနောက်ပိုင်းမှာတော့ ပညာကို Base လုပ်တဲ့ ငြိမ်းချမ်းရေးခေတ်တစ်ခေတ်ရောက်လာတယ်။ မျှော်လင့်ချက်တွေလဲ အများကြီး ရှိလာတယ်။ နောက်ပိုင်းမှာတော့ ခပ်မှိန်မှိန် ပြန်ဖြစ်သွားတယ်။ ဒါပေမဲ့ ရေရှည်ကတော့ ငြိမ်းချမ်းရေးဆိုတဲ့ လမ်းကြောင်းပျောက်သွားမယ် မထင်ဘူး။ ကသေကာမ ဘာဖြစ်မယ်၊ ညာဖြစ်မယ်ဆိုတာတော့ သိပ်ပြောဖို့မလွယ်ဘူး။ အနီးဆုံးအလားအလာတစ်ခုကတော့ အခုလာမယ့် အမေရိကန်သမ္မတရွေးကောက်ပွဲပဲ။ အမေရိကန်လူထုက ဘယ်သူ့ကို ရွေးမလဲ။ အဲဒါက တော်တော်လေး အရေးကြီးလိမ့်မယ်။ အခု Hard Linear တွေပေါ့ဗျာ။ Hawk အုပ်စုလို့ခေါ်တဲ့သမ္မတဂျော့ဘွတ်ရှ်နဲ့ အဖွဲ့ပေါ့။ သူတို့က သိမ်းငှက်ကြီးများပေါ့။ သူတို့ကို ရွေးမလား။ ဒါမှမဟုတ်ရင်လဲ ပိုပျော့ပျောင်းတဲ့ဘက်ကို ရွေးမလားပေါ့။ နိုင်ငံခြားရေးပေါ်လစီကတော့ အမေရိကန်မှမဟုတ်ဘူး။ ဘယ်နိုင်ငံခြားရေးမူဝါဒမဆို Base နှစ်ခုနဲ့ပဲ သွားကြတာပဲ။ Value ရယ်၊ Interest ရယ်။ အမေရိကန် Value ကတော့ ဒီလ်ဆင်ဝါဒလို့ ခေါ်တာပေါ့ဗျာ။ Interest ကတော့ သူတို့ National Interest ပေါ့။ ဒီနှစ်ခုက တစ်ခါတလေကျရင် တစ်ထပ်ထဲ ကျတတ်တယ်။ တစ်ထပ်ထဲကျရင် အဲဒီနိုင်ငံအတွက်လဲ ကောင်းတယ်။ ကမ္ဘာကြီးအတွက်လဲ ကောင်းတယ်။ တစ်ထပ်ထဲ မကျဘဲနဲ့ Value နောက် လိုက်ပြန် ရင်လဲ အဲဒီနိုင်ငံက လူထုက ကြိုက်ချင်မှကြိုက်မယ်။ Interest နောက်လိုက်ရင်လဲ ကမ္ဘာ့ လူထု က ကြိုက်မှာမဟုတ်ဘူး။ ဒီသဘောတွေရှိတယ်။ ပေါ်လစီတစ်ခုကိုကြည့်ရင် ဒီနှစ်ခုနဲ့ ဘယ်အပေါ်တည်ပြီး သွားနေသလဲ ဆိုတာ ကြည့်ရမယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံ၊ အုပ်စုတစ်ခု လုပ်သရွေ့ကိုထောက်ခံ၊ ဒါမှမဟုတ် ကန့်ကွက်နေရင် အစွဲအလန်းနဲ့ တွဲပြန်ရာ ရောက်မယ်ထင်တယ်။ အစွဲမကင်းနိုင်ရင် အဲ့တွေးအခေါ် လွတ်လပ်မှာ မဟုတ်ဘူးဗျ။

မေး - ပြီးခဲ့တဲ့ အမေရိကန်သမ္မတရွေးကောက်ပွဲသာ အဖြေ့တစ်မျိုးထွက်ခဲ့ရင်အခုအနေအထား ပြောင်းသွားနိုင်တယ်နော်။

ဖြေ အခြေအနေပြောင်းသွားနိုင်ပါတယ်။ ကံသေကံမတော့မပြောနိုင်ဘူး။

ဖြေ - ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ကမ္ဘာအနှံ့အပြားမှာ ဘာတွေအခက်အခဲဖြစ်နေလဲ၊ဒီအခက်အခဲတွေကျော်လွှားဖို့ အရေးအကြီးဆုံးက ဘာဖြစ်မယ် ထင်ပါသလဲ။

ဖြေ ပြဿနာတွေကတော့ အများကြီးပဲ။ ပညာနဲ့ ချေဖျက်နိုင်ရင်တော့ ကောင်းတာပေါ့ဗျာ။ အမြင်ကျယ်တဲ့လူက ရေရှည်အကျိုးကို ပိုသိနိုင်တယ်။ Game Theory ကို သဘောပေါက်ရင်ကိုတော်တော်လေးမဆိုးဘူး။ ကမ္ဘာ့ငြိမ်းချမ်းရေးမှာ ပညာအခြေခံ Base နဲ့သွားလို့ရှိရင် ပိုလက်တွေ့ကျနိုင်တယ်။ ဒီဘက်ခေတ်မှာဘကောက်အယူတွေ၊ အနေအထားတွေကလဲ ပြောင်းလာတယ်။ Representative ကိုယ်စားပြုပုံစံကနေ Participating ပုံစံဖြစ်တဲ့ ကိုယ်ကိုယ်တိုင်ကနေ အသိရှိရှိနဲ့ ပါဝင်တဲ့ ပုံစံမျိုးဖြစ်လာတယ်။ ဟိုတုန်းက လုပ်ကြတာကတော့ အဖွဲ့အစည်းနဲ့ လုပ်ကြတာ။ မြင်းတစ်စီး၊ ဓားတစ်လက်နဲ့ ရမ်းလို့မရဘူး။ အခုကျတော့ တစ်ယောက်ထဲကလဲ အဖွဲ့တစ်ဖွဲ့ ဖြစ်နိုင်တယ်။ ဘာလို့လဲဆိုတော့ ခေတ်က အင်တာနက်ခေတ်၊ စားပွဲပေါ်မှာ ကမ္ဘာကြီးကိုတင်ကြည့်လို့ရတယ်။ Idea တွေကိုလဲ လူတစ်ဦးချင်းက ဖန်တီး





လို့ ရတယ်။ အဲဒီတော့ အဲဒီအခြေခံပေါ်မှာ တစ်ယောက်ထဲနဲ့ လူ့အဖွဲ့ အစည်းကောင်းရာကောင်းကြောင်း လုပ်လို့ရတယ်လို့ ယူဆလာကြတယ်။ Participating ဖြစ်လာတယ်။ အနောက်နိုင်ငံအတော်များများမှာ လူငယ်တွေက နိုင်ငံရေးပါတီတွေ အပေါ် အယုံအကြည်နည်းလာတယ်။Trust တွေ ပြိုကျလာတယ်။ နိုင်ငံရေးပါတီတွေထဲမှာ လူငယ်ပါတီဝင်တွေဟာ သိသိသာသာကျလာတယ်။ ဒါကိုကြည့်ပြီး လူငယ်တွေ နိုင်ငံရေးနဲ့ ဝေးလာတယ်လို့ သုံးသပ်တာလဲ ရှိတယ်။ တချို့ပညာရှင်တွေက လက်မခံဘူး။ လူငယ်တွေ နိုင်ငံရေးနဲ့ ဝေးတာမဟုတ်ဘူး။ Institution တွေနဲ့ ဝေးလာတာတဲ့။ သူတို့က Participating ဘက်ကို ရွှေ့လာတယ်။ ကိုယ်ကိုယ်တိုင်က ထဲထဲဝင်ဝင် လုပ်ချင်လာတာတည်ဆဲ Institution တွေကို ယုံယုံကြည်ကြည်နဲ့ ပုံမအပ်ချင်တော့တာ၊ ဆိုလိုတာက Representating ကနေ Partici -pating ကို ရွှေ့လာတာ။အဲလိုရွှေ့ဖို့အတွက်ကတော့ဆုံချက်က ပညာပဲ။ Knowledge မရှိလို့ရှိရင် ဘာမှလုပ်လို့ရမှာမဟုတ်ဘူး။

မေး - နည်းပညာတော်လှန်ရေးတွေ အသစ်အသစ် ဖြစ်လာတာ၊ အဲဒါတွေက မဖွံ့သေးတဲ့နေရာတွေကို တဖြည်းဖြည်း ပျံ့နှံ့လာတာတွေက ရေရှည်အနာဂတ်မှာ ပြောင်းလဲလာစေမယ်ပေါ့။

ဖြေ ယေဘုယျ ပြောရရင် IT ပေါ့။ IT ကိုတော့ Technology of Freedom လို့ အများစုက သတ်မှတ်ပါတယ်။ IT ရဲ့ အကျိုးကျေးဇူးကြောင့် တစ်ဦးချင်း Freedom တွေ များလာတယ်။ ဒီလို အကျိုးတရားတွေအပေါ်မှာ Base လုပ်နိုင်ရင် ငြိမ်းချမ်းရေးအတွက် ပိုကောင်းတာပေါ့။ IT အနေနဲ့ကတော့ Peace နဲ့ အများကြီး နီးနိုင်ပါတယ်။ သို့သော် BT ပေါ့။ Biotech-



www.burmeseclassic.com

www.burmeseclassic.com



nology ကတော့ မပြောနိုင်ဘူးဗျ။ အငြင်းပွားရတုန်းပဲ။ ဘာလို့လဲဆိုတော့ Clone တွေက ဘယ်လို လူ့အဖွဲ့အစည်းကို တုံ့ပြန်မလဲ ဆိုတာ မသိသေးဘူး။ ဖူကူယားမားကတော့ လန့်နေတယ်။

မေး - **နည်းပညာနဲ့အတူ Globalized ဖြစ်လာတော့ လူမျိုးတွေ၊ ယဉ်ကျေးမှုတွေ ထိတွေ့ရောယှက်လာကြရတယ်။ ငြိမ်းချမ်းရေး အကျိုးတရားအတွက် ဆိုရင်ကော ဒီလိုယဉ်ကျေးမှုတွေ၊ ဘာသာရေးအယူအဆတွေ အပြန်အလှန်ထိတွေ့ ပါးလျားလာဖို့ လိုပါသလားဆရာ။**

ဖြေ Globalization ဆိုတာ အကောင်းကော အဆိုးကော ဒွန်တွဲနေတဲ့ဖြစ်စဉ်ပေါ့။ စီးပွားရေး Globalization ကတော့ နိုင်ငံတော်တော်များများက ကြိုက်ကြပါတယ်။ ဘာလို့လဲဆိုတော့ ဒီနေ့ခေတ်မှာ အောင်မြင်တဲ့ နိုင်ငံဖြစ်ဖို့က အထီးကျန် နေလို့မှ မရတာ။ နောက်ဆုံးလက်ဝဲတစ်ပြားမှ မလျှော့ဘူးဆိုတဲ့နိုင်ငံတွေလည်း Globalization ပဲ။စီးပွားရေး Globalization ကတော့ ပြဿနာ သိပ်မရှိဘူး။ ယဉ်ကျေးမှု Globalization ကတော့ ထောက်ပြတာတွေရှိတယ်။ နောက်ပြီး ဆင်းရဲချမ်းသာ ကွာဟမှုကိစ္စထောက်ပြတာလဲရှိတယ်။ ဆင်းရဲချမ်းသာ ကွာဟမှုပြဿနာကတော့ တကယ်ပြောရင် ဆင်းရဲတယ် ချမ်းသာတယ်ဆိုတဲ့ကိစ္စက Globalization ဆိုတာထက် စီးပွားရေးပေါ်လစီနဲ့ပဲ ဆိုင်မယ်ထင်တယ်။ဘာဖြစ်လို့လဲဆိုတော့ Globalizationထဲဝင်တဲ့နိုင်ငံတွေက အဆင်းရဲဆုံး နိုင်ငံတွေ မဟုတ်ဘူး။ ယဉ်ကျေးမှုပြဿနာကတော့ တကယ်လဲရှိနိုင်တယ်။ Challenge တစ်ခုဗျ။ သူ့အတွက်ကတော့ အကောင်းဆုံးနည်းက Cultural Dia - logue လို့ ထင်တယ်။ ဒီမှာလဲ အယူအဆနှစ်မျိုးရှိတယ်။ တစ်ခုက 'ယဉ်ကျေးမှုပျော်ဝင်အိုးကြီး' တဲ့၊ ယဉ်ကျေးမှုတွေ ရောကျိုလိုက်ပြီးတစ်ခုထဲဖြစ်သွားတာ၊ အဲဒါအ ရိုကန်ယဉ်ကျေးမှုပဲ၊





ဒါကြီးကတော့ မဖြစ်နိုင်ဘူးလို့ထင်တယ်။ အဲဒီအတိုင်း ဖြစ်သွားရင်လဲ Tension တွေသိပ်များမယ်၊ နောက်အယူအဆတစ်ခုက Cultural Clash ဖြစ်မယ်ဆိုတဲ့ ဟန်တင်တန်ရဲ့ အယူ အဆ၊ နှစ်ခုလုံးမကောင်းဘူး။ ဖြစ်လည်းမဖြစ်သင့်ဘူး။ Preferable တော့ မဟုတ်ဘူး။အကောင်းဆုံးကတော့ Cultural Dialogue ပဲ။ ယဉ်ကျေးမှုပေါင်းစုံအပြိုင်တည်ရှိရေးကို ဦးတည်ရမှာပေါ့။ ဒါကြောင့် Multiculture လို့တောင် သိပ်မသုံးကြဘူး။Diversity of Cultural လို့သုံးတယ်။ ပဒေသာစုံယဉ်ကျေးမှုပေါ့။

ကောင်းဖို့ဘက်ကတော့ Globalization အရှိန်ရလာတာနဲ့အမျှ Value တွေပျံ့နှံ့သွားတယ်။ အဲဒါကလဲ Snow Ball Effect ဆိုတဲ့ စကားလုံးနဲ့ ရှင်းကြပြောကြတာတွေရှိတယ်။ နှင်းခဲတစ်ခုကွဲသွားရင် ပတ်ဝန်းကျင်တင်အေးတာမဟုတ်ဘူး၊ အအေးဓာတ်က ပျံ့သွားတယ်။ တဖြည်းဖြည်း ပျံ့လာတယ်။ဆိုလိုတာက Globalized ဖြစ်လာတာနဲ့အမျှ Value တွေ ပျံ့သွားတယ်။ အဲဒါ ငြိမ်းချမ်းရေးအတွက် အလားအလာကောင်းပဲ။ ဒီလိုပြောလိုက်လို့ Globalization မှာ အားလုံးကောင်းမယ်လို့ ဆိုလိုတာမဟုတ်ဘူး။Problem တွေရှိနေမှာပဲ။

မေး - **စစ်ပွဲနဲ့မဟုတ်ဘဲ ငြိမ်းချမ်းတဲ့နည်းနဲ့ ရလာဒ်ကောင်းတွေရလာ တဲ့ သာဓကမျိုးရှိပါသလား၊ ရှိခဲ့ရင် ဥပမာလေးတွေပြောပါဦး။**

ဖြေ အရှေ့ဥရောပတစ်ခုလုံးလို့တောင် ပြောလို့ရမယ်။ ကတ္တီပါတော်လှန်ရေးဆိုတာပေါ့။ ချက်ရယ်၊ ပိုလန်ရယ်၊ ဟန်ဂေရီရယ်ဆိုရင် အတော်စိတ်ဝင်စားဖို့ကောင်းတယ်။ နောက် တောင်အာဖရိကရှိတယ်။ စိတ်ကူးယဉ်တာမဟုတ်ဘူး။ ဖြစ်နိုင်ခြေတွေ ရှိပါတယ်။

မေး - **လူငယ်တွေနဲ့ပတ်သတ်ပြီး ပြောပါဦးဆရာ။**



www.burmeseclassic.com

www.burmeseclassic.com



ဖြေ - ပြောစကားတစ်ခုရှိတယ်။ ခေတ်တစ်ခေတ်ရဲ့ Trend ကိုခန့်မှန်းမယ်ဆိုရင် အဲဒီခေတ်ကို ဖြတ်သန်းတဲ့လူငယ်တွေကို ကြည့်ရမယ်တဲ့။ ဒါကိုကြည့်ရင် ခန့်မှန်းလို့ရတယ်ပေါ့။ ဘာလို့လဲဆိုတော့ သူတို့က ဆက်ပြီးရှင်ကြမှာကိုး။ လူကြီးတွေကတော့ အချိန်တန်ရင် ရှိမှာမဟုတ်တော့ဘူးလေ။ လူငယ်တွေက ငြိမ်းချမ်းရေးကို လိုလားတယ်ဆိုရင်တော့ ငြိမ်းချမ်းရေးအတွက် နီးလာဖို့ပဲပေါ့။

မေး - ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ စွဲစွဲလမ်းလမ်းမှတ်မှတ် သားသားပြောစရာတစ်ခုလောက်ရှိရင် ပြောပေးစေချင်ပါတယ်။

ဖြေ - ဘင်း. . လောလောဆယ် စိတ်ထဲဖျတ်ခနဲပေါ် လာတာကတော့ သီချင်းပဲဗျ။ ဆရာမြို့မငြိမ်းရေးခဲ့တဲ့ သီချင်းစာသားလေးရှိတယ်။ လူငယ်တွေ ဖတ်ကြည့်စေချင်ပါတယ်။

'ငြိမ်းချမ်းရေးသည်၊ ပျားရည်ကဲ့သို့အာစဉ်၊ တမာပင် သရက်ပင် ဘာပင်စွဲစွဲ၊ ချိုမြအရသာ မစွန့်သည်သာပင်၊ ကမ္ဘာသားလူ့အများ မျက်နှာထားချိုကြည်၊ပျော်စေသည် ထာဝစဉ် × × ×. . .။'



# အင်တာဗျူး(၂)

## စာအုပ်များ(၁)

---

*ယခုစာစုမှာ စာဖတ်သူတစ်ဦးဖြစ်သူ ကိုအောင်ဇော်မြင့်၏ မေးမြန်းချက်များကို စာရေးသူ ပြန်လည်ဖြေကြားထားသည်များ ဖြစ်ပါသည်။ ဤအင်တာဗျူးကို ဆရာထင်လတ်က မှတ်တမ်းတင်ပြီး ၂၀၀၃ ခု၊ အောက်တိုဘာလထုတ် ဟန်သစ် မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသည်။*

---

မေး - 'ဂလိုဘယ်လိုက်ဇေးရှင်း' နဲ့ ပတ်သက်လို့ အရင်မေးပါရစေ။ ဆရာရေးတဲ့ စာတစ်ပုဒ်ထဲမှာ "ကုလ သမဂ္ဂ အတွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဘူးထရို့စ် ဘူးထရို့စ်ဂါလီက ၁၉၉၂ ခုနှစ်က ပြောတဲ့မိန့်ခွန်းထဲမှာ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတဲ့ စကားလုံးကို စတင် သုံးစွဲရာက တစ်ကမ္ဘာလုံးရေပန်းစားခဲ့တယ်" လို့ ထည့်သွင်းရေးသားထားတာ ဖတ်လိုက်ရပါတယ်။ အဲဒီ 'ဂလိုဘယ်လိုက်ဇေးရှင်း'နဲ့ ပတ်သတ်လို့ ဆရာ့ရဲ့ သဘောထားအမြင်ကို သိချင်ပါတယ်။ နောက်ပြီးဒီလို စာတွေ ရေးတာနဲ့ပတ်သက်တဲ့ ဆရာ့ရဲ့ စေတနာနဲ့ ရပ်တည်ချက်ကိုလဲ သိချင်ပါတယ်။

ကျော်ဝင်း - အမှတ်အသားရှိတာကတော့ ဒီ'ဂလိုဘယ်လိုက်ဇေးရှင်း' ဆိုတဲ့ စကားကို ဘူးထရို့စ် ဘူးထရို့စ်ဂါလီက စတယ်ဗျ



www.burmeseclassic.com

www.burmeseclassic.com



လေ။ တကယ်ကျတော့ ဘူးထရှိစ်ဂါလီ မသုံးခင်ကတည်းက သမိုင်းမှာ ရှိနေခဲ့တာပဲ။ အယူအဆတွေကတော့အမျိုးမျိုးပေါ့။ တချို့ကလည်း လူ့ယဉ်ကျေးမှုစကတည်းက 'ဂလိုဘယ်လိုက်ဇေးရှင်း' တွေ အထိုက်အလျောက် ရှိတယ်လို့ဆိုတယ်။ နောက်ထပ်အယူအဆတစ်ခုကတော့ အလယ်ခေတ် နောက်ပိုင်းပေါ့။ ကုန်သွယ်ရေးပေါ်လာကတည်းက 'ဂလိုဘယ်လိုက်ဇေးရှင်း' အငွေ့အသက်တွေ ပါလာနေပြီလို့ဆိုတယ်။ ဒါပေမဲ့ တော်တော်များများ အယူအဆကတော့ ခေတ်သစ်ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ နီးစပ်လာတဲ့ ၁၉၇၀ ပြည့်နှစ် ဗာလွန် လောက်ကို ပထမအဆင့် ဂလိုဘယ်လိုက်ဇေးရှင်းလို့ သတ်မှတ်ပါတယ်။ ဒါပေမဲ့ အဲဒီဂလိုဘယ်လိုက်ဇေးရှင်းကလဲ ဒီနေ့ခေတ်ပြိုင် ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ဆီပ်မတူပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီခေတ်က Ideology တွန်းအားက နယ်ချဲ့နဲ့ကိုလိုနီစနစ် ဖြစ်နေတယ်။ ဖြစ်နေတော့ စီးပွားရေးသဘောထက် နိုင်ငံရေးသဘောက ကဲနေတယ်။ ဒါပေမဲ့ ကမ္ဘာစစ်ကြီးနှစ်ခုနဲ့ကြုံလိုက်တော့ ဂလိုဘယ်လိုက်ဇေးရှင်းက ပြတ်သွား တယ်။ ဒီလိုမျိုးတော့ သမိုင်းမှာ ရှိခဲ့တယ်။

ဒီနေ့ ပြောနေကြတာကတော့ ခေတ်ပြိုင် ဂလိုဘယ်လိုက်ဇေးရှင်းပါ။ ဗီဖြစ်စဉ်ကြီးကို တွန်းပို့လိုက်တဲ့ ဒိုင်းနမစ်တွန်းအားနှစ်ခုရှိတယ်လို့ ဆိုပါတယ်။ ပထမတစ်ခုကတော့ IT ပေါ့။ IT ပေါ်လာတော့ ကမ္ဘာမှာ ရေကြောမြေကြောတွေ ကျုံ့သွားတယ်။ အဲဒီလိုကျုံ့သွားတော့ဆက်သွယ်ရေးနဲ့ ပို့ဆောင်ရေးစရိတ်စကတွေ သက်သာလာတယ်။ ဆိုလိုတာက လူတွေရော၊ အရင်းတွေရော၊ လုပ်ငန်းတွေပါ လွတ်လွတ်လပ်လပ်ကြီး ကမ္ဘာပတ်လာကြတယ်။ ကမ္ဘာရွာကြီးဆိုတာ ဒီအခြေခံပေါ်က ပြောကြတာပါ။

နောက်တွန်းအားတစ်ခုကတော့ ဆိုဗီယက်ယူနီယံ





ပြိုကွဲမှုလို့ ပြောကြတယ်။ ဒီလိုပြိုကွဲသွားတဲ့ အခါကျတော့ ကမ္ဘာကြီးဟာစီးပွားရေးအရရော၊နိုင်ငံရေးအရပါ Trend တစ်ခုတည်းကို ဦးတည်လာတယ်လို့ ပြောရမယ်။ ဟိုတုန်းကလို Ideology မှာ အငြင်းပွားစရာ မလိုတော့ဘူး။ ဒီတွန်းအားနှစ်ခုပေါ်ကနေ ခေတ်ပြိုင်ဂလိုဘယ် လိုက်ဇေးရှင်း ပေါ်လာတာလို့ ပြောကြတာပဲ။

ဘူးထရှိစ်ဂါလီပြောခဲ့တာတောင် တော်တော်ကြာပါပြီ။ တကယ်တော့ ဒါဟာ ကမ္ဘာကြီးမှာ ဖြစ်နေတာလဲကြာပါပြီ။ တော်တော်များများ ပညာရှင်တွေကလဲ ဒါ ကိုပဲ Focus လုပ်ပြီး ပြောနေကြတာပဲ။ ကျွန်တော်တို့ ဆီမှာတော့ ဒါကို သိပ်မပြောကြဘူး။ အဆက်ပြတ်သလို ဖြစ်နေတယ်။ အဲဒါကြီးကတော့ သိပ်မကောင်းဘူးတင်ထယ်။ အဲဒီတော့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ ဘယ်လိုမျိုးလဲလို့ ပြောစရာရှိလာတယ်။ ကောင်းသလား၊ ဆိုးသလား၊ အဲဒါကို ထောက်ခံရမှာလား၊ ကန့်ကွက်ရမှာလားဆိုတာ ဖြစ်လာတယ်။ ပထမဆုံးတော့ ဘာတွေဖြစ်နေတာလဲဆိုတာ အနည်းဆုံးတော့ သိသင့်တယ်ထင်တယ်လေ။အဲဒါကြောင့် ကျွန်တော်ရေးတာပါ။ အဲဒီမှာ တစ်ဆက်တည်းပဲ ကျွန်တော့် အယူအဆကို ပြောရမယ်ဆိုရင် ဟိုတုန်းကတော့ စာရေးတယ်ဆိုတာ ဝါဒဖြန့်တာပဲလို့ဆိုတဲ့ အယူအဆတစ်ခု ရှိခဲ့တယ်။အနုပညာသည် ဘာအတွက်ညာအတွက်ပေါ့။ ဒါတွေကို ကျွန်တော်ဘာမှ တိုက်ခိုက်မပြောချင်ဘူး။ ဘာအတွက်ညာအတွက်လို့ ပြောနေရတာကိုက သိပ်ပြီး နည်းလမ်းမကျဘူးလို့ ကျွန်တော်ထင်တယ်။ ရေးတဲ့လူက ဆုံးဖြတ်လို့မရဘူး။ စာဖတ်ပရိသတ်က ဆုံးဖြတ်မှာ။ ဒီလိုပဲ နားလည်တယ်။ အခု ကျွန်တော်တို့ ရေးနေတာကတော့ အယူအဆတစ်ခု၊ Ideology တစ်ခု အပေါ်မှာ ရပ်ပြီးတော့ . . ဒါမှန်တယ်။ ဒါမှားတယ်လို့ ပြောနေတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ရိုးရိုးပြောရရင် လူတိုင်းမှာ သိခွင့် Right to know ရှိတယ်။ အဲဒီ Right to know အတွက်ပဲ စာရေးနေတာ။ သိသင့်သိထိုက်တာ သိဖို့အတွက် ရေးတာပဲ။ Right to Determine မှန်သလား။ မှားသလား ဆုံးဖြတ်တာကတော့ စာဖတ်သူရဲ့ အလုပ်ပဲ။ ဒါကမှန်တယ်၊ ဒါကမှားတယ်ဆိုပြီး အပေါ်စီးနဲ့ လမ်းပြသလိုမျိုး၊ လမ်းညွှန်သလိုမျိုး၊ စည်းရုံးသလိုမျိုး ဒါကိုလုပ်လဲ မလုပ်ချင်ဘူး။ လုပ်လဲ မလုပ်တတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လွတ်လွတ်လပ်လပ် ကိုယ့်ဘာသာ ဆုံးဖြတ်အဖြေရှာတာက ပိုပြီး သဘာဝကျမယ်ထင်လို့ပါ။ ဒါဆိုလုံလောက်မယ်ထင်ပါတယ်။

မေး **ဆရာမောင်စူးစမ်းရဲ့ ဆောင်းပါးတစ်ပုဒ်ထဲမှာ ဖတ်လိုက်ရတာလေးတစ်ခုကို မှတ်မိနေတယ်ဆရာ။ အဲဒါက ဘာလဲဆိုတော့ " . . အခု၊ အမေရိကန်စစ်သားတွေနဲ့ အမေရိကန်တက္ကနိုလိုဂျီတွေ ရောက်လာတာဟာ အရှေ့အလယ်ပိုင်းကို ဂလိုဘယ်လိုက်ဇေးရှင်းထဲ ဆွဲသွင်းလိုက်သလို ဖြစ်မနေဘူးလား၊ နောက်ပြီး ပဒေသရာဇ်စနစ် Feudalism လက္ခဏာရှိတဲ့ အာရပ်တမ္ဘာကလဲ 'ဂလိုဘယ်လိုက်ဇေးရှင်း' နဲ့ 'အရင်းရှင်စနစ်'တို့ရဲ့ လွှမ်းမိုးအောက်မှာ ရေကူးတတ်ပါ့မလား" တဲ့။ အဲဒါနဲ့ပတ်သက်လို့ ဆရာ့အမြင် ဘယ်လိုများ ရှိပါသလဲ။**

ဖြေ ကျွန်တော့်အမြင် ပြောရမယ်ဆိုရင်တော့ တစ်ဦးချင်း သဘောအရ အီရတ်ကိစ္စကို ကျွန်တော်မကြိုက်ဘူး။မကြိုက်ဘူးဆိုတာက ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချလိုက်လို့ မကြိုက်တာ မဟုတ်ဘူး။ နိုင်ငံတစ်ခုထဲရဲ့ သဘောဆန္ဒနဲ့ ပြဿနာဖြေရှင်းပုံကို ဘဝင်မကျတာပါ။ ဒီကိစ္စကို အမေရိကန်





ပညာရှင်အသိုင်းအဝိုင်းကလဲ သိပ်ခံတွင်းတွေ့ဟန်မရှိပါဘူး။ ဆယ်မ်ျူရယ်ဟန်တင်တန်တို့၊ ပေါ(လ်)ကနေဒီတို့ဆို ပွင့်ပွင့်လင်းလင်း ဝေဖန်ကြတာပဲ။ ပြောရရင် ကစ်ဆင်းဂျားလို လူမျိုးကတောင် သဘောမကျပါဘူး။ တကယ်တော့ ဒီပြဿနာဟာ အီရတ်ကိစ္စသက်သက်မဟုတ်ပါဘူး။ကမ္ဘာ့အငြိမ်အဝပ်ဌ World Order တစ်ခုလုံးနဲ့ ဆိုင်တယ်။

အိမ်မာနျူယယ် ဝေါလာစတိန်းတို့လို လက်ဝဲသဘောတရားကလဲ ဒီကိစ္စကို အကြီးအကျယ် ဝေဖန်ကြတယ်ဗျ။ သူတို့နဲ့တော့ ကျွန်တော်စဉ်းစားတာ သိပ်တူမယ်မထင်ဘူး။ ၁၁၉၄ လောက်က ထင်တယ်။ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ ကိုဖီအာနန်က အယူအဆတစ်ခု တင်တယ်။ အဲဒါဟာ ကုလသမဂ္ဂ Charter ကို ပြောင်းဖို့။ ကုလသမဂ္ဂ Charter ဆိုတာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာကျော်က Westphalia စာချုပ်ပေါ်မှာအခြေခံတာ။ အဲဒီ Westphalia စာချုပ်ဆိုတာလဲ သမိုင်းနည်းနည်း ပြန်လှန်ရင် ဥရောပမှာ အမျိုးသား နိုင်ငံအချင်းချင်း နှစ်ပေါင်း ၃၀ ကျော် စစ်ဖြစ်တယ်။ နောက်ဆုံးစစ်ပန်းလာတော့ နှစ် ဖက်သဘောတူပြီး စာချုပ်တစ်ခု ချုပ်တယ်။ အဲဒါ Westphalia စာချုပ်။ သူက အချုပ်ပြောရရင်တော့ ကိုယ့် နိုင်ငံနဲ့ ကိုယ်ကြိုက်တဲ့စနစ်နဲ့ အုပ်ချုပ်၊ ဝင်မစွက်ဖက်ရေး၊ ဒီမူက UN Charter ထိပါတယ်။ ကျွန်တော်တို့ သဘောကျခဲ့တဲ့ ဘန်ဒေါင်းမူတို့ ဘာတို့လဲ ဒီ Base ပေါ်က သွားတာပဲ။ ဒီနေ့ ဒါကိုပြန်ချိန်ကြတယ်။ ပညာရှင်တွေ စဉ်းစားကြတယ်၊ လွန်ခဲ့တဲ့အနှစ် ၃၀၀ က မူတစ်ခုဟာ ဒီနေ့နဲ့ ကိုက်ပါ့မလား။အဲဒီတော့ ဘာသွားတွေ့လဲဆိုတော့ Westphalia တုန်းက Technology ဟာ သတင်းပေးရင် မြင်းစီးပေးရတဲ့ခေတ်။ အဲဒီအချိန်မှာဝကားလုံးနှစ်လုံးနဲ့ အဲဒီ Technology ကို ဖော်လို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



Far away 'သိပ်ဝေး' ပေါ့။ အဲဒီတော့ We know nothing 'တို့ ဘာမှမသိဘူး' ဆိုတာ ဖြစ်လာတယ်။ တစ်နိုင်ငံမှာ ဘာဖြစ်နေတယ်ဆိုတာ ဘာမှမသိနိုင်ဘူး။ ဒီနေ့ IT ကျတော့လဲ စကားလုံး နှစ်လုံးနဲ့ပဲ ပြန်ပြောလို့ ရတယ်။ Instant 'ချက်ချင်း'တဲ့။ ဒီနေရာ သတင်းဖြစ်ရင် ခိုင်းခနဲ့ ဟိုနေရာက သိတယ်။ အဲဒီ Instant နောက်မှာ ဘာလာလဲ။ "We know everything" အဲဒီလို ကွာလာတယ်။ ဒီတော့ လွန်ခဲ့တဲ့ နှစ်သုံးရာကျော်က အယူအဆတစ်ခုကို အသေကိုင်လို့ သင့်မသင့် စဉ်းစားလာပြီ။ အဲဒီအပေါ်မှာ ကိုဖီအာနန်က ပြန်စဉ်းစားကြဖို့ အဆိုပြုတာပါ။ 'လူသား' Humanity ဆိုတဲ့ အထိုင်ပေါ်က ပြန်စဉ်းစားကြဖို့ ပေါ့ဗျာ။ လူဆိုတဲ့ Humanity ပေါ်မှာ ထိခိုက်စေတဲ့ နစ်နာစေတဲ့ ဟာမျိုးလာရင် ဘယ်လိုလုပ်ကြမလဲပေါ့။ ဒါနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂနိုင်ငံတွေကြားမှာ သုံးစုကွဲသွားတယ်။ ဥရောပနိုင်ငံတွေနဲ့ အမေရိကန်နိုင်ငံက ထောက်ခံကြတယ်။ အာရှနိုင်ငံတွေက ကြားနေတယ်(မဲမပေးဘူးပေါ့)။ အရှေ့အလယ်ပိုင်းနိုင်ငံတွေအားလုံးက ကန့်ကွက်ကြတယ်။ အဲဒီလိုနဲ့ အတည်ဖြစ်မသွားဘူး။ အတည်မဖြစ်တော့ဒီကိစ္စကို UN အလံအောက်မှာ လုပ်လို့မရဘူး။ ဒါနဲ့ ပြန်ညှိကြတော့ ဥရောပနိုင်ငံတွေနဲ့ တချို့လက်ခံတဲ့ နိုင်ငံတွေကရှိတော့ တချို့ဟာတွေမှာ လုပ်လို့ရသွားတယ်။ဒါလဲ သေချာပြန်ခွဲတော့ ဥရောပနိုင်ငံတွေနဲ့ အမေရိကန် နိုင်ငံ တောင်မတူဘူး။ စဉ်းစားဖို့ လိုလာတာက Humanity ကို ထိခိုက်၊ မထိခိုက်ဆိုတာ ဘယ်သူက ဆုံးဖြတ်မလဲ။ဒါက နံပါတ်တစ်၊ ဥရောပရဲ့အလိုအရနိုင်ငံတကာအသိုင်းအဝိုင်း International Community ကဆုံးဖြတ်ရမယ် ဖြစ်လာတယ်။ ဒါကို အမေရိကန်က လက်မခံဘူး။ လက်ရှိနိုင်ငံတကာအသိုင်းအဝိုင်းဆိုတာ သဏ္ဌာန်သက်သက်ပါ





ပဲ။ ဘာလုပ်ပိုင်ခွင့်မှ မရှိဘူးဆိုပြီး စောဒကတက်တယ်။ အဲဒီကနေ အယူအဆ ကွဲလာတာပေါ့။ ဥရောပက 'နိုင်ငံစုံသဘော 'Multilateral နဲ့ သွားချင်တယ်။ အမေရိကန်က တစ်ကိုယ်တော် တိုက်ချင်တယ်။ Unilaterial ပေါ့။

ဒုတိယအချက်ကတော့ ဥရောပက သက်ဆိုင်ရာ လူထုရဲ့ သဘောထားဟာ အဓိကဖြစ်သင့်တယ်လို့ ပြောလာတယ်။ အမေရိကန်ဘက်က အဲဒါလဲ လက်မခံဘူး။ ဘာလို့လဲဆိုတော့ သက်ဆိုင်ရာလူထုရဲ့ Voice ဆိုတာ လက်တွေ့မှာ မကြားနိုင်ဘူး။ ဘာလို့လဲဆိုတော့ ငါ့မင်း ငါ့ချင်းစနစ်အောက်မှာ Voice မရှိနိုင်ဘူးပေါ့။

တတိယအချက်ကတော့ ဥရောပအလိုအရအကန့်အသတ်ရှိရမယ်လို့ ဆိုတယ်။အမေရိကန်က ရေဆုံးရေဖျားထိ လိုက်ဖို့ပြောတယ်။ဒီတော့ ပြောချင်တာက ယေဘုယျအနောက်လို့ ပြောနေကြတဲ့ ဥရောပနဲ့ အမေရိကကြားမှာတောင် မတူညီမှုတွေ ရှိနေတယ်ဆိုတာကိုပါ။ အမှား အမှန်ကိုတော့ ကိုယ်တိုင်ဆုံးဖြတ်ကြပေါ့ဗျာ။

မေး ဆရာရေးတဲ့ စာတစ်ပုဒ်ထဲမှာ ဒီလိုရေးထားတာ မှတ်မိပါတယ်။

"Foreign Policy" မဂ္ဂဇင်းက ကြီးမှူးပြီးနယ်ပယ်အသီးသီးမှာ ကျက်စားတဲ့ "အိုင်ဒီယာ လူကြမ်းမင်းသား" တွေကိုစုပြီး အခုတွေ့နေကြတဲ့ ဖြတ်သန်းနေတဲ့ ၂၁ ရာစုကြီးကို နာမည်ပေးကင်ပွန်းတပ်ခိုင်းပါတယ်။ သူတို့ကတော့ . . .

(၁) ဖရန်ဆစ်ဖူကူယားမား (Francis Fuku yama) ရဲ့ "သမိုင်းလွန်ခေတ်"

(၂) ဘရိုင်ယန်အီနို (Brian Eno) ရဲ့ "အလုပ်ဖြစ်ရေးခေတ်"

www.burmeseclassic.com



(၃) ဂျက်စီကာမတ်သယူး (Jessica Mathews) ရဲ့ "စပ်ခေတ်"

(၄) မာတင်ဗန်ခရီဖဲ(လ)(Martin Van Creveld) ရဲ့ "ဝိရောစိများခေတ်"

(၅) အက်ဒဝပ် ဝီလ်ဆင် (Ewdard Wilson) ရဲ့ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေတ်"

(၆) ဖာနန်ဒို ဟန်းရစ်ကားလို့(စ) (Fernando Herriquecarclose) ရဲ့ "တော့စမိုပိုလီတန်ခေတ်"

(၇) ခရစ္စတိုဖာဘာထရွန်(Christopha Ber tronn) ရဲ့ "မရေရာမှုများခေတ်" အဲဒီမှာဆရာ ဘယ်သူ့ရဲ့ အယူအဆတို့ ကြိုက်နှစ်သက်ပါသလဲ၊ ရှင်းလင်းပြောပြပေးပါလားဆရာ။

ဖြေ ပြောရမယ်ဆိုရင်တော့ အကုန်လုံးကို ကြိုက်သလို အကုန်လုံးလဲ မကြိုက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အယူအဆတစ်ခုဟာ အကြွင်းမဲ့မှားတယ်ဆိုတာမျိုး မရှိဘူးလို့ ထင်တာပါ။ သူ့အထဲမှာ သဘောကျစရာတွေ လက်ခံနိုင်စရာတွေလည်း ရှိတယ်။ဒါပေမဲ့ အကုန်လုံး လက်ခံနိုင်ဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး။ လက်မခံနိုင်တာတွေလည်း ရှိနေပြန်တယ်။ (ခုနက လူတွေရဲ့ အယူအဆတွေ အကုန်လုံးကို ပြောမယ်ဆိုရင်တော့ အချိန်အများကြီး လိုမှာပေါ့) ဥပမာ ဖူကူယားမားရဲ့ 'သမိုင်းနိဂုံး' ဆိုတဲ့ အယူအဆဟာ ကျွန်တော်တို့ဆီမှာ အလွန်ပဲအငြင်းပွားရပါတယ်။ အငြင်းပွားတဲ့ လူတော်တော် များများဟာလဲ ဖူကူယားမားရဲ့ မူရင်းစာအုပ်ကိုဖတ်ဖူးသူရှားမယ်ထင်ပါတယ်။ လေဖမ်းဒန်း စီးပြီး ဆုံးဖြတ်တဲ့လူတွေက များလိမ့်မယ်ထင်တယ်။ (ဒီလိုပြောရတာတော့ သိပ်မကောင်းဘူးဗျ) ကျွန်တော်နားလည်





သလောက် ပြောရရင် ဖူကူယားမားရဲ့ သမိုင်း၏နိဂုံး အယူအဆဟာ အချက်နှစ်ချက်ပေါ်မှာ အခြေခံတယ်လို့ မြင်တယ်။ ပထမတစ်ချက်က အရင်းရှင်စနစ်နဲ့ ကွန်မြူနစ်စနစ်တိုက်ပွဲမှာ ကွန်မြူနစ်စနစ်က ရှုံးသွားပြီး အရင်းရှင်စနစ်က နိုင်သွားတယ်။

ဒုတိယတစ်ချက်က အဲဒီနိုင်သွားတဲ့ အရင်းရှင်စနစ်ပြောရရင် လစ်ဘရယ်ဒီမိုကရေစီကို နောက်ထပ် အစားထိုးစရာ Ideology ပေါ်စရာ အကြောင်းမရှိတော့ဘူး။ ဒါကြောင့်မို့ သမိုင်းဆိုတာ Ideology ငြင်းခုံပွဲလို့ဆိုခဲ့ရင် သမိုင်းဟာ ပြီးခဲ့ပြီ။ အဲဒါကြောင့် သမိုင်းမှာ ရှေ့ဆက်ဖြစ်မယ့် အကြောင်း အရာတွေဟာ လစ်ဘရယ်ဒီမိုကရေစီရဲ့ အကြောင်းအရာတွေသာ ဖြစ်တော့မယ်လို့ ဆိုလိုတာ ဖြစ်တယ်။

အဲဒီတော့ ဒီအယူအဆကို ပညာရှင်တော်တော်များများက လက်မခံကြဘူး။ မကြိုက်ကြဘူး။ မကြိုက်တဲ့အတိုင်းလဲ တိုက်ကြတယ်။ တိုက်ကြတယ်ဆိုပေမဲ့ ပထမအချက်ကိုတော့ အသိအမှတ်ပြုကြတာများတယ်ဗျ။ ကွန်မြူနစ်ဝါဒ ကျဆုံးသွားပြီး လစ်ဘရယ်ဒီမိုကရေစီဝါဒအနိုင်ရသွားတယ်။ ဒါကိုလက်ခံတယ်။ လက်မခံတာက နောက်ထပ် Ideology တစ်ခု နောက်ထပ်ပေါ်စရာမရှိတော့ဘူးဆိုတာကိုပါ။ သူတို့က ဘယ်လိုပြောသလဲဆိုတော့ ကြယ်ပွင့်ပြချိန် (Star time) လို့ ပြောကြတယ်။ ကြယ်ပွင့်ပြချိန်ဆိုတာ သမိုင်းဖြစ်ရပ်တွေ အခြေအအမြစ်ကစပြီး အလှုပ်အယမ်းကြမ်းနေတဲ့ ကာလမျိုးကို ဆိုလိုတာပါ။ ဒီအခြေအနေအောက်မှာ ဒါအမှန်တရားပဲလို့ တရားသေပြောလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမှန်တရားတွေရဲ့ သက်တမ်းဟာ တဖြည်းဖြည်းတိုလာနိုင်တယ်။ အပြောင်းအလဲတွေကလဲ သိပ်မြန်လာတာကိုး။ ဒီတော့ နောက်ထပ် အိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒီအိုလိုဂျီသစ် ပေါ်စရာ မရှိတော့ဘူး။ သမိုင်းနိဂုံးချုပ်ပြီ ဆိုတာ အကောင်းမြင်လွန်းရာရောက်တယ်လို့ ဝေဖန်ကြတယ်။ ဒီဝေဖန်ချက်တွေကို ကျွန်တော် ပိုစိတ်ဝင်စားပါတယ်။

မေး ယနေ့ခေတ်လူငယ်တွေ "ဘာစိတ်ဝင်စားကြသလဲ"၊ (Interest Focus)၊ "သူတို့ရင်ထဲ ဘာတွေရှိသလဲ" (Inside Feeling)၊ "ဘယ်ဘက်ကို မျက်နှာမူသလဲ" (Orientated Direction) သူတို့ရဲ့ဟဒယမှာအနက်ရှိုင်းဆုံး နေရာယူထားတာကတော့ သူတို့ဖြတ်သန်းနေတဲ့ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းကပေးတဲ့ "ဝေဒနာ" ပဲ ဆိုတဲ့ ဆရာ့ရဲ့စာကို ဖတ်လိုက်ရတော့ ကျွန်တော်တို့ ရင်ထဲ တော်တော်လေး ထိခိုက်သွားတယ်ဆရာ။

ပြီးတော့ ခေတ်ပြိုင်လူငယ်တွေကို ကြည့်လိုက်တဲ့အခါ စတီရီယိုတိုက်(ပ်) (Stereo Type) မဟုတ်ဘဲ ဒိုင်ဗာစတီ (Diversity) ဖြစ်နေတယ်ဆိုတဲ့ လူငယ်ရှုခင်းသုံးကွက် -

(၁) လူငယ်ဂတ်တို

(၂) အဝါရောင်မျိုးဆက်

(၃) အမှုံးမခြေကို ဆရာ့ဘာနေနဲ့ ပြန်လည်သုံးသပ်ပြောပြပေးပါလားဆရာ။ ကျွန်တော်သိချင်တာကအဝါရောင်မျိုးဆက်ပါ။

ဖြေ အဝါရောင်မျိုးဆက် . . . ထားပါတော့၊ နာမည်တွေကလဲ အမျိုးမျိုးပေးကြတယ်။ အဝါရောင်မျိုးဆက်ဆိုတော့ အာရှမျိုးဆက်ကို ပြောတာ၊အဓိက ကတော့ တရုတ်နဲ့ ဗီယက်နမ်ပေါ့။ နိုင်ငံရေးမိုးသက်မုန်တိုင်းတွေအလွန် စီးပွားရေးပြုပြင်ပြောင်းလမှုကာလကို ဖြတ်သန်းနေတဲ့လူငယ်တွေ





ပေါ့။ အဲဒီလူငယ်တွေအကြောင်းပြောတဲ့အခါအားကောင်းချက်နဲ့ အားနည်းချက်တွေကို ခွဲပြောရမယ်။ အားကောင်းချက်ကတော့ သူတို့က IT နဲ့ နီးလာကြတာပဲ၊ ဒါကတစ်ချက်။ နောက်တစ်ချက်ကတော့ သူတို့ဟာ ကမ္ဘာ ကြည့်ကြည့်လာကြတယ်။ ကိုယ့်ပြည်တွင်းလောက်သာ မကဘဲကမ္ဘာကို မျှော်ကြည့်လာတယ်။ ဒါတွေက အားကောင်းချက်တွေ။ အားနည်းချက်တစ်ခုကတော့ အဌာ။ ကိုယ်ကျိုးစီးပွားဘက်ကို သိမ်လိုက်သွားတာပဲ။ နောက် တစ်ချက်ကတော့ နိုင်ငံရေးနဲ့ ဝေးလာတာ။ ApolineTrend လို့ ပြောကြတာပေါ့။ ခုတော့ ဒီအယူအဆကိုပဲတစ်မျိုးပြောလာကြတယ်ဗျ။ တကယ်တော့ သူတို့က နိုင်ငံရေးနဲ့ ဝေးတာမဟုတ်ဘဲ နိုင်ငံရေး Institution တွေနဲ့ဝေးလာ တာ။ နိုင်ငံရေးစနစ်တွေနဲ့ ဝေးလာတာ။နောက်ပြီး အဲဒါကအာရှတင်မကတော့ဘူး။ Western က နိုင်ငံတွေအားလုံးဟာလဲ ဒီလိုပဲ ဖြစ်လာကြတယ်။ "လူငယ်ဂတ်တို"ကလဲ အဲဒီဘက်ရောက်လာတယ်။ ဘယ်လိုရောက်လာသလဲဆိုတော့ အမေရိကန်အပါအဝင် ဖွံ့ဖြိုးတဲ့နိုင်ငံကြီးတွေမှာ မဲပေးတဲ့အရေအတွက် နည်းလာတယ်။ မဲပေးခွင့်ရှိပါလျက်နဲ့မဲ မပေးတဲ့ လူအများစုဟာ လူငယ်တွေပဲ။ လူငယ်တွေက ရွေးကောက်ပွဲကို စိတ်မဝင်စားဘူး၊ ဒီတော့ မဲရုံကိုလဲ မသွားတော့ဘူး။ နောက်တစ်ချက်ကသူတို့ဆီက နိုင်ငံရေးပါတီတွေမှာ လူငယ်ပါတီဝင်တွေ သိသိသာသာနည်းလာတယ်။ အဲဒါကို ကြည့်ပြီးတော့ လူငယ်တွေ နိုင်ငံရေးနဲ့ ဝေးလာတယ်ဆိုတဲ့ ကောက်ချက်ကို အနောက်က ပညာရှင်တွေက လက်မခံ ကြဘူး၊ လူငယ်တွေ နိုင်ငံရေးနဲ့ ဝေးလာတာ မဟုတ်ဘူး။ နိုင်ငံရေး အဖွဲ့အစည်း တွေနဲ့ ဝေးလာတာလို့ ဆိုကြတယ်၊ လူငယ်တွေမယုံတာက နိုင်ငံရေးကို မဟုတ်ဘူး။ နိုင်ငံရေးအဖွဲ့ အစည်းတွေကို မယုံတာ။ နိုင်ငံရေး



www.burmeseclassic.com

www.burmeseclassic.com



စနစ် တွေကို မယုံတာ။ ဒီလို ပြောင်းလဲခံယူလာကြတယ်။

ဒါက ဘာကိုပြသလဲဆိုတော့ ဒီကနေ့ ကျွန်တော်တို့ ကျင့်သုံးနေတဲ့ "ကိုယ်စားပြုဒီမိုကရေစီစနစ်" ကို ဒီသသယ ဝင်လာတာပဲ။ ဒါဖြင့် အဲဒီနေရာကို သူတို့က ဘာနဲ့အစား ထိုးချင်ကြသလဲ ဆိုတော့ Participating Democracy တိုက်ရိုက် ဒီမိုကရေစီပေါ့။ ကိုယ်တိုင် ထဲထဲဝင်ဝင်လုပ်လို့ ရမယ့်အနေအထားကိုပြောတာ။ အရင်က ကျွန်တော်တို့ စဉ်းစားပုံနဲ့ ဘယ်လိုမှ မတူတော့ဘူး။ အရင်က နိုင်ငံရေး ဆိုတာက မြင်းတစ်စီး ဓားတစ်လက်နဲ့ ဝင်ပြီးရမ်းလို့မရ ဘူး။ အဖွဲ့အစည်းနဲ့ လုပ်ရတာ။ သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ အောက်မှာ ချမှတ်ထားတဲ့ မူနဲ့ဘောင်နဲ့ လုပ်မှရတာ။ အခု တော့ အဲဒါတွေကို ကျော်ပြီး ကြည့်လာကြတယ်။ အထူး သဖြင့် IT ခေတ်မှာပေါ့။ အင်တာနက်ခေတ်မှာ လူတစ် ယောက်ထဲပေမဲ့ နိုင်ငံရေးပါတီ တစ်ခုလုံးလုပ်ရမယ့် Function တွေ အကုန်လုံးကို လုပ်လို့ရတယ်။ ကိုယ်စားပွဲ ပေါ်ကနေ ကမ္ဘာကြီးကို ထိုင်ကြည့်လို့ရတယ်။ ကိုယ်ကိုယ်-တိုင်က ကိုယ်ပိုင် Idea တွေကို ထုတ်လို့ရတယ်။ ဒါတွေဟာ ကိုယ်ပိုင်အတွေ့အကြုံ မဟုတ်ပေမဲ့ တစ်ဆင့်ခံအတွေ့ အကြုံတွေကနေလည်း ယူပြီးလုပ်လို့ရတယ်။ အဲဒီတော့ နိုင်ငံရေးပါတီကနေတစ်ဆင့်သာ နိုင်ငံရေးစနစ်တစ်ခုကို ဖော်နိုင်တယ်ဆိုတာထက် ကိုယ်ကိုယ်တိုင် ထဲထဲဝင်ဝင် လုပ်ရင်းကနေ ပိုကျယ်ပြန့်တဲ့ နိုင်ငံရေးစနစ်တစ်ခုကိုတည် သွားတာ ပိုမကောင်းဘူးလားလို့ တွေ့လာကြတယ်။ အဲဒါ Participating Democracy ပဲ ။

အဲဒီတော့ စောစောကပြောတဲ့ အတ္တအကျိုးစီးပွား ဆိုတာကို ပြန်သွားရအောင်။ တကယ်တော့ အတ္တဟာ အပြစ်မဟုတ်ဘူး။ ကျွန်တော်တို့ဆီမှာက အတ္တလို့ဆိုရင် မကောင်းတဲ့အဓိပ္ပာယ်လို့ပဲ ယူဆကြတယ်။ ကျွန်တော်က





တော့ Self လို့ နားလည်တယ်။ ဟိုမှာက Self ဆိုတာက တစ်ဦးချင်းလွတ်လပ်ခွင့်ကို ပြောတာ။ ဟိုတုန်းကတော့ အဖွဲ့အစည်းနဲ့ လုပ်လာကြတဲ့အတွက် တစ်ဦးချင်းအခန်း ကဏ္ဍကို လက်တွေ့မှာ ပစ်ပယ်သလိုဖြစ်လာတယ်။ ဖြစ် လာတော့ လက်တွေ့မှာ အဖွဲ့အစည်းနဲ့ လုပ်ကြတဲ့အခါ ထက်အောက်ဖွဲ့စည်းပုံတွေကြားမှာ လှုပ်လို့မရတော့ဘူး ဖြစ်လာတယ်။ အဲဒီတော့ တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေး တွေ ကျလာတယ်။ ဒါ သိပ်မကောင်းဘူးလို့ ထင်တာပဲ။ ခုနောက်ပိုင်းတော့ တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေးနဲ့ ဆိုင် တဲ့စာတွေကို လူငယ်တွေက ဖတ်လာကြတယ်။ တက်ကျမ်း လို့ ပြောတဲ့ဟာတွေပေါ့။ ကျွန်တော့်အနေနဲ့ တက်ကျမ်း ဆိုတာ ကြားဖြတ်သူဌေးဖြစ်နည်းကို ပြောတာမဟုတ်ဘူး နော်။ တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေး မြင့်မားဖို့ လမ်း ညွှန်တဲ့ စာတွေကို ပြောတာ။(ပြောရမယ်ဆိုရင် ဆရာဖေ မြင့် ရေးတဲ့ စာအုပ်မျိုးတွေ)။ ဒါမျိုးတွေ လိုအပ်လာတယ်။ ကျွန်တော်ကတော့ အတ္တဆိုတာကို အဲဒီလိုနားလည်ထား တယ်။ ပြောချင်တာက အခြေအနေတစ်ခုမှာ ထွက်ပေါ် လာတဲ့ သုံးသပ်ချက်တစ်ခုဟာ အကြာကြီးမှန်မယ်လို့ ပြော လို့မရတော့ဘူး။ သူ့ထက်ပိုမှန်တဲ့ သုံးသပ်ချက်တွေလဲ ပေါ် ချင်ပေါ်လာနိုင်တာပဲ။ ဒါ ကျွန်တော်တို့ခေတ် ၂၁ ရာစု ရဲ့ အခြင်းအရာတစ်ခု ဖြစ်နေမယ်ထင်တယ်။ ဒီအောက် မှာ အရမ်းအကန်း နာခံမှုထက် ပညာနဲ့ယှဉ်တဲ့ စဉ်းစား ဆင်ခြင်ဉာဏ်က ပို အခရာကျပါလိမ့်မယ်။ ဒီအတွက်တစ် ဦးချင်း ကိုယ်ရည်ကိုယ်သွေးက အရေးကြီးမယ်ထင်တယ်။

မေး ခေတ်သစ်တိုင်းပြည်ကြီးရဲ့ လူမှုသရုပ်ကို အပီပြင်ဆုံး ဖော်ပြရာမှာ အခြေခံအားဖြင့် ဒေါက်ကြီးသုံးဒေါက် ရှိတယ်။ အဲဒီ ဒေါက် သုံးဒေါက်က 'နိုင်ငံတော်'၊ 'ဈေး



www.burmeseclassic.com

www.burmeseclassic.com



ကွက်' နဲ့ "အရပ်ဘက်လူ့အဖွဲ့အစည်း' ဆိုတဲ့ ဒေါက်ကြီးတွေပါပဲလို့ ဆရာ့စာထဲမှာ ဖတ်ရပါတယ်။ တစ်ခုနဲ့တစ်ခု ဘယ်လိုဆက်သွယ်နေပါသလဲ။ ရှင်းပြပေးပါဦး ဆရာ။

မေး သမိုင်းခေတ်တွေနဲ့ ယှဉ်ပြောရရင် တောက်လျှောက်ရှိခဲ့တာကတော့ နိုင်ငံတော်က အချုပ်ပါပဲ။ စီမံကိန်းစနစ်အောက်မှာဆိုရင် ဈေးကွက်ဆိုတာမရှိဘူး။ 'ဈေးကွက်' ဆိုတာ နိုင်ငံတော်က ချုပ်ကိုင်တဲ့ဈေးကွက်ပဲ ရှိတယ်။ အဲဒီလို အောက်မှာကျတော့ 'အရပ်ဘက်လူ့အဖွဲ့အစည်း' ဆိုတာတောင် မရှိတော့ဘူး။ 'စားသုံးသူ' ဆိုတာ သက်သက်ပဲရှိတော့တယ်။ သူက ဘာမှပြောရေးဆိုခွင့်မရှိဘူး။ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့နိုင်ငံတွေမှာတော့ ယေဘုယျအားဖြင့် ဒေါက်သုံးဒေါက်လုံး ရှိနိုင်ပါတယ်။ အဲဒီလိုရှိတယ်ဆိုပေမဲ့ အစဉ်အလာအရတော့ အချုပ်ကနိုင်ငံတော်ပဲ။ ဈေးကွက်မှာ နိုင်ငံတော်က ဝင်မစွက်ဘူးဆိုပေမဲ့ငွေကြေးပေါ်လစီကိုတော့ အထိုက်အလျောက် ကိုင်ထားကြတာများတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းဆိုတာတော့ သူ့အတိုင်းအတာနဲ့ သူရှိတတ်ပါတယ်။ ဒါ အစဉ်အလာရှိခဲ့တာပေါ့။ ဒါပေမဲ့ IT နောက်ပိုင်းမှာ ကျတော့ Speed က သိပ်စကားပြောတယ်။ Speed မြန်မြန်နဲ့ လုပ်နိုင်တဲ့အဖွဲ့က ရှေ့ရောက်သွားတယ်။ အဲဒီတော့ ခုပြောနေတဲ့ သုံးခုထဲမှာ Speed အမြန်ဆုံးက ဈေးကွက်ဖြစ်နေတယ်။ ဈေးကွက်နဲ့တစ်သားတည်းပါလာတာက Civil Society ဖြစ်တယ်။ အနှေးဆုံးက ဗျူရိုကရက်ယန္တရားတွေ ပိနေတဲ့ 'နိုင်ငံတော်' ဖြစ်နေတယ်။ အဲလိုအပြောင်းအလဲတွေတော့ ရှိတယ်။ ဒါကို အမေရိကန်မှာတော့ ဘယ်လိုတင်စားပြောကြသလဲဆိုတော့ Capital တောင်ကုန်းကို Wall Street က ဖြတ်တက်နေတယ်တဲ့။ ဒါပေမဲ့ အဲဒီအယူအဆနောက်





မှာ နောက်ထပ်ပေါ်လာတာရှိသေးတယ်။ Market ထက်ပိုမြန်တာက ပညာရဲ့ Speed က ပိုပြီးမြန်လာတယ်။ နောက်ဆုံးတော့ Wall Street ကိုလဲ တက္ကသိုလ်တွေက ဖြတ်တက်သွားကြပြီလို့ ပြောကြတယ်။ အဲဒီတော့ အခြေခံဒေါက်ကြီးတွေ ဆိုတာလဲ ဒီလိုပါပဲ။ ရာသက်ပန် တည်မြဲတဲ့ ကျောက်စာတိုင်တွေတော့ မဟုတ်ဘူး။ အချိန်နဲ့အမျှပြောင်းလဲနေတယ်။ အဲဒီ အပြောင်းအလဲတွေကို လိုက်နိုင်တဲ့သူက ခေတ်မီတဲ့သူအဖြစ်နဲ့ ပါလာမယ်။ အပြောင်းအလဲတွေကို လွှဲဖယ်သွားတဲ့သူတွေကတော့ ကျွန်တော်ထင်တယ်။ ကျန်ခဲ့လိမ့်မယ်လို့ . . . ။

မေး အခုနောက်ဆုံးထွက်တဲ့ ဆရာ့ရဲ့ "နှစ်ဆယ့်တစ်ရာစု ဒီပလိုမေစီ"ဆိုတဲ့ စာအုပ်ထဲမှာ ဟင်နရီကစ်ဆင်းဂျားရဲ့စာတွေကို တော်တော်လေး မိတ်ဆက်ပေးထားတာတွေ့ရပါတယ်ဆရာ။ အဲဒီအထဲက ကစ်ဆင်းဂျားရဲ့ "အာရှမြေပုံ" ဆိုတဲ့အထဲမှာ "၂၁ ရာစု အာရှဟာ မဟာဗျူဟာချိန်ခွင် နှစ်ခုပေါ်မှာ ခွထိုင်လျက်ရှိတယ်" တဲ့။ ဘယ်လို မဟာဗျူဟာချိန်ခွင်နှစ်ခုလဲဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပေးပါဆရာ။

ဖြေ အဲဒီ ကစ်ဆင်းဂျားစာအုပ်ထွက်တဲ့အချိန်ပေါ့။ ဒါလဲ ဘာမှ မကြာသေးဘူး၊ ၂၀၀၀ ပြည့်နှစ်မှာ ထွက်ခဲ့တာ။ အဲဒီ တုန်းကတော့ သူတို့စဉ်းစားတာက 'အာရှပေါ်လစီ' ကို စဉ်းစားတာပဲ။ မဟာဗျူဟာချိန်ခွင်နှစ်ခုဆိုတာ အာရှမြောက်ပိုင်းနဲ့ အာရှ တောင်ပိုင်း။ အာရှ မြောက်ပိုင်းမှာဆိုရင် တရုတ်၊ ဂျပန်၊ အမေရိကန် ဒီ ပါဝါ သုံးခုကြားထဲမှာ ကစားသွားတယ်။ အာရှတောင်ပိုင်းဆိုတာမှာတော့ အာဆီယံ ရယ်၊ တရုတ်ရယ်၊ အမေရိကန်ရယ်၊ နောက် အိန္ဒိယရယ်အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကစားသွားလိမ့်မယ်။ အဲဒီလိုတွက်ချက်လို့ရတယ်။ ဒါပေမဲ့ ဒီဘက်နောက်ပိုင်းကျတော့အဲဒါလဲ ပြန်ပြောင်းသွားတယ်။ ဒီအပြောင်းအလဲကို ဆောင်းပါးတစ်ပုဒ် ရေးထားပါတယ်။ နွယ်နီမှာ ပါပါလိမ့်မယ်။

မေး **'အနာဂတ်အကြောင်းပြောတဲ့သူဆိုတာ အမှန်ကိုပြောတာဖြစ်ပေမဲ့ မှုသားစကားဖြစ်ချင်လဲဖြစ်သွား တတ်ပါတယ်'ဆိုပြီး အာရပ်စကားပုံတစ်ခုကို ကိုးကားပြီး မိန့်ခွန်းပြောသွားတဲ့ စင်ကာပူနိုင်ငံသား နိုင်ငံရေး ခွဲခြမ်းစိတ်ဖြာသူ"ကီးရှိုးမဟာဘူဘာနီ"(Kishore Mahbubani) ရဲ့"အာရှ ဝစီဇိတ်သမုတိ ဝိရောဓိများ"ဆိုတဲ့ သမုတိဝိရောဓိနှစ်ခုအကြောင်းလဲ ရှင်းပြပါဦးဆရာ။**

ဖြေ တကယ်က သမုတိဝိရောဓိ ခုနစ်ခုပါ။ အသေးစိတ်တော့ ဆောင်းပါးပဲ ပြန်ဖတ်ဖို့ ညွှန်းတော့မယ်ဗျာ။ ယေဘုယျ ပြောရင်တော့ အမေရိကန်၊ ဂျပန်၊ တရုတ်ဆိုတဲ့ အဓိက ဝင်ရိုးသုံးခုကို ဗဟိုပြုပြီး ဆွေးနွေးထားတာပါ။ အခုဆိုရင် ဒီသဘောတောင် သိပ်ခေတ်မမီတော့ပြန်ဘူး၊ ဂျပန်က အရေးကြီးတဲ့နေရာမှာ မရှိတော့ဘူးလို့ အမေရိကန်ဘက်က ယူဆတယ်။ တရုတ်က တော်တော်အလေးထားရမယ်လို့ တွက်လာတယ်။ အဲလိုဖြစ်လာတယ်။ အဲဒီတော့ ဒီစာတမ်းထဲက အချက်အလက်တွေဟာ အကုန်မှန်တယ်လို့ ယူလို့မဖြစ်တော့ဘူး။ ဒါပေမဲ့ စဉ်းစားနည်းလေးကတော့ သဘောကျဖို့ကောင်းတယ်။ တစ်လုံးထဲ ပြောရရင် အသေမကိုင်ဖို့ပဲ။ ကျွန်တော်တို့က အသေကိုင်ချင်တာ အကျင့်လိုဖြစ်နေပြီ။ အစွဲအလမ်းကြီးတာပေါ့ဗျာ။ လူပုဂ္ဂိုလ်အစွဲ အလမ်းကြီးတယ်။ Ideology အစွဲအလမ်းကြီးတယ်။ အုပ်စုအစွဲအလမ်းကြီးတယ်ပေါ့ဗျာ။ အဲဒီအစွဲအလမ်းတွေနဲ့ ရှေ့





ဆက်သွားလို့မရတော့ဘူး။ Flexible ဖြစ်ရမယ်။ အဲဒီလို ပြောင်းလွယ်၊ ပြင်လွယ်ဖို့ဆိုတာ တစ်ဦးချင်းကိုကတတ်နိုင်သလောက် ဖြည့်ဆည်းထားရမယ်။ အမှီအခိုမကင်းတာဟာ ပညာရေးအားနည်းတာပဲ။ ဒါကြောင့်မို့လို့ သေသေချာချာပြောရရင် အနာဂတ်မှာ ဆုံးချက်ကျတာကတော့ ပညာပဲ။ ပညာဆိုတာကလဲ ကျောင်းသင်ပညာကိုချည်းပြောတာမဟုတ်ဘူး။ Knowledge ပေါ့ဗျာ။ နောက်ပိုင်းတော့ Knowledge နဲ့တင် မလုံလောက်တော့ဘူး။ Wisdom လို့ ပြောရမှာပေါ့။ Wisdom လို့ ပြောရင် Ethics ပါ ပါလာတယ်။ Ethics ကလဲ ပြောင်းတာပါပဲ။ ဟိုတုန်းကဆို Ethics ဆိုရင် What နဲ့ Who ပဲ ရှိတယ်။ ခုတော့ Society နဲ့ပါ တွဲကြည့်လာကြပြီ။

မေး **ခေတ်တွေ တစ်ခေတ်ပြီးတစ်ခေတ် ဖြတ်သန်းတဲ့အခါ အမည်သညာတွေ ပေးကြတယ်။ ဘာလင်တံတိုင်းနဲ့ ဆိုဗီယက်ပြိုကွဲတော့ "စစ်အေးလွန်ခေတ်"၊ ဈော်နယ်ရေဂင်နဲ့ မာဂရက်သက်ချာတို့နောက်ပိုင်း "ဈေးကွက်စီးပွားရေးခေတ်"ပြီးတော့"သတင်းခေတ်" ဆရာ့အသုံးအနှုန်းနဲ့ပဲ ပြောရမယ်ဆိုရင် ဟော - အခု ဖျတ်ခနဲ၊ ဖျတ်ခနဲ လူးပြီးခါနေတဲ့ ဆပ်စလူးမလေး "ပါရာဒိုင်း" ရဲ့ ခါးပေါ်က ဘာခေတ်ပါလဲ ဆရာ။**

ဖြေ အခု ကျွန်တော် နောက်ဆုံးဖတ်ရတာ ရှိတယ်။ Harvard Business Review ထဲက၊ အဲဒီမှာ ဘာပြောလာသလဲဆိုတော့ သူက New World Disorder ဖြစ်လာပြီလို့ ပြောတာပဲ။ ဟိုတုန်းကတော့ စစ်အေးနောက်ပိုင်း တစ်ကမ္ဘာ လုံးမှာ World Order ပေါ့ဗျာ။ International Relation ပဲ ဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်ပေါ့။ ယေဘုယျ အစီအစဉ်တစ်ခု ရှိသင့်တယ်ဆိုပြီးတော့ New World



www.burmeseclassic.com

www.burmeseclassic.com



Order ကို ရှာပုံတော် ဖွင့်ခဲ့ကြတယ်။ New World Order ကလဲ ယေဘုယျတော့ အကောင်အထည်ဖော် နိုင်သယောင် ရှိလာခဲ့ပါတယ်။ဒါပေမဲ့ ဘာမှ မကြာတဲ့ ကာလမှာ အထူးသဖြင့် စက်တင်ဘာ ၁၁ နောက်ပိုင်းမှာ New World Order ဟာလဲ ပြိုကွဲသွားတယ်။ ပြီးပြီး အဲဒီနေရာမှာ နောက်ထပ် Order အသစ်တစ်ခု ဝင်မလာဘဲနဲ့၊ New World Disorder ဖြစ်လာတယ်လို့ ဆိုပါတယ်။ "ကမ္ဘာလုံးဆိုင်ရာ ပရမ်းပတာဖြစ်မှု" လို့ ဘာသာပြန် ရမလား မသိဘူး။ အဲဒီတော့ ဘာခေတ်လဲလို့ မေးလာရင် New World Disorder ခေတ်လို့ ပြောရလေမလားပဲ။

မေး သမိုင်းကို အနုပညာအကဲဖြတ်သမား ဝေါလ်တာ ဘင်ဂျမင်က ပေါ်လ်တလီးရဲ့ ပန်းချီကားကို ခံစားပြီးတော့ သမိုင်းဆိုတာ ဘုံကြီးပြတ်တဲ့ နတ်မိမယ်တစ်ပါးတဲ့၊ အဲလိုဆိုခဲ့တယ်။ တော်တော်လှပါတယ်ဆရာ။ ဆရာအနေနဲ့ရော သမိုင်းကို ဘယ်လိုမြင်ပါသလဲ။

ဖြေ ဘုံကြီးပြတ်တဲ့ နတ်မိမယ်လောက်တင်တော့ မကဘူးဗျ။ ထားပါတော့။ အဲဒီအယူအဆရဲ့ အချုပ်က 'အနာဂတ်မှ ပြန်ကြည့်ခြင်း' ဆိုတဲ့ သဘောပေါ့။ အနာဂတ်တစ်ခုကို စိတ်ထဲကမှန်းပြီး ပစ္စုပ္ပန်ကို ပြန်ကြည့်တဲ့သဘောပါ။ အရင်ကတော့ အနာဂတ်မှာ ဘာဖြစ်မလဲဆိုတာ ခန့်မှန်းရင်း သမိုင်းကို Base လုပ်ကြတာပဲလေ။ ဆိုလိုတာက အတိတ်တုန်းက ဒါတွေ ဒါတွေ ဖြစ်ခဲ့တယ်။ ဒါကြောင့် အနာဂတ်မှာ ဒါတွေ ဒါတွေ ဖြစ်နိုင်ရာ၏လို့ ခန့်မှန်းကြတာပေါ့။ ခုနောက်ပိုင်းကျတော့ အဲလိုမဟုတ်တော့ဘူး။အဲလိုခန့်မှန်းတာက အကုန်လွဲတာများတယ်။ ဟိုတုန်းက လူ့သမိုင်းရဲ့ ဖြစ်စဉ်က Linear ဗျ။ မျဉ်းတန်းသဘောမျိုး သွားတာ။





အကြောင်းနဲ့ အကျိုးကြားမှာ တိုက်ရိုက် အဆက် အစပ်ရှိတယ်။ အကြောင်း အကျိုး၊ အကြောင်းအကျိုးဆိုပြီးဆက်တိုက်သွားတာဆိုတော့ မြင်သာထင်သာရှိတယ်၊ ရှင်းတယ်ပေါ့ဗျာ။ အဲဒါမှာ အတွေ့အကြုံများတဲ့ သူဟာ ပညာရှိပဲ။ Predit လုပ်နိုင်တယ်လို့ ယူဆခဲ့ကြတာပေါ့။ သမိုင်းအမြင်ရှိတဲ့လူဟာ အနာဂတ်ကို ပိုခံစားလို့ရတယ်။ အခုနောက်ပိုင်းကျတော့ Linear သဘောမျိုးမဟုတ်တော့ဘူး။ Non-Linear ဖြစ်လာတယ်။ အကြောင်းမရှိဘဲ အကျိုးပေါ်လာတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အကြောင်းကို မြင်ချင် မှမြင်ရတယ်။ ငုပ်ချင်လဲငုပ်နေမယ်။တစ်ခါတလေ အကြောင်းနဲ့အကျိုးကြားထဲမှာ ပြတ်နေတာတွေလဲ ရှိနိုင်တယ်။ ဘယ်လိုလဲဆိုတော့ ခုန်ကူးမှုတွေ ရှိနိုင်တယ်။ အဲဒီတော့ အတွေ့အကြုံတစ်ခုနဲ့တင် မလုံလောက်တော့ဘူး။ 'ပညာ' ပါ ပါလာတယ်။ အဲဒီအပေါ်မှာ ဘာဖြစ်သလဲဆိုတော့ သမိုင်းအားကောင်းတိုင်း အနာဂတ်ကို ကြိုမြင်လာနိုင်တယ်ဆိုဟာ သံသယရှိစရာကောင်းလာတယ်။ သမိုင်းအမြင်တစ်ခုထဲနဲ့ မလုံလောက်တော့ဘူး။ 'ပညာ' နဲ့ ယှဉ်နိုင်မှ ရမယ်။ အဲလိုမြင်မှသာ အနာဂတ်ကို အနီးစပ်ဆုံးမှန်အောင် ခန့်မှန်းနိုင်လိမ့်မယ်ဆိုတဲ့ သဘောပေါ့ဗျာ။ မေးခွန်းထဲကနည်းဟာ Non-Linear နည်းတွေထဲက တစ်နည်းပါ။ သမိုင်းနဲ့ပတ်သက်လို့ ကျွန်တော့်အမြင်ကတော့ သမိုင်းဟာ ခုထက်ထိ လေ့လာသင့်တဲ့ ဘာသာရပ်တစ်ခု ဖြစ်နေသေးတယ်လို့ ကျွန်တော်မြင်တယ်။ သို့သော် သမိုင်းတစ်ခုထဲ အသေဖက်တွယ်ထားလို့တော့မရပါဘူး။ သမိုင်းကိုပညာနဲ့ approach လုပ်နိုင်မယ်ဆိုရင်တော့ အများကြီး အသုံးတန်ဖိုးရှိလိမ့်မယ် ထင်ပါတယ်။ ဒီလောက်ပါပဲ။ ။



www.burmeseclassic.com

www.burmeseclassic.com

## အင်တာဗျူး(၃)

## စာအုပ်များ(၂)

---

*ယခုစာစုမှာ၊ ဆရာမောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ၏ မေးမြန်းချက်များကို စာရေးသူ ပြန်လည်ဖြေကြားထားသည်များ ဖြစ်ပါသည်။ ဤအင်တာဗျူးကိုပင်(၁၀-၁-၂၀၀၆)နှင့်(၁၇-၁-၂၀၀၆)ထုတ် ဖတ်စရာဂျာနယ်တွင် 'စာရေးဆရာကျော်ဝင်းနှင့်တွေ့ဆုံခြင်း' အမည်ဖြင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။*

---

စာရေးဆရာကျော်ဝင်းသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် **futurist** ဆိုင်ရာလုံးချင်းစာအုပ်များ၊ **Globalization** ဆိုင်ရာ လုံးချင်းစာအုပ်များ၊ စီးပွားရေးဆိုင်ရာနှင့် ဒစ်ပလိုမေစီဆိုင်ရာ စာအုပ်များစွာကို ရေးသားခဲ့ရာ ယခုအချိန်ထိ လုံးချင်းစာအုပ်ပေါင်း ၃၉ အုပ်ထွက်ရှိခဲ့ပြီး ဖြစ်သည်။ ထို့ပြင် မဂ္ဂဇင်း၊ ဂျာနယ်များတွင်လည်း ဆောင်းပါးများ စဉ်ဆက်မပြတ်ရေးသားနေသည်။ ၂၀၀၅ ခုနှစ်အတွင်း စာအုပ်အများဆုံးထွက်ရှိ ရေးသားပြီး ထင်ရှားကျော်ကြားသော စာရေးဆရာတစ်ဦး ဖြစ်ခဲ့သည်။ ယခုအခါ **Voice Weekly** ဂျာနယ်တွင် **Thomas L. Friedman** ၏ **The World is flat** ကို အခန်းဆက် ဆောင်းပါးအဖြစ် ဖော်ပြနေရာ စိတ်ဝင်စားသူများနေသည်ကို ကြားသိရသည်။ ဆရာကျော်ဝင်း၏ စာအုပ်များအနက် ပင့်တူအိမ်လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှုများ တိုးတိုက်မိခြင်းနှင့် မဟာပြိုကွဲမှု၊ တော်ဖလာနှင့် စကားစမြည်၊ ၂၁ ရာစု သားရွှေရ၊ ဝလိုဘယ်အမြင်၊ ဝလိုဘာ်လိုက်ဇေးရှင်း၊ တမ္ဘာ့အစီအစဉ်သစ်ရှာပုံတော်၊ နိုင်ငံတည်ဆောက်ရေး၊ နှစ်ဆယ့်တစ်ရာစု ဒစ်ပလိုမေစီတို့သည် ၂၁ ရာစု၏ အသိပညာအခြေခံ စီးပွားရေး၊ နိုင်ငံရေး၊ စီးပွားရေးသစ်၊ သံခင်းတမန်ခင်း၊ သီအိုရီသဘောတရားတို့ကို လတ်တွေ့ဖြစ်ရပ်တို့နှင့် ယှဉ်တွဲဖော်ပြသော အကြောင်းအရာကောင်း စာအုပ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်ကို တွေ့ရသည်။ ဆရာကျော်ဝင်းသည် သင့်ဘဝ၊ စံပယ်ဖြူ၊ ခေတ်ဆန်းနှင့် မိုးဂျာနယ်တို့တွင် အယ်ဒီတာအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဆရာ ကျော်ဝင်း၏ အတွေးအမြင်၊ ဗဟုသုတ၊ အယ်ဒီတာဘဝ ဖြတ်သန်းမှုနှင့် စာအုပ်ရေးသားမှုအတွေ့အကြုံများကို မှတ်တမ်းတင်ချင်သော ကျွန်တော်သည် ဆရာနှင့် တွေ့ဆုံခဲ့ရာ . . .

**မေး** ပထမဦးဆုံး ကျွန်တော်မေးချင်တာကတော့ ၁၉၆၉ ခုနှစ်ကတည်းက ဆရာဟာ အင်္ဂလိပ်စာကျူရှင်ဆရာအဖြစ် စာသင်ကြားခဲ့တာ သိရပါတယ်။ ဆရာ့အနေနဲ့ အင်္ဂလိပ်စာ ပိုင်နိုင်ကျွမ်းကျင်အောင် ဘယ်လိုကြိုးစားခဲ့ပါသလဲ။ SAT လို အဆင့်မြင့် Level ထိ သင်ကြားခဲ့တဲ့ ဆရာ့အနေနဲ့ အင်္ဂလိပ်ဘာသာစကားဟာ နိုင်ငံတကာသုံး Living language ဖြစ်နေတယ် ဆိုတဲ့ အမြင်ပေါ် ဆရာ့သုံးသပ်ရှုမြင်ချက်ကို သိပါရစေ။

**ဖြေ** အင်္ဂလိပ်စာဟာ နိုင်ငံတကာသုံး ဘာသာစကားဖြစ်နေပြီ ဆိုတာတော့ လူတိုင်းပြောနေကြပြီပဲဗျာ၊ ကိုယ့်စိတ်နဲ့ တွေ့တာ၊ မတွေ့တာ အပထား။ ဒီအတိုင်း ဖြစ်နေပြီပဲ။ ဘယ်သူမှ ငြင်းမယ်မထင်ပါဘူး။ တလောက ဆုံးသွားတဲ့ 'ပီတာဒရပ်ကား' ကတော့ 'စာတတ်ပေတတ်' ဆိုတာကိုတောင် တစ်မျိုးအဓိပ္ပာယ်ဖွင့်သွားတယ်ဗျ။ 'စာတတ်ပေတတ်' ပြောတာနော်။ ပညာတတ်အဆင့်မရောက်သေးဘူး။ literacy ပေါ့ဗျာ။ အရင်ကတော့ အ-သုံးလုံးကျေရင်ပဲ literacy ပြောနိုင်တာကိုး။ ပီတာဒရပ်ကာကတော့ literacy ကိုပဲ သုံးမျိုးခွဲဖွင့်တယ်။ နံပါတ်(၁)ကတော့ Global literacy တဲ့။ ကိုယ့်မိခင်ဘာသာစကားတင် မကဘူး၊ နိုင်ငံတကာသုံးဘာသာစကား (အင်္ဂလိပ်စာပေါ့ဗျာ)ကိုပါ တတ်တာကို ပြောတာပါ။ နံပါတ်(၂)ကComputer literacy တဲ့။ကွန်ပျူတာတတ်တာပေါ့ဗျာ။နံပါတ်(၃)ကDigital literacy





တဲ့။ အင်တာနက်သုံးနိုင်တာ၊ သုံးတတ်တာကို ပြောတာပါ။ ဒီသုံးခုလုံးတတ်မှ စာတတ်တာတဲ့။ သူ့သတ်မှတ်ချက် အတိုင်းဆိုရင် ကျွန်တော် စာမတတ်သေးဘူး။

ကျွန်တော့်အင်္ဂလိပ်စာအဆင့်ကို ပြောရရင် ခပ်ညံ့ညံ့ထဲကပါပဲ။ ကျွန်တော်က နယ်က မုံရွာကပါ၊ တောကပေါ့ဗျာ။ တောနဲ့မြို့ ကွာဟချက်ကလဲ တကယ့်ကိုရှိတာ၊ ကျွန်တော်တို့ဆီက ငွေကြေးတတ်နိုင်သူတွေဆိုရင်ငယ်ငယ်ထဲက မန္တလေးဖားသားလဖုန်းတို့၊ စိန့်ပီတာတို့ တက်ကြတာပေါ့။ သူတို့လောက်မတက်နိုင်ရင် မုံရွာဝက်စလီပေါ့ဗျာ။(ကျွန်တော်တို့ငယ်ငယ်က သာသနာပြုကျောင်းတွေ ရှိသေးတယ်။) အများစု ကျွန်တော်တို့လို ခပ်မွဲမွဲတွေကတော့ ဘုန်းကြီးကျောင်းပဲတက်နိုင်ကြတာ။ ကျွန်တော် တို့ကို အင်္ဂလိပ်စာသင်ပေးခဲ့ကြတဲ့ ဆရာကြီးတွေက စေတနာမှာ သူတို့ဘိုကျောင်းတွေထက်သာပေမဲ့ သူတို့လိုတော့ ဘယ်ပုံကျပန်းကျ သင်နိုင်ပါ့မလဲ။ အင်္ဂလိပ်စာနဲ့ သိပ်ဝေးမသွားတာကတော့ စာဖတ်တဲ့အကျင့်ကြောင့် ဖြစ်မယ်ထင်ပါတယ်။ကျွန်တော်ခပ်ငယ်ငယ်ကတည်းက အိုင်ဒီအိုလိုကျီကြီးတစ်ခုကို တရှိက်မက်မက်လိုက်ခဲ့တာကိုး။ အဲဒီစာအုပ်တွေက မြန်မာလိုသိပ်မရှိတော့ အင်္ဂလိပ်လိုပဲ ကြိုးစားဖတ်ခဲ့ရတာပေါ့။

ကျူရှင်ဆရာဖြစ်သွားတာကလဲ ဘဝပေးအခြေအနေဆိုပါတော့။ တစ်ဖက်တစ်လမ်းက ကျောင်းစရိတ် ရအောင် ကျောင်းနေရင်း ကျူရှင်ပြတာပါ။ SAT သင်ဖြစ်တာလဲ၊ သူငယ်ချင်းတစ်ယောက်ကို အကြောင်းပြုပြီး သင်ဖြစ်တာပါ။ မအောင်မြင်ပါဘူး။ ကျွန်တော့်အထင် SAT မေးခွန်းက language ထက် အိုင်ဒီယာကို အဓိက မေးတာဗျ။ ကျွန်တော်တို့ ကလေးတွေမှာက language barrier ကိုက အတော်ကြီးတာ။ အိုင်ဒီယာဖတ်နိုင်ဖို့ ခို



www.burmeseclassic.com

www.burmeseclassic.com



တာက ပိုပြီးတောင်ခက်သေးတယ်။ ခြောက်လ၊ တစ်နှစ် လောက်နဲ့ လွယ်မယ်မထင်ဘူး။ ကျွန်တော်ညံ့တာလဲ ပါမှာ ပေါ့လေ။ ဒါပေမဲ့ ကျွန်တော်စာသင်ဖူးတဲ့ ကျောင်းသား တချို့ အမေရိကန်တက္ကသိုလ်တွေ ရောက်သွားတာ ရှိသ လောက် ရှိပါတယ်။ အဲဒါ ကျွန်တော်သင်ပေးနိုင်လို့၊ ကျွန် တော် တော်လို့တော့မဟုတ်ဘူး။ ကျွန်တော်နဲ့ မတွေ့ခင်က တည်းက သူတို့ဘာသာသူတို့ တော်ကြလို့ပါ။

မေး

၂၀၀၀ ပြည့်နှစ်ကနေ တနေ့အထိ ဆရာရေးသားခဲ့တဲ့ စာအုပ်ပေါင်း(၃၉)အုပ် ရှိပြီလို့ သိရပါတယ်။ သည် စာအုပ်တွေထဲမှာ အသိပညာမိုးကုပ်စက်ဝိုင်း မြင့်နိုင် ရေးအတွက် ဆရာ့ရဲ့ ဘာသာပြန်လက်ရာကောင်း တွေကို ကျွန်တော်တို့ ဖတ်ရှုနေရပါတယ်။ သည်တော့ ကာ ဘာသာပြန်ဆရာတစ်ဦးအတွက် အင်္ဂလိပ်ဘာ သာရပ် ပိုင်နိုင်ကျွမ်းကျင်မှု ဘယ်လိုအရည်အချင်း တွေရှိသင့်သယ်ဆိုတာ ဆရာ့အတွေ့အကြုံအရ ရှင်း ပြ စေချင်ပါတယ်။

ဖြေ

ဘာသာပြန်တယ်ဆိုမှတော့ ကိုယ်ပြန်မယ့်စာအုပ်ရဲ့ မူရင်း ဘာသာစကား(ဆိုကြပါစို့ အင်္ဂလိပ်စာ)ကို တတ်မှဖြစ်မှာ ပေါ့။ ပိုင်နိုင်ကျွမ်းကျင်တဲ့အဆင့်ဆိုရင်တော့ အကောင်း ဆုံးပေါ့ဗျာ။ ကျွန်တော့်အထင်ပြောရရင် ကိုယ့်မိခင်ဘာ သာစကား(မြန်မာစာပေါ့လေ)ကိုလဲ ပိုင်နိုင်ကျွမ်းကျင်ဖို့ လိုမယ်ထင်တယ်။ ဖတ်ကောင်းတဲ့ ဘာသာပြန်ဖြစ်ဖို့ဆိုရင် ဒါကတောင် ပိုအရေးကြီးမလားပဲ။

ကျွန်တော်တော့ စာအုပ်တစ်အုပ်ကို အနည်းဆုံး နှစ်ခေါက်မဖတ်ဘဲ ချရေးနိုင်တဲ့ အဆင့် မရောက်ဘူး။ ပထမဆုံး overview ရအောင် အစအဆုံးဖတ်လိုက်တယ်။ ပြီးမှ တစ်ပိုင်းချင်းကို dictionary အကူအညီနဲ့ ဂရုစိုက်





ဖတ်ရတယ်။ အဲဒီအခေါက်မှာပဲ စိတ်ထဲက ဘာသာပြန် သွားတယ်။ ပြီးမှ ချရေးတယ်။ တချို့ စာအုပ်ဆိုရင် နှစ် ခေါက်နဲ့တောင် မရဘူး။ သုံးခေါက်လောက် ပြန်ဖတ်ရ တယ်။ ဥပမာ ဖူကူယားမားရဲ့ State Building ပေါ့။

မေး

ဘာသာပြန်သူဟာ စာရေးဆရာမဟုတ်ဘူး။ စကား လုံးဖလှယ်တတ်ရင် dictionary တစ်အုပ်ရှိရင်ပြီးပြီ လို့ ထင်မှတ်မှား နေကြတယ်။ ဘာသာပြန်ခြင်းဟာ အတတ်ပညာလား၊ အနုပညာလားဆိုတဲ့ ဝိဝါဒကွဲပြား မှုအပေါ် ဆရာ့ထင်မြင်ချက်ကိုလဲ သိပါရစေ။

ဖြေ

ဘာသာပြန်တာဟာ အတတ်ပညာလား၊ အနုပညာလား တဲ့။ 'စစ်နှင့်ငြိမ်းချမ်းရေး' ဘာသာပြန်ရှိပါရောလား။ ဆရာ မြသန်းတင့်ဘာသာပြန်တာနဲ့ တခြား ဆရာတစ်ယောက် ဘာသာပြန်တာ ယှဉ်ဖတ်ကြည့်ပေါ့ဗျာ။ အဖြေကို မှန်းဆ နိုင်မယ်ထင်ပါတယ်။

ဒီမေးခွန်းနဲ့ ဆက်စပ်ပြောရရင် ကျွန်တော့်ဆီမှာ သုတတို့၊ ရသတို့၊ ဘာသာပြန်တို့ ပင်ကိုရေးတို့က သိပ်အ ရေးပါနေသလားလို့။ နိုင်ငံတကာမှာတော့ဒါတွေကover- lap ဖြစ်နေပြီ ထင်တယ်ဗျ။ ဘယ့်နှယ့်လဲ။

မေး

ဆရာ့ရဲ့ အယ်ဒီတာဘဝ အတွေ့အကြုံများကို ပြောပြ ပါလား ဆရာ။

ဖြေ

'သင့်ဘဝ' က စတာပေါ့။ အဲဒီနောက်တော့ စံပယ်ဖြူ၊ ခေတ်ဆန်း၊ မိုး တို့ကို ဆက်တိုက်ဆိုသလို တာဝန်ယူဖြစ်ပါ တယ်။ ဒီမဂ္ဂဇင်း ဂျာနယ်တွေရဲ့ ရည်ရွယ်ချက် ကတော့ တစ်ခုတည်းပါပဲ။ ကျွန်တော်စာရေးနေတာလဲ ဒီရည်ရွယ် ချက်အတွက်ပါပဲ။ ဒီရည်ရွယ်ချက်ကို မပြောခင် ခုအချိန် ထိ ကျွန်တော်စွဲလမ်းတဲ့ စာအုပ်တစ်အုပ် အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြားဖြတ်ပြောချင်ပါတယ်။ ဆရာမောင်သာနိုးရဲ့ 'ထင်းရှူးပင်ရိပ်' ပါ။ အထူးသဖြင့် 'အမှာစာ' ပေါ့။ အဲ့ဒီမှာဆရာက 'အဆက်ပြတ်မှု အားမွှဆိုး' ကြီးအကြောင်း ထောက်ပြသွားတယ်။

အားလုံးသိကြတဲ့ အတိုင်းပဲ။ ၁၉၉၀ တစ်ဝိုက်မှာ ကမ္ဘာလုံးချီတဲ့ အပြောင်းအလဲကြီးတွေ ဖြစ်ခဲ့တယ်မဟုတ်လား။ ဒါကို နိုင်ငံတကာပညာရှင်တွေက 'ကြယ်ပွင့်ပြချိန်' (Star time) လို့ ပြောကြသလို 'ရေစီးကြောင်းများပြောင်းလဲချိန်' ( watershed era) လို့လဲ ပြောကြတာပေါ့။ ဒါပေမဲ့ ဒီလောက် ကျယ်ကျယ်လောင်လောင်မြည်ပြီးသွားတဲ့ တော်လှန်ရေးကြီးဟာ ကျွန်တော်တို့ စာပေလောကမှာ သဲ့သဲ့လေးလောက်ပဲ ကြားရသလို ဖြစ်နေမယ်ထင်တယ်။ ဒါကြောင့် ကျွန်တော့်ကိုယ်ပိုင်ဗမ်း ဉာဏ်စွမ်းရှိသလောက် အားလေးနဲ့ ပြတင်းပေါက်တွေ ဖွင့်ကြည့်ချင်တယ်။ ကမ္ဘာမှာရှိနေတဲ့ တွေ့ရှိချက်တွေ၊ အိုင်ဒီယာတွေ၊ အဖြစ်သနစ်တွေကို မိတ်ဆက်ပေးချင်ပါတယ်။ ဒါပေမဲ့ အိုင်ဒီအိုလိုဂျီ တစ်ခုအပေါ်က၊ အတိုင်တစ်ခုအပေါ်က ရေးတာပြောတာမျိုးလဲ မလုပ်ချင်ဘူး။ ကျွန်တော်ကိုယ်တိုင်ကိုက ဘယ်အိုင်ဒီအို လိုဂျီကိုမှ ထောက်ထောက်ခံခံ ယုံမရတော့လို့ပါ။ ဒါကြောင့် စာဖတ်သူ အတွက် 'ခွင်'ကျယ်ကျယ် စဉ်းစားလို့ရအောင် တတ်နိုင်သလောက် စုစည်းတင်ပြဖို့ လောက်ပဲ စိတ်သန်တော့ တယ်။ ဒီသဘောကို ခေါင်းကြီးတစ်ခုမှာ ခုလိုရေးဖူးပါတယ်။ "ကျွန်တော်တို့သည် စာဖတ်ပရိသတ်အထက်မှ တရားဟောဖို့ မဟုတ်။ စာဖတ်ပရိသတ်နှင့် အတူ တရားရှာဖို့သာ ဖြစ်သည်။" စတာမျိုးပေါ့။ အဲဒါကျွန်တော့် ရည်ရွယ်ချက်ပါပဲ။

မဂ္ဂဇင်း၊ ဂျာနယ်တွေထုတ်တော့ ကျွန်တော် နှစ်သက်တဲ့ နိုင်ငံခြားစာနယ်ဇင်းတွေရဲ့ နမူနာကို ယူပါတယ်။ 'စ





ပယ်ဖြူ' နဲ့ 'မိုး' က Foreign Policy မဂ္ဂဇင်း။ ခေတ်ဆန်းက Dialogue ပါ။ အဓိကကြုံရတဲ့ ပြဿနာကတော့ စာမူအခက်အခဲပါပဲ။ အသက်ရှစ်ဆယ်ကျော် ဒေါက်တာ သန်းထွန်းနဲ့ အသက်ရှစ်ဆယ်နီးပါး ဆရာ မောင်စူးစမ်းတို့ကိုပဲ အဓိက အားပြုလုပ်ရတော့တယ်။ သူတို့အသက်အရွယ်နဲ့ ပေးနိုင်တဲ့အချိန်ကို ငံ့ရတာမို့၊ သူတို့ကိုလဲ နှစ်ပုဒ်သုံးပုဒ် ထက်ပိုတောင်းလို့မဖြစ်တော့ ကျွန်တော်ကိုယ်တိုင် ကလောင်ခွဲတွေနဲ့ ဖြန့်ရေးရတာတွေ ရှိလာတယ်။ ပြောရရင်အားမရလှပါဘူး။

ဆရာပြောတဲ့ Time Management သဘောမျိုးတော့ စနစ်တကျ မလုပ်ဖြစ်ပါဘူး။ ကျွန်တော် ညံ့တာပေါ့ဗျာ။ ယေဘုယျ သတ်မှတ်ထားတာတော့ ရှိတယ်။ နေ့စာဖတ်၊ ညစာရေးပေါ့။ ကျွန်တော့်အခြေအနေက ဆရာလူထုစိန်ဝင်းတို့၊ ဆရာမောင်စူးစမ်းတို့လို ပညာရော ဖြတ်သန်းမှုပါ မပြည့်စုံတာမို့ စာဖတ်ချိန်ကို ပိုပေးရပါတယ်။ ကိုယ့်ကိုယ်ကိုယ် အားနည်းမှန်းသိလို့ ဖြည့်ရတာပေါ့ဗျာ။ နည်းနည်းပင်ပန်းပေမဲ့ အထိုက်အသင့်တော့ ဖတ်ဖြစ်ရေးဖြစ်ပါတယ်။ အဲ. . . မသွားမဖြစ်တဲ့ သာရေးနာရေးတို့၊ မီးပျက်တာတို့ ကြုံရင်တော့ ရှန်တိန်ပျက်ကုန်တာပေါ့။ ဘာပဲဖြစ်ဖြစ် ပျော်ပါတယ်။ မောတော့ မောတာပေါ့။ ဒါပေမဲ့ မမောဘူး။ ပေါ့ဗျာ။

မေး ဆရာ့လုံးချင်းစာအုပ်တွေမှာ ဘာသာပြန်စာအုပ်တွေများစွာပါရှိတဲ့အတွက် ဆရာဘာသာပြန်တဲ့အခါတိုက်ရိုက်ပြန်ဆိုနည်း (သို့) ဆီလျော်အောင်ပြန်ဆိုနည်းစတဲ့ နည်းတွေအတွက်ဘယ်နည်းကိုအသုံးပြုပါသလဲ။

ဖြေ တိုက်ရိုက်ဘာသာပြန်တာ အတော်နည်းပါတယ်။ ဒါကလဲ အကြောင်းရှိပါတယ်။ ကျွန်တော် မိတ်ဆက်ပေးချင်တဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအရာတွေက စာဖတ်ပရိသတ်နဲ့ စိမ်းနေမယ်ထင်လို့ဖြည့်ရ၊ ဖြုတ်ရ၊ အစားသွတ်ရတာတွေ ရှိတယ်။ တချို့ကိစ္စတွေမှာလဲ လက်ရှိအခြေအနေနဲ့ သိပ်အဟပ်မညီဘူးထင်လို့ ချန်ခဲ့ရတာရှိတယ်။ အမျိုးမျိုးပေါ့ဗျာ။

နောက်ပိုင်းမှာတော့ တိုက်ရိုက်ဘာသာပြန်လဲ ပေးဖို့လိုမယ်လို့ စဉ်းစားမိပါတယ်။ ဒါကြောင့်လဲ ကြိုးစား လုပ်ကြည့်တယ်။ ပရိသတ် တုံ့ပြန်မှုကတော့ သိပ်အားရစရာမရှိလှဘူး။ 'လေးတယ်' တဲ့။

မေး **ဆရာ့ ဘာသာပြန်ဆိုချက်တွေမှာ စကားလုံးဖလှယ်မှုနဲ့ ပတ်သက်လို့ Business, Techology, Brain Storming, Diplomacy စတဲ့စကားလုံးတွေ အပေါ် မြန်မာလို တိုက်ရိုက်ပြန်ဆိုရတဲ့အချက်ကို သိပါရစေ။ ဆရာ့အနေနဲ့ ကြုံတွေ့ရတဲ့ စကားလုံးဖလှယ်မှု အခက်အခဲအချို့ကိုလဲ သိပါရစေ။**

ဖြေ ကျွန်တော်ထင်တာပြောပါ့မယ်၊ အကြောင်းအရာသစ်တွေ၊ အိုင်ဒီယာသစ်တွေနဲ့ မိတ်ဆက်တဲ့အခါတိုင်း စကားလုံးသစ်တွေကိုတော့ ရှောင်လို့ ရမယ်မထင်ဘူး။ ကျစ်ကျစ်လျစ်လျစ်နဲ့ အဓိပ္ပာယ်ခြုံငုံမိတဲ့ ဘာသာပြန်မျိုး ရနိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ။ ဒါပေမဲ့ ဒါကလဲ အခါခပ်သိမ်း ဖြစ်နိုင်မယ်မထင်လှပါဘူး။ ဒီတော့ မွေးစားရမှာပဲထင်တယ်။ ပြောရရင် ယောအတွင်းဝန် ဦးဘိုးလှိုင်လိုမြန်မာပညာရှင်ကြီးတောင် 'Chemistry" ကို 'ခိုက်မက်စထရီ' လို့ အသံဖလှယ်ခဲ့သေးတာပဲ။ အဲဒီတုန်းက 'ဓာတုဗေဒ' ဆိုတဲ့ ဘာသာပြန် မရှိသေးဘူးလေ။ ဓာတုဗေဒဆိုတာတောင် တကယ်ကမြန်မာစစ်စစ်မဟုတ်ဘူးနော်၊ ပါဠိ။ ဒီနေ့ နိုင်ငံတကာသုံး အင်္ဂလိပ်စာမှာကိုပဲ လာတင်တို့ပြင်သစ်တို့၊ ဂျာမန်တို့က မွေးစားယူရတာတွေ နည်းတာမှ





မဟုတ်တာ။ ဘာသာစကားကိစ္စမှာ ဝံသာနုအစွဲကြီးလို့တော့ ဟန်မကျဘူးထင်တာပဲ။

Brain Storming ကို ဦးနှောက်မုန်တိုင်းဆင်ခြင်းလို့ မြန်မာမှုပြုကြည့်တယ်။ သိပ်မတိကျဘူးထင်လို့ အားမရပါဘူး။ Business ကိုတော့ 'ဘီဇနက်' လို့ တမင်ရေးတာ။ Economy နဲ့ ကွဲချင်လို့။ Economy ဆိုရင် ပေါ်လစီပါလာပြီ။ ဆိုလိုတာက အစိုးရပါလာပြီ။ ပုဂ္ဂလိကကဏ္ဍသက်သက်ကို ညွှန်းချင်လို့ဘီဇနက်လို့ သုံးတာပါ။ 'အရောင်း၊ အဝယ်' ဆိုရင်လဲပေါ့ လွန်းမယ်ထင်တယ်။ ခြုံမိငုံမိ နိုင်စရာ မရှိဘူး။ Technology ကို 'နည်းပညာ' လို့ သူများနည်းတူ ပြန်ဖူးပါတယ်။ Technique နဲ့ ကွဲချင်လို့ တစ်ခါတစ်ခါ 'တက္ကနိုလိုဂျီ' လုပ်တာပါ။ Diplomacy ကိုတော့ 'သံခင်းတမန်ခင်း'လို့ တစ်ခါတလေ ပြန်တယ်။ တစ်ခါတလေတော့လဲ 'ဒစ်ပလိုမေစီ'လို့ အသံဖလှယ် သုံးလိုက်တယ်။ ကျွန်တော့် သဘောကတော့ စကားလုံး တစ်လုံး ကို အဓိပ္ပာယ်တစ်ခု၊ ဘာသာပြန်တစ်ခုနဲ့ ကြိုးတုပ် မထားချင်ဘူး။ အဓိပ္ပာယ်အကြီး အကျယ်မပြောင်းရင် ပြီးရော၊ စာအသွားအလာအရ အရှင်ထားချင်တယ်။ ပြီးတော့ ကျွန်တော့်စာဖတ်တဲ့ သူတွေထဲမှာအလုပ်သမား၊ လယ်သမားတစ်ယောက်မှ မပါလောက်ပါဘူး။ ပညာတတ်တွေထဲကတောင် စိတ်ဝင်စားသူအနည်းစုလောက်ပဲ ဖတ်လိမ့်မယ်။ ဒီလူတွေအတွက် ဒစ်ပလိုမေစီတို့ တက္ကနိုလိုဂျီတို့ ဆိုတာ အဓိပ္ပာယ်ဖွင့်နေစရာ မလိုဘူး ထင်ပါတယ်။ အလုပ်သမား၊ လယ်သမားတွေ စာဖတ်ဖို့ ဘာညာဆိုတာတွေကတော့ စာပေပြဿနာ မဟုတ်ဘူး ဗျ။ ဒီထက်မြင့်တယ်။ ကျွန်တော် မဆွေးနွေးချင်ဘူး။

မေး **Edward Debono ရဲ့ Word Power ကို 'အတောင်ပါသော စကားလုံးများ' အဖြစ် ဆရာ ဘာသာပြန်ဆို**



www.burmeseclassic.com

www.burmeseclassic.com



ရေးသားခဲ့ပါတယ်။ ခေတ်သစ်စကားလုံးတွေကို ပရိသတ်နဲ့ နီးစပ်အောင် ကြိုးပမ်းခဲ့တာလား။ ဆရာ့ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ ဒီဘိုးနိုးရဲ့ Way of Thinking ကို ကြိုက်တယ်။ ဒါပေမဲ့ ရေးဟန်ကိုတော့ မကြိုက်ဘူးဗျ။ မရှင်းလို့၊ ခက်လို့ပါ။ ဒါပေမဲ့ Word Power ကိုတော့ ဘာသာပြန်ရှိသင့်တဲ့ စာအုပ်လို့ ထင်တယ်။ ကျွန်တော်တို့ရေးတဲ့ စာအုပ်တွေမှာ သုံးနေတဲ့ ဝေါဟာရတွေ ဖြစ်နေလို့ပါ။ ဒါကြောင့် ကိုယ့်စာအုပ်ဖတ်မယ့် ပရိသတ်အတွက် အထောက်အကူ ပြုမယ်ထင်လို့ 'အတောင်ပါသော စကားလုံးများ' ကို ရေးခဲ့တာပါ။ ဒီဘိုးနိုးစာအုပ်ကို တိုက်ရိုက်ဘာသာပြန်တာတော့ မဟုတ်ပါဘူး။ ၇၅ရာခိုင်နှုန်းလောက်ပဲ အခြေခံပါတယ်။

မေး ဆရာရေးသားခဲ့တဲ့ ဂလိုဘယ် လိုက်ဇေးရှင်းဆိုင်ရာ စာအုပ်တွေထဲမှာ ကျွန်တော့်အနေနဲ့ 'ဂလိုဘယ်အမြင်၊ ဂလိုဘယ်လိုက်ဇေးရှင်း'စာအုပ်ကို နှစ်သက်မိပါတယ်။ ကျွန်တော်သိချင်တာက ဆရာ့ရဲ့ ပုဂ္ဂလိကအမြင်ဖြစ်တဲ့'ဂလိုဘယ်လိုက်ဇေးရှင်းအပေါ် ရှုမြင်ချက်နဲ့ Anti-Globalization အမြင်တွေ နိုင်ငံတကာမှာ ဖြစ်ပေါ်နေတာလဲ သိရှိရပါတယ်။ ကျွန်တော်သိချင်တာက The Impact of Globalization ကြောင့် Economy, Cultural, Social, Environmental တွေမှာ ဘယ်လို Effect တွေ ရှိလာနိုင်သလဲ ရှင်းပြပေးပါ ဆရာ။

ဖြေ ကျွန်တော်တို့ဆီမှာက ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ပတ်သက်ရင် အရင်က နာနာကျည်းကျည်းရှိခဲ့ရတဲ့ ကိုလိုနီစနစ်တို့၊ နယ်ချဲ့စနစ်တို့နဲ့ မျှည်းပြိုင်ဆွဲကြည့်ကြတာက များမယ် ထင်တယ်။ အဲဒီကိုလိုနီစနစ်တို့၊ နယ်ချဲ့စနစ်တို့ဆိုတာက ပေါ်လစီပဲလေ။ ကြိုက်ခွင့် မကြိုက်ခွင့်ရှိတာပေါ့။ အထူးသဖြင့်





ကျွန်တော်တို့လို ကိုလိုနီဖြစ်ခဲ့ဖူးတဲ့ နိုင်ငံအနေနဲ့ ခံတွင်းမတွေ့နိုင်တာ သဘာဝကျပါတယ်။ ဒါပေမဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကိုတော့ ကြိုက် မကြိုက်ဆိုတာတွေ ရှေ့တင်ပြီး ချဉ်းကပ်လို့ ရမယ်မထင်ဘူးဗျ။ သူက တကယ်ဖြစ်နေတာ။ Reality ပေါ့။ သူ့မှာ အကောင်းရှိသလို အဆိုးလဲရှိတယ်။ အခွင့်အလမ်းတွေ ရှိသလို စိန်ခေါ်ချက်တွေလဲရှိတယ်။ အရေးကြီးတာက စိန်ခေါ်ချက်တွေကို ရင်ဆိုင်ပြီး အခွင့်အလမ်းတွေကို ဆုပ်ကိုင်နိုင်ဖို့ ဖြစ်လိမ့်မယ် ယူဆတယ်။ ပြောရရင် ဂလိုဘယ်လှိုင်းကို စီးနိုင်ဖို့လို့ထင်တယ်။

ကျွန်တော့်အနေနဲ့ကတော့ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ပတ်သက်ရင် Pro ရော Anti ရော တတ်နိုင်သလောက် စုစည်းတင်ပြဖို့ ကြိုးစားကြည့်ပါတယ်။ အခုဆရာပြောတဲ့ စာအုပ် 'ဂလိုဘယ်အမြင်၊ ဂလိုဘယ်လိုက်ဇေးရှင်း'မှာကိုပဲ Antiglobalization လို့ ပြောနိုင်တဲ့ စာတွေ အတော်ပါ ပါတယ်။ Pro တွေလဲ ပါတာပေါ့။ ဒီလိုတွဲပြီးတင်တာကို ကစာဖတ်သူအနေနဲ့ Brain Storming လုပ်စေချင်လို့ပါ။ ကျွန်တော့်အထင်ပြောရရင် အကောင်းရောအဆိုးပါ သိဖို့လိုမယ်ထင်တယ်။ ဒါမှ ဂလိုဘယ်လှိုင်းကို စီးနိုင်မှာပေါ့။

"သူများ ဂလိုဘယ်လိုက်ဇေးရှင်းတိုင်း လိုက်ရှင်းစရာမလို၊ သူများအိုင်တီတိုင်း လိုက်တီစရာမလို" ဆိုတာကိုတော့ ကျွန်တော်သဘောဝင်မကျပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးလူ့အဖွဲ့အစည်းမို့၊ အရင်းရှင်စနစ်ဖွံ့ဖြိုးအောင် အရင်လုပ်ရဦးမယ် ဆိုတာကိုတော့ ယေဘုယျလက်ခံပါတယ်။ (စကားအလျဉ်းသင့်လို့ ပြောရရင်ဒီအယူအဆကိုပဲ လက်ဝဲယာအချောင်ဝါဒလို့ အရင်က သတ်မှတ်ခဲ့ဖူးတယ်ဗျ။ ရုရှားမှာ 'ပလက်ခနော့' က ကိုယ်စားပြုပြီး တရုတ်မှာ 'ချင်တူရှုက ကိုယ်စားပြုတယ်လို့ မှတ်သားခဲ့ရဖူးတာပေါ့။ (ထားပါတော့လေ) ဒါပေမဲ့ ဒီနေ့ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



မှာ အရင်းရှင်စနစ် (ဈေးကွက် စီးပွားရေးစနစ်) ဖွံ့ဖြိုးဖို့ Isolate အနေအထားနဲ့ လုပ်လို့မရနိုင်ပါဘူး။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဂလိုဘယ် လိုက်ဖေးရှင်း နောက်ခံကားပေါ်မှာ တည်ဆောက်ရမှာလို့ ထင်ပါတယ်။ ဒီတော့ ဂလိုဘယ် လိုက်ဖေးရှင်းရဲ့ အကောင်းအဆိုးကို သိဖို့ လိုမယ်ထင်တာပဲ။

မေး ဆရာ့စာအုပ်တွေထဲက "နှစ်ဆယ့်တစ်ရာစု ဒစ်ပလိုမေစီ" ဟာ **International Relation** ပညာရပ် လေ့လာသူတွေအတွက် မိတ်ဆက်စာအုပ် ဖြစ်ပါတယ်။ **East Asia** ရဲ့ အနာဂတ်မှာ **ASEAN** နဲ့ **China**, **ASEAN** နဲ့ **India** ရဲ့ နိုင်ငံတကာဆက်ဆံရေးအခင်းအကျင်းများ ရှိလာနိုင်တယ်လို့ ဆရာထင်မြင်ယူဆပါသလား။

ဖြေ 'နှစ်ဆယ့်တစ်ရာစု ဒစ်ပလိုမေစီ' က ဟင်နရီကစ်ဆင်းဂျားရဲ့ 'Does America Need a Foreign Policy? ဆိုတဲ့စာအုပ်ထဲက ထုတ်နုတ်ဘာသာပြန်ထားတာ များပါတယ်။ စစ်အေးလွန်ခေတ် နိုင်ငံတကာဆက်ဆံရေးကို ခင်းပြထားတဲ့ ကစ်ဆင်းဂျားရဲ့ အမြင်တွေပါ။ ကစ်ဆင်းဂျား အဲဒီစာအုပ်ရေးတုန်းက လက်ရှိဘုရှ်အစိုးရ လက်ထက် မဟုတ်သေးဘူး။ အီရတ်စစ်ပွဲအပြီးမှာ ဒီစာအုပ်ကို ပြန်ဖတ်တော့ နောက်ထပ်စဉ်းစားစရာတွေ ရလာတယ်။ အထူးသဖြင့် လက်ရှိဘုရှ်အစိုးရထဲက ဩဇာကြီးမားတဲ့ နီယိုကွန် (Neo Con) ဂိုဏ်းကို သမိုင်းနဲ့ ချိတ်ကြည့်လို့ ရလာတယ်။ ဒါကြောင့် ဒီစာအုပ်ကို ထပ်ရေးဦးမယ် စိတ်ကူးထားပါတယ်။

အာရှအနာဂတ်နဲ့ ပတ်သက်ရင် တလောက ဖတ်လိုက်ရတဲ့ လီကွမ်ယူးရဲ့ အမြင်ကို ပြောချင်တယ်။ Time မဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ လီကွမ်ယူးပြောတာတွေပါ။ သူက ASEAN + 3 ကို ခုလို သုံးသပ်ပြတယ်။ ASEAN အနေနဲ့ အိန္ဒိယနဲ့လဲ ဆက်သင့်တယ်တဲ့။ ဒါမှ တရုတ်ကို ချိန်ခွင်လျှာမျှနိုင်မယ်တဲ့။ ပြီးတော့ ဩစတြေးလျနဲ့ နယူးဇီလန်ကိုလဲ ဖိတ်သင့်တယ်တဲ့။ ဒါမှ အနောက်ဆန့်ကျင်ရေးသဘော မရောက်မှာတဲ့။ လီကွမ်ယူးရဲ့အမြင်မှာ စဉ်းစားစရာတွေ အများကြီးရှိလိမ့်မယ် ထင်တယ်။ စစ်အေးတုန်းက အရှေ့တောင်အာရှအတွက် တရုတ်နဲ့ပတ်သက်တဲ့ စိုးရိမ်သောက က အိုင်ဒီအိုလိုဂျီက လာတာ၊ အခုတရုတ် အမျိုးသားရေးဝါဒက နေရာယူလာပြီဆိုတဲ့ သဘောကိုလဲ ရိုးကိုးရိပ်တိမ် ပြောသွားသေးတယ်။

မေး ဆရာ့စာအုပ်ထဲမှာ ကျွန်တော်အကြိုက်ဆုံးတတော့ ကမ္ဘာ့ **အစီအစဉ်သစ်** ရှာပုံတော် **(In Search of World Order)** ဖြစ်ပါတယ်။ ပညာရှင်တွေရဲ့ သဘောထားအမြင်တွေကို ဖြန့်ကြည့်၊ ချုပ်ကြည့်ထားတာ အနှစ်သာရပြည့်ဝလှပါတယ်။ ဒီစာအုပ်နဲ့နွှယ်ပြီး ကျွန်တော်သိချင်တာကတော့ ဒီနေ့ခေတ်မှာ ရေပန်းစားလာတဲ့ **Terrionism, Humanatarian** နဲ့ **Environment at Affairs** တွေဟာ ၂၁ ရာစုမှာ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ ရင်သန်ဖြစ်တည်လာသလဲဆိုတာ ဆရာ့အမြင်နဲ့ သုံးသပ်ပြပါခင်ဗျာ။

ဖြေ 'ကမ္ဘာ့အစီအစဉ်သစ် ရှာပုံတော်' က မိုးကျာနယ်ရဲ့ Cover Story ပါ။ ကျွန်တော့် ဘက်ကတော့ Miniresearch တစ်ခုလောက်ကို အားထုတ်ခဲ့ရတဲ့ ဆောင်းပါးပေါ့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ ကျော် ဝက်စ်ဖေးလီးယားစာချုပ်ကိုအခြေခံတဲ့ World Order ရဲ့ အားနည်းချက်တွေ၊ အခုထိ မရှိသေးတဲ့ New World Order ရဲ့ အကျပ်အတည်းတွေ၊ ဒီနောက်ခံကားပေါ်က World Order သစ်ရှာပုံတော်။ ကျွန်တော့်အတွက်တော့ ဒါဟာ ဝတ္ထုကြီးတစ်ပုဒ်ပဲ။ ဆရာ ပြော





www.burmeseclassic.com

www.burmeseclassic.com



တဲ့ Terriorism ကို Humanitarian International တို့ Environmental Affairsတို့ ဆိုတာတွေက ဒီဝတ္ထုကြီးရဲ့ အရေးကြီးတဲ့ ဇာတ်ကွက်တွေပေါ့။

မေး ဆယ်မျှုရယ်ဟန်တင်တန်နဲ့ ဖူကူယားမားတို့ရဲ့ 'ယဉ်ကျေးမှုများတိုးတိုက်မိခြင်းနှင့် မဟာပြိုကွဲမှု'ကို ဆရာဘာသာပြန်ဆိုခဲ့တာ လူကြိုက်များတယ်လို့ သိရပါတယ်။ဒီစာအုပ်ရဲ့ထူးခြားမှုနဲ့ပရိသတ်လက်ခံမှုအပေါ် ဆရာ့အမြင်နဲ့ သုံးသပ်ပြပါခင်ဗျာ။

ဖြေ ဟန်တင်တန်ရဲ့ 'ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း' က ၁၉၉၀ ဝန်းကျင်လောက်က ထွက်တဲ့စာအုပ်ပါ။ ကျွန်တော် ဖတ်ရတာက ၁၉၉၇ ခုနှစ်။ စာအုပ်ထွက်ပြီး (၇)နှစ် ကြာမှဖတ်ရတာပါ။ အဲဒီတုန်းက ကျွန်တော်က မုံရွာမှာလေ။ ဟန်တင်တန်ရဲ့ အရေးအသားက တော်ဖလာတို့ ဖူကူယားမားတို့လို မဟုတ်ဘူးဗျ။ နည်းနည်းလေးတယ်။ ပညာရှင်ဆန်တာပေါ့ဗျာ။ ပြီးတော့ သူ့အယူအဆကိုလဲ ကျွန်တော် က သိပ်မကြိုက်လှဘူး။ အဆိုးမြင်လွန်းတယ်လို့ထင်တယ်။ဒါပေမဲ့ ၉/၁၁ အရေးအခင်းဖြစ်တော့ ဒီစာအုပ်ကို ချက်ချင်းသတိရလိုက်တယ်။ ဒါနဲ့ နောက်တစ်ခေါက် ပြန်ဖတ်ကြည့်တော့ စဉ်းစားစရာတွေ အတော်တိုးလာတယ်။ Preferable မဟုတ်ရင်တောင် Possible ဖြစ်နိုင်စရာ ရှိမယ်လို့ စဉ်းစားမိတယ်။ ဒါကြောင့်လဲ အနှစ်ချုပ်ဘာသာ ပြန်ဖြစ်တာပါ။

'မဟာပြိုကွဲမှုကြီး' က ဖူကူယားမားရဲ့ စာအုပ်ပါ။ Trust ရဲ့ အဆက်လို့ ပြောရမယ်ထင်တယ်။ လစ်ဘရယ်၊ ဒီမိုကရေစီရဲ့ စိန်ခေါ်ချက်တွေကို ဆွေးနွေးထားတဲ့ စာအုပ်ပါ။ သမိုင်းနိဂုံးနဲ့ ဆက်စပ်ဖတ်ကြည့်သင့်မယ် ထင်တယ်။ စပ်မိလို့ပြောရရင် သမိုင်းနိဂုံးကလဲ ခုထိ ဘာသာပြန် မရှိသေးဘူး။ ကျွန်တော်တို့တာဝန်မကျေပါဘူးဗျာ။





လုပ်စရာတွေ၊ လုပ်သင့်တာတွေ အများကြီးပဲ။ ဘာမှဟုတ်ဟုတ်ငြားငြား မလုပ်နိုင်သေးဘူး။ အဓိက ကတော့ ကိုယ့်ကိုယ်ကိုယ် အားမရတာပါ။

မေး **The Voice Weekly ဂျာနယ်မှာ အခန်းဆက်ဖော်ပြနေတဲ့ Thomas L.Friedman ရဲ့ "The World is Flat" ဆောင်းပါးဟာ ဆရာ့ရဲ့ထင်ရှားတဲ့ လက်ရာကောင်းဖြစ်ပါတယ်။ ဒီစာအုပ်က အထူကြီးပါ။ ဒီစာအုပ်ကို ဆရာ ဘယ်လိုရည်ရွယ်ချက်နဲ့ မြန်မာပြန်ဆိုရေးသားဖြစ်ပါသလဲ။ဒီစာအုပ်ရဲ့ ထူးခြား အနှစ်သာရကို အကျဉ်းမျှ သိခွင့်ပေးပါ။ ဒီစာအုပ်ကိုစာအုပ်အနေနဲ့ထွက်ဖို့ ဘယ်လိုစီစဉ်ထားပါသလဲဆရာ။**

ဖြေ ဟုတ်ပါတယ်။ The World is Flat က မူရင်းစာအုပ်မှာကိုပဲ စာမျက်နှာ ၅၀၀ နီးပါး ရှိပါတယ်။ ဘာသာပြန်ရင် စာမျက်နှာ တစ်ထောင်ကျော်လိမ့်မယ်၊ ဒါကြောင့် သုံးတွဲခွဲထုတ်ဖို့ ထုတ်ဝေသူနဲ့ စီစဉ်နေပါတယ်။ ပထမတွဲကတော့ ရုံးတင်တော့မှာပါ။ ဒုတိယနဲ့ တတိယတွဲကိုလဲ ဆက်တိုက်ထွက်နိုင်ဖို့ ရည်ရွယ်ထားပါတယ်။

ကမ္ဘာပြားတာ၊ လုံးတာ ကျွန်တော် တို့နဲ့ ဆိုင်မဆိုင်၊ အရေးကြီးမကြီး ဖတ်ကြည့်ပြီးမှ ကိုယ်တိုင်ဆုံးဖြတ်ကြပေါ့ဗျာ။ ကျွန်တော့်သဘောပြောရရင် ဒီစာအုပ်ကိုဝတ္ထုရှည်ကြီး တစ်ပုဒ်လို့ယူဆရင် အဓိက ဇာတ်လိုက်တွေက အိန္ဒိယနဲ့ တရုတ်ဖြစ်မယ်ထင်တယ်။ ကျွန်တော်တို့ရဲ့ ပန်းထမ်းနိုင်ငံကြီးနှစ်ခုရဲ့ အကြောင်းပေါ့ဗျာ၊ ကျွန်တော်တော့ စိတ်ဝင်စားတယ်။ ဘာသာပြန်ရှိ သင့်ရှိထိုက်တဲ့ စာအုပ်လို့ ယူဆလို့ ကြိုးစားဘာသာ ပြန်တာပါ။

စာအုပ်ရဲ့ ဇာတ်လမ်းအကျဉ်းကတော့ အိုင်တီက ညိုလိုက်လို့ ကမ္ဘာကြီးရဲ့ နေရာအတော်များများမှာ



www.burmeseclassic.com

www.burmeseclassic.com



မြေညီကွင်းဖြစ်သွားပြီ။ တစ်နည်းပြောရရင် ပြားသွားပြီပေါ့ဗျာ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ချိုင့်ခွက်ဖြစ်ကျန်ရစ်တဲ့ နေရာတွေလဲ ရှိနေသေးတယ်။ အဲဒီ ဝိရောဓိဇာတ်လမ်းဟာ ၂၁ ရာစု သမိုင်းအကျဉ်းပေါ့။

**မေး** **ဆရာ့ရဲ့ အနာဂတ်စာပေခရီးမှာ ဘယ်လိုစာအုပ်မျိုးတွေ ဆက်လက် ရေးသားထုတ်ဝေဖို့ အစီအစဉ်ရှိပါသလဲ။**

**ဖြေ** ကျွန်တော် ဆရာမောင်ထူးစမ်းကိုသိပ်အားကျတယ်။ ဆရာလိုပဲ အသက်ရှည်ရှည်နဲ့ အဖိုးတန်စာတွေ ရေးသွား ချင်တယ်။ ဖြတ်သန်းမှု အရ၊ ပညာအခံ အရ၊ ဆရာ့ကို မမီနိုင်ပေမဲ့ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ကြိုးစားသွားဖို့ဆုံးဖြတ်ထားပါတယ်။ ကျွန်တော်သေသွားလဲ ရေးစရာတွေက ဆက်ရှိနေမှာပါ။ တကယ်တော့ ရေးစရာတွေက မကုန်မခန်းပါ။ ရေးမယ့် လူက ရှားနေတာလို့ ထင်တယ်။ ဒါကြောင့် ကျွန်တော် စိတ်ဝင်စားတဲ့ ဘာသာရပ်မျိုး၊ အကြောင်းအရာမျိုးကို ရေးတဲ့သူများလာတာကို အားတက်ပါတယ်။ အားလဲ ကိုးပါတယ်။

ကျွန်တော့်အရင် စာရေးခဲ့တဲ့သူတွေ၊ ကျွန်တော်နဲ့ခေတ်ပြိုင် စာရေးနေသူတွေအားလုံးကို (အယူအဆတူတာ၊ မတူတာ အပထား) သင်ဆရာ၊ မြင်ဆရာလို့ သဘောထားပါတယ်။ ကျွန်တော်ရေးတာ၊ပြောတာတွေမှာ ဒီ ဆရာတွေအတွက် ထိခိုက်နစ်နာစရာများပါခဲ့ရင် ကိုယ့်ထက်ကြီးသူ အားလုံးကို ဝန်ချတောင်းပန်ပါတယ်။ သက်တူရွယ်တူနဲ့ ငယ်သူအားလုံးကို လေးလေးစားစားတောင်းပန်အပ်ပါတယ်။ ဘယ်သူနဲ့မဆို အချစ်အခင်မပျက် လွတ်လပ်စွာ သဘောကွဲလွဲလိုပါတယ်။

× × × ×



# အင်တာဗျူး(၄)

## အမြင်အရှေ့ နှင့်ဂလိုဘယ်လိုက်ဇေးရှင်း(၁)

*ယခုစာစုမှာ၊ ဆရာမျိုးမြတ်သူ၏ မေးမြန်းချက်များကို စာရေးသူ ပြန် ဖြေခဲ့သည်များ ဖြစ်ပါသည်။ ဤအင်တာဗျူးကိုပင် "လစ်ဘရယ်ဝါဒ၊ ဗုဒ္ဓ အဆုံးအမနှင့်ဆရာကျော်ဝင်း၏ ဘဝတစ်ဆစ်ချိုး" အမည်ဖြင့် ၁-၂-၂၀၀၆ နှင့် ၈-၂-၂၀၀၆ ထုတ် Weekly Eleven News ဂျာနယ်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။*

ဒီကနေ့မှာ မြန်မာ ပရိသတ်များကို အနောက်တိုင်းအတွေးအခေါ် ပညာရှင်များ ၊ နိုင်ငံရေးသိပ္ပံပညာရှင်များ၊ စီးပွားရေးပညာရှင်များရဲ့ အတွေးအမြင် အယူအဆများကို မိတ်ဆက် ပေးနေသူ တစ်ဦးကတော့ ဆရာကျော်ဝင်းပဲ ဖြစ်ပါတယ်။ ဆရာဟာ ၂၀၀၀ ပြည့်နှစ်လောက်ကစပြီး သင့်ဘဝမဂ္ဂဇင်း၊ စံပယ်ဖြူမဂ္ဂဇင်း၊ ခေတ်ဆန်းဂျာနယ်၊ မိုးဂျာနယ် အစရှိတဲ့ ဂျာနယ်မဂ္ဂဇင်းတွေမှာ ခေတ်ပြိုင်နိုင်ငံတကာရေးရာနဲ့ ပတ်သက်စပ်ဆက်တဲ့ အတွေးအခေါ် အယူအဆများကို တစိုက်မတ်မတ် ရေးသားခဲ့သူ ဖြစ်ပါတယ်။ အိုင်းဇင်းတော်ဖလာ၊ ဖရန့်စစ်ဖူကူယားမား၊ ဆင်မြူရယ်ဟန်တင်တန်၊ ဟင်နရီကစ်ဆင်းဂျား၊ ဂျိုးဇက်စတစ်ဂလစ်၊ ပေါလ်ကနေဒီ၊ သောပတ်စ်ဖရီးမင်းအစရှိသူတို့၏ စာများကို မြန်မာစာဖတ်ပရိသတ်နဲ့ ရင်းနှီးစေတဲ့သူလဲဖြစ်ပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ပတ်သက်ရင် မြန်မာစာဖတ်ပရိသတ်များကို အလွယ်တကူ နားလည်ရှင်းလင်းအောင် ရေးသားဖော်ပြနိုင်စွမ်းရှိသူတစ်ယောက်အဖြစ် ထင်ရှားပါတယ်။ ၂၀၀၀ ပြည့်နှစ်တနေ ၂၀၀၅ ခုနှစ်အထိ ၆ နှစ်တာကာလအတွင်းမှာ စာအုပ်ပေါင်း ၃၉ အုပ် ထုတ်ဝေနိုင်ခဲ့တယ်။ Weekly Eleven News ဂျာနယ်ရဲ့ ၂၀၀၅ ခုနှစ်အတွင်း ထင်ရှားကျော်ကြားသူတစ်ဦးအဖြစ် ရွေးချယ်ဖော်ပြခဲ့ပါတယ်။ အဲဒီစာစောင်မှာ "ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းသည် ၂၀၀၅ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာဆက်နွယ်မှုများနှင့် ပတ်သတ်သောစာပေများကို အသားပေးဖတ်ရှုကြသောသူများနှင့် စာဖတ်ပရိသတ်အများစုအကြားတွင် ဆောင်းပါးများနှင့် လုံးချင်းစာအုပ်များထွက်ရှိခဲ့ပြီး ထင်ရှားခဲ့သူတစ်ဦးဖြစ်သည်" ဟု မှတ်ချက်ရေးသားထားခဲ့ပါတယ်။ ဆရာကျော်ဝင်းနှင့် တွေ့ဆုံခဲ့ရာ . . .

မေး ဆရာဟာ တစ်ချိန်တ တွန်မြူနစ်ဝါဒကို သက်ဝင် ယုံကြည်ခဲ့သူတစ်ယောက်လို့ ကြားသိရပါတယ်ဆရာ။ အဲဒါ ဟုတ်ပါသလားဆရာ။

ဖြေ ဟုတ်ပါတယ်။

မေး ဒါဆိုရင် ဆရာဟာ ဘယ်အချိန် ဘယ်အရွယ်လောက်ကစပြီး ကွန်မြူနစ်ဝါဒကို သက်ဝင်ယုံကြည်ခဲ့တာလဲဆိုတာ သိပါရစေဆရာ။

ဖြေ ဒါက မြန်မာပြည်တစ်ခုတည်းမှာမှ မဟုတ်ပါဘူး။ ကိုလိုနီစနစ်ဒဏ်ခံခဲ့ရတဲ့ နိုင်ငံတိုင်းလိုလိုမှာ ဒီဩဇာရှိမယ်လို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် အဲဒီတုန်းက အရင်းရှင်စနစ် ကျင့်သုံးခဲ့တဲ့ နိုင်ငံတွေဟာ ကိုလိုနီနယ်ချဲ့ဝါဒကိုကျင့်သုံးခဲ့တဲ့ နိုင်ငံတွေဖြစ်နေတယ်။ တစ်ခါက ကမ္ဘာကိုပြန်ကြည့်လိုက်ရင်လဲ နယ်ချဲ့စနစ်ကို တပ်ဦးကနေ တိုက်နေတာ ကမ္ဘာမှာ ကွန်မြူနစ်တွေပဲများတယ်။ တစ်ခါ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကိုကြည့်လိုက်ရင်လည်း ၁၃၀၀ ပြည့်အရေးတော်ပုံရဲ့ ရည်မှန်းချက်မှာကို ဒါကပါလာတာ။ ပထမလွတ်လပ်ရေး ဒုတိယ ဒီမိုကရေစီရေး၊ တတိယ ဆိုရှယ်လစ်ရေးဆိုပြီးပါလာတာ။ Trend သုံးခုပေါ့။ ဒါက ဗိုလ်ချုပ်အောင်ဆန်းတို့ အပါအဝင် နိုင်ငံခေါင်းဆောင်တွေ ချမှတ်ခဲ့ကြတာပဲ။ အဲဒီဩဇာကြီးက တကယ်လဲ ကြီးခဲ့တော့ ကျွန်တော်မမွေး





ခင်ကတည်းက ဒီဩဇာရှိခဲ့တာပါ။ ကျွန်တော်နဲ့ နီးလာခဲ့တာကတော့ စာအုပ်ကတစ်ဆင့်၊ကျွန်တော့် အစ်ကိုဝမ်းကွဲတွေ ဆီကတစ်ဆင့်လို့ ပြောရမှာပါပဲ။ စာအုပ်ကတော့ကျွန်တော့်ဘဝမှာ စာအုပ်နဲ့ စထိတွေ့တွေ့ချင်း မတ်စ်ဝါဒနဲ့ နီးခဲ့တာတော့ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ကျွန်တော့် အစ်မတွေဆီက ခင်နှင်းယုတို့ ခင်ဆွေဦးတို့နဲ့ကြီးပြင်းခဲ့ရတာပါ။ ဒါပေမဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်နဲ့ဆက်သွယ်ပြီး ဗန်းမော်တင်အောင်တို့၊ ဒဂုန်တာရာတို့ကိုဖတ်ရတယ်။သူကလဲ အဲဒီတုန်းက ယူနီယံလှုပ်ရှားမှုများနဲ့အထိုက်အလျောက်ဆက်စပ်တဲ့သူပါ။ အဲဒီကတစ်ဆင့် သိခဲ့ရတာပါပဲ။ ဗန်းမော်တင်အောင်၊ ဒဂုန်တာရာ၊ မြသန်းတင့်၊ နတ်နွယ်တို့ပေါ့။ အဲဒီကတစ်ဆင့် ဝတ္ထုတွေက တစ်ဆင့် ဘယ်လိုနားလည်လိုက်သလဲဆိုတော့ ဒီကွန်မြူနစ်ဆိုတဲ့လူတွေဟာ တကယ်လဲ အများအတွက် အနစ်နာခံတယ်။ နောက် ကျွန်တော်တို့ အားကျခဲ့တာက တကယ့်ပညာရှင်တွေ ဖြစ်နေလို့ပဲ။ စာဖတ်လည်း နာကြတယ်။ အရာရာကို တကယ် ခွဲခြမ်းစိတ်ဖြာ ဝေဖန်နိုင်စွမ်းလည်းရှိကြ တယ်။ ဆိုလိုတာက Hero တစ်ယောက်လို စိတ်ထဲကဘာမှန်းညာမှန်းမသိဘဲ ဖြစ်နေခဲ့တာပါပဲ။ အဲဒီ Touch နဲ့ပဲ သီအိုရီစာအုပ်တွေကို ရှာဖတ်ဖြစ်ခဲ့တယ်။ ဖတ်ဖြစ်ခဲ့တော့လဲ အဲဒီတုန်းက ကိုယ့်နားလည်ချက်နဲ့ ကိုယ်တော်တော် စွဲစွဲလမ်းလမ်း ဖြစ်ခဲ့တယ်။ ကြိုက်လည်း ကြိုက်ခဲ့တယ်။ ပြောကြစတမ်း ဆိုရင်လဲ မြန်မာပြည် ပြဿနာတွေသာမက ပြဿနာအားလုံးလိုလိုရဲ့ အဖြေဟာ ဒီမတ်စ်ဝါဒထဲမှာ ရှိလိမ့်မယ်လို့ ထင်ထားတယ်။ အဲဒီလိုနည်းနဲ့ကျွန်တော်သက်ဝင်ယုံကြည်လာခဲ့တာပါပဲ။

မေး အဲဒီတော့ ဆရာ့အသက်အရွယ် ဘယ်လောက်မှာသက်ဝင်ယုံကြည်ခဲ့တာပါလဲဆရာ။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ အဲဒီမတ်စ်ဝါဒ၊ သီအိုရီစာအုပ်တွေကို စဖတ်ခဲ့တာတော့ တော်တော် ငယ်ဦးမယ်။ ဝတ္ထုတွေကို လေးတန်း၊ ငါးတန်းလောက်ကတည်းက စဖတ်တယ်။ မတ်စ်ဝါဒသီအိုရီ စာအုပ်တွေကိုတော့ ရှစ်တန်းလောက်မှာ စဖတ်တယ်။ စဖတ်ဖြစ်တော့ ဘာသာပြန်တွေပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ လူလားမြောက်တဲ့ကာလကျတော့ ဒီစာအုပ်တွေက မြန်မာလို တော်တော်ရှားနေပြီ။ အဲဒီတော့ အင်္ဂလိပ်လိုပဲ ကြိုးစားပြီး ဖတ်ခဲ့ရတယ်။ နားလည်တာလဲရှိ၊ နားမလည်တာလဲ ရှိပေါ့။တချို့လဲ ကိုယ့်ထက်ကြီးတဲ့သူတွေကို မေးရတာပေါ့။ အဲဒီလို ကြိုးစားဖတ်ရင်းနဲ့ပဲ ကိုယ့်ဘာသာကိုယ်လဲ သိပ်ဟုတ်နေပြီထင်လာတာပေါ့ဗျာ။ဒါပေမဲ့ အဲဒီအချိန်တုန်းက လက်တွေ့ဖြစ်ရပ်တွေနဲ့ ဆက်စပ်ပြီးတော့သိပ်မတွေးတတ်သေးဘူး။ ချာတိတ်ပဲ ရှိသေးတာကိုး။ ဘာအတွေ့အကြုံမှလဲ မရှိသေးဘူးလေ။ သီအိုရီတွေဖတ်ပြီး သဘောကျနေတာပေါ့။ သီအိုရီကိုပို့ပေးတဲ့ဝတ္ထုတွေကလဲ အများကြီး ရှိခဲ့တာကိုး။

မေး **သီအိုရီနဲ့ လက်တွေ့ဘဝမှာ ကျင့်သုံးတဲ့အခါကျတော့ ဘယ်လိုထူးခြားမှုတွေနဲ့ ကြုံတွေ့ခဲ့ရပါသလဲ ဆရာ။**

ဖြေ ပွင့်ပွင့်လင်းလင်း ပြောရရင်. . . တောက်လျှောက်ပါပဲ။ အသက် ၃၀ အရွယ်လောက်အထိ မတ်စ်ဝါဒကို စိုက်လိုက်မတ်တတ် ယုံကြည်ခဲ့တယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ ကြားထဲမှာ သံသယ အဖုအထစ်ကလေးတွေကတော့ ကြုံတယ်ဗျ။ ပထမဦးဆုံး ကြုံခဲ့ရတဲ့သံသယက ယဉ်ကျေးမှု တော်လှန်ရေးပဲ။ ကျွန်တော်နားလည်ထားတာက မတ်စ်ဝါဒရဲ့အတွင်းပိုင်းပေါ့လေ၊ ပါတီဖွဲ့စည်းပုံပေါ့။ DC လို့ခေါ်ကြတာပေါ့။ Democratic Centralism ပေါ့။ ဒါက လီနင်ရဲ့ ပါတီတည်ဆောက်ရေး အခြေခံမှုပေါ့။ ဒါပေမဲ့ တကယ့်လက်





တွေ့မှာ ယဉ်ကျေးမှုတော်လှန်ရေးဖြစ်လာတော့ အဲဒီ လီနင်ရဲ့ အခြေခံမှုတွေကို ရိုက်ချိုးလိုက်တယ်။ ပြောရရင် အောက်ခြေက ပါတီဝင်မဟုတ်တဲ့ လူငယ်တွေက ထိပ်ဆုံးအထိ ဝင်တိုက်တာ။ သာမန်ကြည့်ရင်တော့ သဘောကျစရာပဲ။ ဒါပေမဲ့ ကျွန်တော်က အကျင့်ပါနေတော့ သီအိုရီစာအုပ်တွေနဲ့ ပြန်ပြန်ချိန်ကြည့်တယ်။ ဘယ်လိုဖြစ်ကုန်တာတုန်းပေါ့လေ။ အဲဒီမှာ ပထမဆုံးအကြိမ် သံသယဝင်တယ်။ ဒါပေမဲ့ အဲဒီသံသယကို ကျွန်တော်ချေဖျက်လို့ ရခဲ့တယ်။ မော်စီတုန်းရဲ့ ဆောင်းပါးတစ်ပုဒ် ကြောင့်ပါပဲ။ ဌာနချုပ်ကို အမြောက်နဲ့ပစ်ကြဆိုတဲ့ စာတမ်းပေါ့။ သူက Marxism မှာပေါ့လေ။ အောက်ကနေ အထက်ကို Control လုပ်နိုင်တဲ့ Mechanism မရှိဘူး။ ဒါကြောင့် ဒါကို တစ်စုံတစ်ရာ ဖြည့်ဖို့လိုတယ်။ လိုအပ်ရင် Revolution ပုံသဏ္ဌာန်နဲ့ သွားရမယ်။ အဲဒီမှာ ကျွန်တော် တော်တော်ဘဝင်ကျသွားတယ်။ ဒါဟာ ပထမဦးဆုံး မှတ်မှတ်သားသားဖြစ်ခဲ့တဲ့ သံသယပဲ။ နောက် ဒုတိယ သံသယဖြစ်ခဲ့တာကတော့ ၁၉၇၆လောက်က။ အဲဒီတုန်းက ဗီယက်နမ်စစ်ပွဲပြီးခါစ။ ကျွန်တော်တို့ သိပ်ပြီး အားတက်နေတဲ့အချိန်။ ဗီယက်နမ်မှာ ကွန်မြူနစ်တွေ အောင်ပွဲခံသွားတယ်ပေါ့ဗျာ။ နယ်ချဲ့ထိပ်သီး အမေရိကန် ရှုံးသွားတယ်ပေါ့။ သိပ်သဘောကျနေတဲ့အချိန်။ အဲဒီအချိန်မှာ ကြက်တူရွေးနှုတ်သီးဒေသလို့ခေါ်တဲ့ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားနယ်စပ်မှာ ပြဿနာ တက်လိုက်တယ် ။ တက်ပြီးတော့ ဗီယက်နမ်တပ်တွေက ကမ္ဘောဒီးယားထဲကို ဝင်တယ်။ အဲဒီမှာ တရုတ်ပြည်က တိန့်ရှောင်ဖိန်ကသင်ခန်းစာ ပေးရေးစစ်ပွဲဆိုပြီး ကမ္ဘောဒီးယားထဲ ဗီယက်နမ်တပ်တွေကို ဝင်တိုက်တယ်။ ကျွန်တော်တို့က အစကတော့ တကယ့် ရဲဘော်ရဲဘက်တွေလို့ ယုံထားတာ။ ကွန်မြူနစ်တွေ အချင်းချင်း ထချကြတော့ ကျွန်တော် ဒုတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



သံသယဝင် ခဲ့တယ်။ ဒီလူတွေပြောနေကြတဲ့ မတ်စ်ဝါဒနဲ့ Internationalism အတွက် လုပ်နေကြတာလား၊ သူတို့ရဲ့ National Interest အတွက် လုပ်နေကြတာလား။ အဲဒီမှာ သံသယဝင်တာပဲ။ အဲဒီ သံသယကတော့ အဲဒီကတည်းက ချေဖျက်လို့မရတော့ဘူး။ ဒီဟာတွေက အသေးစိတ်ပြောမယ်ဆိုရင် တချို့နိုင်ငံရေးကိစ္စတွေလဲ ပါလာနိုင်တယ်ဆိုတော့မကောင်းပါဘူး. . . ကျွန်တော့်တစ်ဦးချင်း အနေနဲ့ ပြောရမယ်ဆိုရင်တော့ ကျွန်တော့် ဆုံးဖြတ်ချက်က ကျွန်တော် နိုင်ငံရေးမလုပ်ချင်တော့ဘူး။

Politics အဖွဲ့အစည်းနဲ့ လုပ်ရတာ။ မြင်းတစ်စီး၊ ဓားတစ်လက်နဲ့ လုပ်လို့မရဘူး။ အဖွဲ့အစည်းနဲ့ လုပ်မယ်ဆိုရင် အနည်းဆုံး သူ့ရဲ့ Constitution အောက်မှာ နေရမယ်။ တစ်ဦးချင်းလွတ်လပ်ခွင့်ကိုစတေးရမယ်။ ဒါကို ကျွန်တော် စတေးမခံချင်တော့ဘူး။ ကိုယ်မြင်တာ ကိုယ်ပြောချင်တယ်။ ကိုယ်မြင်တာ ကိုယ်ရေးချင်တယ်။ အဲဒီ လွတ်လပ်မှုကို ပိုကြိုက်လာတယ်။ ဒါကြောင့်လဲ ဘယ်နိုင်ငံရေးပါတီနဲ့မှ မပတ်သက်အောင် ကြိုးစားနေထိုင်တယ်။

မေး ဟုတ်ကဲ့။ ဒါဆိုရင် ဆရာ့ရဲ့ ယုံကြည်သက်ဝင်မှု ပြောင်းလဲခဲ့တာ ဆရာ့အသက် ၃၀ ကျော်လောက်မှာ စခဲ့တယ်လို့ ဆိုနိုင်မှာပေါ့။

ဖြေ စတာကတော့ ၃၀ ကျော်လောက်မှာ စခဲ့တာလို့ ဆိုရမှာပါ။ အဆုံးအဖြတ် ဖြစ်လာတာကတော့ ၃၀ နောက်ပိုင်းကျမှပါ။ အထူးသဖြင့်ကတော့ ဆိုဗီယက်ယူနီယံ ပြိုကွဲခဲ့တာက စပြောရမှာပါပဲ။ ဆိုဗီယက်ယူနီယံ ပြိုကျသွားတဲ့ကိစ္စကို ကျွန်တော်က သာမန်ကိစ္စလို့ မထင်ဘူး။ တော်တော်ကြီးကျယ်တဲ့ အလှည့်အပြောင်းကြီးတစ်ခုလို့ ထင်တယ်။ ဒါက သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ ဆိုဗီယက်





ယူနီယံလို နိုင်ငံကြီးတစ်နိုင်ငံ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားတာပေါ့။ ဒါပေမဲ့ တကယ်က Ideology ကြီးတစ်ခု ဗုန်းဗုန်းလဲ ပြိုကျသွားခဲ့တာ။ လက်တွေ့ကျတော့ အဲဒီပစ္စည်းမဲ့ လူတန်းစားဆိုတာ တကယ်က အရင်းရှင်ကို ယှဉ်နိုင်တဲ့ ယဉ်ကျေးမှုအရည်အချင်းဆိုတာ ရှိကိုမရှိဘူး။ ဒါကြောင့် နောက်ပိုင်း အပြောင်းအလဲကို Lead လုပ်တာ ပစ္စည်းမဲ့လဲမဟုတ်ဘူး၊ အရင်းရှင်လဲ မဟုတ်ဘူး၊ ပညာတတ်တွေပဲ။

မေး ဒီတော့ကာ ဆရာ့ဘဝမှာ ငယ်ရွယ်နုပျိုစဉ်ကစပြီး အသက် ၃၀ကျော်အရွယ်အထိ သက်ဝင်ယုံကြည်ခဲ့တဲ့ အယူဝါဒတစ်ခုဟာ အချိန်တိုအတွင်းမှာ ရုတ်ခြည်းပြောင်းလဲသွားခဲ့တာလား၊ ဒါမှမဟုတ် ဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲသွားခဲ့တာလားဆိုတာ သိပါရစေဆရာ။

ဖြေ ပြောရရင် ယဉ်ကျေးမှုတော်လှန်ရေးဖြစ်တော့ ကျွန်တော် ၁၀ တန်းပဲ ရှိသေးတယ်။ အဲဒီတော့ ၆၆-၆၇ လောက်ရှိမှာပေါ့။ အဲဒီလောက်က ဖြစ်ခဲ့တဲ့ သံသယ အစိုင်အခဲဟာ ဒီကြားထဲမှာ ပျောက်လိုက်၊ ပေါ်လိုက်၊ ပေါ်လိုက်၊ ပျောက်လိုက်နဲ့ ပဲပေါ့ဗျာ။ အဲဒီတော့ တဖြည်းဖြည်းနဲ့ပြောင်းလာတယ်လို့ပဲ ပြောရမယ်ထင်ပါတယ်။ ချက်ချင်း လက်ငင်း ဝုန်းခနဲ ပြောင်းလဲသွားတာမျိုးတော့ မဖြစ်နိုင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် အစွဲကင်းလှပြီလို့ ထင်ပေမဲ့ အခုအချိန်ထိ အစွဲက ရှိချင်ရှိနေနိုင်သေးတယ်လေ။ ကျွန်တော့်ကိုယ်ကို ကျွန်တော် မသိဘဲဖြစ်နေတာလဲ ဖြစ်နိုင်တာပေါ့။

မေး ဒီကနေ့မှာ မတ်စ်ဝါဒ ဒါမှမဟုတ် ကွန်မြူနစ်ဝါဒဟာ ကမ္ဘာမှာ ကျဆုံးသွားခဲ့ပြီ ဆိုရဖွယ်ရာပေါ့ဆရာ။ ဒီလို ကမ္ဘာမှာ ကွန်မြူနစ်ဝါဒ ကျဆုံးသွားခဲ့ရတာဟာ ဘယ်လို အကြောင်းအချက်တွေကြောင့်ဆိုတာ ဆရာ့ရဲ့ ကိုယ်ပိုင်သဘောထား အမြင်ကို သိပါရစေဆရာ။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ ကိုယ်ပိုင်သဘောထား အယူအဆလို့ ပြောရလောက်အောင်က တကယ်တော့ ဒီဖြစ်ရပ်က တစ်ကမ္ဘာလုံးချီတဲ့ ကိစ္စဗျ။ အလွန်အရေးကြီးတဲ့ ကိစ္စ။ ကိုယ်က ဘာကော်င်မှ မဟုတ်ဘူးဆိုတော့ ကိုယ်ပိုင်အယူအဆ သက်သက်ဆိုတာထက် ပညာရှင်တွေရဲ့ အယူအဆတွေနဲ့ဆက်စပ်ပြီးပဲ ပြောချင်တယ်။ အဲဒီမှာ ကျွန်တော်ဖတ်ခဲ့ရသလောက် အမေရိကန်တွေဘက်က အမြင်ကို ပြောရမယ်ဆိုရင် အမေရိကန်တွေက ဒါဟာ ရီဂင်ပေါ်လစီကြောင့်လို့ ပြောခဲ့ကြတယ်။ ရီဂင်ပေါ်လစီဆိုတာ သမ္မတရီဂင်က စစ်ရေးပြိုင်ဆိုင်မှု လုပ်ဖို့ ရုရှားတွေကို ကျူးသွင်း ခေါ်လိုက်တယ်။ အဲဒီလိုနဲ့ စစ်ရေးပြိုင်ဆိုင်မှုမှာ ရုရှား ပါဝင်လာပြီး နောက်ဆုံးမှာ စီး ပွားရေးကမောက်ကမဖြစ်ရာက ကျဆုံးသွားခဲ့ရတယ်လို့ ဆိုကြတယ်။ အဲဒီအမြင်ကို ကျွန်တော်မကြိုက်ဘူး။ မဟုတ်ဘူးလို့လည်း ကျွန်တော် ထင်တယ်။ အဲဒီ စစ်ရေးပြိုင်ဆိုင်မှုကြောင့် ဆိုဗီယက်ယူနီယံ ပြိုကွဲရတဲ့အကြောင်းမှာ အချက်တစ်ချက်အနေနဲ့ ပါဝင်နိုင်ပါတယ်။ အဲဒီစစ်ရေးပြိုင်ဆိုင်မှုက ရုရှကိုတင် ထိတာမဟုတ်ဘူး။ သူ့ကိုလဲ ပြန်ထိတာပဲ။ အမေရိကန်စီးပွားရေးလဲ ကမောက်ကမ ဖြစ်ခဲ့ရတယ်။ ဒါက တစ်ချက်။ နောက်တစ်ချက်က ကာတာပေါ်လစီကြောင့်လို့ ပြောခဲ့ကြတယ်။ ကာတာကတော့ Human Rights နဲ့တိုက်ခဲ့တာပဲ။ Ism ကို Ism နဲ့ ပြန်တိုက်ခိုက်ခဲ့တာပဲ။ ခုနက ရီဂင်ပေါ်လစီ ဆိုတာထက်စာရင် နည်းနည်းပိုပြီး အဓိပ္ပာယ်ရှိလိမ့်မယ်။ ဒါပေမဲ့ အဆုံးအဖြတ် နေရာလို့တော့ မထင်ဘူး။ ကျွန်တော် နည်းနည်းပိုပြီး သဘောတွေ့တာက ဖူကူယားမားရဲ့ အယူအဆပဲ။ သူကတော့ ဒိုင်တီခေတ်ရဲ့ စိန်ခေါ်ချက်တွေကို ဆိုဗီယက်စနစ်က မတုံ့ပြန်နိုင်တော့လို့ ပျောက်ကွယ်သွားခဲ့ရ တာတဲ့။ သူက Missing Link ဆိုတဲ့ စာတမ်းတစ်စောင်နဲ့ တင်ပြခဲ့





တယ်။ အဲဒီ စာတမ်းကလည်း အခုထိ မြန်မာဘာသာပြန် မရှိသေးဘူး။ အဲဒီ အယူအဆကို ကျွန်တော်တော့ ပိုပြီး သဘောတူတယ်။

မေး ဒီကနေ့ ကမ္ဘာမှာ လူပြောသူပြော အလွန်များခဲ့တဲ့ **Globalization** နဲ့ ပတ်သက်ပြီး ဆရာဟာ ပညာရှင်တွေရဲ့သဘောထား အယူအဆတွေကို ဆောင်းပါးပေါင်း မြောက်မြားစွာ ရေးသားခဲ့ပြီး မြန်မာစာဖတ်ပရိသတ်တွေနဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။ ဆရာဟာ **Globalization** နဲ့ ပတ်သက်ပြီး အကောင်းဘက်ကရောအဆိုးဘက်ကရော ရေးသားတင်ပြခဲ့တယ်။ ဆရာရဲ့ ကျေးဇူးကြောင့် ကျွန်တော်အပါအဝင် မြန်မာစာဖတ်ပရိသတ်တွေဟာ **Globalization**နဲ့ ပတ်သက်ပြီး ကွဲကွဲပြားပြားခွဲခြားနားလည်ခဲ့ကြရပါတယ်ဆရာ။ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ပတ်သက်ပြီး ဆရာ့ရဲ့ တစ်ဦးချင်းသဘောထား အမြင်ကိုလဲ သိပါရစေဆရာ။

ဖြေ တကယ်တော့ ကျွန်တော့်အထင်မှာ သူများတွေက သဘော တူချင်မှ တူမယ်။ ကျွန်တော်တို့ အခုရေးနေတဲ့လမ်းကြောင်းမှာ Pioneer ဟာ ဆရာမောင်စူးစမ်းပဲဗျ။ အစောကြီးကတည်းက သူတစ်ယောက်တည်းလုပ်ခဲ့တာ။ အဲဒီတော့ ကျွန်တော်တို့က သူ့နောက်က မှေးလိုက်တဲ့ အဆင့်လောက်ပဲရှိတာပါ။ ဒါကို သူများတွေက သဘောတူချင်မှ တူမှာပါ။ ကျွန်တော်ကတော့ အဲဒီအတိုင်းပဲ သဘောထားတယ်။ Globalizationမှာ အကောင်းရော အဆိုးရော ရှိတယ်ဆိုတာ လူတိုင်းလဲ ပြောနေကြပြီပေါ့။ အဲဒီအမြင်အပေါ်မှာပဲ ကျွန်တော်ကတော့ ရပ်ချင်တယ်။ အကောင်းရော အဆိုးရော ရှိတယ်ဆိုတဲ့ အမြင်ပေါ့။ ဥပမာ- စီးပွားရေးမှာဆိုရင် ဒီ Globalization လှိုင်းကို မခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင် Growth ဟာ သိပ်မလွယ်ဘူး။ ဒါက အကောင်းဘက်ကပေါ့။ အဆိုးဘက်ကကျတော့ လက်ရှိ Globalization ရဲ့ Management ဟာ ဘရိတန်ဝုဒ် သုံးဖော်လို့ ပြောကြတဲ့ World Bank ရယ်၊ IMF ရယ်၊ နောက် WTO ရယ်ပေါ့။ သူတို့က အဓိက Management ကို လုပ်နေတာပဲ။ သူတို့ရဲ့ Management မှာတော့ Western နိုင်ငံတွေရဲ့ National Interest တွေက ပိုကဲတယ်ထင်တယ်။ ဂျိုးဇက်စတစ်ဂလစ်ရဲ့ ထောက်ကွက်တွေကို ကျွန်တော်တော့ သဘောကျတယ်။ အဲဒါဟာGlobalizationရဲ့ အားနည်းချက်ပဲ။ ဒါက စီးပွားရေးအရ ပြောတာ။ နောက်တစ်ခါ ဆင်းရဲ ချမ်းသာ ကွာဟမှုကိစ္စ။ အဲဒါကိုတော့ ကျွန်တော် သိပ်ဘဝင်မကျဘူး။ ကျွန်တော် ကန့်ကွက်ချင်တယ်၊ ဘာလို့လဲဆိုရင် အရင်က ကျွန်တော်တို့ ထင်တာက "လူမွဲတွေလဲ မနေးခေတ်မီ သူဌေးဖြစ်တော့မည်" ဆိုတဲ့ နဂါးနီသီချင်းထဲကလို ဆင်းရဲမှုပပျောက်ရေးဆိုတာ ဝုန်းခနဲ ဒိုင်းခနဲ စနစ်မှန်တာနဲ့ လူတွေတန်းပြီး ချမ်းသာသွားကြလိမ့်မယ်လို့ ထင်ခဲ့ကြတာ။ တကယ်တော့ အဲဒါဟာ လက်တွေ့မကျဘူး။ တကယ်က လူလတ်တန်းစား Middle Class အရင် ဖွံ့ဖြိုးအောင် လုပ်ပြီးမှ တဖြည်းဖြည်းနဲ့ အောက်ဆုံးအလွှာက မြင့်တက်လာရတဲ့သဘောပဲ။ လက်တွေ့မှာ အဲဒီအတိုင်းဖြစ်လာတာ။ အဲဒီ Point of view ကနေပြောရရင် Globalization ကြောင့် ပိုပြီးတော့ဆင်းရဲတွင်းနက်ရတယ်ဆိုတာကို ကျွန်တော် လက်မခံနိုင်ဘူး။ တဖြည်းဖြည်း ချမ်းသာတဲ့ ဘက်ကို ပိုပြီးတော့တည်လာတယ်လို့ပဲ ကျွန်တော်ထင်တယ်။ ဒါက ဆင်းရဲချမ်းသာရဲ့ အကောင်းအဆိုးကိစ္စ။ နောက် Culture ကိစ္စ၊ အစက Globalization မှာ Culture ဟာ Clash တွေ ဖြစ်နိုင်လောက်တဲ့ Link လို့ ကျွန်တော် မထင်ခဲ့ဘူးဗျ။ The





Clash of Civilization ကို ကျွန်တော် စ,ဖတ်ခဲ့ရတာ ၁၉၉၅ လောက်တုန်း ဖြစ်မယ်။ သူက ၉၀ ဝန်းကျင်လောက်က ထွက်ခဲ့တာ။ ဖတ်ရတာ တော်တော်နောက်ကျခဲ့တယ်။ ဖတ်ရတော့ သိပ်မကြိုက်ဘူး။ မကြိုက်တာက အဲဒီ ဟန်တင်တန်ရဲ့ အရေးအသားက ဖူကူယားမား၊ တော်ဖလာတို့လောက် မသွက်ဘူး။ လေးတယ်၊ ခက်တယ်၊ ပညာရှင်ဆန်တယ် ပြောရမှာပေါ့ဗျာ။အဲဒီတော့ မကြိုက်ဘူး၊ ကျွန်တော်တို့က အင်္ဂလိပ်စာဆိုရင် လွယ်မှ ကြိုက်တာ၊ ခက်ရင် မကြိုက်ချင်ဘူး၊ ကိုယ်က ညံ့တာလည်း ပါမှာပေါ့ဗျာ ။ နောက်ပြီး သူပြောတဲ့ The Clash of Civilization ဆိုတဲ့ အမြင်ကြီးကလဲ အဆိုးမြင်လွန်း အားကြီးတယ်လို့ ထင်တယ်။ သိပ်ဖြစ်နိုင်လောက်တယ်လို့ ကျွန်တော် မထင်ဘူး။ ဒါပေမဲ့ ၉/၁၁ ဖြစ်လာပြီးတဲ့နောက်မှာ ပထမဦးဆုံး အဲဒီစာအုပ်ကို ကျွန်တော်ပြေးသတိရမိတယ်။ နောက် အဲဒီစာအုပ်ကို ရှာပြီး ဖတ်ခဲ့တယ်။ ပြန်ရှာဖတ်တယ်။ ဖတ်တော့ ကျွန်တော် အရင်က သတိမပြုမိခဲ့တာတွေသွားတွေ့တယ်။တော်တော်စဉ်းစားစရာကောင်းတယ်၊ အဲဒီတော့ နောက်ဆုံး Preferable တော့ မဟုတ်ဘူးပေါ့ဗျာ။ကျွန်တော်တို့ လိုချင်တဲ့ဟာတော့ မဟုတ်ဘူးပေါ့၊ Possible ဖြစ်လိမ့်မယ်လို့တော့ ထင်လာတယ်။ ယဉ်ကျေးမှု ကိစ္စကတော့ တော်တော်လေး စဉ်းစားရလိမ့်မယ်လို့ ထင်တယ်။ ဒါက တစ်ဦးချင်းအနေနဲ့ ပြောတာပေါ့ဗျာ၊ ခြုံပြီး ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ဆီက စဉ်းစားကြတာက အရင်ကိုလိုနီစနစ်တို့၊ နယ်ချဲ့စနစ်တို့နဲ့ ဒီနေ့ Globalization ကို မျဉ်းပြိုင်ဆွဲပြီး ကြည့်ကြတာ များမယ်ထင်တယ်။ ဒါက လက်ဝဲအခံနဲ့လဲ ဆိုင်မယ်ထင်တယ်။ မတူဘူးလို့ ကျွန်တော်ထင်တယ်။ ကိုလိုနီစနစ်တို့၊ နယ်ချဲ့စနစ်တို့ဆိုတာ ပေါ်လစီပြဿနာ။ ပေါ်လစီဆိုတာက ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ကြိုက်ခွင့် မကြိုက်ခွင့်ရှိတယ်။ Globalizatiom ကျ တော့ ပေါ်လစီ မဟုတ်ဘူး။ Objective ဗျူ။ Reality လေ။ ကြိုက်ကြိုက် မကြိုက်ကြိုက် ရင်ဆိုင်ရမှာပဲ။ အဲဒီ တော့ အားနည်းချက်တွေကို ဘယ်လို ကျော်လွှားမလဲ။ အားကောင်းချက်တွေကို ဘယ်လိုဆုံစည်းအောင်လုပ်မလဲ ဆိုတာဟာ ပိုအရေးကြီးမယ်ထင်ပါတယ်။ အဲဒီလို လုပ်ဖို့ ဆိုရင် Globalization အကြောင်းကို အရင်သိဖို့ လုပ်ရ မယ်။ အခု တရုတ်နဲ့ အိန္ဒိယ ခုန်ပျံကျော်လွှားပြီးတက်လာ ကြတာဟာ Globalization ကို ကျကျနန အသုံးချနိုင်ခဲ့ လို့ပဲလို့ ကျွန်တော်ထင်တယ်။

မေး

မှန်ပါတယ် ဆရာ။ တစ်ချိန်က ကမ္ဘာမှာ ကွန်မြူနစ် နိုင်ငံကြီးအဖြစ် အသိအမှတ်ပြုထားခဲ့ကြရတဲ့ တရုတ် နိုင်ငံဟာ အခုဆိုရင် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးပြီး၊ ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံတစ်ခုအဖြစ် ဖြစ်ထွန်းလာတော့မယ်လို့ ပြောနေ ကြပါတယ် ဆရာ။ ကွန်မြူနစ် တရုတ်နိုင်ငံရဲ့ ပြုပြင် ပြောင်းလဲမှုတွေနဲ့ ဖြစ်ထွန်းတိုးတက်လာမှု အပေါ်မှာ ဆရာဘယ်လိုမြင်ပါသလဲ။

ဖြေ

တရုတ်နိုင်ငံဘက်ကနေ ပြောမယ်ဆိုရင်တော့ တိန့်ရှောင် ဖိန်က မော်စီတုန်းထက်တောင်ကျော်ကြားကြီးမလားမသိဘူး။ တကယ်တော့ မော်စီတုန်းရဲ့ အခန်းကဏ္ဍနဲ့ သူ့ကျော်ကြား ကလဲ မသေးပါဘူး။ တကယ့်ကို အင်အားကြီးနိုင်ငံတစ်ခု ဖြစ်အောင် သူလုပ်ခဲ့တာပဲ။ ဒါပေမဲ့ တိန့်ရှောင်ဖိန်ရဲ့ စွမ်း ဆောင်ချက်က ပိုသာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ရုရှားမှာ Economic Reformကို ယောင်လို့တောင် မစဉ်းစားတဲ့ အချိန်မှာ တရုတ်ပြည်က ဒါကို အစောကြီးကတည်းက မြင်ခဲ့တယ်။ ပြောရရင် ယဉ်





ကျေးမှုတော်လှန်ရေးကာတည်းက အမှားတွေကို မြင်ခဲ့ကြ တဲ့ ခေါင်းဆောင်တွေ ဥပမာ တိန့်ရှောင်ဖိန်၊ ချူအင်လိုင်း တို့ ရှိခဲ့တယ်။ သူတို့ရဲ့ အားကောင်းချက်က မတ်စ်ဝါဒကို အသေဖက်တွယ်မထားဘူး။ နောက် ကိုယ့်ပြိုင်ဘက် အရင်း ရှင်စနစ်ကို ပြန်ကြည့်တယ်။ လက်တွေ့ကျကျ ပြောရရင် ရုပ်ဝါဒီလို့ပြောတဲ့ ကွန်မြူနစ်တွေက စိတ်ဝါဒီ ဆန်နေပြီး Flexibc ဖြစ်နေတယ်။ အရင်းရှင်ဆိုတဲ့ လူတွေက သိပ် ရုပ်ဝါဒီဆန်နေသလားမသိဘူး။ သိပ်လက်တွေ့ ကျတယ်။ အစွဲမထားဘူး။ Pragmatism ပေါ့ဗျာ။တိန့်ရှောင်ဖိန်မှာ အဲဒါရှိတယ်။ ဒါကြောင့် သူတို့တစ်တွေ ပြုပြင် ပြောင်း လဲနိုင်ခဲ့ကြတာပေါ့ဗျာ။ ဒါပေမဲ့ Problem က စောင့် ကြည့်ရမယ့် ကိစ္စပေါ့ဗျာ။ တရုတ်ပြုပြင်ပြောင်းလဲရေးဟာ ခေတ်မီရေးလေးမျိုးနဲ့ စခဲ့ကြတာ။ စီးပွားရေးရယ်၊ပညာ ရေးရယ်၊ ယဉ်ကျေးမှုရယ်၊ စစ်ရေးရယ်ပေါ့။ ပဥ္စမမြောက် ခေတ်မီရေးတော့မပါဘူးပေါ့။ဒီဟာက ကျွန်တော်တို့စောင့် ကြည့်ရမယ့်ကိစ္စ။ တစ်ဆက်တည်း ပြောရရင် တရုတ်နဲ့ အိန္ဒိယ ရေရှည်မှာဘယ်သူက သာသွားမလဲဆိုတဲ့ ကိစ္စ။

မေး

ဒါဆိုရင် ဆရာ့အမြင်နဲ့ ဆရာမောင်စူးစမ်းရဲ့အမြင် ဆန့်ကျင်ဘက် ဖြစ်နေပြီပေါ့။ ဆရာမောင်စူးစမ်းက တော့ တရုတ်က ပိုပြီးသာသွားလိမ့်မယ်လို့ ပြောခဲ့ တယ်ဆရာ။အဲဒီတော့ ဆရာက အိန္ဒိယကိုဘာကြောင့် ထင်ရတာပါလဲ ဆရာ။

ဖြေ

တကယ်က ဆရာမောင်စူးစမ်းဆိုတာ ကျွန်တော့်ရဲ့ဆရာ ပါ။ စီးပွားရေးနဲ့ ပတ်သက်တာဆိုရင် ကျွန်တော်က ဘာမှ စနစ်တကျ သင်ခဲ့ရဖူးတာမှမဟုတ်တာ။ ကျွန်တော် မသိ တာတွေဆိုရင် ဆရာ့ကိုပဲမေးရတာ။ကိုယ့်ဆရာပါ။ဒါပေမဲ့ ကျွန်တော်နဲ့အယူအဆမတူတာ နှစ်ခါတော့ ကြုံခဲ့ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ခုက ဟီရုတ်ကို စဝင်တိုက်တော့ ဆရာက နည်းနည်းကြိုက်ဟန်တူတယ်။ ကျွန်တော်ကတော့ မကြိုက်ဘူး။ ကျွန်တော် မကြိုက်တာက တစ်ခုရှိတယ်။ Humanitarian Intervention ကိုထောက်ခံတယ်။ကျွန်တော် မကြိုက်တာက Unilateral တို့ မကြိုက်တာ။ အဲဒီတုန်းက တစ်ခါဆရာနဲ့ သဘောထားကွဲလွဲဖူးတယ်။ နောက်ပိုင်းမှာတော့ ဆရာလဲ သဘောထားတစ်မျိုးပြောင်းလာတယ်။ ဆရာကတော့ သူ့သဘောထားကို ပြောခဲ့ပါတယ်။ နောက် အခုအိန္ဒိယနဲ့ တရုတ် ကိစ္စ။ ကျွန်တော်က အိန္ဒိယကို ပိုထင်တယ်။ ဘာကြောင့်လဲဆိုတော့ Point တစ်ခုကို ရောက်ရင်လူထုရဲ့ Freedom Demand က မြင့်လာတယ်။တော်တော် မြင့်မြင့်မားမားကြီး ဖြစ်လာတယ်။ ဒါကလဲ ပြောရရင် မတ်စ်ဝါဒရဲ့ မူထဲမှာကို ပါပြီးသားပဲ။ စ,ပြောရရင် ဟီးဂဲလ်က စပြောရမှာပဲ။ ဟီးဂဲလ်က လွတ်လပ်ခွင့် Freedom ဆိုတာကို ဖွင့်ထားတာ ကျွန်တော် တော်တော်ကြိုက်တယ်။ 'လိုအပ်ချက်ကို နားလည်ခြင်း'တဲ့။ လူဟာ စီးပွားရေးဖွံ့ဖြိုးလာတယ်။ ယဉ်ကျေးမှုရေချိန် မြင့်မားလာရင် ကိုယ့်လိုအပ်ချက်ကို ပိုမို နားလည်လာတယ်။လိုအပ်ချက်ဆိုတာကလဲ အကန့်အသတ်မရှိဘူး။ လိုအပ်ချက်ကို ပိုမိုနားလည်လာတာ Need တွေပိုများလာတာပဲ။လွတ်လပ်ချင်လာတယ်။Freedom ဘက်ကို ပိုများလာတယ်။ Prodemocratic ဖြစ်လာတယ်။ Growth ရဲ့ Point တစ်ခုမှာ အဲဒီအဆင့် ရောက်လာရင် ဟိုတုန်းက မတ်စ်ဝါဒ စကားနဲ့ ပြောရရင်တော့ အပေါ်ထပ် အောက်ထပ် ပြဿနာ တက်လာတော့မှာပေါ့ဗျာ။ အဲဒီလိုဖြစ်လာရင် တရုတ်ပြည်မှာ ညင်ညင်သာသာ အေးအေးငြိမ်ငြိမ်နဲ့ ဖြေရှင်းနိုင်တဲ့ Mechanism မရှိသေးဘူး။ အိန္ဒိယမှာက အစောကြီးကတည်းက ရှိနေခဲ့တယ်။ နေရူးရဲ့ အားကောင်း





ချက်က နှစ်ခုရှိနေခဲ့တယ်။ ဘယ်လောက်ပြဿနာ တွေရှုပ်ရှုပ် ဒီ အိန္ဒိယကြီးကို ပါလီမန်ဒီမိုကရေစီကနေ ရွေ့မသွားအောင် ထိန်းထားနိုင်ခဲ့တယ်။ နောက်တစ်ခုက ပညာရေး။ အထူးသဖြင့် အဆင့်မြင့်ပညာရေးဘက်မှာ လွတ်လပ်ရေးရကတည်းကစနစ်တကျ လုပ်နိုင်ခဲ့တယ်။ ဒါဟာ နေရူးရဲ့ တော်တော် ကြီးမားတဲ့ ကျေးဇူးလို့ပဲ ကျွန်တော်ထင်တယ်။

မေး — နောက်ဆုံးမေးခွန်းအနေနဲ့ မေးချင်ပါတယ် ဆရာ။ အခု ဆရာဘာသာပြန်ပေးခဲ့တဲ့ တော်ဖလာ၊ ဖရန်စစ် ဖူကူယားမား၊ ဆင်မြူရယ်ဟန်တင်တန်၊ ဂျိုးဇက်စတစ်ဂလစ်၊ သောမတ်စ်ဖရီးမင်း အစရှိတဲ့သူတွေရဲ့စာတွေဟာ အမေရိကန်ရဲ့အာဘော်တွေကို ဝါဒဖြန့်ချိပေးနေတာပဲလို့ နိုင်ငံခြားက မြန်မာစာရေးဆရာ တစ်ယောက်က စွပ်စွဲရေးသားတာကို မဂ္ဂဇင်းစာအုပ်တစ်အုပ်ထဲမှာ ဖတ်ခဲ့ရဖူးပါတယ်ဆရာ။ အဲဒီ စွပ်စွဲရေးသားချက်အပေါ် ဆရာ့အနေနဲ့ တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုချင်တာများ ရှိပါသလားဆရာ။

ဖြေ — ကျွန်တော်တို့ဆီမှာက ဖော်မြူလာအစွဲတွေ တော်တော်ကြီးခဲ့တယ်ထင်တယ်ဗျ။ ဘာလို့လဲဆိုတော့ ဟိုတုန်းကတည်းက စွဲခဲ့တဲ့ဖော်မြူလာအစွဲတွေ။ ဟိုတုန်းကတော့ မှန်ချင်လည်း မှန်မှာပေါ့ဗျာ။ တရုတ်ဆိုရင် တိုးတက်တယ်။အမေရိကန်ဆိုရင်ဖောက်ပြန်တယ်။ ဒါဟာ သူ့ခေတ်နဲ့ သူကတော့ အဓိပ္ပာယ်ရှိတာပေါ့ဗျာ။ အခုထိ အဲဒီဖော်မြူလာအစွဲကို Drop မလုပ်နိုင်တဲ့သူတွေလည်း ရှိသေးတယ်။ နောက် တစ်ခုက စဉ်းစားနည်းမှာEither or ပေါ့။ တစ်မဟုတ် နှစ်Logic ပေါ့။ ဆိုလိုတာကအမေရိကန်ဆိုရင် အမေရိကန် ကောင်းတာရေးရင် တစ်မျိုး၊ အမေရိကန် မကောင်းတာရေးရင် တစ်မျိုး။အဖြူနဲ့အမည်းပဲ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြားဆိုတာ မရှိဘူး။ ကျွန်တော့်ဘက်က အသေအချာ ပြောနိုင်တာကတော့ အမေရိကန် အစိုးရရဲ့အာဘော်ကို ကျွန်တော်တစ်ခါမှ မရေးခဲ့ဖူးဘူး။ ဂျော့ဘုရှ်ကို အမွှမ်းတင်တာမျိုး၊ ကလင်တန်ကို အမွှမ်းတင်တာမျိုး ကျွန်တော်တစ်ခါမှ မရေးခဲ့ဖူးဘူး၊ သူတို့ရဲ့ Personal Life တွေကိုလည်း ကျွန်တော်စိတ်မဝင်စားဘူး။ အမေရိကန်ပညာရှင်တွေရဲ့အမြင်တွေကိုတော့ ကျွန်တော်တတ်နိုင်သလောက် ဖြန့်ပေးတယ်။ ဒါကလဲ အမေရိကန်လူမျိုးဖြစ်နေလို့ မဟုတ်ဘူး။ သူတို့ရဲ့ ပညာကိုလေးစားလို့။ နောက် ဒီကနေ့ ဘုရှ်အစိုးရကို အဓိက ဝေဖန်တိုက်ခိုက်နေတာ အမေရိကန်ပညာရှင်တွေချည်းပဲ၊ အဲဒါတွေကို တတ်နိုင်သလောက် ကျွန်တော်ဖြန့်တယ်။ အဲဒီတော့ စာစောက စာရေးဆရာ ရေးသလိုမဟုတ်ဘဲ တချို့ကကျတော့လည်း ကျွန်တော့်ကို Anti-American တွေများတယ်။ ဒီကောင် ဘာကောင်လဲပေါ့။ အဲဒီလိုမြင်တာတွေလဲရှိတယ်။ ကျွန်တော်ကတော့ Anti-American တို့ Pro-American တို့ ဆိုတာခေါင်းထဲမှာလုံးဝကို မရှိခဲ့ဘူး။ ဘာကြောင့်ဆိုရင် ကျွန်တော် စိတ်ဝင်စားမှု နယ်ပယ်ထဲမှာ အမေရိကန်လည်း မရှိဘူး။ တရုတ်လည်း မရှိဘူး၊ ဘယ်Nation State မှလည်း မရှိဘူး။ ကျွန်တော်ပညာရပ်တစ်ခုအနေနဲ့ သီအိုရီ တစ်ခုအနေနဲ့ပဲ စိတ်ဝင်စားတယ်။ ဒါကြောင့် ဘာကို ထောက်ခံတယ်၊ ဘာကိုမထောက်ခံဘူးဆိုတာတွေလည်း၊ မရှိတော့ပါဘူး။ ဒါဟာ တိုင်းပြည်တွေအရတင် ပြောတာ မဟုတ်ဘူး။ ပါတီတွေအရဆိုလဲ ဒီအတိုင်းပဲ။ ဘယ်အဖွဲ့အစည်း၊ ဘယ်ပါတီ၊ ဘယ် ism ကိုမှ ကိုယ်စားမပြုချင်တော့ဘူး။ ဘယ် Ideology ကိုမှလဲ အကြွင်းမဲ့ မှန်ကန်တယ်လို့ မယုံကြည်တော့ဘူး။ ဒါကြောင့် ကျွန်တော် စာရေးနေတာတွေဟာ အချက်အလက်တွေ၊ အဖြစ်သနစ်တွေ၊ Trend





တွေကို တတ်နိုင်သလောက် စုပေးတာပဲ၊ ဒါဟာ စာဖတ်ပရိသတ်အတွက် ခွင်ကျယ်ကျယ် စဉ်းစားနိုင်အောင် ကျွန်တော်အချက်အလက်တွေစုပေးမယ်၊ ကြီးကြီးကျယ်ကျယ် ပြောရရင် ကျွန်တော်ဟာ စာဖတ်ပရိသတ်ရဲ့ အထက်က တရားဟောဖို့ သဘောထားလုံးဝမရှိဘူး၊ ဟောလဲ မဟောတတ်ဘူး၊ ကိုယ်တောင် ဘာကိုမှယုံလို့ မရတာ၊ ဘယ်သူ့ကို ဘာဟောရမှာလဲ၊ စာဖတ်ပရိသတ်နဲ့ တွဲပြီး တရားရှာချင်တာက အဓိကပါပဲ၊

(အခုလိုဖြေကြားပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။)



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အင်တာဗျူး(၅)

## အမြင်အရှေ့နှင့် ဂလိုဘယ်လိုက်ဇေးရှင်း(၂)

*ယခုစာစုမှာ ဆရာစိုးအောင်၏ မေးမြန်းချက်များကို စာရေးသူ ပြန်လည်ဖြေကြားခဲ့သည်များ ဖြစ်ပါသည်။ ဤအင်တာဗျူးကို ၂၀၀၆ ခုနှစ်ထုတ် News Spactator မဂ္ဂဇင်းတွင် သုံးလဆက်တိုက် ဖော်ပြခဲ့ပြီး ဆရာ စိုးအောင်က 'နိုင်ငံရေးသိပ္ပံပညာနှင့် လူမှုရေးသိပ္ပံပညာ သုတေသီတစ်ဦး (သို့မဟုတ်) Kyaw Win's Sketch 'အမည်ဖြင့် ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။*

နိုင်ငံရေးသိပ္ပံပညာနှင့် လူမှုရေးသိပ္ပံပညာတို့အား နှစ်ပေါင်းလေးဆယ်ခန့် တစိုက်မတ်မတ် လေ့လာလိုက်စားခဲ့သူ ဆရာကျော်ဝင်းသည် ယနေ့မြန်မာလူငယ်များအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အစရှိသော နိုင်ငံတကာပညာရှင်များ၏ ပညာရပ်ဆိုင်ရာ အတွေးအခေါ်များကို အဆက်မပြတ်ရေးသား တင်ဆက်ပေးလျက်ရှိသည်။ ပညာကိုဦးစားပေးသော ဂလိုဘယ်လိုက်ဇေးရှင်းခေတ်နှင့်အညီ နိုင်ငံတကာပညာရှင်များ၏ အိုင်ဒီယော်လော်ဂျီများကို အချိန်နှင့်တစ်ပြေးညီ မိတ်ဆက်ပေးနိုင်ခဲ့ပြီး လူငယ်တို့၏ အိုင်ဒီယာများအား brain storm လုပ်နိုင်ခဲ့သဖြင့် တိုးတက်လိုသော လူငယ်များကြားတွင် ရေပန်းစားလျက်ရှိသည်။ စိတ်ရင်းအလွန်ရိုးဖြောင့်ပြီး ပွင့်ပွင့်လင်းလင်းပြောတတ်ကာ တစ်ဖက်သားကိုအားနာတတ်သည့် ဆရာကျော်ဝင်းနှင့် တွေ့သိရသူများမှာ ဆရာကျော်ဝင်းအား လွန်စွာခင်မင်နှစ်သက်သွားမြဲ ဖြစ်သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျော်ဝင်းသည် ဂလိုဘယ်လိုက်ဗေးရှင်းနှင့် ပတ်သက်၍ ဘက်ပေါင်းစုံမှ စဉ်းစားချင့်ချိန်နိုင်စေရန် ရည်ရွယ်၍ ဂလိုဘယ်လိုက်ဗေးရှင်း၏ ကောင်းကွက်၊ ဆိုးကွက်၊ ဘ္ဘားသာချက်၊ အားနည်းချက်တို့ကို ဆောင်းပါးများစွာ ရေးခဲ့၍ ၊ ဂျာနယ်မဂ္ဂဇင်းတို့တွင် ဖော်ပြခဲ့ပြီးသော စာမူတို့ကို သီးသန့်စုစည်းကာ လုံးချင်းစာအုပ်များအဖြစ်လည်း ထုတ်ဝေခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ၂၀၀၅ ခုနှစ်အထိစာအုပ်ပေါင်း ၃၇အုပ် ထွက်ရှိခဲ့ပြီးဖြစ်သဖြင့် စာဖတ်အား၊ စာရေးအား အလွန်ကောင်းသူ အဖြစ်လည်း စာဖတ်ပရိသတ်များက မှတ်ချက်ပြုကြသည်။

ဆရာကျော်ဝင်း၏ ထင်ရှားသောစရိုက်မှာ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတတ်ခြင်းနှင့် ဟာသဉာဏ်ရွှင်ခြင်းပင်ဖြစ်သည်။ ရင့်ကျက်သော အတွေ့အကြုံရှိသူပီပီ သည်းခံနိုင်စွမ်းအားမြင့်မားပြီး ဆင်ခြင်ဉာဏ်နှင့် ယှဉ်သော ရဲရင့်မှုကို ပိုင်ဆိုင်သူလည်း ဖြစ်သည်။ ပညာရပ်ဆိုင်ရာများနှင့် ပတ်သက်လျှင်မူ လွန်စွာလေးနက်တတ်သော်လည်း ဆွေးနွေးချိန်နှင့် စာရေးချိန်၊ ဖတ်ချိန်မှအပ ကျန်သောအချိန်များတွင် မိသားစု၊ မိတ်ဆွေများနှင့် ပျော်ရွှင်စွာနေထိုင်ဆက်ဆံတတ်သူဖြစ်သည်။ ယခုအခါ အပတ်စဉ်ထုတ်ဂျာနယ်နှင့် လစဉ်ထုတ်မဂ္ဂဇင်းစုစုပေါင်း ၁၂ စောင် ခန့်တွင် ပင်တိုင်ဆောင်းပါးများ ရေးသားနေလျက်ရှိသည်။

ဆရာကျော်ဝင်း၏ စရိုက်၊ လက္ခဏာ၊ အတွေ့အကြုံများနှင့် အတွေးအခေါ်များ၊ ခေတ်ပြိုင်ဖြစ်ရပ်များအပေါ် ရှုမြင်သုံးသပ်မှု၊ ပညာနှင့်ယုံကြည်မှုများကို စာဖတ်ပရိသတ်များ ကောက်ကြောင်းရေးခြစ်နိုင်ရန်အတွက် ရသမှုအချက်များအား စုစည်း၍ ဆရာကျော်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး　　ဆရာ မုံရွာမြို့ပေါ်မှာမွေးတာလား၊ ရွာမှာ မွေးတာလား။

ဖြေ　　မြို့ပေါ်မှာပါ။

မေး　　ဆရာငယ်ငယ်တုန်းက ထူးခြားတဲ့ အတွေ့အကြုံလေး





တွေမှတ်မိသလောက်ပေါ့ဆရာရယ်။ ဥပမာ ကျောင်းတုန်းက ကိစ္စလေးတွေ။

ဖြေ　　သိပ် ထူးထူးခြားခြားမရှိပါဘူး။ နှစ်ခါလောက်တော့ ကြုံဖူးတယ်။ ပထမအကြိမ်က ကျွန်တော်နှစ်တန်း တုန်းကပါ။ အဲဒီနေ့က နေ့တစ်ပိုင်း ကျောင်းပိတ်လိုက်တယ်ဗျ။ ကျွန်တော်တို့ ပျော်သွားတာပေါ့။ ဒါပေမဲ့ ဆရာကြီးက မင်းတို့ အိမ်မပြန်ရသေးဘူး။ ဟိုဘက်က ကျောင်းကြီးမှာ ဟောပြောပွဲသွားနားထောင်ရမယ်တဲ့။(ကျောင်းကြီးဆိုတာState 1 ပါ။ ကျွန်တော်တို့က State 1 ရဲ့ ကျောင်းခွဲ၊ မူလတန်းကျောင်း) ဒါနဲ့ State 1 မှာ ကျောင်းသားကြီးတွေ ဟောပြောတာနားထောင်ရတယ်။ ဟိုရိုရိုမားနေ့ အကြောင်းပြောတာပါ။ ဟောပြောပွဲပြီးတော့ ကျောင်းသားတစ်ယောက်က သီချင်းဆိုပြတယ်။ "ငြိမ်းချမ်းရေးသည် အပေါင်းလက္ခဏာ" ဆိုတဲ့သီချင်း။ (မြတ်လေးရဲ့ လက်ရာမှန်း နောက်မှသိတာပါ။) ကျွန်တော့်အတွက်တော့ အနုမြူဗုံးဆိုတာရယ်၊ မြတ်လေး ဆိုတာရယ်ကို အဲဒီနေ့က စကြားဖူးတာပဲ။

နောက်တစ်ကြိမ်က ကျွန်တော်သုံးတန်းနှစ်။ 'တရုတ်ဖြူကျူးကျော်မှု ဆန့်ကျင်ရေးဆန္ဒပြပွဲ' ဆိုတာနဲ့ ကြုံလိုက်ဖူးတယ်။ ကျောင်းသားကြီးတွေ ရွေစည်းခုံဘုရားထဲ စုကြတာ မှတ်မိနေတယ်။ တရုတ်နီဘုံကျောင်းကဖျော်ရည်လာ တိုက်တာလဲ မှတ်မိတယ်။ ကျွန်တော့်အတွက်တော့ ပထမဆုံးလူထုလှုပ်ရှားမှုပေါ့။

မေး　　၁၉၆၂ တော်လှန်ရေး ကောင်စီတက်တဲ့ အချိန်မှာ ဆရာ ဘယ်အရွယ်လောက် ဖြစ်နေပြီလဲ။

ဖြေ　　အဲဒီအချိန်မှာ ကျွန်တော် လေးတန်းရောက်ပြီ။ လေးတန်းစာမေးပွဲလဲ ဖြေနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေး **အဲဒီတုန်းက အတွေ့အကြုံလေးတွေလဲ ဆရာမှတ်မိသလောက် . . ဘာတွေမြင်ရသလဲ . . . ။**

ဖြေ လေးတန်းဆိုတော့ ကလေးပဲဗျာ။ ဘာသိမှာလဲ။ ဒါပေမဲ့ လူကြီးတွေ ပြောကြဆိုကြတာတွေတော့ မှတ်မိနေတယ်။ ကျွန်တော်သတိပြုမိသလောက်၊ တချို့က ကြိုက်တယ်ဗျူ။ တချို့က မကြိုက်ဘူးထင်တယ်။ ကျွန်တော်တို့အိမ်မှာ ဝင်ထွက်နေတဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်နဲ့ သူ့သူငယ်ချင်းတွေကတော့ မကြိုက်ဘူးထင်တာပဲ။ သူတို့က တက္ကသိုလ်ကျောင်းသားတွေ။ ရပ်ကွက်ထဲက ပမညတ တစ်ယောက်ကတော့ အတော်ကြိုက်တာ မှတ်မိနေတယ်။

မေး **ဆရာ့အစ်ကိုဝမ်းကွဲနဲ့ အသက်တော်တော်ကွာလား။**

ဖြေ အများကြီးကွာတာပေါ့ဗျာ။ ကျွန်တော်မွေးတဲ့နှစ်မှာ သူတို့တက္ကသိုလ်ကျောင်းရောက်နေပြီ။ Contemporary ပြောရရင် **ဆရာဦးသာနိုး**တို့နဲ့ ခေတ်ပြိုင်တွေ။

မေး **ဆရာ့မိဘတွေက မုံရွာမှာပဲလား။**

ဖြေ ဟုတ်ပါတယ်။ **ခုတော့** အကုန်ဆုံးကုန်ကြပါပြီ။

မေး **မောင်နှမတွေကရော ။**

ဖြေ မောင်နှမတွေကတော့ ခုနစ်ယောက်။ မွေးချင်းထဲမှာ တစ်ယောက်ဆုံးသွားတယ်ဆိုတော့ ခြောက်ယောက်ကျန်တယ်။

မေး **အားလုံး မုံရွာမှာပဲလား။**

ဖြေ မဟုတ်ဘူး။ မုံရွာမှာ တစ်ယောက်ပဲ ကျန်တော့တယ်။အခုရန်ကုန်မှာက သုံးယောက်၊ နောက် မန္တလေးမှာက တစ်ယောက်၊ နောက် ပျဉ်းမနား ရေဆင်းမှာတစ်ယောက်၊ အ





ကုန် တစ်ကွဲစီပဲ (ရယ်လျက်)။

မေး **ဆရာ မုံရွာမှာ နေခဲ့တာဆိုတော့ ဘုန်းကြီးကျောင်းတွေနဲ့ နီးစပ်တဲ့ အစိတ်အပိုင်းလေးတွေရှိလား။ ဥပမာ ကိုရင်ဝတ်ခဲ့တာတို့ ဘုန်းကြီးဝတ်ခဲ့တာမျိုးတို့ . . . ။**

ဖြေ ဘုန်းကြီးကျောင်းတွေနဲ့ အတော်နီးစပ်တယ်လို့ ပြောနိုင်မယ်ဗျ။ ကျွန်တော်တို့ မိဘတွေ အစဉ်အဆက်ကိုးကွယ်ကြတာက မုံရွာ ရွှေဂူကျောင်း။ ငယ်ငယ်က ဝါတွင်းဥပုသ်နေ့တိုင်း ရွှေဂူကျောင်းသွားတယ်၊ ဘုန်းကြီးတွေက အရုပ်တွေဘာတွေလုပ်ပေးတော့ ခင်သွားတာပေါ့။ နောက်ပိုင်း အိမ်ပြောင်းသွားတော့ သထုံဝံသကျောင်းနဲ့နီးတယ်။အရိုက်ကောင်းတာနဲ့ စာသွားဖတ်ရင်းက ဘုန်းကြီးတွေနဲ့ ခင်သွားတာ။ တက္ကသိုလ်ရောက်တော့ ခင်တဲ့အဆင့်ကျော်ပြီး လုံးမိသွားတယ်လို့ ဆိုရလေမလားပဲ၊ ကျွန်တော်က ဘိုင်ပြတ်တိုင်း ဘုန်းကြီးကျောင်းသွားပြီး 'ဟင်းပေါင်း' ကပ်စားနေကျကိုး ။ အဲ **တောရ**တွေမှာ တရားထိုင်ရတော့လဲဘုန်းကြီးတွေနဲ့အတူ **နေရတာ**များတယ်၊ ဘုန်းကြီးနဲ့ခင်တယ်ပြောရတာ ဂွတော့ ခပ်ကျကျပဲဗျ၊ ကျွန်တော်က ဘုန်းကြီးတွေကို အရိုအသေတန်တာမဟုတ်ပေမဲ့ သူငယ်ချင်းတွေလိုဖြစ်နေတာတော့ အမှန်ပဲ။(ရယ်လျက်)

မေး **ဆရာငယ်ငယ်တုန်းကတော့ ကိုရင်ဝတ်ခဲ့ဖူးတာပေါ့နော်။**

ဖြေ ကိုရင်တော့ ဝတ်ဖူးတာပေါ့ဗျာ၊ ခဏပါပဲ၊

မေး ပဉ္စင်းတော့ **မဝတ်ဖူးဘူးပေါ့။**

ဖြေ မဝတ်ဖူးဘူးဗျ။ပထမဆုံး တရားထိုင်ကြည့်ချင်သေးတယ်၊ တရားဂုဏ်တော်က 'ဧဟိ ပဿိကော . . ' လို့ စိန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာ၊ ကျွန်တော် မတုံ့ပြန်နိုင်သေးဘူး။ တရားထိုင်ကြည့်လို့ စိတ်ကညွတ်လာရင် ပဋ္ဌင်းတက်ဖြစ်မလား မသိဘူး။

မေး ကျွန်တော်က ၆၂ လောက်မှာ ဆရာ့ကို လေးတန်းမှာ လောက်ဘူးထင်လို့၊ အဲဒီတုန်းက ကွန်မြူနစ်ဝါဒတွေ ဘာတွေ သိပ်မသိသေးဘူးပေါ့နော်။

ဖြေ ဘာသိမှာလဲဗျာ။ ဝတ္ထုတွေဘာတွေတော့ စတဲ်စပြုနေပါပြီ။ ဒါပေမဲ့ ဒဂုန်တာရာတို့၊ ဇန်းမော်တင်အောင်တို့၊ မြသန်းတင့်တို့ မဟုတ်သေးပါဘူး။ ခင်နှင်းယုနဲ့ ခင်ဆွေဦးက စခဲ့တာပါ။ ကျွန်တော့်မှာ အစ်မတွေချည်း ငါးယောက်ရှိတော့ သူတို့စာအုပ်တွေယူဖတ်ဖြစ်တာပေါ့။ နောက်မှ အစ်ကိုဝမ်းကွဲဆီက စာအုပ်တွေယူဖတ်ဖြစ်တာ။ လက်ဝဲအိုင်ဒီအိုလိုဂျီနဲ့ နီးတဲ့စာအုပ်တွေဆိုပါတော့ . . ။ အဲဒါ - ခုနစ်တန်းလောက် ရောက်မှပါ။

မေး ဆရာတို့မုံရွာက ကွန်မြူနစ်ကြီးတွေအကြောင်း မှတ်မိသလောက် ဆရာနဲ့ရင်းနှီးတဲ့လူတွေပေါ့။

ဖြေ မရင်းနှီးဘူးဗျ။ အသက်က သိပ်ကွာတယ်။ သူတို့အကြောင်း ပုံပြင်တွေလိုပဲ ကြားဖူးတာ။ အဲဒီတုန်းက မုံရွာက အတော်အရောင်စုံတယ်။ အရှေ့ဘက်က အလံဖြူ၊ အနောက်ဘက်က အလံနီ၊ မြို့ထဲက ရဲဘော်တဲ့။ ကျွန်တော် မမွေးသေးပါဘူး။ အဖေတို့ ဦးလေးတို့ ပြောတာကြားဖူးတာပါ။ ကျွန်တော်အရွယ်ရောက်တော့ အဲဒီတုန်းက တစ်ချို့နဲ့ လူချင်းတွေ့ဖူးတယ်။ အသက်တွေ ကြီးကုန်ပါပြီ။ အခုဆိုရင် တော်တော်များများ ရှိမယ်မထင်တော့ပါဘူး။

မေး ဆရာ ဆယ်တန်းအောင်တော့ . . .။





ဖြေ ဆယ်တန်းအောင်တော့ ၆၇ ခုနှစ်မှာ အောင်၊ ၆၈ ခုနှစ်မှာ တက္ကသိုလ်ရောက်။

မေး ဆရာ့ရဲ့ တက္ကသိုလ်ကအတွေ့အကြုံလေး နည်းနည်း ထည့်ပြောပေးပါဦး။

ဖြေ တက္ကသိုလ်ရွေးတာက စပြောမယ်ဗျာ။ ရယ်စရာကောင်းတယ် ထင်လို့ပါ။ ကံအားလျော်စွာပဲ ဆယ်တန်းမှာ ကျွန်တော် အမှတ်ကောင်းတယ်။ အိမ်ကတော့ ထုံးစံအတိုင်း ဆေးကိုပဲ တက်စေချင်တာပေါ့။ ကျွန်တော်က အာ-အိုင်-တီဆိုရင် သင်္ချာများတော့ သက်သာမယ်။ ဖတ်ချင်ရာ ဖတ်လို့ရမယ်ပေါ့။ ဒီလိုနဲ့ အိမ်နဲ့ပြဿနာတက်နေရော. . ။ အဲဒီအချိန်မှာပဲ ဝတ္ထုတစ်ပုဒ် ဖတ်လိုက်ရတယ်။ ဆရာ နတ်နွယ်ရဲ့ "မြသဇင်"၊ သူက မန္တလေးနောက်ခံ။ နာမည်ကြီး အငြိမ့်မင်းသမီး တစ်ယောက်နဲ့ နာမည်ကြီး ကျောင်းသားတစ်ယောက်အကြောင်း။ ကျွန်တော် ခိုက်သွားတယ်။ အငြိမ့်နဲ့ မန္တလေးကို စွဲသွားတယ်။ ဒီလိုနဲ့ မန္တလေးကို စွဲသွားတယ်။ ဒီလိုနဲ့ မန္တလေးဆေးတက္ကသိုလ် လျှောက်ဖြစ်တာ။

မေး ဆရာ ၇၃ ခုနှစ်ကျတော့။

ဖြေ တက္ကသိုလ်ရက်တွေပဲပေါ့ဗျာ။ ကျွန်တော်တက္ကသိုလ် ကျောင်းသားဘဝမှာ လှုပ်လှုပ်ရှားရှားကာလ အတော်များများ ကြုံရတယ်။ ၁၉၆၉၊ ၁၉၇၀၊ နောက် ၁၉၇၄၊ ၇၅၊ ၇၆ သုံးနှစ်ဆက်တိုက် . . .။ ကျွန်တော်လဲ ဒီရေစီးထဲ မျောသွားရင်း ၁၉၇၆ နောက်ပိုင်းမှာ တက္ကသိုလ်နဲ့ဝေးသွားရော။

မေး မဲထည့်ပွဲနဲ့တော့ လွဲသွားတာပေါ့။ ဆန္ဒခံယူပွဲနဲ့။

ဖြေ ပထမဆန္ဒခံယူပွဲက ကျွန်တော်တို့ ကြုံပါတယ်။ ကျောင်းသားဘဝမှာ။ ဒါပေမဲ့ ကျွန်တော်က အဆောင်မှာမရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရပ်ကွက်ထဲ၊ မန္တလေး နန်းရှေ့မှာရောက်နေတယ်။

**မေး** **အိမ်ကလူကြီးတွေက သွားထည့်ကြတာပေါ့။**

**ဖြေ** ကျွန်တော်လဲ ထည့်ရတာပါပဲ။ အစကတော့ ကျွန်တော်လဲ မထည့်ချင်ဘူးပေါ့ဗျာ၊ နေမကောင်းဘူးဆိုတော့ ထမ်းစင်တွေဘာတွေနဲ့ လိုက်လာတာ၊ အဲဒီတော့ ထည့်ပါ့မယ်ဗျာ ဆိုပြီးတော့ ထည့်လိုက်တာပဲ၊ ထည့်လိုက်ဆိုတော့ ကျွန်တော်တို့ ရပ်ကွက်မှာ နှစ်မဲပါတယ်ဗျ၊ တစ်မဲကတော့ ကျွန်တော် သေချာပါတယ်ဗျာ(ရယ်လျက်)။တစ်မဲကတော့. . မပြောတတ်ဘူး။

**မေး** **ဆရာ ဆိုရှယ်လစ်စနစ်ကို ဘယ်လိုမြင်သလဲ။**

**ဖြေ** သီအိုရီအရပြောရင်တော့ "စွမ်းသလောက်လုပ်၊ လုပ်သလောက်ယူပေါ့"၊ ခေါင်းစုတ်မှုမရှိရေးပေါ့၊ တန်းတူညီမျှရေးပေါ့။ရည်ရွယ်ချက်တွေမှာဘာမှပြောစရာမရှိပါဘူး။တကယ်တော့ ဆင်းရဲမှုတိုက်ဖျက်ရေးဆိုတာ၊ ဆိုရှယ်လစ်တွေမှ လုပ်ဖို့ ရည်ရွယ်တာမဟုတ်ပါဘူး၊ မနေ့ရှင်ဘောဂဗေဒသမားဆိုတဲ့ "ဂျက်ဖရီဆော့(ချ)" တို့လဲ ဒါကိုပြောကြတာပဲ၊ ဒါပေမဲ့ မတူဘူးဗျ။

ဆိုရှယ်လစ်တွေရဲ့ ဆင်းရဲမှုတိုက်ဖျက်ရေးက ချမ်းသာတဲ့သူတွေဆီကသိမ်းမယ်၊ ဆင်းရဲသားတွေကို ဝေပေးမယ်ပေါ့။ "ရှိဘင်ဟု" နည်းပေါ့ဗျာ၊ Wealth distribution ပေါ့။ "နေခွဲဝေရေး"ပေါ့၊ လက်တွေ့မှာ ဆင်းရဲသားတွေတော့ချမ်းသာမလာဘူး၊ ချမ်းသာပြီးသားတွေ မွဲကုန်တာပဲ အဖတ်တင်တယ်၊ "အယ်လ်ဗင်း တော်ဖလာ"ရဲ့ စကားနဲ့ပြောရရင် "အားလုံးတန်းတူညီမျှစွာ မွဲဆေးဖော်လိုက်တာ" ပေါ့ဗျာ။

ဒီနေ့ ဘောဂဗေဒပညာရှင်တွေကတော့ ဆင်းရဲ





သားတွေကိုယ်တိုင် ဓနကိုဖန်တီးနိုင်အောင် အခြေအနေ ဖန်တီးရမယ်လို့ပြောတယ်၊ Wealth creation ပေါ့။"ဓနဖန်တီးရေး"ပေါ့ဗျာ၊ ဒါကဆိုရှယ်လစ်ထက် ပိုလက်တွေ့ကျလေမလားပဲ။ ဒါကလဲ အခုမှသာပြောနိုင်တာနော် ။ ဟိုတုန်းကတော့ ဆိုရှယ်လစ်ဆိုတာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့ဗျာ။

**မေး** **အဲဒီတုန်းက ကြိုက်ချင်ချင်ဖြစ်လိုက်သေးလား ဆရာ။**

**ဖြေ** သူတို့ ဆိုရှယ်လစ်တော့ မကြိုက်ဘူးပေါ့ဗျာ။(ရယ်လျက်) ဆိုရှယ်လစ်ဆိုတာတော့ ကြိုက်တာပေါ့၊ သူတို့ဆိုရှယ်လစ်ကတော့ စကတည်းက မကြိုက်ခဲ့ပါဘူးဗျာ။

**မေး** **ယနေ့ခေတ်မှာ National Interest မလုပ်ဘဲနဲ့ Internationalism သွားတဲ့နိုင်ငံ . . . ဆရာ မြင်သလောက်။**

**ဖြေ** ကျွန်တော်ကတစ်ခုမှမရှိဘူးလို့ထင်တယ်။ ဒါလဲ သဘာဝကျပါတယ်။ဘာကြောင့်လဲဆိုတော့ ကစ်ဆင်းဂျားပြောတာတစ်ခုရှိတယ်၊ ကမ္ဘာ့ နိုင်ငံရေးက ခုထက်ထိ real politics က မတက်နိုင်သေးဘူး။သူကဘာပြောသလဲဆိုတော့ nation stateတွေ အခိုင်အမာရှိနေသေးတယ်၊ အဲဒီ nation state တွေရှိနေတာနဲ့အမျှ national interest က ရှိနေဦးမှာပဲ၊ ဒါတစ်ချက်၊ နံပါတ်နှစ်က နိုင်ငံတကာအဖွဲ့အစည်းတွေရှိတော့ရှိပါတယ်၊ အဲဒီ နိုင်ငံတကာအဖွဲ့အစည်းတွေက လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝမရှိဘူး။သူ့ရဲ့အချုပ်အခြာအာဏာ အပြည့်အဝမရှိဘူး။ ဒီနှစ်ချက်ကြောင့်မို့ real politicsနဲ့ပဲ သွားရဦးမယ်လို့ဆိုတယ်၊ Real politics ဆိုတာ interest ကိုပဲ base လုပ်သွားတာပေါ့၊ Ethics တို့ value တို့ပြောသာပြောတာ တကယ် ဦးစားမပေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ၊ အမေရိကန်ရော၊တရုတ်ရော အကုန်လုံးဒီအတိုင်း သွားနေတာပါပဲ၊ အဲဒါတွေကို ကျွန်တော်တို့ကအပြစ် ပြောလို့တော့ သိပ်ရမယ် မထင်ဘူး၊ အဲဒါကို အပြစ်ပြောဖို့ ထက် ဩသြ်သူတို့က value တစ်ခုအတွက် လုပ်နေပါလားလို့ စိတ်ကူးမယဉ်မိဖို့က ပိုအရေးကြီးမယ်ထင်တယ်၊ value ကို လုံးဝပစ်ပယ်တာမျိုးတော့ ဟုတ်ချင်မှဟုတ်မယ်ပေါ့ဗျာ။နံပါတ်(၁)ဦးစားပေးအနေနဲ့မရှိတာတော့ သေချာတယ်။

မေး ဆရာ ဗေဒင်တွေဘာတွေ မေးခဲ့ဖူးလား။

ဖြေ ဗေဒင်တော့ ပိုက်ဆံပေးပြီး ကျွန်တော်တစ်ခါမှ မမေးခဲ့ဖူးဘူးဗျ။ဝါသနာပါတဲ့သူငယ်ချင်းတွေ တွက်ပေးတာတို့ဘုန်းကြီး တွေက တွက်ပေးတာတို့ပဲရှိတယ်၊ သိပ်မမှန် ဖူးပါဘူးဗျာ။ဘာလို့မမှန်လဲဆိုတော့ သူတို့ဟောတာတွေကသိပ်ကောင်းလွန်းနေတယ်၊ (ရယ်လျက်) တကယ်ကျတော့ ကောင်းတာ သိပ်မဖြစ်ဘူး။

မေး အဲဒီတော့ဗေဒင်ပညာရပ်ပေါ် ဆရာ့အမြင်လေး ပြောပါဦး။

ဖြေ ရှေ့မှာဆိုရင် ဗေဒင်ဆရာတွေပိုခေတ်ကောင်းဦးမယ် ထင်တယ်။ အိုင်တီခေတ်ရဲ့ သဘာဝက uncertainty လေဗျာ။ "ကေန်မဲ့မှု" မို့လား၊ ဒီတော့ ရှေ့ဆက်ဘာဖြစ်မယ် predict လုပ်ဖို့ခက်တာပေါ့၊ X-factor တွေ ပိုများလာတယ်လို့ ပြောရမယ်ထင်တယ်၊ဒါဗေဒင်ဆရာတွေအတွက် အလွန်အားကောင်းတဲ့ ဈေးကွက်ကြီးပေါ့။

ဗေဒင်ကို ကျွန်တော်ဝါသနာမပါပေမဲ့ စိတ်ဝင်စားပါတယ်၊ အထင်လဲ မသေးပါဘူး၊ တကယ်က predict လုပ်ရတာတွေရှိနေတာကိုး၊ နိုင်ငံရေးမှာလဲ မကင်းပါဘူး၊

မေး နိုင်ငံရေးဆိုလို့ သတိရလို့ဖြတ်မေးလိုက်ဦးမယ်၊ "နိုင်ငံ





ရေး"ဆိုတာ ဘာလဲ၊ ဆရာ့ရဲ့ ကိုယ်ပိုင် own tune လေးပေါ့၊

ဖြေ အရစ္စတိုတယ်ကတော့ "လူဆိုတာ နိုင်ငံရေးသတ္တဝါ"တဲ့။ အဒမ်စမစ်ကတော့ မဟုတ်ဘူး၊ "စီးပွားရေးသတ္တဝါ"တဲ့။ လူနှစ်ယောက်တွေ့ကြရင် ပါလာတဲ့ပစ္စည်းချင်း အရင်ဆုံး ဖလှယ်ကြမယ်၊ ပြီးမှရန်ဖြစ်ရင်ဖြစ်မယ်တဲ့၊ "ဟေဂယ်" ကတော့လူဆိုတာ "အသိအမှတ်ပြုခံလိုတဲ့ သတ္တဝါ"တဲ့ ဟေဂယ်ရဲ့သဘောထားက ပိုယေဘုယျကျမယ်ထင်တယ်။ Own tuneတော့ မလုပ်နဲ့ဗျာ။ ကျွန်တော်က ကော်ပီသမား၊" သူများပြောတာတွေပဲ ပြန်ပြောတတ်တယ်။

မေး ဆရာ. . . pollitics ဆိုတာ. . . ၊

ဖြေ ဒီမေးခွန်းဝဲ ပြန်ကျော့လာတာကိုး၊ ထားပါတော့။ ကျွန်တော်က တစ်မျိုးပြန်ဖြေမယ်။ မကြာသေးခင်က ဖတ်ခဲ့ရတဲ့ စာတစ်ပုဒ်ရှိတယ်၊ The End of Political Party တဲ့။ နိုင်ငံရေးပါတီများရဲ့ နိဂုံးပေါ့ဗျာ။ဒီစာကို ရေးတဲ့ကျမ်းရှင်က ခုလိုပြောတယ်ဗျ၊ ပြုပြင် ပြောင်းလဲမှုတွေသာ နက်နက်ရှိုင်းရှိုင်း မလုပ်နိုင်ရင် ဒီကနေ့ရှိနေတဲ့ နိုင်ငံရေးပါတီအားလုံး နောင်အနှစ်(၃၀)လောက်ကြာရင် ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်သွားနိုင်တယ်တဲ့။ သူ့ကောက်ချက်အတွက် သူက အကြောင်းပြချက် သုံးခုပြတယ်၊

(၁) ဒီကနေ့ နိုင်ငံရေးပါတီအများစု ( လက်ဝဲရော လက်ယာပါ) ဟာ class base ကို အခြေခံကြတာများတယ်။ Class clash ဟာ ဒီနေ့ထိ ရှိသလောက်ရှိသေးပေမဲ့ သူ့ထက် အရေးကြီးတဲ့ တခြား clash တွေရှိနေပြီ၊ ဘာတွေလဲဆိုတော့ ethnicတို့ religion တို့ပေါ့၊ ဒီတော့ လက်ရှိ နိုင်ငံရေးပါတီတွေရဲ့ focus ဟာ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



(၂) ဗိုင်တီခေတ်ရဲ့ ထူးခြားချက်တစ်ခုက အမှန် truthတွေရဲ့ သက်တမ်းတိုလာတာ။ နိုင်ငံရေးလမ်းစဉ်ဆိုတာက ကာလတစ်ခုရဲ့truth ပေါ် အခြေခံချိရတာကလား။ Truth သက်တမ်းတိုလာတော့ လမ်းစဉ်လည်း ကြာကြာမခံတော့ဘူး။အခြေအနေနဲ့ လိုက်လျောညီထွေ ပြောင်းနိုင်မှ တော်ကာကျမယ်။ ဒီနေ့ နိုင်ငံရေးပါတီတွေရဲ့ အားနည်းချက်ကလုံလောက်တဲ့ "ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်း" (flexibility) မရှိတာ လို့ဆိုတယ်။

(၃) ဗိုင်တီရဲ့နောက်ထပ်ထူးခြားချက်တစ်ခုက လူပုဂ္ဂိုလ်တစ်ဦးချင်းကို empower လုပ်လိုက်တာ။ ဒါပေမဲ့ ဒီကနေ့ နိုင်ငံရေးပါတီတွေမှာ လူပုဂ္ဂိုလ်တစ်ယောက်ချင်းရဲ့ လှုပ်ရှားနိုင်တဲ့ 'ခွင်' ကျဉ်းလွန်းတယ်။ Powerful ဖြစ်လာတဲ့ လူက ကွင်းကျယ်ကျယ် တောင်းလာတယ်။ ပါတီတွေက မပေးနိုင်ဖြစ်နေတယ်တဲ့။အဲဒါ ကျွန်တော်ဖတ်ရတာကို ပြန်ပြောတာ။ နိုင်ငံရေးသမားတွေ စဉ်းစားကြည့်ဖို့ကောင်းမယ်ထင်တာပဲ။

မေး ဆရာ ကွန်မြူနစ်စနစ် အပေါ်ကို သံသယဝင်တာက နှစ်ကြိမ်၊ ၁၉၇၆ ခုနှစ် ဗီယက်နမ်က ကမ္ဘောဒီးယားကိုဝင်တိုက်တော့ ဖြစ်လိုက်ရတဲ့ သံသယက ချေဖျက်လို့မရတော့ဘူးဆိုတော့. . .၊ အဲဒါပြောပြီးတော့ အဲဒီနောက်မှာပဲ ဆရာ့ သစ်ပင်တွေကြားထဲ ရောက်သွားတယ်။ သံသယကြီး ပြီးတော့. . .

ဖြေ ကိုယ့်ယုံကြည်မှုကို ပြန်စိစစ်ဖို့ အကောင်းဆုံးလက်နက်ဟာ သံသယပဲတဲ့။ ဘာထရန်ရပ်ဆဲ(လ) ပြောတာပါ။ ခင်ဗျား မေးခွန်းကိုဖြေဖို့ဆိုရင် ဟေဂယ်ရဲ့စကားကို ငှားသုံးချင်ပါတယ်။ "လူဆိုတာ သမိုင်းကို တစ်ဆင့်ပြီး တစ်ဆင့် သိလာတာတဲ့"





မေး ပညာဘက် လှည့်ကြရအောင်ဆရာရယ်။ ပညာဆိုတာ education လား konwledge လား. . . . ဆရာ ဘယ်လိုအဓိပ္ပာယ်ဖွင့်မလဲ။

ဖြေ ကျွန်တော့် အထင် knowledge က subject ပါ။ education က method ပေါ့။ ဒါကြောင့် konwledge ကို "ပညာ"၊ education ကို "ပညာရေး"လို့ ဘာသာပြန်ပါတယ်။

ထင်တာကိုပြောတာပါ။ အဓိပ္ပာယ်ဖွင့်ပြရ လောက်အောင် ကျွန်တော် မတတ်ပါဘူး။

မေး ဆရာ့အနေနဲ့ guide လုပ်တာ မဟုတ်ဘူးပေါ့နော်။ စေတနာပေါ့။ လူငယ်တွေကို ဘယ်လိုပညာမျိုး ရစေချင်သလဲ။ ရင်ထဲက . .

ဖြေ ကျွန်တော်က "ပညာ" konwledge ဆိုတာထက် "ပဋိပညာ" anti knowledge အကြောင်းပိုပြောချင်နေတယ်။ပညာဆိုတာက သိပြီးသားတွေရဲ့ အစုအဝေးပေါ့ဗျာ။ အဖြေတွေရဲ့ အစုအဝေးပေါ့။ ဒါကို "သင်ယူနည်း" (learning) နဲ့ သွားရတယ်။ ပဋိပညာဆိုတာက မသိသေးတာတွေရဲ့ အစုအဝေး၊ မေးခွန်းတွေရဲ့ အစုအဝေးပေါ့။ ဒါကိုတော့ "ပြောင်းပြန်သင်ယူနည်း" unlearning နဲ့ သွားရမယ်လို့ဆိုတယ်။ ဆိုလိုတာက ကိုယ်သိပြီး၊ နားလည်ပြီး၊ ယုံကြည်ပြီးသားတွေကို မပြတ်စိစစ်နေဖို့ပါ။ မပြတ်မေးခွန်းထုတ်နေဖို့ပါ။ ဒါမှ အနာဂတ်အစွဲအလန်းတွေ ကင်းမယ်လို့ ဆိုပါတယ်။

ဗိုင်တီခေတ်မှာ ပညာကို စုဆောင်းမှတ်သားဖို့က သိပ်မခက်လှတော့ပါဘူးဗျာ။ ကွန်ပျူတာဒေတာဘေ့စ်တွေ ရှိနေပြီပဲ။ ဒါပေမဲ့ ပညာကို စိစစ်ဝေဖန်ဖို့ကတော့ ကွန်ပျူတာ မကူညီနိုင်ဘူးဗျ။ ကိုယ်ပိုင်ဉာဏ်နဲ့မှ ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကျွန်တော့်သားသမီးတွေကို ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန် ဆန်းစစ်နိုင်သူတွေ ဖြစ်စေချင်တယ်။ မိဘထက် သာတဲ့ အတိဇာတသားသမီးတွေ ဖြစ်စေချင်တယ်။

မေး ခုနက နိုင်ငံရေးဆိုတာမှာ မေ့နေလို့ . . .။ ဆိုဗီယက် ယူနီယံပြိုကွဲသွားတာ အမေရိကရဲ့ ပယောဂ ဘယ်လောက်များ ပါနိုင်မလဲ။

ဖြေ ပါသလောက်တော့ပါမယ်ဗျာ။ အဓိကတော့ မဖြစ်နိုင်ဘူး။

မေး ၅၀ လောက်ရော မဖြစ်နိုင်ဘူးလား. . .။

ဖြေ မဖြစ်နိုင်ဘူး။ under fifty ပဲ ဖြစ်ဖို့များတယ်။ အတိအကျတော့ ကျွန်တော်လဲ မသတ်မှတ်တတ်ဘူး။ ၅၀ အထိ မရောက်နိုင်ဘူး။ အဓိကကတော့ ကိုယ့်စနစ်ရဲ့ အားနည်းချက်ကြောင့်ပဲ။ စနစ်ကိုက မမှန်လို့မို့ဖြစ်တာ။

မေး ဒါဆိုရင် ၂၀/၃၀ လောက်ပဲပေါ့။

ဖြေ အဲဒီလောက် အတိအကျကြီးတော့ ကျွန်တော်သတ်မှတ်ဖို့ တော်တော်ခက်တယ်။ ဘာလို့လဲ ဆိုတော့ ရုရှားရဲ့အဖြစ်အပျက်ကို ကျွန်တော်တို့ အတိအကျမသိဘူး။ အဲဒီကိစ္စကတော့ တကယ် research လုပ်တဲ့ သူတွေတောင်မှ ကိန်းဂဏန်းနဲ့ ပြောဖို့ခက်လိမ့်မယ်။ အဲဒီလောက်ထိတော့ ပြောလို့ရမယ်မထင်ဘူး။ ဘာပဲပြောပြော under-fifty ပဲ ဖြစ်လိမ့်မယ် ထင်တယ်။ ကျွန်တော် အဲဒီလောက်ပဲ ပြောရဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်ရဲ့ ပေါ်လစီဟာ ကျူးဘားလဲ အဲဒီလို ချခဲ့တာပါပဲ။ ဒါပေမဲ့ ကျူးဘားက အခုထိ မပြိုဘူး။ မပြိုသေးဘူးပဲထားပါတော့။ ရုရှား(ဆိုဗီယက်)ကတော့ ပြိုသွားပြီ။ ဒါကလည်း သူ့အတွင်းအကြောင်းနဲ့သူပဲ ဖြစ်လိမ့်မယ်။





မေး ကျူးဘားနိုင်ငံတရော . . .၊ အမေရိကန်နိုင်ငံက . .။

ဖြေ ကျူးဘားနဲ့ အရှေ့ဥရောပနိုင်ငံတွေဟာ အနေအထားချင်း မတူကြဘူးဗျ။ အရှေ့ဥရောပနိုင်ငံတွေက ဆိုဗီယက် orbit ထဲမှာနေရတာ။ သူတို့အတွက် အမျိုးသားရေးဝါဒဟာ ဆိုဗီယက်ဆန့်ကျင်ရေးလက်နက် ဖြစ်နိုင်တယ်။ ဖြစ်လဲဖြစ်ခဲ့တာပါပဲ။ ဒါပေမဲ့ ကျူးဘားကျတော့ တစ်မျိုး၊ ကျူးဘားက အမေရိကရဲ့ တံစက်မြိတ်အောက်မှာ ရှိနေတာ။ ကျူးဘားအမျိုးသားရေးဝါဒဟာ အမေရိကန်ဆန့်ကျင်ရေး ဖြစ်နိုင်တယ်။ ကပ်စထရို ဒီနေ့ထိ ကျူးဘားကို ထိန်းထားတာ၊ မာ့က်စ်ဝါဒထက် အမျိုးသားရေးဝါဒနဲ့ ထိန်းထားတာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ အားလုံးဟာ အနိစ္စပဲလေ။ ဘာမှ မဖြစ်နိုင်ဘူးဆိုတာတော့ မဟုတ်ပါဘူး။

မေး အဲဒီတော့ အမေရိကန် ပိတ်ဆို့ထားတာတွေလဲ တဖြည်းဖြည်းနဲ့ ရုပ်သိမ်းသွားနိုင်မယ့် အလားအလာရှိမယ်။

ဖြေ တရုတ်လိုဖြစ်လာနိုင်တဲ့ အလားအလာရှိနိုင်ပါတယ်။

မေး ဆက်လိုက်ပါဦး ဆရာ၊ တရုတ်ဘာသာ ဝင်လာတော့၊ အမေရိကန် နိုင်ငံခြားရေး ပေါ်လစီပေါ့. . . .။ သူက ပထမတော့ ရုရှားကြီးပေါ့၊ရုရှားကြီးကို မဲနေတယ်။ နောက်ကျတော့ တရုတ်၊ တရုတ်ဘက်ကို လှည့်လာတယ်။ အခုတရုတ်မဟုတ်တော့ဘူး။ မြောက်ကိုရီးယား၊ အီရန် ဘာညာဘက် လှည့်လာတယ်။ အဲဒါအခု သူ့ရဲ့ ပေါ်လစီသွားနေတဲ့ လမ်းကြောင်းလေးတွေလဲ ဆရာ ဘယ်လိုသဘောရသလဲ။ အဲဒါလေးနည်းနည်း သုံးသပ်ပေးပါဦး. . .။

ဖြေ စစ်အေးလွန်ခေတ်ရောက်တော့ အမေရိကန်ပေါ်လစီမိတ်ကာတွေကြားမှာ အယူအဆနှစ်ခု သိသိသာသာ ကွဲလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ။ တစ်ခုက နီယိုလစ်ဘရယ်ပေါ့။ သူတို့က နိုင်ငံတကာ အဖွဲ့အစည်းတွေကနေ သွားချင်တယ်။ multi-lateralism ပေါ့။ နောက်တစ်ခုက နီယိုကွန်ဆာဗေးတစ်အယူအဆ၊ သူက နိုင်ငံတကာအဖွဲ့အစည်းတွေကို အမေရိကန် ပါဝါအပေါ် တုပ်နှောင်မှုလို့မြင်တယ်။ ဒါကြောင့် တစ်ကိုယ်တော်ကျိတ်ဖို့ အားသန်တယ်။ Unilateralism ပေါ့။ လက်ရှိ ဘုရှ်အစိုးရက ဒါကိုကိုယ်စားပြုတာပါ။ အီရတ်စစ်ပွဲဟာ ဒီအယူအဆက လာတာပေါ့။

ဒါကို နီယိုကွန်တစ်ယောက်ဖြစ်တဲ့ ဖရန်ဆစ်ဖူကူယားမားက ဝေဖန်တယ်။ ကျွန်တော် ဘာသာပြန်ခဲ့တဲ့ 'နိုင်ငံတည်ဆောက်ရေး' ဟာ အီရတ်အတွေ့အကြုံကို ပြန်ဆန်းစစ်တာလို့ ဆိုနိုင်ပါတယ်။ အခု ဖူကူယားမားရဲ့ နောက်ထပ် စာအုပ်အသစ် ထွက်နေပြီလို့ ကြားရတယ်။ American at the Crossroad တဲ့။ ကျွန်တော်လဲ မဖတ်ရသေးပါဘူး။ အင်တာနက်က အနည်းအကျဉ်းလောက်ပဲ မြည်းရသေးတယ်။ ဒီမှာ ထူးခြားတာက ဖူကူယားမားကိုယ်တိုင် သူယုံခဲ့တဲ့ နီယိုကွန်အယူအဆကို ပြန်ဝေဖန်ဆန်းစစ်လာတယ်။ ဒီစာအုပ် ဖတ်ချင်တယ်ဗျာ။

တစ်ခုတော့ ရှိတယ်ဗျ။ နီယိုကွန်ရော၊နီယိုလစ်ရော၊ နှစ်ဂိုဏ်းလုံးက ဝီလဆင်ဝါဒအလံကို လွှင့်ထားကြဆဲပဲ။ Valueနဲ့Interest ဘယ်လိုအချိုးအဆရှိမယ်ဆိုတာတော့ တွက်ရမှာပေါ့ဗျာ။

မေး — ခုနကပြောသွားတဲ့ထဲမှာပါသလို အမေရိကန်က လက်ကျန်ကွန်မြူနစ်နိုင်ငံတွေကိုပါ မျက်ကွယ်ပြုလိုက်ပြီလား၊ အဲဒီလိုလား။ ဆရာဘယ်လိုယူဆလဲ။

ဖြေ — မျက်ကွယ်မပြုလို့ပေါ့ဗျာ၊ တရုတ်နဲ့ ပေါင်းပြီး deal လုပ်နေတာ၊ ဒါပေမဲ့ သူ့ရဲ့ agenda မှာ ကွန်မြူနစ်ဆန့်ကျင်ရေး





ဆိုတာ ထိပ်ကမရှိတော့ဘူး။ အကြမ်းဖက်ဝါဒ ဖြစ်သွားပြီ။

မေး — ရုရှကြီးပြိုကွဲသွားတာ ITခေတ်ရဲ့ စိန်ခေါ်ချက်တွေကို မတုံ့ပြန်နိုင်လို့ ဖြစ်ရတာလို့ ဆရာပြောခဲ့ဖူးပါတယ်။ အဲဒါ နိုင်ငံတိုင်း အဲလိုဖြစ်နိုင်တယ်လို့ ဆရာ ယူဆသလား။ မတုံ့ပြန်နိုင်တဲ့ ဘယ်နိုင်ငံမဆိုပေါ့......။

ဖြေ — ပြိုပ်နိုင်ချေလို့ပဲ ပြောရမှာပေါ့ဗျာ။ သေချာပေါက် ဖြစ်လိမ့်မယ်လို့တော့ ဘယ်ပြောလို့ရမလဲ။

မေး — ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးတဲ့ နိုင်ငံတွေက လူငယ်တွေပေါ့နော်၊ သူတို့လဲ ပညာကို ရှာနေတာပဲ........။ ရှာနေတယ်၊ အော်နေကြတာပဲ။ သူတို့ရှာနေတဲ့ 'ပညာ' ဆိုတာ ဘယ်လို'ပညာ'မျိုးဖြစ်မယ်လို့ ယူဆသလဲ။

ဖြေ — ပညာခေတ်လို့ လွယ်လွယ်ပြောနေကြပေမဲ့ အဆင့်တွေရှိတယ်ဗျ။ ပထမအဆင့်က ရှိပြီးသားပညာတွေကို အသုံးချတာ၊ ဒီအဆင့်မှာ knowledge worker က အဓိကပေါ့။ နောက်တစ်ဆင့်ရောက်တော့ ပညာအသစ်တွေ ဖန်တီးယူရတာ။ ဒီအဆင့်မှာ knowledge creatorက အဓိက။ အခုတော့ ပညာတွေ မျှဝေနိုင်အောင် ဖလှယ်ကြတဲ့အဆင့်။ knowledge sharingလို့ခေါ်တယ်။ ဒီမှာရှေ့ရောက်လာတာကopen source သမားတွေ။ 'တံခါးဖွင့် စူးစမ်းရှာဖွေသူတွေ'ပေါ့ဗျာ။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာဒီအဆင့်ရောက်နေပြီ။

မေး — တစ်လက်စတည်း ပြောလိုက်ပါဦး ဆရာရယ်၊ ဗင်နီဇွဲလားသမ္မတ ဟူဂိုးချားဗက်ကို ဘယ်လိုမြင်လဲ။ သူ့ကိစ္စလေးတွေ နည်းနည်းလောက်.....၊ ယေဘုယျ အမြင်လေးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ သူလိုလူမျိုးတွေနဲ့ ဝတ်သက်လို့ နယူးဝိ(ခ်)ဂျာနယ်လစ်၊ ဇာခါရီဇာသုံးတဲ့ ဝေါဟာရတစ်ခုရှိတယ်ဗျ။elected dictatorတဲ့။ ဒီမိုကရေစီမှာ'ဒီမာဂေါ့'(demagogue)တွေလဲ စားချင်စားသွားတတ်တာကလား။

မေး ဗင်နီဇွဲလားသမ္မတဟူဂိုးချာဗက်ကို ယေဘုယျပြောသလို ပူတင်ကိုပါ ဆက်ပြီးနည်းနည်းလောက် ဆွေးနွေးပေးပါဦး၊

ဖြေ ပူတင်တက်ခါစက IHT ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရတယ်။ ခေါင်းစဉ်က 'ဗလာဒီမာဇာလော၊ ဗလာဒီမာဘော်ရှိဗစ်လော' တဲ့၊ အဲဒီ ဆောင်းပါးရှင် မှန်းဆတဲ့အတိုင်း ကွက်တိ ဖြစ်လာရောပဲ၊

မေး ကောင်းပါပြီ ထားလိုက်ပါတော့၊ ဒါဖြင့်ရင် မာတ်ငွေ့ပိုက်လိုင်းကို ဗိတ်ပစ်တာ သူမှန်သလား၊

ဖြေ ၂၁ ရာစုဟာ ပိုက်လိုင်းနိုင်ငံရေးဖြစ်နိုင်တယ်ဆိုတဲ့ မှန်းဆချက်တစ်ခုရှိတယ်ဗျ။ ဒါတွေဟာ နိုင်ငံရေးကစားကွက်တွေဖြစ်နိုင်တာပေါ့။ အမှန်တွေ အမှားတွေတော့ ကျွန်တော်မပြောချင်ဘူး။

မေး သူက အီရန်ဘက်ကနေ ရပ်နေတယ်။အခုတော့ နည်းနည်းပိုဒင်းဖြစ်သွားပါပြီ။IAEA မှာ သဘောတူလိုက်ပြီ ဘာညာ၊ အဲဒါ သူ့ရပ်တည်ချက်ကို ဆရာဘယ်လိုမြင်လဲ။(အီရန်ဘက်မှ အမြဲရပ်တည်ပေးသော ရုရှားနိုင်ငံကို ရည်ရွယ်ပါသည်၊)

ဖြေ အဲဒီ အခိုင်အမာကိစ္စတွေတော့ သိပ်မပြောတာကောင်းပါတယ်ဗျာ။ဘာလို့လဲဆိုတော့ ကျွန်တော်တို့လဲစောင့်ကြည့်နေသေးတယ်။ ဘာမှ သိပ်အခိုင်အမာ ပြောလို့ မကောင်းဘူး။ ပြီးတော့ ဒါတွေဟာ politics ထက် business သဘော ပိုဆောင်တယ်။ အဲဒီ business သဘောတွေ၊ ကျွန်တော်တို့နဲ့(တည့်တည့်ပြောရရင်)ဝေးတယ်။ ကုမ္ပဏီတွေရဲ့ လက်တံတွေ ဘယ်လောက်အထိ ဖြန့်ထားတယ်ဆိုတာ ကျွန်တော်တို့ တိတိကျကျမသိရဘူးဆိုတော့ အဲဒါတွေနဲ့ ချိန်စက်ပြောမှုရမယ့်ဟာတွေ တော်တော်များများက တကယ့်လက်တွေ့မှာ ရှိနေတယ်လေ။ အီရတ်စစ်ပွဲသာ ပြောနေရတာ၊အီရတ်စစ်ပွဲနောက်ကနေ business လက်တံတွေဖြန့်ထားတာ.....၊ အများကြီးရှိတာ သေချာတယ်။ ဒါပေမဲ့ နိုင်နိုင်မာမာ မသိဘူး။အဲဒါတွေ မပြောဘဲနဲ့လည်း ယေဘုယျအမြင် ကျသွားလိမ့်မယ်။



မေး ဆရာ ဟိုမှာလဲ ပြောခဲ့တယ်၊ 'နိုင်ငံရေး မလုပ်ချင်တော့ဘူး'ဆိုတာ။အဲဒါ ဘယ်လိုနိုင်ငံရေးကို မလုပ်ချင်တာလဲ။ဘယ်လိုနိုင်ငံရေးကို လုပ်ချင်တာလဲ။(Weekly Elevenထဲတွင် ပြောခဲ့သောစကားကို ရည်ရွယ်၍ မေးခြင်းဖြစ်သည်။)

ဖြေ နိုင်ငံရေးက ဘယ်နှမျိုးများရှိလို့လဲ။ ကျွန်တော်တော့ မသိဘူး၊ ကျွန်တော် သိတာက

(၁) နိုင်ငံရေးဆိုတာ အဖွဲ့အစည်းနဲ့လုပ်ရတယ်။(ကျွန်တော့် စရိုက်နဲ့ မကိုက်ဘူး) (၂) နိုင်ငံရေးမှာ ကိုယ့်အမြင်ကို၊ ကိုယ့်အဖွဲ့အစည်းအမြင်ဖြစ်အောင် လုပ်တတ်ရမယ်။ ဒါ နိုင်ငံရေး အတတ်ပညာဖြစ်မယ် ထင်တယ်။ (ဒီဘက်မှာ ကျွန်တော် ညံ့တယ်)။ဒါကြောင့် မလုပ်ချင်ဘူး ပြောတာ၊ အဲဒါကို တချို့က မကျေနပ်ကြဘူး ထင်ပါရဲ့ဗျာ၊ ဘာတတ်နိုင်မလဲ၊ ကျွန်တော်ကတော့ စိတ်ထဲရှိတဲ့အတိုင်း ပြောချလိုက်တာပါပဲ။

မေး အဲလိုဆိုရင် သီလာသမျှပညာတွေကို တတ်နိုင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြေပေးနေတဲ့ဆရာ့ကို တစ်ကိုယ်တော်ကြိုက် နိုင်ငံရေးသမားလို့တံဆိပ်တပ်ရင် ဆရာဘာပြောချင်သလဲ။

ဖြေ တံဆိပ်ဆိုတာ တပ်ချင်သလို တပ်ခွင့်ရှိတာပဲ။ သေချာတာကတော့ ကျွန်တော် နိုင်ငံရေးသမားမဟုတ်ဘူး။ဘယ်နိုင်ငံရေးပါတီမှ မပါဖူးလို့ပဲ။

မေး ခုနက ပူတင်ကိစ္စမေးရင်းနဲ့ ကျန်ခဲ့လို့ဆရာရယ်။ ဂေါ်ဘာချော့ဗ်ကြိုးလုပ်ခဲ့တဲ့ ဂလပ်စနော့တ်၊ ပယ်ရီစထရွိုက်ဝါတို့ မအောင်မြင်ခဲ့ဘူး၊ အောင်မြင်ခဲ့ရင်ရော ရုရှကြီး ဘယ်လိုပုံသဏ္ဍာန်ဖြစ်လာမလဲ။

ဖြေ If တွေကို ကျွန်တော် စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ If clauseရဲ့အဆက်ကို ရေးဖို့ဆိုတာက မလွယ်ဘူးဗျ။အထူးသဖြင့် သမိုင်းနဲ့ဆိုင်တဲ့ If တွေဆိုရင် သိဖို့ ပိုခက်တယ်။ သမိုင်းပညာရှင် ဒါမှမဟုတ် နိုင်ငံရေးခေါင်းဆောင်မှ ကျယ်ကျယ်ပြန့်ပြန့်ဖြေနိုင်မှာ။ ကျွန်တော်က ဘာကောင်မှ မဟုတ်ဘူးလေဗျာ။

ဉာဏ်မီသလောက်တော့ ဖြေကြည့်မယ်လေ။ ဂေါ်ဘာချော့(ဗ်)အောင်မြင်ရင်၊ ယဲ့လ်ဆင် တင့်ကားပေါ် ရောက်လာမှာမဟုတ်ဘူး။ဒါဆို ပူတင်ခေတ်ဆိုတာလဲရှိမှာမဟုတ်ဘူး။ ဒါဆိုရင် ...ခင်ဗျားဘာသာ ဆက်ဖြေကြည့်ပေါ့ဗျာ။ စိတ်ဝင်စားဖို့ ကောင်းပါတယ်။

မေး ဆရာရေ အိန္ဒိယနဲ့ တရုတ်ယှဉ်လိုက်တော့ တရုတ်က Veto ကိုင်ထားနိုင်တဲ့ အားသာချက် ဘာရှိနိုင်မလဲ။

ဖြေ ဗီတိုကိုင်ထားနိုင်တော့ နိုင်ငံတကာ အသိုင်းအဝိုင်း(ကုလသမဂ္ဂ)မှာ ခြေမြဲလက်မြဲ ရပ်လိမ့်မယ်လို့ မျှော်လင့်နိုင်တာပေါ့။ Multilateralism ပေါ့ဗျာ။ ဗီတိုမကိုင်နိုင်တဲ့ နိုင်ငံ





တွေကတော့ ကုလသမဂ္ဂလမ်းကြောင်းကို ကွေ့ရှောင်သွားတာမျိုး လုပ်ကောင်းလုပ်လာနိုင်တယ်။Unilateralism ကို အားပြုလာနိုင်ချေရှိတာပေါ့။

မေး စီးပွားရေးနဲ့ ပတ်သက်ရင်ရော ဆရာ......။

ဖြေ အခုလောလောဆယ် ကိန်းဂဏန်းတွေအရတော့ တရုတ်က ရှေ့ရောက်နေတာပေါ့ဗျာ။ ရေရှည်မှာတော့ အိန္ဒိယက ပိုစွာမလားလို့ စဉ်းစားမိတယ်။ အကြောင်းနှစ်ခုကြောင့်ပါ။ တစ်ခုက အိန္ဒိယရဲ့ ပညာအလုပ်သမားက တရုတ်ရဲ့ဈေးချိုတဲ့ လုပ်အားထက် ပိုဆွဲဆောင်နိုင်မယ်ထင်တယ်။ နောက်တစ်ခုကတော့ political economy ကိစ္စလို့ ပြောရမယ်ထင်တယ်။ Growth ရဲ့ ပွိုင့်တစ်ခုရောက်လာရင်၊ စီးပွားရေးနဲ့ နိုင်ငံရေးကြား တင်းမာမှုရှိလာနိုင်တယ်လေ၊ အဲဒီလိုဖြစ်ခဲ့ရင် အိန္ဒိယမှာဖြေရှင်းနိုင်တဲ့ machenism ကအခိုင်အမာ ရှိပြီးသား၊ တရုတ်မှာက အခုမှစ စဉ်းစားနေရတာ။ ဒါကြောင့်ရေရှည်မှာ အိန္ဒိယက ပိုစွာလေမလားတွေးမိတာပါ။

မေး ဆရာရေ စာဖတ်သူ လှည့်ကြရအောင်၊ ဆရာ ကဗျာနဲ့ ဝတ္ထုရေးခဲ့ဖူးသလား၊ မဂ္ဂဇင်းတချို့မှာရော. . . ။

ဖြေ အနည်းအကျဉ်းတော့ ရေးဖူးပါတယ်။ ဘယ်မဂ္ဂဇင်းမှ မပို့ဖူးပါဘူး။ ကျွန်တော်က ရသစာရေးဆရာ မဟုတ်ဘူး။ Author လို့ မပြောနိုင်ပါဘူး။ ကိုယ်တိုင်ဖန်တီးတာမှ မဟုတ်တာ။ ဖတ်ရှုမှတ်ရသရွေ့ ပြန်ဖောက်သည်ချတဲ့အဆင့်လောက်ပဲ ရှိပါတယ်။

မေး ဆရာ ပန်းချီရော ဝါသနာပါလား။

ဖြေ ပန်းချီကတော့ ပထမဦးဆုံး ဝါသနာပါတာလို့ ပြောရမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ ဘာလို့လဲဆိုတော့ ယေ်ယေ်ကတည်းက တော်တော်ဝါသနာပါခဲ့တာကိုး။

မေး — ပန်းချီနဲ့ပတ်သက်ပြီး ဆရာလေ့လာခဲ့တာ၊ လုပ်ခဲ့တာလေးတွေလဲ ပြောပါဦး။

ဖြေ — ဟုတ်ဟုတ်ငြားငြား မရှိပါဘူး။ ပန်းချီအယူအဆ တချို့တော့ နည်းနည်းဖတ်ဖူးတယ်။

မေး — ကဗျာတွေက နိုင်ငံတည်ဆောက်ရေးအတွက် ဘယ်လောက် ပံ့ပိုးပေးနိုင်သလဲ။

ဖြေ — အဲလိုတော့ ပြောလို့မရဘူးထင်တယ်ဗျ။ အများကြီး ဖြစ်လာနိုင်တယ်။ ဒါပေမဲ့ သူက concrete မဟုတ်တဲ့အတွက် percentageတွေဘာတွေနဲ့ ပြောဖို့တော့ခက်တယ်။ ဒါပေမဲ့ အများကြီး. . .ဥပမာ သပြေညိုပေါ့ဗျာ။ လွတ်လပ်ရေးတိုက်ပွဲမှာ သပြေညိုရဲ့ အခန်းကဏ္ဍက ဘယ်လောက်ပါလဲဆိုတာ percentage နဲ့ ချပြောဖို့ ခက်လိမ့်မယ်။ အဲ. . သပြေညိုကြောင့် လွတ်လပ်ချင်တဲ့စိတ်တွေ ပေါ်လာတဲ့အရေအတွက်ကို စာရင်းကောက်ရင် နည်းမယ်မထင်ဘူး။ ဒါကြောင့်မို့ ကဗျာတို့ စာတို့ပေါ့. . .၊ အဲဒါတွေက Soft power ကိုး။ Soft power တစ်ခုက လျှော့တွက်လို့ မရဘူး။ သိပ်ပိုတွက်ဖို့ မလိုသလို လျှော့တွက်လို့လဲ မရဘူး။ Concrete မဖြစ်တော့ တိုင်းလို့လည်း မရဘူး။ ဒါပေမဲ့ အရေးတော့ကြီးတာပဲ။ ကဗျာတွေရော၊ ဝတ္ထုတွေရော အကုန်လုံး။ ဒါတွေကSoft powerထဲမှာ အကျုံးဝင်တာကိုး။ တစ်ခါတလေမှာ Hard Power မှာ Side Effect ကြီးတယ် ဗျ။ ထိရောက်မှုတော့ မြန်တယ်။ Soft Power မှာ Side Effect နည်းတယ်။ ထိရောက်မှု ဝုန်းခနဲ၊ ဒိုင်းခနဲ မမြင်သာဘူး။





မေး — အခု ဆရာ ဂျာနယ်တွေပေါ့၊ Media ကဏ္ဍပေါ့၊ အဲဒီ စတုတ္ထမဏ္ဍိုင် ဘာညာဆိုပြီးတော့ အဲဒီ Mediaကဏ္ဍကိုရော ဆရာ ဘယ်လိုမြင်လဲ။

ဖြေ — Media တွေ များလာတော့ ကောင်းတဲ့လက္ခဏာလို့ ထင်တာပေါ့ဗျာ။ ကျွန်တော်တော့ သဘောကျတယ်။ ရေးတဲ့သူတစ်ယောက်အနေနဲ့ရေးစရာတွေ ပိုပြီးများလာတာပေါ့။ ဖတ်တဲ့သူဘက်မှာလဲ choice ပိုရှိလာတာပေါ့။ အခုဟာက Media တွေ များလာတာက ကောင်းတယ်ဗျ။ ပြဿနာက ရေးတဲ့လူ နည်းနေတာ။ အဲဒါ သိပ်မဟုတ်ဘူး။အဲဒီတော့ ဘယ်မီဒီယာ၊ ဘယ်ဂျာနယ်ကြည့်လိုက်ကြည့်လိုက် ဒီလူ ဒီလူတွေ ထပ်နေတာ။ ကျွန်တော်လဲ အပါအဝင်ပေါ့ဗျာ။စာဖတ်ပရိသတ်အတွက်ကျတော့ သိပ်မကောင်းဘူး။ ရေးတဲ့သူလိုနေတယ်။ ဖတ်တဲ့ percentage ကလဲ အခြေအနေအရ နည်းတော့နည်းသေးတာပဲ။ အဲဒါလဲကျွန်တော်တို့ မတတ်နိုင်ဘူးပေါ့လေ။ ဒါကတော့ ထားတော့။

မေး — ဆရာကို ကျွန်တော်က ဆယ်လစ်ဘရစ်တီ (Celebrity) တစ်ယောက်လို့ သတ်မှတ်ချင်တယ်။အဲဒါ ဆရာ့အနေနဲ့ Yes or No တစ်ခွန်းတည်းပြောပါ။

ဖြေ — No ပဲ ဖြေရလိမ့်မယ်။

မေး — ဆရာပြောခဲ့ဖူးတဲ့ Ideology တစ်ခု ပြိုကျ ပျက်စီးသွားတာဟာ အိုင်ဒီယာရဲ့ စိန်ခေါ်မှုတွေကို မတုံ့ပြန်နိုင်လို့ ဘာညာ . . ။ အဲဒီတော့ အိုင်ဒီယော်ဲလော်ဂျီတစ်ခု ပြိုကျပျက်စီးသွားတာဟာ အဲဒီ အိုင်ဒီယော်လော်ဂျီမှားယွင်းနေတယ်လို့သတ်မှတ်လို့လား။

ဖြေ — အဲဒါကတော့ အမှားတို့ အမှန်တို့ကို ဘယ်လိုသတ်မှတ်မလဲဆိုတဲ့ အခြေခံနဲ့ ဆိုင်တာပေါ့လေ။ ယေဘုယျပြောရင်



www.burmeseclassic.com

www.burmeseclassic.com



လောကုတ္တရာတော့ ကျွန်တော်မပြောလိုဘူး။ ဒါကတော့ ကျွန်တော်တို့ လက်လှမ်းမမှီတဲ့ subject ပဲ . . ထားလိုက်တော့။ လောကီမှာ absolute truth ဆိုတာ မရှိဘူးလို့ ကျွန်တော် ယေဘုယျ ပြောချင်တယ်။ ဒီနေ့ မှန်နေပေမဲ့ ပနက်ဖြန်မှားချင်မှားသွားနိုင်တာကိုး။ အဲဒီတော့ အမှားအမှန်ကို ဘာနဲ့တိုင်းမလဲဆိုတော့ ဖြစ်ရပ်နဲ့အမီလိုက်နိုင်လား . . မလိုက်နိုင်လား။ ဒါကတော့ အနိမ့်ဆုံးအဆင့်ပေါ့။ နောက်တစ်ခုက ဖြစ်ရပ်တွေကို ရှေ့ဆောင်နိုင်လား၊ ရှေ့မဆောင်နိုင်ဘူးလားဆိုတာလဲ ရှိသေးတာကိုး။ ဒီလိုတိုင်းတာ သဘာဝပိုကျမယ်ထင်တယ်။ အဲလိုပြောလိုက်လို့ မနေ့က အယူအဆတစ်ခုက ဒီနေ့မှားသွားလို့ အလကားပါကွာ၊ သုံးမရပါဘူးလို့ ပစ္စလက္ခတ်ပြောတာမျိုးတော့ မဖြစ်စေချင်ဘူး။ အဲဒီတော့ ကျွန်တော်ကတော့ marxism ကို မှားသွားပြီလို့ မပြောချင်ဘူး။ ဂန္တဝင်ဖြစ်သွားပြီလို့ ပြောတာက ပိုပြီးသိမ်မွေ့မယ် ထင်တယ်။ ဂန္တဝင်ဆိုတာ လွှင့်ပစ်ရမှာမှ မဟုတ်ဘဲ။ သူ အသုံးတည့်တာတွေလည်း ရှိကောင်းရှိနိုင်သေးတယ်။ သို့သော် အရာရာ ရှေ့ဆောင်ဖြေရှင်းနိုင်တဲ့ ism တစ်ခုတော့ မဟုတ်တော့တာ သေချာတယ်။ အဲလိုပြောတာက ပိုကောင်းမယ်ထင်တယ်။ marxism ကို classical marxism လို့သုံးလာတာ တရုတ်ကွန်မြူနစ်ပါတီက ၁၉၈၀ လောက်ကတည်းက သုံးလာတာ။ ကျွန်တော်တို့ဆီက လက်ဝဲသမားတွေ သိမှသိရဲ့လား မသိဘူး။ ကျွန်တော်က အခုမှသုံးရဲတာ။

**မေး** အဲဒီတော့ အမေရိကရဲ့ ဒီမိုကရေစီရော ဆရာ ဘယ်လိုမြင်သလဲ။

**ဖြေ** ယေဘုယျပြောရရင်တော့ သူက liberal democracy ဆိုတာ သီအိုရီအရတော့ အခုချိန်ထိကတော့ flexible အဖြစ်ဆုံးပေါ့ဗျာ။ လူ့သဘာဝနဲ့ အကိုက်ဆုံးလို့ ယေဘုယျ ယူဆတာပဲ။ သို့သော် သူ့မှာလဲ တကယ်လက်တွေ့လုပ်ရင်းနဲ့ အားနည်းချက်တွေရှိကောင်းရှိလာနိုင်တယ်။ အဲဒါလဲ ဇာခါရီယာစာအုပ်မှာ တော်တော်များများ ထောက်ပြပါတယ်။ ဥပမာ အမေရိကန်ဒီမိုကရေစီဆိုရင် သူ့မှာကို ဒီမိုကရေစီနဲ့ လစ်ဘရယ်ကြားမှာ tension တွေရှိတယ်တဲ့။ အမေရိကန် politics မှာ အရေးကြီးတဲ့ organ နှစ်ခုရှိတယ်။ အဲဒါ ပင်တဂွန် နဲ့ တရားရုံးချုပ်။ အဲဒီနှစ်ခုလုံးက elected perform တွေနဲ့ သွားတာမဟုတ်ဘူး။ ဆွဲခန့်နဲ့ သွားတာ။ ဒီမိုကရက်တစ်ဘက်က ပြောရင်ပြဿနာ။ဒါပေမဲ့ အခုချိန်အထိ အဲဒီဟာတွေဟာ. . . liberalနဲ့ ဆန့်ကျင်တာဖြစ်မလာသေးတော့ မဆိုးဘူး။ အဲဒါလည်း democracy နဲ့ liberal ကြားက tensionတစ်ခု။ အဲဒါ ကျွန်တော်ပြောတာ မဟုတ်ပါဘူး။ ဇာခါရီယာ ထောက်ပြတာပါ။ စဉ်းစားသင့်တဲ့ကိစ္စတစ်ခုပါ။ နောက်ပြောချင်တာကတော့ ဘယ်စနစ်မှာမှ perfect ဆိုတာမရှိပါဘူး။ ဒီလိုပဲ လုပ်ကြရတာပါပဲ။

**မေး** ဆရာရော ဘယ်လို democracy မျိုးကို သဘောကျသလဲ။

**ဖြေ** အယူအဆတစ်ခု၊ အိုင်ဒီအိုလိုဂျီတစ်ခုဟာ (၁) ဆင်ခြင်တုံတရား (reason) (၂) လိုအင်ဆန္ဒ (desire) (၃) အသိအမှတ်ပြုခံလိုမှု (recognition) ဒီသုံးခုကို ဖြည့်နိုင်ရင် လူ့သဘာဝနဲ့ လျော်ညီတယ်တဲ့။ ဒါ ဖူကူယားမားရဲ့ အယူအဆပါ။ ကျွန်တော် ယေဘုယျလက်ခံတယ်။

**မေး** လူတိုင်းဟာ အိုင်ဒီယာထုတ်လုပ်သူတွေ ဖြစ်တယ်ဆိုတာကို ကြားဖူးပါတယ်။ အဲဒါကို ဆရာရော လက်ခံ







www.burmeseclassic.com

www.burmeseclassic.com



သလား။

ဖြေ အမှန်တော့ ဖြစ်သင့်တယ်ဆိုရင်တော့ ပိုကောင်းမယ်ပေါ့ဗျာ။ အခုချိန်ထိမဖြစ်သေးတာတွေလဲ ရှိသင့်သလောက် ရှိသေးတာကိုး။ ဒါပေမဲ့ တိတိကျကျပြောရရင်တော့ ကိုယ့်ကိုယ်ကိုယ် မသိပေမဲ့ လူတွေကတော့ အိုင်ဒီယာတွေထုတ်နေတာပဲ။ အဲဒီအိုင်ဒီယာဟာ မှားတာ မှန်တာ၊ ညံ့တာကောင်းတာ ကိုယ့်ကိုယ်ကိုယ် သိချင်မှသိမယ်။ ဒီလိုပဲ အိုင်ဒီယာတွေက ထွက်နေကြတာပဲ။ ထုတ်လည်းထုတ်နေကြတာပဲ။

မေး ဆရာရယ် ရှောင်လည်းမဖြေပါနဲ့။ ဆရာရဲ့ ကိုယ်ပိုင်အိုင်ဒီယာလေးတစ်ခု ကြားပါရစေလား. . .။

ဖြေ ရှိပြီးသား အိုင်ဒီယာတွေကို ဉာဏ်မီသလောက် စိစစ်ကြည့်ချင်တာပဲ ရှိပါတယ်။ ကိုယ်ပိုင် အိုင်ဒီယာရယ်လို့ ပြောစရာမရှိပါဘူး။ ဒါရှောင်ဖြေတာမဟုတ်ဘူးဗျ။ တကယ်. .

မေး စိတ်ကူးယဉ်လေးပေါ့ဆရာ။ ဆရာ့ရဲ့ကိုယ်ပိုင်နိုင်ငံတော်လေးတစ်ခု ဘယ်လိုတည်ဆောက်ချင်လဲ၊ စိတ်ကူးယဉ်လေးပေါ့နော်။

ဖြေ နိုင်ငံတော်ဆိုတဲ့ ကိစ္စကဗျာ. . . စိတ်ကူးယဉ်ခဲ့တာ အရင်ကတည်းကပေါ့။ ယူတိုပီယာ utopia ခေတ်ကတည်းက ရှိခဲ့တာ။ ဒါတွေကလဲ တကယ်တမ်းကျတော့ အတော်ဝေးပါတယ်။ နောက် အလွန်လဲ စိတ်ကူးကောင်းတဲ့လူတွေမှ လုပ်နိုင်တာပါ။ ကျွန်တော်က အဲလောက်လဲ စိတ်ကူးမကောင်းပါဘူး။ (ရယ်လျက်)

မေး အခုချိန် စိတ်ကူးယဉ်မှုလေးပေါ့ ဆရာ။





ဖြေ အများကြီး မမျှော်လင့်ပါဘူး။ အနည်းဆုံးကမ္ဘာနဲ့ မချိနိုင်တောင် အာရှမှာ ရင်ပေါင်တန်းချင်တယ်၊ ဒါက မျိုးချစ်စိတ် base နဲ့ပြောတာပါ။ သာမန် citizen တစ်ယောက်အနေနဲ့ပြောရရင်တော့ အေးအေးဆေးဆေးလေးနဲ့ ကိုယ်လုပ်နိုင်သလောက်လုပ်ပြီးတော့ ငြိမ်ငြိမ်အေးအေးဆေးဆေးနေရတဲ့ life မျိုး လိုချင်တာပါ။ ဒါလဲ သိပ်အများကြီးမမျှော်လင့်ပါဘူး။ စားဝတ်နေရေးဖူလုံပြီး၊ သားသမီးကို ပညာသင်ပေးနိုင်ရင် ကျေနပ်ပါပြီ။ အများစု အဲလိုနေနိုင်တဲ့ life မျိုးဆိုရင် ကောင်းတာပေါ့။

မေး ဆရာ ယဉ်ကျေးမှုအကြောင်းလေးဘက်လှည့်လိုက်ကြရအောင်၊ **Clash of civilization ဘာညာဆိုတာလဲ စဉ်းစားဖို့ကို ခေတ်တော်တော်လေးကျယ်ပြန့်နေလေတော့ ဟိုဒင်းလေးပေါ့၊ culture လေး၊ ကနေ့ globalization ခေတ်ကြီးထဲမှာculture တွေရဲ့ အနေအထားကို ယေဘုယျ သုံးသပ်ပေးပါဦး။**

ဖြေ အဲဒီဟန်တင်တန်ရဲ့ဟာကြီးက ကျွန်တော်ဖတ်ရတုန်းက ကျွန်တော်လဲ မကြိုက်ဘူးဗျ။ ဒါပေမဲ့ စက်တင်ဘာ ၁၁ နောက်ပိုင်းကျတော့ သူ့ဟာက တော်တော်စဉ်းစားစရာရှိနေမယ်လို့ ထင်လာတယ်။ ဒါတစ်ချက်ပေါ့။ နောက်ပိုင်း ဟန်တင်တန်ဟာတွေ ကျွန်တော်ကတော့အထိုက်အလျောက် မိတ်ဆက်ရေးပါတယ်။ ဒါပေမဲ့ လူတွေသိပ်စိတ်ဝင်စားကြဟန်မတူဘူး။ စာအုပ်နှစ်အုပ်တော့ရှိတယ်။ Culture Base က နည်းနည်းစဉ်းစားသင့်တယ်ဆိုတာ၊ ဟန်တင်တန်ရဲ့ စာအုပ်က Who are We ဆိုတဲ့စာအုပ်။ ထွက်တာ သိပ်မကြာသေးဘူး။ သူက ဘာပြောလဲဆိုတော့ globallization ဖြစ်လာတော့ culture တွေ ရောမွှေလိုက်သလိုလက်တွေ့မှာ ဖြစ်သွားတယ်။ အဲသည်လိုနဲ့ culture တွေ



www.burmeseclassic.com

www.burmeseclassic.com



ခုခု လွှမ်းမိုးမှုရှိလာရင် ဒေသခံ culture နဲ့ clash ဖြစ်နိုင်တယ်။ အရင် base ပါပဲ။ သူက western block မှာ အမေရိကန်ကို ထည့်ပြောတယ်။ ဘာလဲဆိုတော့ Hispanic တွေ လွှမ်းလာတာနဲ့ ဥရောပနွယ်ဖွားတွေကြားထဲမှာ ဖြစ်လာနိုင်တဲ့ တင်းမာမှုတွေကို ထောက်ပြတယ်။ ဒါ ဘယ်လောက် အတိုင်းအတာထိ သူတို့ဆီမှာ ကြီးမားနေမှန်းတော့ မသိဘူး။ သူကတော့ အဲဒီလို ထောက်ပြတယ်။ နောက်တစ်ခုက အောမီချာ ဆိုတာ အမေရိကန်နိုင်ငံသား တရုတ်မ၊ သူ့စာအုပ်တစ်အုပ် ရှိတယ်။ The War on Fire တဲ့။ သူကတော့ အာရှမှာ တရုတ်နွယ်ဖွားတွေနဲ့ ဒေသခံကြားထဲမှာ ပဋိပက္ခတွေ ရှိလာနိုင်တယ်ဆိုတာကို ထောက်ပြတယ်။ အဲဒီတော့ ခုနက ဟန်တင်တန်ရဲ့ Hispanic challenge ကတော့ ကျွန်တော်တို့နဲ့ဝေးလို့ ထားလိုက်တော့၊ အောမီချာ ထောက်ပြတဲ့ အချက်ကတော့ ကျွန်တော်တို့အနေနဲ့ နည်းနည်း စဉ်းစားစရာရှိမယ်လို့ထင်တယ်။ ဂလိုဘယ်လိုက်ဇေးရဲ့ Side effects တွေပေါ့ဗျာ။

မေး Culture မှာ ယုံကြည်ကိုးကွယ်မှုနဲ့ အဆက်အစပ်ကလေး နည်းနည်း ထည့်ပြောပေးပါဦး။

ဖြေ Religion က culture ရဲ့ဝိညာဉ်လို့ ပြောနိုင်မယ် ထင်ပါတယ်။ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုဆိုရင် ဗုဒ္ဓယဉ်ကျေးမှုလို့ ပြောနိုင်သလိုမျိုးပေါ့။

နောက်ပိုင်း ပညာရှင်တွေက culture ကို အလေးနဲ့ အသွက်ဆိုပြီး နှစ်မျိုးခွဲကြည့်တယ်။ အမိက ကတော့ religion နဲ့ တိုင်းတာပါ။ ဒီမှာဝမ်းသာစရာကောင်းတာက ကျွန်တော်တို့ ဗုဒ္ဓဘာသာက ယဉ်ကျေးမှု အသွက်ထဲမှာ ပါတယ်ဗျ။ အမိက အားကောင်းချက် (၃)ခုကိုထောက်ပြတယ်။ ဝိဘဇ္ဇဝါဒရယ်၊ အတ္တာဟိအတ္တနော နာထော ဝါဒရယ်၊ ခန္တီဝါဒရယ်ပေါ့။ ထူးခြားတာက ခန္တီပါရမီ ကို tolerance လို့ ဖွင့်တယ်။ ဒီအကြောင်း ကျွန်တော် ရေးသလောက် ရေးပြီးပါပြီ။ ထပ်ခဲ့ရေးဖို့လည်း အစီအစဉ်ရှိပါတယ်။





မေး အခုအကြမ်းဖက်မှုမှာ culture ရဲ့ အခန်းတကဏ္ဍ ဘယ်လိုပါနိုင်သလဲ။

ဖြေ အကြမ်းဖက်ဝါဒဟာ ယဉ်ကျေးမှုနောက်ခံတွေနဲ့ ဆက်စပ်နေပေမဲ့ ယဉ်ကျေးမှုကိစ္စတော့ မဟုတ်ဘူးဗျ။ တော်ဖလာ်ရဲ့ စကားနဲ့ပြောရရင် ယဉ်ကျေးမှု မျက်နှာဖုံးစွပ်ထားတဲ့ ပထမလှိုင်းပဲ။ ရှေးဟောင်း သီယိုကရေစီကို အစ္စလာမ်ဘာသာရေး အသုံးချပြီး ပြန်တင်တာပဲ။ ဒီတော့ အကြမ်းဖက်ဝါဒကို အစ္စလာမ်ဘာသာရေးနဲ့ ခွဲခြားစဉ်းစားဖို့ လိုမယ်ထင်တယ်။

မေး ဆရာ ဒီဥစ္စာ (၅)ခုထဲမှာ တစ်ခုကို အမှန်ခြစ်ပေးပါ။ ကျော်ဝင်းသည် ၁။ နိုင်ငံရေးသမား ၂။ စာရေးဆရာ ၃။ သုတေသီ ၄။ ဒဿနသမား ၅။ အိုင်ဒီယာသမား တစ်ဦးဖြစ်သည်၊ ဆရာ ဘယ်ဟာကို အမှန်ခြစ်မလဲ။

ဖြေ သုတေသီဆိုတာ ဖြစ်ချင်တယ်။ ဖြစ်ချင်တာကို ပြောတာပါ။

မေး ဆရာ ဘာသာရေးကိစ္စလေးတွေကို လှည့်ပြောလိုက်ကြရအောင်၊ဆရာလဲဗုဒ္ဓဘာသာဝင်ဆိုတော့လေ။ ဆရာ၊ ဗုဒ္ဓဘာသာတို့ ဝါဒတစ်ရပ်လို့ ယူဆသလား၊ ဘယ်လိုယူဆသလဲ။

ဖြေ အဲဒါ အရှင်ဉာဏိဿရက buddhism is not ism လို့ ပြောတယ်၊ ဟုတ်ပါတယ်။ buddhism မှမဟုတ်ဘူး၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



သာတရားတိုင်းဟာ ဝါဒလို့ ပြောလို့မရဘူး။ ဝါဒလို့ပြောလိုက်ရင် နိုင်ငံရေးလို့ ထင်နေမှာ။ ဒါပေမဲ့ ဘာသာတရားတိုင်းဟာ ism မဟုတ်ပေမဲ့ သူ့ထဲမှာ philosophy frame work တွေပါသင့်သလောက် ပါတယ်လို့ ကျွန်တော်ထင်တယ်။ အထူးသဖြင့် buddhism မှာ ခိုင်ခိုင်ခန့်ခန့် ရှိကယ်လို့ ထင်တယ်။ ဒါကြောင့်မို့လို့ ဗုဒ္ဓဝါဒလို့ပြောလဲ ကျွန်တော် တစ်ဦးချင်းတော့ သိပ်မကန့်ကွက်ဘူး။ သိပ် sensitive မဖြစ်ဘူး။ ပြောချင်လဲ ပြောခွင့်ရှိတယ်။ ကျွန်တော်က သိပ်ပြဿနာ မရှိဘူးလို့ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ buddhism က သံသရာကလွတ်ရေးကို အဓိက aim ထားပေမဲ့ လောကီမှာလဲ အသုံးတည့်တာတွေအများကြီး ရှိတာကိုး။ ဆိုတော့ အဲဒီလိုထင်တယ်။

မေး ဒါနဲ့. . အခု. . ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ မြန်မာနိုင်ငံက (၃၇) မင်းနတ်တွေရဲ့ ကိစ္စတွေ ဆွေးနွေးပေးပါဦး။

ဖြေ ဒါဟာ သိပ်ပြဿနာမရှိပါဘူးဗျာ။ သူဟာသူ (၃၇) မင်းဖြစ်ဖြစ် မင်း (၄၀) ဖြစ်ဖြစ်. . ၊ ဂလိုဘယ်လိုက်ဇေးရှင်းက ဒါတွေကို နန်းချုပ်မှာမှ မဟုတ်ဘဲနဲ့၊ သူဟာသူ ရှိချင်လဲ ရှိနေမယ်။ သို့သော် ဒါတွေက ဂလိုဘယ်လိုက်ဇေးရှင်းထက် ပညာနဲ့ ပိုဆိုင်တယ်။ ပညာဆိုတာက မသိတာတွေကို သိအောင်လုပ်ပြီးတော့ အသိခွင် ပိုကျယ်ကျယ်လာတာနဲ့အမျှ supernatural တွေက nature ဘက် ပြောင်းပြောင်းလာမယ်။ အဲဒီအချိန်မှာ သိပ် nature ဘောင်မဝင်တာတွေက သူ့ဟာသူ ပျောက်သွားမှာပဲ. . ။ ဘာရယ်လို့တော့ မဟုတ်ဘူး။ အဲဒီမှာ ကျွန်တော် ကြားဖြတ်ဖတ်ခဲ့ရတာလေးတစ်ခု ရှိတယ်ဗျ။ ပညာရေး ၊ education နဲ့ ပက်သက်လို့ ပညာရေး aim တွေ. . . ။ နံပါတ်တစ်က. . အရာရာကို ရှင်းရှင်းလင်းလင်း စဉ်းစားနိုင်ဖို့၊ နံပါတ်နှစ်က. . အရာရာကို ခွဲ





ခြားစိတ်ဖြာ ဝေဖန်နိုင်ဖို့ နံပါတ်သုံးကတော့ အစဉ်အလာ value တွေနဲ့ပေါင်းစပ်ပေးနိုင်ဖို့ နံပါတ်လေးကတော့ ကိုယ်နဲ့မတူတဲ့ အယူအဆတွေကို နှလုံးသွင်းပေးနိုင်ဖို့. . ။ ပြောတဲ့သူက ဗမာဗျ၊ ဒေါက်တာ ခင်မောင်ဝင်း။ ဒေါက်တာ ခင်မောင်ဝင်းဆိုတာ philo ဒေါက်တာခင်မောင်ဝင်း. . ။

မေး ဆက်လိုက်ကြရအောင် ဆရာရယ်၊ နတ်ပြည်၊ ငရဲပြည်၊ ပြဟ္မာပြည်တွေရှိတယ်ဆိုတာ တကယ်ယုံသလား. . . ။

ဖြေ ယုံလား၊ မယုံလားဆိုတာ. . ၊ ကျွန်တော် မသိဘူးလို့ ဖြေသင့်တယ်။ အဲဒါနဲ့ပတ်သက်လို့ လယ်တီဆရာတော် ရေးဖူးတာရှိတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ မိစ္ဆာဒိဋ္ဌိဖြစ်နိုင်တဲ့ ဆက်ထုံးတစ်ခုရှိတယ်။ အထူးသဖြင့် ခေတ်ပညာတတ်လူငယ်တွေ ဖြစ်လေ့ဖြစ်ထရှိတယ်။ အဲဒါ ဘာလဲဆိုတော့. . . ဥပါဒါန ပစ္စယာဘဝေါဆိုတဲ့ ဆက်ထုံး၊ ဥပါဒါန်ကြောင့် ဘဝသစ်ဖြစ်တယ်ဆိုတာ တစ်နည်းပြောရရင် ဘဝကူးတယ်ဆိုတာ နောက်ဘဝ ရှိမရှိပြဿနာ၊ ဒီဟာနဲ့ပတ်သက်လို့ ကျွန်တော့်ကို လွန်ခဲ့တဲ့ နှစ် ၃၀ လောက်က နောင်ဘဝ ယုံလား၊ နတ်ပြည်ယုံလားလို့ မေးရင် ကျွန်တော် မယုံဘူးလို့ဖြေမယ်။ အခု မဖြေရဲတော့ဘူး။ မသိဘူးလို့ ဖြေမယ်။ ဘာကြောင့်လဲဆိုတော့ buddihism မှာ ဧဟိပဿိကောလို့ challenge လုပ်ထားတာ ရှိတယ်။ လာလှည့်. . အားထုတ်လှည့်. . ကျင့်ကြံလှည့်. . ပေါ့။ အခုချိန်ထိ ကျွန်တော် တစ်ခါမှ တရားမထိုင်ဖူးဘူး။ သူ့စိန်ခေါ်ချက်ကို ကျွန်တော့်ဘက်က မတုံ့ပြန်နိုင်ဘူး။ မတုံ့ပြန်နိုင်ဘဲနဲ့ မဟုတ်ပါဘူးလို့ပြောရင် ကျွန်တော့်ဘက်က foul ဖြစ်သွားမှာ ပေါ့. . ။ ဆိုတော့ ကျွန်တော်တော့ မယုံဘူးလို့ မဖြေရဲဘူး။ မသိဘူးလို့ဘဲ ဖြေရဲတယ်။ ဘာလို့ မသိတာလဲဆိုတော့ ကျွန်တော်က စာလောက်ဖတ်တတ်တာကိုး။ တစ်ခါမှ တရားထိုင်ဖူးတာမျိုး မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မေး ဆရာ့ရဲ့ ဘဝနောက်ဆုံးမှာ ရဟန်းဘဝနဲ့သွားမယ် ဘာညာဆိုတဲ့ စိတ်ကူးလေးလဲ တစ်ခါမှ မပေါ်ခဲ့ဘူးပေါ့။

ဖြေ မပေါ်ဘူး။ (ရယ်လျက်) တကယ်လို့ နောင်ဘဝ ရှိခဲ့ရင်လဲ နတ်ပြည်ကို သိပ်မရောက်ချင်ဘူး။ နိဗ္ဗာန်လည်း မရောက်ချင်ဘူး။ လူပဲ ပြန်ဖြစ်ချင်တယ်။ ဘဝတကျော့အားကြီးတယ့်လို့ ပြောရမှာပေါ့။ ဘာကြောင့်လဲဆိုရင် လူ့ဘဝမှာ ကိုယ်မလုပ်နိုင်တာတွေ အများကြီးရှိတာကိုး။ ဆက်လုပ်လိုက်ချင်သေးလို့. . ။ ဖြစ်ချင်တာပြောတာပါ။ နောက်တစ်ခုက ကျွန်တော် တိရစ္ဆာန်ဖြစ်လဲ သိပ်ဝမ်းနည်းမိမယ် မထင်ဘူး။ ဘာလို့လဲဆိုတော့ သူလဲ သူ့ဟာနဲ့သူ ပျော်နေတာကိုး။ ဘဝတိုင်းမှာ ဘဝတကျော့ရှိတယ်လို့ ဟောတာကိုး။ အဲဒါကို ကျေနပ်သွားတယ်။ နေလို့တော့ ရမှာပဲ။ ကျွန်တော် သိပ် မကြောက်တော့ဘူး။ (ရယ်လျက်)

မေး ဆရာ အယ်ဒီတာလုပ်ငန်းကို ဝါသနာပါလား။

ဖြေ သိပ်တော့ မပါဘူးဗျ။ အယ်ဒီတာထက် ကျွန်တော် စိတ်ဝင်စားတဲ့စာကို ပိုဖတ်ချင်တယ်၊ စိတ်မဝင်စားတဲ့စာသိပ်မဖတ်ချင်ဘူး။ အယ်ဒီတာအလုပ်ဆိုတော့ စိတ်မဝင်စားလဲ ဖတ်ရတော့တာပဲ။

မေး ဘာလို့ လုပ်တာလဲ။

ဖြေ ဘာလို့လုပ်လဲဆိုတော့ တစ်ခုပြောချင်တာ. . ။Newsweek က special issue ထွက်တယ်။ Issue 2006 . . ။ အပုဒ်တိုင်းကောင်းတယ်။ ကျွန်တော် ကြိုက်တာပေါ့လေ။ အဲဒါတွေကို တစ်နေ့ရာတည်းကနေစုပြီး focus လုပ်ပြီး တင်လိုက်ရင် တော်တော်ကြွလာမယ်။ ဒါပေမဲ့ ကျွန်တော် မဂ္ဂဇင်းလက်ကိုင်မရှိတော့ ဘာမှလုပ်လို့မရဘူး။ အဲဒီတော့ ကျွန်တော်ရေးတာ အကုန် ဖြန့်ပို့လိုက်ရတော့ စာဖတ်ပရိသတ်လဲ အာရုံစိုက်မိမှာ မဟုတ်တော့ဘူး။





မေး ဒီဥစ္စာလေး ရွေးပေးပါဦးဆရာရယ်၊ စာဖတ်တာ၊ စာရေးတာ၊ အယ်ဒီတာ အဲဒီသုံးခုထဲက ဝါသနာအပါဆုံး။

ဖြေ စာဖတ်တာ. . ။

မေး စာဖတ်တာဆိုတော့ ဆရာလဲအက်ဆေးတွေရေးခဲ့တာ၊ နိုင်ငံတကာအက်ဆေးနဲ့ ပြည်တွင်းက အက်ဆေးတွေ နည်းနည်းယှဉ်ပြီး သုံးသပ်ပေးပါဦး။

ဖြေ Academic ကျကျ. . ။ အက်ဆေးဟာ what is essay ဆိုတဲ့ မေးခွန်းကိုတော့ ကျွန်တော် မဖြေနိုင်ဘူးဗျ။ ဘာလို့လဲဆိုတော့ ကျွန်တော် သုတေသနလုပ်ငန်းကို ဝါသနာပဲပါပါတယ်။ တကယ်တမ်းကျတော့ အဆုံးအဖြတ်ပေးနိုင်တဲ့ အနေအထားမှာမရှိဘူး။ အထူးသဖြင့် အဲဒီ Literature တွေကို မဖတ်ခဲ့ မမှတ်ခဲ့တာလည်း ကြာပြီ။ ကျွန်တော်က political science နဲ့ social science ကို ပိုပြီးတော့ ဇောင်းပေး လေ့လာခဲ့တာများတယ်။အဲဒီတော့ အက်ဆေးဟုတ်မဟုတ်ဆိုတာမျိုးထို ကျွန်တော် မပြောတတ်ဘူး။ ဒါပေမဲ့ နိုင်ငံတကာ အက်ဆေးတွေနဲ့ မြန်မာအက်ဆေးတွေ ဖတ်ရတာ ရသချင်းတော့ သိပ်မတူဘူး။ ဘာလို့ဆို မြန်မာအက်ဆေးတွေမှာ ကျွန်တော်ဖတ်ရသလောက် အတွေးဘက်ကို. . ။အိုင်ဒီယာဘက်ကို ဦးမတည်ဘဲ ဖြစ်ရပ်တွေကို ပိုပြီးဇောင်းပေးနေတာများတယ်၊ Event တွေက များနေတယ်။ နိုင်ငံတကာ အက်ဆေးတွေကျတော့ event က မှန်တန်းလောက်ပဲ။ အဲဒီ event ရဲ့နောက်က အိုင်ဒီယာတွေ ဆွဲဆွဲပေးတယ်၊ ဒါကြောင့် နိုင်ငံတကာ အက်ဆေးတွေကို ပိုပြီးကြိုက်တယ်။ဒီလို ဖြေလိုက်လို့ မြန်မာအက်ဆေးတွေ အကုန်လုံး ကျွန်တော်က ဖတ်ဖူးတာမဟုတ်တော့၊ မြန်မာအက်ဆေး အားလုံးကို ကိုယ်စားပြုချင်မှပြုမယ်။ ကျွန်တော့် ဖတ်ရသလောက်မြန်မာ အက်ဆေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ သူ့ဟာသူ အရသာရှိတယ်။ဖတ်လို့ကောင်းတယ်။ ဒါပေမဲ့ နိုင်ငံ တကာ အက်ဆေးတွေနဲ့မတူဘူး။ ဒီက event တွေနောက် လိုက်နေတာကိုး။ပေးနိုင်တဲ့ အိုင်ဒီယာ ကျတော့ နည်းသလားလို့။

မေး ဆရာ ဆက်ရေးဖြစ်သေးလား၊ အက်ဆေးတွေ။

ဖြေ ကိုယ်ကိုယ်တိုင်တော့ မရေးဖြစ်သလောက်ပေါ့ဗျာ။ ကြိုက်တာလေးတွေ့ရင်တော့ အလျဉ်းသင့်သလို ဘာသာပြန်ဖြစ်ပါတယ်။ TIME အက်ဆေးတွေကို အရင်က ကျွန်တော်တော်တော်ကြိုက်ခဲ့တာ။ အခုတော့ သိပ်မကြိုက်တော့ဘူးဗျ။ မကြိုက်တာတွေက များနေတာနဲ့ သိပ်မပြန်ဖြစ်ဘူးဗျ။ ကြိုက်တာတွေ့ရင် ပြန်ဖြစ်မယ်။ ဖတ်တော့ဖတ်ဖြစ်တယ်။ အက်ဆေးတွေတိုင်း အရင်ဆုံး ဖတ်ဖြစ်တာပါပဲ။

မေး ဆရာ ကိုယ်ပိုင်အတ်ဆေးတွေရော ရေးချင်စိတ် ပေါ်မလာဘူးလား။

ဖြေ အတော်နည်းပါတယ်ဗျာ။ (ရယ်လျက်)

မေး ကျွန်တော်ကတော့ အဲဒါလေးတွေ များများလိုမှုံပြီး ရေးစေချင်တာပဲ။ ဒါလည်း ပရိသတ်အကျိုးရှိမယ်လို့ ထင်တာပဲ၊ လတ်စလေးတွေ တွေ့နေရလို့ပါ။

ဖြေ အတော် နည်းပါတယ်ဗျာ။ အဲဒါကလည်း တစ်ခုရှိတယ်ဗျ။ မဂ္ဂဇင်းလုပ်ဖြစ်တာ အဲဒါပဲ။ မဂ္ဂဇင်းလုပ်ဖြစ်တော့ ကျွန်တော်သွားချင်တဲ့လိုင်းနဲ့ သွားတာကိုး။ ပြောရရင် စာ လေးတွေ များတာပေါ့။ ဒီမှာတင် ပေါ့ပေါ့ပါးပါးလေးတွေပါရင် ကောင်းမယ်ထင်ပြီး အက်ဆေးတို့၊ စာအုပ်အညွှန်းတို့ ရေးဖြစ်တာပါ။ညစ်ထုတ်ရင်းနဲ့ ပါပါသွားတယ်ဆိုပါတော့။ အဲဒီ သဘောလေးတော့ရှိတယ်။ မဂ္ဂဇင်း လုပ်ရတာ





ကျွန် တော် တစ်ဦးချင်း အတွက်တော့ အလုပ်ဖြစ်ပါတယ်။ မဂ္ဂဇင်းထုတ်တော့ ပိုပြီးအရေးသွက်တယ်လို့ ထင်တယ်။ ဘာလို့လဲဆိုတော့ မဂ္ဂဇင်းက ကိုယ့်စိတ်ကူးထဲမှာတော့ ရှိပြီးသားကိုး. . ။ ကိုယ့်စိတ်ထဲမှာ format ထဲမှာ လိုတဲ့ နေရာ ဖြည့်ရင်း၊ ဖြည့်ရင်းနဲ့ ရေးဖြစ်သွားတယ်။အစိက၊ ကတော့ ကိုယ်သွားချင်တဲ့ လမ်းကြောင်းကို ပေးနိုင်မယ့် သူတွေဆီ လိုက်တောင်းတာပေါ့ဗျာ။ တောင်းပြီး မပြည့်တဲ့ အခါကျတော့ ကိုယ်တစ်ယောက်တည်း ဖြည့်ရတာပေါ့။ အဲဒီတော့ ကျွန်တော်က ပြောင်းပြန်လိုဖြစ်နေတယ်။ သူများက ပဂ္ဂဇင်းလုပ်ရင် စားရေးအား နည်းသွားတယ်၊ ကျွန်တော်က ပိုတောင်ရေးဖြစ်သေးတယ်။ (ရယ်လျက်)

မေး ဆရာ ခုနက ကျွန်ခဲ့လို့ပါ။ ပညာကို ဘယ်လိုချဉ်းကပ်ရင် ကောင်းမလဲ. . ။ ဘယ်လိုချဉ်းကပ်ရင် အကောင်းဆုံး ဖြစ်မလဲ။

ဖြေ ယေဘုယျကတော့ အတွေ့အကြုံနဲ့ ချဉ်းကပ်တာရှိတယ်ပေါ့ဗျာ။ စာသင်ခန်းနဲ့ ချဉ်းကပ်တာရှိတယ်၊ နှစ်ခုစလုံးလိုတယ်ဗျ။ တကယ်က စာသင်ခန်းနဲ့စရင်တော့ ကောင်းတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် classroom တွေကို ရွေးခွင့်မရတော့လဲ ကိုယ့်ဟာကိုယ် ကြိုးစားရတာပေါ့။ ပိုပြီး systematicsဖြစ်ဖို့ကတော့ classroom base နဲ့ သွားနိုင်ရင် ပိုကောင်းမယ် ထင်တယ်၊ ဒါပေမဲ့ classroom တစ်ခုတည်းနဲ့တော့ မလုံလောက်ဘူးပေါ့ဗျာ။ ကိုယ့်ဟာကိုယ် ဆက်သွားရမှာတွေတော့ ရှိတယ်၊ ဒါပေမဲ့classroom base ရှိခဲ့ရင်တော့ ပိုပြီး အခြေခံကောင်းမယ်လို့ ထင်တယ်။ ဥပမာ ကျွန်တော် Eco တွေရေးနေတယ်။ Eco မှာ သိတဲ့အတိုင်း ground တွေ အများကြီးပါတယ်။Class room education ကျွန်တော် သင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရ လိုက်တဲ့အတွက် မကောင်းဘူး။ တကယ်တမ်းကျတော့ ကျွန်တော်လဲ အခက်အခဲ တော်တော်ကြုံးတယ်။ တစ်ခါတလေဘာရေးမှန်းမသိဘူး။ မနည်းရှာဖတ်ရတယ်။ ပင်ပန်းတာပေါ့။ ဒါပေမဲ့ တော်သေးတယ်၊ ကျွန်တော် ရန်ကုန်ရောက်တော့ မေးစရာ ဆရာမောင်စူးစမ်းတို့ ရှိနေလို့ မှီခိုရှာနေတုန်းကဆို ပိုဒုက္ခရောက်တယ်။ ဘယ်သူ့မေးရမှန်း မသိဘူး၊ အဲဒါမျိုး။ အဲဒါဘာလို့လဲဆိုတော့ ကိုယ်က classroom base မရှိခဲ့လို့။ တကယ် classroom base ရှိခဲ့ရင် ကျွန်တော် ဒီထက်ပိုပြီး အလုပ်လဲ လုပ်နိုင်လိမ့်မယ်ထင်တယ်၊ ပိုလည်း ပြည့်စုံလိမ့်မယ်ထင်တယ်။

**မေး** **ဆရာရေ- ဇာခါရီဇာက ပညာကို ဦးစားပေးတယ်လို့ ကျွန်တော် ထင်တယ်၊ ဆရာရော ဘယ်လိုထင်လဲ၊**

**ဖြေ** ဒီခေတ်ပညာရှင်တိုင်း ဂျာနယ်လစ်ဇ်တိုင်းလိုလိုက ပညာကိုတော့ ယေဘုယျဦးစားပေးကြတာပါပဲ။ ပညာအကြောင်း တည်ပြောလာကြတာပါပဲ။ ဒါပေမဲ့အခုဟာက ဒီ special issue ထဲမှာ ဇာခါရီဇာရဲ့ ဆောင်းပါး နည်းနည်းထူးခြားတယ်။ ပညာပေါ့။ အခု ကျွန်တော်တို့ ပြောနေတဲ့ Knowledge နဲ့ရပ်မနေဘူး။ wisdom ကို တင်လာတယ်. . ။ သူက သုံးဆင့်ခွဲလိုက်တယ်၊ ပထမအဆင့်ကတော့. . . ၊ knowledgeဖန်တီးတာ။ knowledgeတွေကိုအဲ့နဲ့ကျင်းနဲ့ စဖန်တီးတာ၊ ဒုတိယအဆင့်ကတော့ အဲဒီ knowledge တွေကို ဖြန့်ဖြူးလိုက်တာ။ အခု တတိယအဆင့်က အဲဒီ ဖြန့်နေတဲ့knowledge တွေကို wisdom နဲ့ ပြန်ချုပ်တာ။ ဘာလို့ဆိုတော့ knowledge မှာ အပေါင်းလက္ခဏာမျက်နှာစာရှိသလို အနုတ်လက္ခဏာမျက်နှာစာရှိတယ်။ အနုတ်လက္ခဏာကို ထိန်းနိုင်ဖို့ဆိုတဲ့အခါကျတော့ ဉာဏ်ပညာ





လိုလာတယ်။ အဲဒီဥစ္စာတစ်ခုပါလာတယ်။ အဲဒီတော့ သူက wisdom ဘက်ကို နည်းနည်း ကဲချင်လာတယ်လို့ ထင်တယ်။ စဉ်းစားသင့်ပါတယ်။

**မေး** **အဲဒါဆို ဒီဟာလေးလည်း နားထောင်ကြည့်ပါဦး ဆရာ၊ အဲဒါဟာ ဆရာ မောင်စူးစမ်း ရေးထားတာ၊ Peter Drucker ရဲ့ The Age of Discontinutity ကိုစာညွှန်းပြထားပါတယ်၊ အဲဒီမှာ ခေါင်းစဉ်က "အမှိုက်ဝင် အမှိုက်ထွက်၊ ပန်းတိုင်လား ရင်းမြစ်လား" ဆိုတဲ့ ဆောင်းပါးလေးပါ၊ အဲဒီမှာပါတာလေးက "ပညာသည် ပန်းတိုင်မဟုတ်၊ တစ်စုံတစ်ရာကို အကျိုးဖြစ်ထွန်းစေရန် လျှောက်လှမ်းသောနည်းလမ်း (means of some result)၊ ဘာသာရပ်မျိုးစုံ အပြန်အလှန်ပေါင်းစည်းမှု (inter discipoinary) ပေါ် အခြေစိုက်၍" အင်း နောက်ပြီး-"အသုံးဝင်မှု (enduse) ပေါ် အခြေစိုက်ရမည်"လို့ ပြောထားပါတယ်၊ ဆရာ အဲဒါ နည်းနည်း ဝေဖန်ပေးပါဦး၊**

**ဖြေ** ကျွန်တော်ကတော့ ပြောစရာမရှိဘူး၊ သဘောကျတယ်။ ပညာဟာ aim မဟုတ်ဘူး။ buddhism မှာလည်း ဒီလိုရှိတယ်၊ ဓမ္မကို သူက aim လို့မပြောဘူး။ Aim က နိဗ္ဗာန်။ နိဗ္ဗာန်ကို သွားနိုင်တဲ့ ယာဉ်တစ်ခုလို့ပြောတယ်၊ ဒါ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေအတွက် သိပ်အဆန်းအပြား မဟုတ်ဘူး။ နောက်တစ်ခုက ပေါင်းစည်းမှုတွေပေါ့။ အဲဒီထဲမှာ ပညာတွေပေါ်လာတဲ့ သဘောတွေပါတယ်၊ စက်မှုခေတ်တုန်းကတော့ specialization နဲ့သွားတယ်၊ ပညာ တစ်ခုကို specialization လုပ်နိုင်ရင် လူတစ်ယောက်အတွက် လုံလောက်တယ်၊ အခုခေတ်က မရတော့ဘူး။ ဘာလို့လဲဆိုတော့ ဘာသာရပ်တွေက အကုန်လုံး overlap ဖြစ်ကုန်

www.burmeseclassic.com



ပြီ။ ဖြစ်လာတော့ ဘာသာရပ်အားလုံး မသိတောင်မှ ဘာသာရပ်တစ်ခုနဲ့ တစ်ခုကြားက ဆက်ထုံးတွေကို ကိုင်မိဖို့ လိုလာပြီ။ အဲဒီလိုကိုင်နိုင်မှလည်း ပညာတတ်လို့ခေါ် နိုင်မှာတဲ့။ ဒါ Peter Drucker ပြောတာ။ အဲဒီသဘောတွေလည်း ခုနကစာသားထဲမှာပါတယ်။ ဆိုတော့ အဲသည်လို overlap ဖြစ်လာပြီးတော့ ဘာနောက်ထပ် ထူးခြားလာလဲ ဆိုတော့ ဟိုတုန်းကတော့ information ကို ကျိထဲလှောင်ထားတယ်။ လက်ဝါးကြီးအုပ်တာပေါ့။ ဘယ်သူ့မှဖြန့်မပေးဘူး။ အခုမရတော့ဘူး။ ပညာကို ရွှေအိုးထဲထည့်လှောင်ထားရင် လူလည်း ခိုးနိုင်တယ်။ ပညာလည်း 'ကန်း' သွားနိုင်တယ်။ ပိုအန္တရာယ်ကြီးတာ. . ၊ လူခိုးမယ့်အန္တရာယ်ထက် ပိုအန္တရာယ်ကြီးတာ၊ ပညာတွေ သိုးကုန်မယ့်ကိစ္စ၊ အရည်အသွေးကျသွားတဲ့ ကိစ္စ၊ အဲဒီတော့ ပညာကိုထုတ်ပြီး sharing လုပ်ဖို့ လိုလာတယ်။ ဒါမှ ပညာဟာ အသက်ဆက်ရှည်မယ်။ အဲဒီအတိုင်းရှိတာကိုး။ ဆိုတော့ ဒါတွေဟာ တော်တော်သိထားသင့်တဲ့အရာတွေလို့ ထင်တယ်။ ပညာရွှေအိုးလူမခိုးဆိုတာ အဓိပ္ပာယ်တစ်မျိုးကပြောရင်တော့ ရန်သူမျိုးငါးပါးက ကင်းတာပေါ့ဗျာ။တခြား အဓိပ္ပာယ်ကပြောရင်လည်းလူမခိုးအောင် ရွှေအိုးထဲ ထည့်ထားသလိုဖြစ်နေတယ်။ အဲဒါ မဟုတ်ဘူး။ လူလည်း ခိုးနိုင်တယ်။ 'အ'လည်းသွားနိုင်တယ်။ အဲဒီတော့ ပညာကိုကျိလှောင်တဲ့ခေတ်ကနေ ပညာကို sharing လုပ်တဲ့ခေတ်ရောက်လာတယ်။

မေး **အဆုံးသတ်ပိုင်း ရောက်လာနေပြီဆရာ။ခုနက အိန္ဒိယကိစ္စတို့ ပြောသွားတာ. . ၊ ကနေ့ အိန္ဒိယရဲ့ စီးပွားရေးအခြေအနေနဲ့. . ဆရာမြင်သလောက်ပေါ့။ နိုင်ငံရေးအခြေအနေနဲ့. . ၊ latest ပေါ့။ အဲဒါလဲ နည်းနည်းသုံးသပ်ပေးပါဦး။**





ဖြေ ဟိုတုန်းက ကျွန်တော်တို့နဲ့ နီးစပ်ခဲ့တဲ့ အယူအဆတစ်ခုရှိတယ်ဗျ။ '**အရှိန်းရှင်စနစ်ရဲ့ ခရီးစဉ်တရား**' ဆိုတာပေါ့။ ကျောင်းသုံးထဲတောင် ပါခဲ့ပါရောလား။ ကုန်သွယ်ရေး အရင်းရှင်စနစ်၊ စက်မှုအရင်းရှင်စနစ်၊ လက်ဝါးကြီးအုပ်အရင်းရှင်စနစ်၊ **နောက်ဆုံး** နယ်ချဲ့စနစ်. . ဘာညာပေါ့ဗျာ။ လက်တွေ့မှာ အဲဒီအတိုင်း ဖြစ်မလာပါဘူး။

ခုတော့အရင်းရှင်စနစ်ကို အဆင့်သုံးဆင့် ခွဲကြည့်လာကြတယ်။ထုတ်လုပ်ရေးအဆင့်manufacture ပေါ့။ နောက် ဝန်ဆောင်မှုအဆင့်serviceပေါ့။နောက်ပြီးတော့မှ တီထွင်ဖန်တီးမှုအဆင့် innovative ပေါ့။ အိန္ဒိယက ထုတ်လုပ်ရေးကို ခုန်ကျော်ပြီး ဝန်ဆောင်မှု တန်းရောက်လာတာလို့ ပြောနိုင်တယ်။ ဒါကလဲ ပညာအခြေခံ အားကောင်းလို့ ခုန်နိုင်တာပါ။ နောက်ထပ်အားကောင်းချက်က သမ္မာရင့်ဒီမိုကရေစီရှိတယ်။ သိပ်မကောင်းတာကတော့ ပြည်တွင်းမှာ ယိုးရှူး ၊ မွတ်စလင် တင်းမာမှုနဲ့ ပြည်ပမှာ ကက်ရှ်မီးယားကိစ္စပေါ့။ ဘာပဲဖြစ်ဖြစ် အိန္ဒိယရဲ့ အလားအလာကို ကမ္ဘာက စောင့်ကြည့်နေရတဲ့ အနေအထားလေ . . ။ **အခုလောလောဆယ်မှာ အိန္ဒိယနဲ့ တရုတ်က** အာရှ စူပါစတားပေါ့။

မေး **အိန္ဒိယရဲ့ ကျေးရွာရှင်က ဘယ်သူလဲ. . ဂန္ဒီလား. . ၊ နေရူးလား။**

ဖြေ အရင်ကတော့ ကျွန်တော် ဂန္ဒီကို ပိုကြိုက်ခဲ့ပါတယ်။ အခုနေရူးကိုတောင် ပိုကျေးဇူးတင်ရမယ်။ ဘာလို့ဆိုတော့ ဂန္ဒီက နာယကဆိုရင်နေရူးကလက်တွေ့လုပ်ခဲ့ရတာကိုး။ ဂန္ဒီကျတော့ spiritual leader သဘောမျိုး ပိုရောက်သွားပြီဗျ။

မေး **ဂန္ဒီကို အမျိုးသားရေးဝါဒီတစ်ယောက်လို့ ပြောလို့ရမလား။**



www.burmeseclassic.com

www.burmeseclassic.com



ဖြေ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကို တိုက်ခဲ့တော့လည်း အမျိုးသားရေးဝါဒီလို့လဲ ပြောလို့ရတာပေါ့ဗျာ။ ဒါပေမဲ့ သူ့ရဲ့ စဉ်းစားချက်တွေက တစ်ခါတလေ အမျိုးသားရေးထက် ပိုကျယ်လာတယ်။ Humanistပေါ့။ လူသားဝါဒီတစ်ယောက်လို့ ပြောလို့ရတာတွေ ရှိလာတယ်။ ဒါပေမဲ့ ပြောရရင် လူ့သဘာဝဘက်ကကြည့်ရင် ဂန္ဒီကြီးကို မကြိုက်တဲ့လူတွေရှိတယ်။ ဥပမာ ကျွန်တော်တို့ကသာ မသိတာ. . .၊ တကိုးက ဂန္ဒီကို မကြိုက်ဘူး။ ဂန္ဒီကြီးက နောက်ပိုင်းမှာ ယရာဝါသတွေနဲ့ ရှောင်မယ်. . . ဘာညာဆိုတဲ့ အယူအဆမျိုးတွေ ထင်လာတယ်။ ဒါကို extreme ဆိုပြီး တကိုးက ဝေဖန်တယ်။ တကိုးက ဘာပြောဖူးလဲဆိုတော့ သူ. . . အချစ်ကဗျာတွေကို အသက်ကြီးမှ ရေးနေတာ ဂန္ဒီကြီးကို သူ မကျေနပ်တာ ရှိခဲ့လို့တဲ့။ (ရယ်လျက်)

မေး အဲဒီ အမျိုးသားရေးဝါဒီ ဆိုတာလဲ တကိုးကနေတံဆိပ်ကပ်တာပဲ။ သူတာတော့ ကမ္ဘာ့သားဝါဒီပေါ့။

ဖြေ အဲဒါကတော့ တံဆိပ်တွေ ဘယ်လိုကပ်ကပ်ပေါ့ဗျာ။ နယ်ချဲ့ဆန့်ကျင်ရေးကာလမှာ အမျိုးသားရေးဝါဒီဆိုလဲ သူရဲကောင်းပဲ။ ဒီနေ့ခေတ်ဆိုရင်တော့ အမျိုးသားရေးဝါဒီ ဆိုတာလောက်နဲ့ မလုံလောက်တော့ဘူး။ ဒါပေမဲ့ ကျွန်တော်ကတော့ ဂန္ဒီကို အမျိုးသားရေးဝါဒီလောက်နဲ့ ကန့်ထားတာ သိပ်မကြိုက်ဘူး။ ဘာလို့ဆို သူ့မှာ ဒီထက်ပိုပြီး အပြန့်ကျယ်တဲ့အမြင်တွေ ရှိတာကိုး။ Spiritual leader လို့ ဘာကြောင့်ပြောရလဲဆိုတော့တချို့ဟာတွေက သိပ်လက်တွေ့မကျဘူး။Practicalမကျဘူး။ကျွန်တော်တို့က ကြည်ညိုလို့ပဲရတယ်။ သိပ်ပြီးဘဝင်မကျဘူး။ ဒါကြောင့်မို့ ပြောတာ။ နေရူးက ကျေးရွာများမယ်လို့ပြောတာ။





မေး ဒီနေ့ globalization ခေတ်ကျတော့ ကမ္ဘာသားဝါဒကို ပိုပြီးအာရုံထားပြီးတော့ တုရှုချက်ထားမယ်ဆိုရင် ပိုပြီးတော့ကောင်းမယ်၊ အဲဒီလိုလား။

ဖြေ အမှန်ကတော့ ညှိရမှာပဲ။ သွားနေကြတာက globalization နဲ့ သွားနေတာကိုး။ ဒါပေမဲ့ လက်တွေ့က ခုနက ပြောသလို real politics ဘောင်ထဲရှိတော့ nationalism လည်း ဖြုတ်လို့တော့ မရဘူးလို့ ထင်တယ်ဗျ။ ဒီဥစ္စာ. . .၊ ညှိသွားရမှာပဲ။ National interest ကို သိပ်ဦးစားပေးလို့ရှိရင် globalization မှာ ပြတ်ကျန်ရစ်မယ်။ သိပ် drop လုပ်လွှန်းလို့ရှိရင်လည်း မဖြစ်ဘူးဗျ။

မေး ဒါနဲ့. . . ဝါဒတွေက ကာလတွေနဲ့ရော ဆိုင်သလား။

ဖြေ သိပ်ဆိုင်. . သိပ်ဆိုင်တာပေါ့. . .၊ ဘာလို့လဲဆိုတော့ ကာလဆိုတာကလည်း ဒီအတိုင်းကြီး တန့်နေတာမှ မဟုတ်ဘဲ။ အပြောင်းအလဲတွေ ဖြစ်စဉ်ဖြစ်ရပ်တွေ အများကြီး ဖြတ်သွားတာကိုး။ ဒါတွေနဲ့ ဆန်တုတ်တိုက်တိုက် သွားရတာ၊ တစ်ချိန် မဟုတ် တစ်ချိန် အဲဒီဆန်တုတ်တိုက်ရင်း ပွန်းပဲ့ပြီး ပြတ်တောက်သွားပြီးတော့ မရှိတော့တာလဲ ဖြစ်ချင်ဖြစ်သွားနိုင်တယ်။ အဲဒါ လောကဓံပဲ၊ မတတ်နိုင်ဘူး။ ကျွန်တော် တို့ တစ်ခုခု အသေကိုင်ထားရင်တော့ မှားသွားမယ်။

မေး ဆရာ လူငယ်ကိစ္စလေးတွေ ပြောထားတာရှိတယ်။ ကနေ့လူငယ်တွေထို ဆရာ ဘယ်လိုမြင်သလဲ။ ရန်တုန်နဲ့နယ်ပေါ့. . . ဆရာ မြင်သလောက်လေး၊ တွေ့ပြားနေသလား။

ဖြေ ပြောရရင် ၈၀ ခုနှစ်တစ်ဝိုက်မှာ ကမ္ဘာမှာ တော်တော်ကြီးတဲ့ အပြောင်းအလဲကြီးတစ်ခု ဖြစ်လိုက်တယ်ဗျ။ ဟန်တင်တန့် စကားနဲ့ဆို third wave ပေါ့။ အဲဒီအပြောင်းအလဲကြီးမှာ ဆိုဗီယက်ယူနီယံ ပြိုကျသွားတယ်။ အရှေ့ဥရောပ ပြောင်းလဲသွားတယ်။ အဲဒီနောက်မှာ တစ်ကမ္ဘာလုံးမှာ က



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းကပြန်တွေ ဖြစ်လာတယ်၊ ဘာတွေဖြစ်နေလဲဆိုတာ လူတွေက သိချင်လာတယ်၊ Trend တွေကို ပိုစိတ်ဝင်စားလာတယ်။ ဒါ တစ်ကမ္ဘာလုံး ဖြစ်လာတာ၊ ကျွန်တော်တို့ စာပေလောကနဲ့ မြန်မာလူငယ် စာဖတ်ပရိသတ်အများစု၊ ကျွန်တော်အပါအဝင်က အသိထက်ခံစားမှုဘက်ကို လိုက်တာများတယ်။ ခံစားချင်လို့ စာဖတ်တာ၊ သိချင်လို့ စာဖတ်တာ မဟုတ်ဘူး။ သိချင်လို့ ဖတ်တာကတော့ နိုင်ငံရေးစာအုပ် ဖြစ်ချင်ဖြစ်မယ်၊ အိုင်တီစာအုပ် ဖြစ်ချင်ဖြစ်မယ်၊ ကျောင်းစာအုပ် ဖြစ်ချင်ဖြစ်မယ်၊ ဒါ-တစ်လိုင်း. . ။ စာပေဆိုရင်တော့ သိဖို့ထက် ခံစားဖို့ကို ပိုဦးစားပေးတယ်၊ ဒါပေမဲ့ ခုနကပြောတဲ့ အပြောင်းအလဲကြီးကို ဖြတ်ခဲ့တဲ့ လူငယ်တွေဟာ ခံစားမှုသက်သက်နဲ့ ရပ်မနေချင်တော့ဘူး။ အသိဉာဏ် လိုချင်လာတယ်။ အဲဒါက လူငယ် စာဖတ်ပရိသတ် . . . ၊ သိချင်လာတယ်။ ဒါပေမဲ့ အဲဒီအပြောင်းကြီးကို မသိလိုက်တာက စာပေလောကက စာရေးဆရာတွေပဲ။ အဲဒီတော့ လူငယ်တွေက ဖတ်ချင်တယ်၊ ဖတ်စရာစာအုပ်မရှိဘူး။ ကျွန်တော်တို့၊ ဆရာမောင်စူးစမ်းတို့ ရေးတဲ့ စာအုပ်တွေတော်တော်စိမ်းပါတယ်၊ ဖျင်းစရာလည်းကောင်းတယ်၊ အထူးသဖြင့် ကျွန်တော်တစ်ဦးချင်းဆိုရင် အရေးအသားဘက်ကလည်း သိပ်ဘာမှ မရှိဘူး။ ဒါပေမဲ့ အထိုက်အလျောက်(အလွန်နည်းတဲ့ပရိသတ်) ရှိသင့်သလောက်ရှိတယ်။ ဆိုတော့ အဲဒီအပြောင်းအလဲတစ်ခုက ဖြစ်လာတယ်။ ကျွန်တော်ကတော့ ကောင်းတယ်လို့ ထင်တယ်။

မေး *တနေ့ ရန်ကုန်ကလူငယ်တွေ . . . ။*

ဖြေ အထူးသဖြင့် ရန်ကုန်နဲ့နယ်တော့ ကွာဟမှုရှိတာပေါ့။ ဒါပေမဲ့ ခုနကပြောသလို ခံစားမှုသက်သက်နဲ့ ရပ်မနေချင်ဘဲနဲ့ ဦးနှောက်ကို ဖြည့်ချင်တဲ့၊ စာဖတ်တဲ့ လူငယ်ပရိသတ်





ရှိလာတယ်လို့ ထင်တယ်။ ရန်ကုန်ရော နယ်ရော . . ၊ အရေအတွက်ကတော့ရန်ကုန်ကပိုများမယ်။ ဘာကြောင့်လဲ ဆိုတော့ အနေအထားချင်းက မတူဘူး။ နယ်မှာက ကျွန်တော်တို့စာအုပ်တွေ ဝယ်ဖတ်ချင်တာတောင်မှ တော်တော်များများက မရောက်ဘူး။

မေး *အခုလိုတွန်းပြီးလိုက်နေတာ ဆရာလဲ ဟိုတစ်ခါပြောဖူးတယ်၊ တွေပြားနေတယ်ဆိုတာ၊ အဲဒီမှာ Focus လုပ်ဖို့၊ အဲဒါကိုဆရာ ဟိုဒင်းလေး လုပ်ပေးပါဦး၊ လူငယ်တွေ Focus လုပ်နိုင်ဖို့ ဘာတွေလိုမလဲ၊*

ဖြေ ကိုယ့်ဟာကိုယ် focus လုပ်တာ ကောင်းမယ်ထင်တယ်၊ ကိုယ်လည်း အဲလိုလုပ်ခဲ့ရတာပဲ။ ဥပမာ- ကျွန်တော်တို့ဆိုရင် အကုန်စိတ်ဝင်စားခဲ့တာပေါ့ဗျာ။ Politics ကို စိတ်ဝင်စားတယ်၊ ဂီတလဲ စိတ်ဝင်စားတယ်၊ အကုန်ပဲ။ အနုပညာလဲ စိတ်ဝင်စားတာပဲ။ အဲလိုနဲ့ အသက်သုံးဆယ်လောက်ကျတော့ ကိုယ့်ဟာကိုယ်စဉ်းစားလာတယ်။ ငါ ဒီအတိုင်းဆက်သွားရင်တော့ ယောင်ခြောက်ဆယ်ဖြစ်တော့မှာပဲ။ အဲဒီတော့ ကိုယ့်ဝါသနာဘယ်မှာရှိသလဲဆိုတာ ကိုယ့်ဟာကိုယ် မေးခွန်းထုတ်ရတာပေါ့ဗျာ။ ကျွန်တော် တစ်ဦးချင်းအရပြောရရင် သုံးဆယ်လောက်မှာမှ မေးခွန်းထုတ်ဖြစ်တယ်။ ဆိုတော့-ဒါတွေက ကိုယ့်ဟာကိုယ် တစ်ချိန်ချိန်မှာ ဖြစ်လာလိမ့်မယ်ထင်ပါတယ်။ ကိုယ့်ဟာကိုယ်ပဲ စဉ်းစားရလိမ့်မယ်ထင်တယ်။ သူများလိုက်ပြီး ဟိုဟာတွေမလုပ်နဲ့၊ ဒါပဲလုပ်ဆိုတာ မကောင်းဘူး။ ကျွန်တော်မကြိုက်တော့ဘူး။ အဲဒါမျိုးတွေ၊ အဲလိုရေပေါ့ဗျာ၊ အရိပ်မိုးတည်ဆောက်တာမျိုး. . ၊ ကျွန်တော် အယုံအကြည်မရှိတော့ဘူး။ အဲတော့ လူငယ်တွေကို ဘာလုပ်ပါ ညာလုပ်ပါ ဆိုပြီး အမိန့်ပေးတာဘူး၊



www.burmeseclassic.com

www.burmeseclassic.com



instrution ပေးတာမျိုးတွေ ကျွန်တော် မလုပ်ချင်တော့ဘူး။ ဘယ်တော့မှလည်း မလုပ်ဘူး။ အဲဒီတော့ ကိုယ့်လမ်းကြောင်းကို ကိုယ်ရှာပြီးသွားကြတာက ကောင်းတယ်။

မေး အခုတော့ ကျွန်တော်မြင်သလောက်ပေါ့။ အင်တာနက်ဘာညာဆိုတော့ လူငယ်တွေရဲ့ intelligence speed ဉာဏ်ပြေးနှုန်း၊ အဲဒါတွေက ပိုမြန်လာသလားလို့ ဆရာရော ဘယ်လိုထင်လဲ။

ဖြေ သိပ်မြန်တာပေါ့။ အများကြီး မြန်သွားပြီ။ မတူတော့ဘူး။ ကျွန်တော်တို့ထက် အများကြီးသာသွားပြီ။ တစ်ချိန်မှာ သေချာပေါက်သာမှာ၊ အခုကို သာသလောက်ရှိနေပြီ။ သေချာတယ်။ ဆိုတော့- ကျွန်တော်တို့ အကျပိုင်းမှာ သိပ်မြန်တဲ့ ဒီ technology ကြီးနဲ့တိုးတာကိုး။ အဲဒီတော့ ကျွန်တော်-သူတို့ကို မမီဘူးဗျ။ ဥပမာအနေနဲ့ပြောရရင် ကျွန်တော့်အိမ်မှာဆိုရင် ကျွန်တော့သားသမီး သုံးယောက်ရှိတယ်။ အဲလို listening powerကလေးတွေကို မမီတော့ဘူး။ ရုပ်ရှင်တွေ သူတို့ထိုင်ကြည့်ကြတယ်။ အစတော့ ကျွန်တော်က ဘာသာပြန်ပေးရတယ်။ နောက်ပိုင်းကျတော့ ကိုယ်ကတောင် သူတို့ကို ပြန်မေးရတယ်။ အဲဒီလို ဖြစ်လာတယ်။

မေး အဲဒီတော့ဆရာ. . .၊ global လှိုင်းကိုစီးနိုင်ဖို့ ဘယ်အချက်တွေ အရေးကြီးဆုံးဖြစ်မလဲ။ တစ်. . နှစ်. . သုံး. . ပေါ့။ ဆရာအရေးကြီးမယ်လို့ ယူဆတဲ့ဟာ။

ဖြေ နံပါတ်တစ်ကတော့ စိတ်ကိုဖွင့်ထားဖို့ပေါ့ဗျာ။ သိပ်အလွမ်းမိုး မခံဖို့။ အယူအဆတစ်ခုရဲ့ အလွှမ်းအမိုး၊ လူတစ်ယောက်ရဲ့ အလွှမ်းအမိုးတွေ သိပ်မခံဘဲနဲ့ စိတ်ကိုဖွင့်ထား။ နောက်တစ်ခုကတော့ ဒါတွေအကုန် ငါသိပြီးပြီဆိုပြီး ကိုယ့်စိတ်ကို တံခါးမပိတ်ဖို့။ တစ်နည်းပြောရရင် အစွဲမကြီးဖို့ပေါ့။





တစ်-စိတ်ကိုဖွင့်ထား၊ နှစ်-အစွဲမကြီးဖို့ပေါ့။ သုံး-သိပ်အပြောမကြီးဖို့၊ အထူးသဖြင့် မုချဖြစ်ရမယ်ဆိုတာမျိုးတွေ မပြောမိဖို့ လိုမယ်ထင်တယ်။ ဒီလောက်ပဲ ပြောချင်ပါတယ်။ တစ်ခါတလေ ကိုယ်ကသိပ်ထင်တာကြီး သိပ်ပြောလိုက်တော့ commit ဖြစ်သွားတာပေါ့။ မကောင်းဘူးထင်တယ်။

မေး ဆရာ နောက်ဆုံးမေးခွန်းရောက်လာပါပြီ။ ဆရာ ပေါ့ပေါ့ပါးပါးလေးနဲ့ ဖြေကြည့်ပါဦး။ ဆရာလုပ်ချင်တာလုပ်ပါဆိုပြီး လွှင့်ပစ်လိုက်လို့လည်း ရတယ်၊ ဆရာလက်ထဲကို သိန်းတစ်ထောင်ထည့်ပေးလိုက်ရင် ဆရာဘာလုပ်မလဲ။ တစ်. . နှစ်. . သုံး. . ပေါ့ ဆရာရယ်။

ဖြေ ပထမဦးဆုံးဖြေရမှာကတော့ ဖြစ်နိုင်ခြေတော်တော်နည်းတဲ့ မေးခွန်းလို့တော့ ပြောချင်တယ်။ (ရယ်လျက်) နံပါတ်တစ်က. . .။ နံပါတ်နှစ်က. . . ကျွန်တော်ဘာလုပ်ရမှန်းသိမှာမဟုတ်ဘူး။ အဲဒီတော့ ကျွန်တော်. . . ကျွန်တော့်ထက်ပိုပြီးတော့ မြင့်မြင့်မားမားလုပ်နိုင်တဲ့ တစ်ယောက်ယောက်ကို ထိုးပေးလိုက်ချင်တယ်။ တည့်တည့်ပြောရရင် ဆရာပါကိုပဲ ထိုးပေးလိုက်ချင်တယ်။ (ပါရဂူရှန်တိနိကေတန် ဟူသော စာကြည့်တိုက်ကြီး တည်ထောင်ထားသည့် စာရေးဆရာကြီးပါရဂူသို့ ရည်ညွှန်း၍ ပြောခြင်းဖြစ်သည်။ ပြီးတော့ ဆရာပါရဲ့ စာကြည့်တိုက်ကြီး သူကောင်းမယ်ထင်သလိုခဲ့ပေါ့. . .။ (ရယ်လျက်) ဘာလို့ဆိုတော့ ကျွန်တော့်လက်ထဲသိန်းတစ်ထောင်ရရင် မျောက်အုန်းသီးရသလိုပဲဖြစ်မယ်။ ကိုယ်လည်းဘာမှမလုပ်တတ်ဘူး။ ပြီးတော့ ကုန်သွားမှာ. . .။

မေး အဲဒါဆိုလို့ရှိရင်. . . ဒါနောက်ဆုံးမေးခွန်းပါ ဆရာ။ အဲဒီတော့ အဲဒီငွေတွေ ကျွန်တော်ကထိုးမပေးဘဲ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



သိန်းငါးရာပေါက်ရင် ဆရာတိုယ်တိုင် ပေါက်ရင်ရော ဆရာဘာလုပ်မလဲ . . နံပါတ် တစ် . . နှစ် . . သုံး . . လေး။

ဖြေ အဲလောက်ဆိုရင်တော့ ခုနက သိန်းတစ်ထောင်ထက်စာရင် ကိုယ်နဲ့နည်းနည်းနီးလာပြီ၊ နံပါတ်တစ်ကတော့ ကျွန်တော် နည်းနည်း security ရှိတဲ့ တိုက်ခန်းတစ်ခန်းဝယ်ချင်တယ်။ ဘာလို့ဆိုတော့ ဆူနာမီဖြစ်ပြီးကတည်းက အခုနေတဲ့တိုက် မှာနေရတာ ကျွန်တော် အတော်လန့်နေတယ်။ (ရယ်လျက်)

မေး နောက်ဘာဆက်လုပ်ဦးမလဲ . . . ။

ဖြေ အဲဒါဆို ကုန်ပါပြီဗျာ၊(ရယ်လျက်) ဒီလောက်ဆို အဲဒီငွေ ကုန်ပါပြီ၊

ကျေးဇူးတင်ပါတယ်ဆရာ . . . ။ ။

# အင်တာဗျူး(၆)

## စီးပွားရေးဖွံ့ဖြိုးမှု

*ယခုစာစုမှာ The Trust ဂျာနယ်အယ်ဒီတာ ဆရာခွန်းသု၏ မေးမြန်းချက်များကို စာရေးသူပြန်လည်ဖြေကြားခဲ့သည်များ ဖြစ်ပါသည်။ ဤ အင်တာဗျူးကိုပင်(၉-၆-၂၀၀၇) နှင့် (၁၆-၆-၂၀၀၇)ထုတ် The Trucst ဂျာနယ်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။*

မေး ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ အဖြေအပေါ် ဆရာ ဘယ်လိုမြင်လဲ၊

ဖြေ တစ်ခုတည်းသော အဖြေဆိုတာမျိုးတော့ ဖြစ်နိုင်မယ် မထင်ဘူး။ ကိုယ့်တိုင်းပြည်ထူးခြားချက်အပေါ်မှာ ထွင် လုပ်ရတာမျိုးတွေ ရှိလိမ့်မယ်။

၁၉၉၀ ပြည့်လွန်နှစ်တွေကတော့ တော်တော်များများ အာရုံကျတဲ့ အဖြေတစ်ခုပေါ်ခဲ့ဖူးပါတယ်။ "ဝါရှင်တန် သဘောတူညီချက်" (Washington Concern)ဆို တာ ပေါ့၊ ဒါကို IMF က ကမကထ လုပ်ခဲ့တယ်။ ဒီပေါ်လစီ အညွှန်းအတိုင်း တစ်သဝေမတိမ်း လိုက်လုပ်ခဲ့တာအာဂျင် တီးနားပါ၊ IMF က A⁺ အဆင့်ပေးထားတဲ့ နိုင်ငံလေ။ ဒါပေမဲ့ လက်တွေ့မှာ မအောင်မြင်ခဲ့ဘူး။၁၉၉၇ နောက်





www.burmeseclassic.com

www.burmeseclassic.com



ပိုင်းမှာအကျပ်အတည်းနဲ့ ကြုံခဲ့ရဖူးတယ်။ ဒီအချိန်မှာ တရုတ်နဲ့ အိန္ဒိယကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ထွင်လုပ်ခဲ့တာ။ အကြီးအကျယ်အောင်မြင်သွားတယ်မို့လား။ ဒါကြောင့် အဖြေတစ်ခုပေးနိုင်ဖို့ဆိုရင် ကိုယ့်အခြေအနေကို ပထမဆုံး မှန်မှန်ကန်ကန် ပြန်ဖတ်နိုင်ဖို့က ပိုအရေးကြီးမလားပဲ။

**မေး** ပညာရေး Sector နဲ့ ပတ်သက်လို့ရော . . . ။

**ဖြေ** ပညာရေးနဲ့ပတ်သက်ရင် ယေဘုယျလမ်းကြောင်း နှစ်ခုရှိမယ်ဗျ။ ဆိုရှယ်လစ်နည်းနဲ့ အရင်းရှင်နည်းဆိုပါတော့ဗျာ။ ဆိုရှယ်လစ်နည်းဟာ လူအများစု ပညာသင်ကြားနိုင်ရေးကိုအဓိကထားတယ်။ ပျံ့နှံ့ရေးပေါ့ဗျာ။ ဒီတော့ မြင့်တင်ရေးဘက်မှာ အားနည်းတယ်။ အရင်းရှင်နည်း (အထူးသဖြင့် ဗြိတိသျှနည်း)ကတော့ အဆင့်မြင့်ပညာကို အဓိကထားတယ်။ မြင့်တင်ရေးပေါ့။ ဒီမှာလဲ ပျံ့နှံ့ရေးမှာ အားနည်းတာပါပဲ။ ဒီနေ့ တရုတ်နဲ့ အိန္ဒိယပညာရေးမှာ အားနည်းချက်ရောအားကောင်းချက်ရောရှိနေတာ ဒီသဘောနဲ့ဆိုင်မယ်ထင်ပါတယ်။

**မေး** FDI ကရော တော်တော် အရေးပါတဲ့ အခြေအနေမှာရှိလား ။

**ဖြေ** နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက နည်းလမ်းနှစ်သွယ်နဲ့ လာတယ်ဗျ။ တစ်ခုက ခင်ဗျားပြောတဲ့ FDI ပေါ့။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပေါ့လေ။ သူကအရင်းအနှီးသာမကဘူး။ တက္ကနိုလိုဂျီပါရနိုင်တယ်။ ပြီးတော့ရေရှည်သဘောဆောင်တယ်။ ဒါကြောင့်ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် ပိုလို လားအပ်တာပေါ့။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံဘက်ကစဉ်းစားစရာ တွေရှိနေတယ်။ မြှုပ်နှံပြီးသားအရင်းကို ပြန်ထုတ်ဖို့





မလွယ်တော့ သူ့ဘက်က စဉ်းစားမှာပဲလေ။ တော်ရုံတန်ရုံအားသာချက်ရှိရုံနဲ့ စွန့်စားပြီး ရင်းနှီးမြှုပ်နှံမှာမဟုတ်ဘူး။ ပြောရရင် ရဖို့မလွယ်ဘူးပေါ့ဗျာ။

ဒီတော့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေ ပိုအာရုံကျနိုင်တာက ဒုတိယနည်းဗျ။ Portfolio နည်းလို့ ခေါ်တယ်။ အီကွီတီအရောင်းအဝယ်ဆိုပါတော့။ သူကငွေပြန်ပေါ်ဖို့လွယ်တော့ ရင်းနှီးမြှုပ်နှံသူဘက်က တက်သာဆုတ်သာရှိတယ်။ ဒါကြောင့်လဲ ပိုကြိုက်တာ ဖြစ်မှာပေါ့။ ဒါပေမဲ့ ဒီ "ပေါ့ဖိုလီယို" နည်းက စတော့ဈေးကွက်ကလာတာ ဆိုတော့ ကိုယ့်ဆီမှာ စတော့ဈေးကွက်ရှိဖို့တော့ လိုလိမ့်မယ်။

**မေး** ဆင်းရဲမှုတိုက်ဖျက်ရေးအတွက် အကောင်းဆုံးနည်းက ဘာလဲ။

**ဖြေ** ဆင်းရဲမှုတိုက်ဖျက်ရေးမှာလဲ ယေဘုယျနှစ်မျိုးရှိတယ်ဗျ။ အရင်က ကျွန်တော်တို့ အာရုံကျခဲ့တဲ့နည်း (လက်ဝဲနည်းဆိုပါတော့) က "ဓနခွဲဝေရေး" ( Wealth distribution ) ပေါ့။ လွယ်လွယ်ပြောရရင် ချမ်းသာတဲ့သူတွေဆီက သိမ်းမယ်။ ပြီးတော့ဆင်းရဲသားတွေကို ဝေပေးမယ်ပေါ့ဗျာ။ "ရိုဘင်ဟုဒ်နည်း" ဆိုပါတော့။ လက်တွေ့မှာတော့ ချမ်းသာတဲ့သူတွေသာ မွဲသွားတယ်။ ဆင်းရဲသားတွေကတော့ ဒုံရင်းပဲ။ တစ်ပြည်လုံးစီးပွားရေးမှာ အကျဘက်ရောက်သွားတယ်။ မအောင်မြင်ဘူးပေါ့ဗျာ။

အခုတော့ "ဓနဖန်တီးရှင်" (Wealth Creation) ဆိုတာကို ပိုအာရုံကျလာတယ်။ ဆင်းရဲသားတွေကိုယ်တိုင် ဓနဖန်တီးနိုင်မယ့် အခြေအနေတွေ လုပ်ပေးဖို့ပေါ့ဗျာ။ ဒီမှာ ပညာရေးတို့၊ ကျန်းမာရေးတို့ အခြေခံအဆောက်အအုံတို့က အဓိကကျလာတယ်။ ဒီနေ့ "ဂျက်ဖရီဆော့(ချ)" တို့ လုပ်နေတာ ဒီနည်းလို့ ပြောနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နည်းမှာလဲ နှစ်မျိုးကွဲနေသေးတယ်ဗျ။ တစ်မျိုးက "ရှော့(ခ)ရိုက်ကုထုံး" ပေါ့။ Shock Therapy ပေါ့ဗျာ။ ပညာရှင်တချို့က ဒါကို အဝင်မကျဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံ တော်တော်များများဟာ ရှော့(ခ)ဒဏ်မခံနိုင်ဖူးလို့ ထောက်ပြတယ်။ ဒါကြောင့် သူတို့က "တဖြည်းဖြည်း ပြုပြင်ပြောင်းလဲတဲ့နည်း" ကို ညွှန်ပြတယ်။ Gradual နည်းပေါ့။

အကောင်းဆုံးနည်းကဘာဖြစ်မလဲ ဆိုတာတော့ ကိုယ့်တိုင်းပြည်အခြေအနေအရ ဆုံးဖြတ်ရမှာပဲထင်တယ်။

မေး — Sanction နဲ့ ပတ်သက်လို့ရော ဆရာ - - ၊

ဖြေ — ဒီမှာလဲ အယူအဆက နှစ်မျိုးပဲ။ Sanction ကို ထောက်ခံတာနဲ့ မထောက်ခံတာဆိုပါတော့ဗျာ။ ကိုယ့်အယူအဆနဲ့ကိုယ်ပေါ့။

တလောက ဗီယက်နမ်အကြောင်း စာတစ်ပုဒ်ဖတ်ရတယ်ဗျ။ အမေရိကနဲ့ တရားဝင်သံအဆက်အသွယ်မတူယောင်သေးခင်(ဆိုလိုတာက Sanctionကာလမှာကို)ပဲ၊အမေရိကန်ကုမ္ပဏီတွေနဲ့ ဆွေးနွေးပွဲတွေ လုပ်ခဲ့တယ်တဲ့။ ဒီဆွေးနွေးပွဲတွေကို အခုလက်ရှိ ဗီယက်နမ်ဝန်ကြီးချုပ်က ဦးဆောင်ခဲ့တာဆိုပဲ၊ ခင်ဗျားမေးတဲ့ မေးခွန်းနဲ့ဆက်စပ်နေလို့ ပြောတာပါ။ စိတ်ဝင်စားဖို့ကောင်းမယ်ထင်တယ်။

မေး — ဆရာဆိုလိုတာက Sanction အပြင် နောက်ထပ် အဖြေ ရှိသေးတယ်ပေါ့။

ဖြေ — ဟုတ်ကဲ့။ ရှိနိုင်ပါတယ်။ ရှိမယ်ထင်တယ်။

မေး — ဒီနေ့ ကျွန်တော်တို့နိုင်ငံနဲ့ ကိုက်ညီမယ့် စီးပွားရေးစနစ်က ဘာဖြစ်မယ်ထင်ပါသလဲ။





ဖြေ — အစိုးရရော လူထုကပါ ရွေးချယ်ထားတာ၊ ဈေးကွက်စီးပွားရေးစနစ်လေဗျာ။ ဆိုရှယ်လစ်စနစ်နဲ့ စရွေး မကိုက်တော့ဘူးဆိုတာ အားလုံးက လက်ခံပြီးပါပြီ။

မေး — ဈေးကွက်စီးပွားရေးစနစ်အကြောင်း အနည်းအကျဉ်းလောက်ပြောပြစေချင်ပါတယ်။

ဖြေ — ဈေးကွက်စနစ်ကို ဦးတည်တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို "ကမ္ဘာပြားပြီ" စာအုပ်ရေးတဲ့ "တောမတ်ဖရီမင်" က နှစ်မျိုးခွဲ ပြောတယ်ဗျ။ လက်ကားနဲ့ လက်လီပြုပြင်ပြောင်းလဲရေးတဲ့။ လက်ကားပြုပြင်ပြောင်းလဲရေးဆိုတာက မဟာဗျူဟာပိုင်းကိုပြောတာ၊ ပုဂ္ဂလိကကဏ္ဍတွေကို ဖွံ့ဖြိုးစေတာ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်ပြောင်းတာ၊ တံခါးဖွင့်ပေါ်လစီကျင့်သုံးတာ အဲဒါတွေအကျုံးဝင်တာပေါ့။

လက်လီ ပြုပြင် ပြောင်းလဲရေးဆိုတာကတော့ နည်းဗျူဟာပိုင်းပေါ့။ လူတွေ လက်တွေ့စီးပွားရေးလုပ်ခင်းကိုင်ခင်းသာအောင် အခြေအနေတွေ ဖန်တီးပေးရတာပါ။ ဒီအပိုင်းမှာ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ဖို့ လွယ်မလွယ်။ အလုပ်သမားငှားဖို့ ဒါမှမဟုတ် ဖြုတ်ဖို့ လွယ် မလွယ်။ အရင်းအနှီးရဖို့ လွယ်မလွယ် စတာတွေနဲ့ တိုင်းတာရမယ်လို့ ဆိုတယ်။ ကုန်ကျစရိတ်နည်းနည်းနဲ့ မြန်မြန်ဆန်ဆန် လုပ်ငန်းစတင်နိုင်ရင် အကောင်းဆုံးလို့ ဆိုတာပေါ့။ ဒီနေရာမှာ ဥပဒေလုပ်ထုံးလုပ်နည်းတွေကအတော်လေး စကားပြောလိမ့်မယ်ထင်တယ်။

မေး — နိုင်ငံတည်ဆောက်ရေးမှာ Soft Power ရဲ့အခန်းကို ရှင်းပြပါဦး။

ဖြေ — ဒီနေ့ခေတ်က ပညာခေတ်လေဗျာ။ ပညာရေးရင်းနှီးမြှုပ်



www.burmeseclassic.com

www.burmeseclassic.com



နှံမှုဟာ အရေးအကြီးဆုံး၊ အခြေခံအကျဆုံးလို့ အားလုံးက သိမှတ်လက်ခံ ထားကြပြီပဲ။ ပညာဆိုတာ Soft Power လေ။ သိပ်အရေးကြီးတာပေါ့။

နိုင်ငံတကာ ဆက်ဆံရေးမှာတော့ ဒီနေ့အထိ Hard Power က အဆုံးအဖြတ်နေရာမှာ ရှိနေတုံးပဲဗျာ။ ဒါပေမဲ့ Soft Power ရဲ့ အခန်းကိုလဲ အရင်ကထက်စာရင် အလေးထားလာကြပါပြီ။

မေး ကျွန်တော်တို့ မြန်မာနိုင်ငံက တမ္ဘာ့လူဦးရေအများဆုံး တရုတ်နဲ့ အိန္ဒိယကြားမှာ ရှိနေတဲ့အတွက် သူတို့ရဲ့ Impactတကျွန်တော်တို့နိုင်ငံအပေါ်မှာ ဘယ်လောက်ထိ သက်ရောက်မှုရှိနိုင်မလဲ။ စီးပွားရေး၊ နိုင်ငံရေး စသဖြင့်ပေါ့။

ဖြေ အများကြီး အကျိုးရှိနိုင်ပါတယ်။ တရုတ်ရော၊ အိန္ဒိယရော စီးပွားရေးပြုပြင်ပြောင်းလဲမှု မလုပ်ခင်က စိုက်ပျိုးရေးလူ့အဖွဲ့အစည်းလို့အကြမ်းအားဖြင့် ပြောနိုင်မယ်ထင်ပါတယ်။ ကျွန်တော်တို့နဲ့ သိပ်ကွာလှတယ်မထင်ပါဘူး။ ဒါပေမဲ့ သူတို့ စဉ်းစားတာက "စိုက်ပျိုးရေးလူ့အဖွဲ့အစည်းမို့ ဂလိုဘယ်လိုက်ဇေးရှင်းတွေ ဘာတွေမလိုဘူး" ဆိုပြီး အမြင်မကျဉ်းဘူး။ စက်မှုထူထောင်ရေးကို တစ်ဖက်က လုပ်နေသလို ဝန်ဆောင်မှုစီးပွားရေးဆီ ခုန်ကူးနိုင်ဖို့လဲ ရည်မှန်းချက်ရှိရှိ လမ်းဖောက်တယ်။ Two Track Strategy လို့ခေါ်တာပေါ့။ ဒါကို ကျွန်တော်တို့လဲ လေ့လာသင့်တယ်လို့ထင်တယ်၊ နောက်ပြီးတော့ ဒီနိုင်ငံကြီးနှစ်ခုရဲ့ တကွန်လိုဂျီအဆင့်က ကမ္ဘာ့အဆင့်မီတယ်။ အနောက်တိုင်း တကွန်လိုဂျီတိုက်ရိုက်မရရင်တောင် သူတို့ တကွန်လိုဂျီရနိုင်ရင် ကျွန်တော်တို့အတွက် အများကြီး အကျိုးရှိနိုင်တယ်။ နောက်ဒီနေ့ နာမည်ကြီးနေတဲ့ outsourcing တရုတ်နဲ့ အိန္ဒိယ





ဒီလောက်အတက်မြန်တာ ဥရောပနဲ့အမေရိကကုမ္ပဏီကြီးတွေရဲ့အလုပ်ကို လက်ခွဲလုပ်နိုင်လို့ပါ။ outsource လုပ်တာပေါ့။ ကျွန်တော်တို့လဲ တရုတ်နဲ့ အိန္ဒိယက အလုပ်တချို့ကို လက်ခွဲလုပ်နိုင်ရင် ဘယ်လိုလဲ၊ ကျွမ်းကျင်သူ ပညာရှင်တွေ စနစ်တကျ သုတေသနလုပ်ကြည့်ရင် အခွင့်အလမ်းတချို့ရှိနိုင်ထင်တာပဲ။

တစ်ခုတော့ရှိတယ်။ ဒီနိုင်ငံကြီးနှစ်ခုက ကမ္ဘာမှာလူဦးရေအများဆုံးဆိုတာတော့ သတိပြုရမယ်။ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ Side Effect တစ်ခုရှိတယ်လေ။ အမေရိကမှာ "ဟစ်စပန်နစ်ချဲလင်" ရှိနေပြီလို့ "ဟန်တင်တန်" က ဆိုတယ်။ အာရှမှာလဲ "စီနိုချဲလင်" ရှိတယ်လို့ "အေမိချွာ" က ထောက်ပြတာရှိတယ်။ ဒါကိုတော့ အမျိုးသားရေးအထိုင်ပေါ်က စဉ်းစားဖို့ လိုမယ်ထင်တယ်။ ဘာပြောပြော ကောင်းကျိုးကပိုများတယ်လို့တော့ ပြောနိုင်ပါလိမ့်မယ်။

မေး ဗီယက်နမ်အရှိန်အဟုန်ရသွားတာကို ဆရာဘယ်လိုမြင်သလဲ။

ဖြေ ဗီယက်နမ်မှာလဲ သူ့ထူးခြားချက်နဲ့သူလို့ ပြောရမယ်ထင်တယ်။ ဒီနိုင်ငံက ကမ္ဘာစစ်ပြီးကတည်းက နှစ်ပိုင်းကွဲသွားတာ။ မြောက်ပိုင်းက အဲဒီကတည်းက ဆိုရှယ်လစ်စနစ်နဲ့သွားတာပေါ့။ တောင်ပိုင်းက ၁၉၇၅ နောက်ပိုင်းမှ ဆိုရှယ်လစ်ဘက်ရောက်တယ်။ အဲဒီအရင်က အခြေခံအရ ဈေးကွက်စီးပွားရေးဘောင်ထဲမှာလို့ ပြောလို့ရပါတယ်။ ဒီတော့ . . လွတ်လပ်တန်းစား(ဘိဇနက်အလွှာ)က စီးပွားရေးနဲ့ ပြတ်သွားတာ နှိုင်းယှဉ်ရင် သိပ်မကြာလှသေးဘူး။ တောင်ပိုင်းမှာ မိသားစုတိုင်းက တစ်နိုင်တစ်ပိုင် စီးပွားရေးလေးတွေကို ရှိနေတယ်လို့ သိရတယ်။ အဲဒါ အရေးကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အားကောင်းချက်တစ်ခုဖြစ်မယ်ထင်တယ်။ နောက်တစ်ခုကတော့ အဆိုးထဲက အကောင်းလို့ ပြောရမလားပဲ။ တောင်ဗီယက်နမ်မှာ စစ်ရေးရည်ရွယ်ချက်နဲ့ အမေရိကန်လုပ်ပေးခဲ့တဲ့ အခြေခံအဆောက်အအုံတွေရှိတယ်။ ဒါတွေကဒီနေ့စီးပွားရေးဖွံ့ဖြိုးမှုမှာအထောက်အကူပေးနေ တယ်။ ဥပမာအရင်က စစ်ရေးအချက်အချာလို့ ပြောနိုင်တဲ့ တောင်မြောက်ဆက်တဲ့လမ်းမကြီးပေါ့။ အခုဒီလမ်းမကြီးက ဖွံ့ဖြိုးရေးအတွက် အသက်သွေးကြောဖြစ်လာတယ်။အဲသလိုအားသာချက်တွေရှိနေတော့ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ တောင်ပိုင်းက ဦးဆောင်တယ်လို့ ပြောနိုင်ပါတယ်။ ဒါကိုလွတ်မြောက်ရေးစစ်ပွဲမှာ ဦးဆောင်ခဲ့တဲ့ မြောက်ပိုင်းကလဲလိုလိုချင်ချင် ခွင့်ပြုခဲ့တယ်။

ဘာပဲပြောပြော အခုလောလောဆယ်မှာတော့ ဗီယက်နမ်ကို အားလုံးကစိတ်ဝင်တစားစောင့်ကြည့်နေရပြီ။ နောက်ထပ်အာရှကျားဖြစ်ဖို့ အလားအလာအကောင်းဆုံးလို့ သတ်မှတ်ထားကြတယ်။

မေး အဓိက က ဘာလို့ ပြောနိုင်မလဲ ။

ဖြေ တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် အဓိကအားကောင်းချက်ချင်းမတူကြဘူးဗျ။ တရုတ်ပြည်ရဲ့ အဓိက အားကောင်းချက်က "ပေါ်လစီ" လို့ သတ်မှတ်ကြတယ်။ အိန္ဒိယမှာတော့ ပညာပေါ့။ဗီယက်နမ်မှာတော့ ငွဲ လို့ပြောရမလားပဲ။ ဒီနိုင်ငံကလေးက စူပါ ပါဝါကိုတောင် အနိုင်တိုက်ခဲ့ဖူးတာမဟုတ်လား။ ဗီယက်နမ်ရဲ့ ငွဲ ကို ကမ္ဘာက အသိအမှတ်ပြုကြရပါတယ်။ ပို အတိအကျပြောရမယ် ဆိုရင်တော့. . ကိုယ့်တိုင်းပြည်ကို တကယ်ကောင်းစေချင်တဲ့ စေတနာ၊ မဖြစ် ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ပိုင်းဖြတ်ချက်နဲ့ လုပ်တတ်ကိုင်တတ်တဲ့ ခွမ်းဆောင်ရည်ကို အမှတ်ပေးရမယ် ထင်ပါတယ်။





ပြီးတော့ ဗီယက်နမ်မှာ လေးစားစရာ ကောင်းတာတစ်ခုကအတိတ်ကို အတိတ်မှာထားခဲ့ပြီးပစ္စုပ္ပန်နဲ့ အနာဂတ်ကို အလေးထားတတ်တဲ့အမြင်"လို့ ပြောချင်တယ်။

မေး ဘင်္ဂလားဒေ့ရှ်မှာ ဂရာမင် အသေးစားငွေချေးဘဏ်လုပ်ငန်းတွေ အောင်မြင်နေတယ်။ ပြည်သူတွေဆီက ယုံကြည်မှုတွေ ရနေတယ်။ ကျွန်တော်တို့ဆီမှာ ဖွင့်ကြည့်ရင် ဘယ်လိုအခြေအနေ ရှိနိုင်မလဲဆရာ။

ဖြေ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ကျွန်တော်တို့နဲ့ အများကြီးနီးစပ်တာကိုး။သေချာသုတေသနလုပ်ကြည့်ရင် ကျွန်တော်တို့ အတွက် အသုံးတည့် နိုင်စရာတွေ ရှိမယ်ထင်တယ်။

ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အကြီး ကြီးတွေထက် အသေးလေးတွေကစတာ ပိုလက်တွေ့ကျမလားပဲ။ အခုကမ္ဘာမှာ Small is profit ဆိုတဲ့ အယူအဆ ခေတ်စားလာတယ်ဗျ။ "ငယ်သော်မြတ်၏။ ငယ်သော်အလုပ်ဖြစ်၏" ပေါ့ဗျာ။ ဒီအယူအဆကို ကိုယ်စားပြု တင်ပြတာက မစ်ကျိဂန် တက္ကသိုလ်က ကော်ပိုရိတ်မဟာဗျူဟာ ပါမောက္ခ စီ ကေ ပရာဟာလက်(ဒ)ပါ။သူက လူကိုနှစ်မျိုးခွဲကြည့်တယ်။လူတစ်ယောက်ဟာ micro consumer (အသေးစား စားသုံးမှု)ဖြစ်သလိုတစ်ပြိုင်နက်တည်းမှာပဲ micro producer (အသေးစား ထုတ်လုပ်သူတွေ)လည်း ဖြစ်တယ်တဲ့။ တရုတ်ပစ္စည်းတွေလို အရည်အသွေး အသင့်အတင့် ဈေးချိုချို ပစ္စည်းတွေနဲ့ mico consumer တွေရဲ့ ဝယ်လိုအားကို ဆွပေးရမယ်။ အိန္ဒိယက "အေမျူ(လ)" "နို့နဲ့ နို့ထွက်သမဝါယမ" လို micro producer တွေရဲ့ ရောင်းအားကို မြှင့်ပေးရမယ်။ဘင်္ဂလားဒေ့ရှ်က ဂရာမင်ဘဏ်လို၊ အသေးစားငွေချေးဘဏ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



micro producer တွေအတွက် အရင် အရင်းအနှီးရှာပေးရမယ်. . ။ ဒီလို အသေးလေးတွေက စပြီးလုပ်နိုင်ရင် တစ်ချိန်မှာ ဖွံ့ဖြိုးတိုးတက်နိုင်တယ်လို့ ဆိုပါတယ်။ စိတ်ဝင်စားစရာကောင်းတယ်ထင်တာပဲ။

မေး **Flexible အဖြစ်ဆုံး အဖွဲ့အစည်းတွေ အောင်မြင်မှုရသွားတယ်လို့ ဆင်တာတူးတစ်ခုမှာ ဆရာပြောခဲ့သလားလို့။ ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲဆရာ။**

ဖြေ "ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်း" ပေါ့ဗျာ။ ခင်ဗျားပြောတဲ့ flexible ပေါ့။ အရင်ကတော့ ဒါကို မကြိုက်ကြဘူးဗျ။ ယုံကြည်ချက်မခိုင်မာဘူးဆိုပြီး ရှုတ်ချကြတာများတယ်။ ဒါပေမဲ့ မျက်မှောက်ခေတ် အပြောင်းအလဲတွေက သိပ်မြန်နေတော့ "ပြောင်းလွယ် ပြင်လွယ်နိုင်စွမ်း" သာ မရှိရင် အပြောင်းအလဲကို အမီလိုက်ဖို့ ဘယ်လိုမှ မလွယ်တော့ဘူး ဖြစ်လာတယ်။ အမီမလိုက်နိုင်ရင်တော့ နောက်ကျကျန်ရစ်မှာပေါ့ဗျာ။ ဒါကြောင့် "ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်း" ကို လိုအပ်တဲ့အရည်အသွေးတစ်ခုအနေနဲ့ သိမှတ် လက်ခံလာကြတာပါ။

တစ်ခုတော့ရှိတယ်။ ဒီ "ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်း" ဆိုတာကိုပဲ မလိုသူအချို့က ပုံဖျက်ပြောကြတာပေါ့။အခွင့်အရေးကိုကြည့်ပြီး ဟိုအပင် ဒီအပင်ကူးတာကို flexible လို့ အဓိပ္ပာယ်ဖွင့်ကြတာပေါ့ဗျာ။ ကျွန်တော်တို့ဆိုလိုတဲ့ **flexible** က အခွင့်အရေးနဲ့ ဘာမှမဆိုင်ဘူး။ လက်တွေ့ကိုကြည့်ပြီး ပြောင်းနိုင်၊ ပြင်နိုင်ဖို့ပြောတာ။ အစွဲအလမ်းမကြီးကြဖို့ တရားသေမကျကြဖို့ ပြောတာ။ ဒါကိုပဲ ဟိုပေးစား၊ ဒီပေးစားနဲ့ တမင်သိက္ခာချကြတာတွေရှိတယ်။ အလွန်အောက်တန်းကျတဲ့နည်းပါဗျာ။ ထားလိုက်ပါတော့ . . ။





မေး **ကျွန်တော်တို့နိုင်ငံကရောကမ္ဘာပြားထဲမှာ ဘယ်လောက်အတိုင်းအတာအထိ ပါနေပြီလဲဆရာ။**

ဖြေ ကမ္ဘာပြားပြီစာအုပ်ထဲမှာ ကမ္ဘာကြီးကို အပြားခတ်လိုက်တဲ့ ရိုက်ချက်တွေအကြောင်း အကျယ်တဝင့်ဆွေးနွေးထားတာတွေ ပါပါတယ်။ များသောအားဖြင့်တော့ တကွန်ပျူတာနဲ့ ပတ်သက်တာတွေပါ။ ဒီရိုက်ချက်တွေနဲ့ပဲ ပြားမပြားဆိုတာ သတ်မှတ်ရမယ်ထင်ပါတယ်။

ဒီစာအုပ်ရေးတဲ့ ဖရီးမင်းကိုယ်တိုင်ကတော့ လက်ရှိကမ္ဘာကို ယေဘုယျသုံးပိုင်းခွဲပြောထားတယ်။ အပြားကမ္ဘာနဲ့ မပြားတပြားကမ္ဘာ(ပြားဖို့အလားအလာရှိတဲ့ကမ္ဘာ)နဲ့ မပြားသေးတဲ့ကမ္ဘာပေါ့။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အပြားကမ္ဘာထဲမှာ အပီအပြင် မရောက်သေးရင်တောင် ပြားနိုင်စရာအလားအလာတွေ ရှိနိုင်ပါတယ်။ အခြေအနေဆိုးလှပြီလို့ ကျွန်တော်တော့မထင်ပါဘူး။ ဒီနေ့ လူငယ်တွေရဲ့ တိမ်းညွတ်မှုကို ကြည့်ပြီး အခုလိုထင်တာပါ။

အခုနောက်ဆုံးထွက်ခဲ့တဲ့ ၂၀၀၇ခုနှစ် ဇွန်လ The Waves မှာ ကမ္ဘာပြား ဝေဖန်ချက် တစ်ခုကို Cover Theme တင်ထားတယ်ဗျ။ ဟားဗတ်တက္ကသိုလ်က Pankaj Ghemawat ဆိုတဲ့ပညာရှင်တစ်ယောက်ရေးတာပါ။ သူ့အလိုအရတော့ ကမ္ဘာကြီးဟာ ၁၀ ရာနိုင်နှုန်းပဲ ပြားသေးတယ် လို့ဆိုတယ်။ သူ့ထောက်ကွက်ကလဲ စိတ်ဝင်စားစရာ ကောင်းပါတယ်။ မတူတဲ့အယူအဆတွေကို နှိုင်းယှဉ်လေ့လာစေချင်လို့ ဒီဝေဖန်ချက်ကို ရွေးထည့်ခဲ့တာပါ။

မေး **ပညာတတ်တဲ့ ပညာတတ်တွေဖြစ်ဖို့ အဓိက ဘာလိုမလဲ ဆရာ။**

ဖြေ တစ်ခွန်းထဲ ပြောရရင်တော့ "စိတ်ကိုဖွင့်ထားဖို့" ပေါ့။ "ပွ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ အမှန်တရားအားလုံးရှိပြီ" လို့ ထင်လိုက်တာနဲ့ အဲဒီလူဟာ ပညာတတ်မဟုတ်တော့ဘူး လို့တောင် ပြောနိုင်ပါတယ်။ "ငါမသိသေးတာတွေ အများကြီး ရှိပါလား" လို့ နှလုံးသွင်းဖို့ လိုလိမ့်မယ်။

ဒီနေ့ခေတ်မှာ learning တစ်ခုထဲနဲ့မလုံလောက်တော့ဘူး။ unlearning နဲ့ပါ သွားဖို့လိုတယ်လို့ ပညာရေးသုတေသီတွေက ထောက်ပြလာကြတယ်ဗျ။ learning ဆိုတာက မသိသေးတာကို သင်ယူတာ၊ လေ့လာတာပါ။ unlearning က သိပြီးသားတွေကို ပြန်စိစစ်ရတာ။ "ပဋိပညာရေး"ပေါ့ဗျာ။ ဒါကတောင်ပို အရေးကြီးမလားပဲ။

**မေး** **လူငယ်တွေ နိုင်ငံရဲ့အရေးကိစ္စတွေမှာ စိတ်ဝင်စားလာတာအပေါ် ဘယ်လိုမြင်ပါလဲဆရာ။**

**ဖြေ** "လူဆိုတာ နိုင်ငံရေးသတ္တဝါ" လို့တောင်ပြောကြတာပဲဗျ။ လူငယ်တွေ နိုင်ငံရေးမှာ စိတ်ဝင်စားလာတာ၊ သဘာဝကျပါတယ်။ တိုင်းပြည်အတွက်လဲ အပေါင်းလက္ခဏာ ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးကို "စိတ်လှုပ်ရှားမှု" emotion နဲ့ မချဉ်းကပ်ဘဲ ပညာနဲ့ ယှဉ်သွား ရင်တော့ ပိုကောင်းလေမလားပဲ။

**မေး** **လက်ရှိလူငယ်တွေမှာ ဘာတွေလိုအပ်နေတယ်လို့ ထင်ပါသလဲ။**

**ဖြေ** ဒီနေ့လူငယ်တွေမှာ ဘာတွေလိုအပ်နေတယ်ဆိုတာထက် ကျွန်တော်တို့ လူကြီးပိုင်း၊ လူလတ်ပိုင်းတွေက သူတို့အတွက် ဘာလုပ်ပေးနိုင်မလဲဆိုတာကို ကျွန်တော်ပိုစဉ်းစားမိတယ်ဗျ။ ဥပမာ ဒီနေ့လူငယ်တွေမှာ "ပညာဆာလောင်မှုကြီး" ရှိနေတယ်လို့ ကျွန်တော်ထင်တယ်။ ဒီဆာလောင်မှုကို ဖြည့်နိုင်မလားဆိုပြီး သူတို့စာဖတ်ကြတယ်။ ဒီမှာ ကျွန်





တော်တို့ခေတ်နဲ့ မတူတာက ဒီနေ့လူငယ်တွေ စာဖတ်ဘာရင်ခုန်ချင်လို့၊ ခံစားချင်လို့ထက် သိချင်စိတ်က ကဲမယ်ထင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့က ရင်ခုန်ကောင်းတုန်း။ သူတို့ရဲ့ ပညာဆာလောင်မှုကို ဖြည့်မပေးနိုင်ဘူးလို့ ကျွန်တော်ထင်တယ်။ ဒီတော့ "လူငယ်တွေ ဘာဖြစ်တယ်၊ ညာဖြစ်တယ်" ဆိုပြီး ဆရာကြီးလုပ်နေတာထက် ကျွန်တော်တို့တစ်တွေ ကိုယ့်ကိုယ်ကိုယ် ပြန်စိစစ်ကြတာကပိုသဘာဝကျမယ် ထင်တာပဲ။

**မေး** **လက်ရှိ နိုင်ငံတည်ဆောက်ရေးအတွက် လူငယ်တွေ ဘာလုပ်ပေးသင့်တယ်လို့ ထင်လဲဆရာ၊ သတ်မှတ်ဘောင်ထဲကရှေပါ။**

**ဖြေ** အဓိကအကျဆုံးကတော့ "ပညာ" ပေါ့ဗျာ။ ပညာ အခြေခံပေါ်ကနေ "ငါ ဘာလုပ်သင့်လဲ" ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ကြတာက အကောင်းဆုံးပါ။ ကျွန်တော့်အနေနဲ့ ကတော့ဘယ်သူ့ကိုမှဘာလုပ်သင့်တယ်၊ ညာလုပ်သင့်တယ် မပြောချင်ဘူး။ ပြောလည်း မပြောတတ်ဘူး၊ ပြောလည်း မပြောအပ်ဘူးလို့ ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အင်တာဗျူး(၇)

## စာအုပ်များ (၃)

---

*ယခုစာစုမှာ Action ဂျာနယ်၏ မေးမြန်းချက်များအပေါ် စာရေးသူ ပြန်လည်ဖြေကြားခဲ့သည်များ ဖြစ်ပါသည်။ ဤ အင်တာဗျူးကို(၂၅-၁၂-၂၀၀၇) ရက်နေ့ထုတ် Action ဂျာနယ်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။*

---

အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီက ၂၀၀၆ ခုနှစ်အတွက် ရွေးချယ်ခဲ့တဲ့ စာအုပ်တွေအနက်က ဘာသာပြန်(သုတ) ဘာသာရပ်မှာ ဆုရသွားတဲ့ ထမ္မာပြားပြီ စာအုပ်ကို ဘာသာပြန်ခဲ့သူ ဆရာကျော်ဝင်းနဲ့ တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါတယ်။ ဒီဇင်ဘာလ ၁၀ ရက်နေ့ညမှာ ဖြေကြားခဲ့တာ ဖြစ်ပါတယ်။

မေး — တော်ဖလာ၊ ဖရန့်စစ် ဖူကူယားမား၊ ဂျိုးဇက်အက်နိုင်း (ဂျူနီယာ)နဲ့ နီးဖာဂူဆန်တို့ရဲ့ ရာစုသစ်၊ ထောင်စုသစ်တွေကို ပုံလောင်းပေးမယ့် စာအုပ်တွေကို ဘာသာပြန်တာ၊ မိတ်ဆက်ရေးတာတွေမှာ ဆရာကိုယ်တိုင် ယုံကြည်လို့ပါလား။

ဖြေ — လူတစ်ယောက်၊ အိုင်ဒီယာတစ်ခု၊အိုင်ဒီအိုလိုဂျီတစ်ခုကို ယုံကြည်ပုံအဝီတာမျိုး ကျွန်တော့်မှာ မရှိတော့ပါ။ ယုံတာ



www.burmeseclassic.com

www.burmeseclassic.com



မယုံတာ၊ မှားတာ၊ မှန်တာ Anti, Pro စတဲ့ ချဉ်းကပ်နည်းတွေကိုလဲ ရွှန့်လိုက်ပြီ၊ ကိုယ်ယုံကြည်တာပဲ ရေးမယ်၊ အသိပေးမယ်။ မယုံတာမရေးဘူး။သိခွင့်ကိုမပေးဘူးဆိုတဲ့ရပ်တည်ချက်မျိုးကိုလဲ ခံတွင်းမတွေ့တော့ဘူး။ ကျွန်တော်စာရေးနေတာ လူတွေ(စာဖတ်ပရိသတ်တွေ)ရဲ့ Right to Know အတွက် ကူညီဖြည့်ဆည်းပေးနေတာ။ Right to Determine ကတော့ စာဖတ်ပရိသတ်ရဲ့ ပိုင်ခွင့်ပဲ။ ကျွန်တော် ဝင်မစွက်ဖက်ချင်ဘူး။

မေး ကာလယန္တရားက အမြဲမပြတ် စီးဆင်းနေတော့ လူတစ်ယောက်အဖို့ Ism တစ်ခုကနေ တစ်ခုပြောင်းဖို့ လိုအပ်ပါသလား။ ဘယ်လိုထင်ပါသလဲ၊

ဖြေ အမှန်မှာက Ism တွေ ကိုယ်တိုင်က အမြဲမပြတ် စီးဆင်းနေတဲ့ကာလယန္တရားကို ထင်ဟပ်ဖို့ကောင်းတာ။အရင်က မာ့ခ်စ် ဝါဒကို အဲသလိုထင်ဟပ်နိုင်မယ့် Ism မျိုးလို့ ကျွန်တော်ထင်ခဲ့တာ။ သက်တွေ့မှာတော့ စိတ်တိုင်း ဖြစ်မလာဘူး။ ဒီတော့ ခင်ဗျားမေးခွန်းကို Geothe ရဲ့ကဗျာတစ်စနဲ့ ဖြေချင်တယ်။

Theory is grey, my friend;
But life is evergreen.

မေး ဟိုးအရင်က ကမ္ဘာပြားအသင်းဆိုတာ ရှိခဲ့တယ်၊ အခုဆရာ့ရဲ့ 'ကမ္ဘာကြီးပြားပြီ" နဲ့တော့ အနှစ်သာရ မတူပါဘူး၊ တချို့နိုင်ငံက ပညာရှင်တွေက ကမ္ဘာမပြားဘူးလို့ပြောနေကြတယ်၊ ဆရာ့အနေနဲ့ကော . . . ၊

ဖြေ ကမ္ဘာပြားစာအုပ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ စာပေလောကမှာ ဝေဖန်ချက်တွေ အတော်လေး လျှံကျလာခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါဟာကောင်းတဲ့ လက္ခဏာပါ။





မကောင်းတာကဝေဖန်တဲ့သူ တော်တော်များများ(ပြောရရင် အားလုံးလောက်က) မဖတ်ဘဲ ဝေဖန်နေကြတာပဲ။

စာအုပ်ကိုသေချာဖတ်ကြည့်စေချင်တယ်။မူရင်းစာရေးဆရာ Friedman ကိုယ်တိုင်က "ကမ္ဘာတစ်ခုလုံးပြားပြီ" လို့ မပြောဘူး။ "မပြားတဲ့ ကမ္ဘာ" (The Unflat World) ဆိုတဲ့ အခန်းတစ်ခန်း သတ်သတ်ပါတယ်၊ စာအုပ်တစ်အုပ်လုံး မဖတ်ချင်နေ၊ မာတိကာလောက် ကြည့်ရင်ပဲ ဒါကိုသိနိုင်ပါတယ်၊ အခုဟာက မာတိကာကို မဖတ်ဘဲ ဝေဖန်နေကြတာ ဖြစ်မယ်ထင်တယ်။

နိုင်ငံတကာမှာတော့ ကမ္ဘာပြားအယူအဆကို စနစ်တကျဝေဖန်ကြတာတွေ ရှိပါတယ်၊ ကျွန်တော့်ဘာသာပြန်(တတိယတွဲ) အဆုံးမှာ Newsweek မဂ္ဂဇင်း ပင်ဆိုင်ဆောင်းပါးရှင် Robert J. Samulsom ရဲ့ ဝေဖန်ချက်ကို ထည့်ပေးထားပါတယ်။ The Waves (၂၀၀၇ခုနှစ် ဇွန်လထုတ်) မှာလဲ ဟားဗတ်တက္ကသိုလ်က ပါမောက္ခ Pankaj Ghemawat ရဲ့ ဝေဖန်ချက်ကို Cover Theme တင်ခဲ့ပါတယ်။နောက်လဲ ဖတ်ရသရွေ့ဝေဖန်ချက်တွေဘာသာ ပြန်တင်ဆက်သွားမှာပါ။ စာဖတ်ပရိသတ် အတွက် နှိုင်းယှဉ်စဉ်းစားနိုင်ဖို့ပါ။

မေး ဆရာ့စာအုပ်တွေဖတ်ပြီး လင်းပွင့်မှုရသွားစေတဲ့ လူငယ်စာဖတ်ပရိသတ်တွေနဲ့ တွေ့ဖူးပါသလား၊ သူတို့ရဲ့ ထင်မြင်ယူဆချက်တွေကို သိပါရစေ၊

ဖြေ စာရေးသူနဲ့ စာဖတ်သူကြားမှာ အကွာအဝေးတစ်ခုရှိပါတယ်။ စာဖတ်ပရိသတ်အားလုံးကို ကျွန်တော်မသိပါဘူး၊ ကျွန်တော်က လူငယ်တွေကို (ခင်ဗျားပြောသလိုလင်းပွင့်မှုရသွားစေဖို့) ပညာပေးဖို့ (ပြောရရင် ဆရာကြီး လုပ်ဖို့)



www.burmeseclassic.com

www.burmeseclassic.com



စာရေးတာမဟုတ်ပါ။ စာဖတ်သူအတွက် ရွေးစရာများများ ရသွားဖို့ စုစည်း တင်ပြနေတာပါ။ ကျွန်တော်က စာဖတ် ပရိသတ်ကို တရားဟော့ချင်တဲ့ စာရေးဆရာ မဟုတ်ဘူး လေဗျာ။ စာဖတ်သူတွေနဲ့အတူ တရားရှာချင်တဲ့ သောတ ဇနတစ်ယောက်ပါ။

မေး ဗဟုဝါဒကို ကြိုက်နှစ်သက်ပါသလား။ ဒါမှမဟုတ်. . .

ဖြေ မေးခွန်းကို ပြန်မေးရဦးမယ်။ "ဗဟုဝါဒ" ဆိုတာ ဘာကို ဆိုလိုချင်တာလဲ. . . ဒီမှာ အပြောများနေကြတဲ့ ဗဟုဝါဒ ဆိုတာ. . . Ism အဆင့်ထိ မရောက်ဘူး ထင်တယ်ဗျ။ "ဗဟုအခြေအနေ" Pluralistic Condition ကို ပြောချင် တာဖြစ်မယ်။ ပြောရရင် ဗဟုအခြေအနေဟာ ဒီနေ့ကမ္ဘာ ကြီးရဲ့ Objective Condition ပဲဗျ။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ခံရင်ဆိုင်ရမှာပဲ။

ကျွန်တော်တို့အသိုင်းအဝိုင်းမှာ ဖြစ်နေတာက အခြေအနေအသစ်တစ်ခုခုနဲ့ ရင်ဆိုင်ရပြီဆိုရင် ဒီအခြေ အနေသစ်ကို နားလည်အောင် အရင်မကြိုးစားဘူး။ ကြိုက် မကြိုက်ဆိုတဲ့ အတွန့်တုံ့ပြန်လေ့ရှိကြတယ်။ ဘာမှန်း ညာ မှန်းမသိဘဲ ကြိုက် မကြိုက်ဆိုတာချည်း ရှေ့တင်ပြောနေ ကြတာ။ အတော် ဟာသြဖို့ကောင်းတယ်။ စိတ်ပျက်ဖို့လဲ ကောင်းတယ်။

မေး **Cyber Space လွတ်လပ်ခွင့် ကြေညာစာတမ်းကို ဘာသာပြန် တင်ဆက်ဖို့ အစီအစဉ်ရှိပါသလား။**

ဖြေ မရှိပါဘူး။ အပြည့်အစုံကို ကျွန်တော်လဲ မဖတ်ဖူးသေးဘူး။ အင်တာနက်မှာ ရှာတော့လဲ မတွေ့ဘူး။ အပြည့်အစုံရရင် တော့ ပြန်ဖြစ်မယ်ထင်ပါတယ်။





မေး *နှင်းခဲပျော်ချိန် ရောက်လုနီးပြီ ထင်ပါသလား။*

ဖြေ ရုရှားသမိုင်းမှာ နှင်းခဲပျော်ချိန် နှစ်ခါကြုံဖူးတယ်။ ပထမ အကြိမ်က ခရုရှက်ဖ် လက်ထက်၊ ဒုတိယအကြိမ်က ဂေါ် ဘာချော့ဗ် လက်ထက်။ တစ်ကမ္ဘာလုံးအတိုင်းအတာ အ နေနဲ့ကတော့ ဘာလင်တံတိုင်းပြိုချိန်ကိုပဲ နှင်းခဲပျော်ချိန် လို့ တင်စားသုံးကြတာတွေရှိတယ်။ ပါမောက္ခ ဟန်တင် တန် (ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း)ကတော့ ဒီကာလ ကို Third Wave လို့ ညွှန်းတယ်။ (တော်ဖလာရဲ့ Third Wave နဲ့ မတူပါ)။ အဲဒီ Third Wave ဟာ အခု မီးခိုး ရောင်ဇုန် (Grey Zone) ထဲ ရောက်နေပြီလို့ သုံးသပ်ကြ တာတွေလဲရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အင်တာဗျူး(၈)

## အပြောင်းအလဲများနဲ့ အမြင်အရှု

*ယခုစာစုမှာ Living Color မဂ္ဂဇင်း၏ မေးမြန်းချက်များကို စာရေးသူ ဖြေကြားခဲ့သည်များ ဖြစ်ပါသည်။ ဤ အင်တာဗျူး ကို ၂၀၀၈ ခုနှစ် ဧပြီလထုတ် Living Color မဂ္ဂဇင်းတွင် ဖော်ပြပြီး ဖြစ်ပါသည်။*

---

မေး **ပုံမှန်အားဖြင့် တော်တော်များများက ဆရာ့ကို Globalization နဲ့ တွဲသိတာများတယ်။ ဆရာကိုယ်တိုင်လဲ Globalization အခြေခံတဲ့ The World isFlat နဲ့ အမျိုးသားစာပေဆုရထားတော့ မေးတဲ့သူအများစုက ဒါပဲ ဦးတည်မေးနေကြတာများတယ်။ ကျွန်တော်တို့ကတော့ ဒီဘက်ခေတ်ရဲ့ Idea အပြောင်းအလဲ၊ Trend အပြောင်းအလဲနဲ့ပတ်သက်ပြီး မေးချင်ပါတယ်။ ဒီမှာတ ပြောင်းတာကို မသိတဲ့သူတွေရှိနေသေးတယ်၊ ပြောင်းတာ သိတဲ့သူကတော့ Layer တစ်ခု ရောက်သွားမယ် တင်တယ်၊ Society ထဲမှာ Ideology နဲ့ Trend အပြောင်းအလဲပေါ် မူတည်ပြီး Layer တွေ တွဲသွားတာကို ဆရာ့အမြင် သိချင်တာပါ။**

ဖြေ စစ်အေးခေတ် ဟိုဘက် ဒီဘက်အပြောင်းအလဲတွေကို ဆရာ မောင်စူးစမ်းဘာသာပြန်တဲ့ "လက်ဖပ်ကားနဲ့ သံ



www.burmeseclassic.com

www.burmeseclassic.com



လွှင်ပင်" စာအုပ်မှာ တော်တော်ပြည့်ပြည့်စုံစုံ ပါပြီးသားပါ။ E.gress မှာ ကျောင်းသားတွေကို သင်ရတော့ ဒီအပြောင်းအလဲတွေကို မှတ်လို့လွယ်အောင် ဇယား တစ်ခု လုပ်ပေးပါတယ်။ လက်ဇယ်ကားနဲ့ သံလွှင်ပင် စာအုပ်ကို အညွှန်းရေးတုန်းကလဲ ဒီဇယားကို ဖော်ပြဖူးတယ်။ အခု ဒါကို ပြန်ပြောနေရင် စာမျက်နှာတွေ သိပ်များသွားမယ် ထင်တယ်။ ဒီတော့ ဆိုခဲ့တဲ့ အပြောင်းအလဲတွေထဲက အရေးအကြီးဆုံးလို့ ကျွန်တော်ထင်တဲ့အပြောင်းအလဲ တစ်ခုကိုပဲ ပြောချင်ပါတယ်။ Way of thinking ပြောင်းလာတာပါ။

စစ်ဆေးခေတ်ရဲ့ သင်္ကေတက 'နံရံတံတိုင်း' (wall) လေ။ ဒီ wall ကြီး ရှိနေတာကိုက၊ 'ငါတို့ကွဲနေကြပါလား' ဆိုတာကို ဖော်ပြနေတာ။ ဒီတော့စဉ်းစားနည်းမှာလဲ လက်ဝဲလက်ယာ၊ ရန်သူမိတ်ဆွေ၊ Anit, Pro ... ပြောရရင် 'ငါတို့နဲ့ သူတို့' စဉ်းစားနည်းပေါ့ဗျာ။ အရာရာ ဒီလိုပဲ စဉ်းစားကြတာများတယ်။ အခုစစ်အေးလွန်ခေတ် (တစ်နည်းပြောရရင်) ဂလိုဘယ် လိုက်ဇေးရှင်းခေတ် ရဲ့ သင်္ကေတ က 'အင်တာနက် ဝက်ဘ်ဆိုက်'။ ဒီ ဝက်ဘ် ( Web) ကြီး ရှိနေတာကိုက 'ငါတို့ပူးပေါင်းဆောင်ရွက်လို့ရပါလား' ဆိုတာကို ဖော်ပြနေတာ။ ဒီတော့ စဉ်းစားနည်းမှာလဲ . . ပြောင်းလာရတော့တာပေါ့. . ။ အရင်ကလို 'ငါတို့နဲ့ သူတို့' ဆိုတဲ့ အထိုင်ပေါ်က စဉ်းစားတာမဟုတ်ဘဲ 'ငါတို့တစ်တွေ' ဆိုတဲ့ ရပ်ခံမှုဘက်က စဉ်းစားလာကြတယ်။ ပြောရရင် wall စဉ်းစားနည်းနဲ့ web စဉ်းစားနည်းပေါ့ဗျာ. . ။

ဒါကို ခပ်နက်နက် ပြန်စဉ်းစားလိုက်ရင် Dialectic way of thinking ကနေ Trialectic way of thinking ကိုရွေ့လာတာလို့ ပြောနိုင်မယ်ထင်တယ်။





Dialectic (ဒိုင်ယာလက်တစ်)ကို သခင်စိုးကြီးက အနုပဋိလောမလို့ ဘာသာပြန်တယ်လေ။ လက်ဝဲသမားတွေ အပြောများတော့ ဒါကို တော်တော်များများက လက်ဝဲစဉ်းစားနည်းလို့ ထင်နေကြတာ။ ကျွန်တော့်အထင် ပြောရရင် လက်ဝဲတွေလက်ယာတွေနဲ့ သိပ်မဆိုင်ဘူးဗျ။ အမှန်က စက်မှုခေတ်ရဲ့စဉ်းစားနည်း။ စက်မှုခေတ်တစ်လျှောက်လုံး လက်ဝဲဖြစ်စေ၊ လက်ယာဖြစ်စေ ဒီနည်းနဲ့ စဉ်းစားကြတာ များတယ်။ အခု အိုင်တီခေတ်ရောက်တော့ ဒီစဉ်းစားနည်းမှာ အကန့်အသတ်တွေ ရှိလာတယ်။ ဒါကြောင့်လဲ Trialectics (ထရိုင်ယာလက်တစ်)ဆိုတဲ့ စဉ်းစားနည်းအသစ်ဘက်ကို ရွေ့လာတာ ဖြစ်မယ်ထင်တယ်။

ဘာကွာလဲဆိုတော့ အများကြီးကွာသွားပြီ ထင်တယ်ဗျ။ ဒိုင်ယာလက်တစ်ရဲ့အနှစ်က ပဋိပက္ခချင်း တိုက်ပွဲဆင်ရာက၊ တိုးတက်မှုကို ဦးတည်သွားတယ်ပေါ့. . ။ ဒီတော့ ဒိုင်ယာလက်တစ်နည်းက ဆန့်ကျင်ဘက်တွေအပြန်အလှန်ဖယ်ထုတ်ဖို့ ကြိုးစားကြတာ။ထရိုင်ယာလက်တစ်ရဲ့ အနှစ်က 'စုဖွဲ့မှု'(unity)။ ဆန့်ကျင်ဘက်တွေကြား 'မျှခြေ' (equilibrium) တွေ စုဖွဲ့ဖို့ ကြိုးစားရင်းက တိုးတက်မှုကို ဦးတည်သွားတယ်ပေါ့။ ဒီတော့ ထရိုင်ယာလက်တစ်နည်းက ဆန့်ကျင်ဘက်တွေ အပြိုင်တည်ရှိဖို့ ကြိုးစားတာ၊ သူတို့ကြား အားမျှခြေ ကိုရှာဖွေယူတာ. . ။ ဒီလို ကွာသွားတယ်။ ပြောရရင် စောစောက ကျွန်တော်ပြောတဲ့ wall နဲ့ web ပါပဲ။

ဒီအခြေခံစဉ်းစားနည်းပေါ် မူတည်ပြီး ခင်ဗျားတို့ပြောတဲ့ layer တွေ ကွာသွားမယ်ထင်တယ်။ wall layer ထဲမှာ ကျွန်ရစ်ရင်တော့ စစ်အေးလွန်ခေတ် အပြောင်းအလဲတွေကို ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ ဖြတ်သန်းဖို့ လွယ်မယ်မထင်ဘူး။ wall ကနေ web ပြောင်းဖို့ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ကျွန်တော်တို့မှာ ရှိနေတဲ့ အခုအခံ အစွဲ အလမ်းတွေနဲ့ ပထမဆုံးတိုက်ပွဲဆင်ရမယ်ထင်တယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်ရှော့(ခ)ရိုက်ရတဲ့သဘောပေါ့ဗျာ။ Anti-Know - ledge တို့ Unlearning တို့ဆိုတဲ့ ခေတ်သစ် ပညာရေးအကောက်အယူတွေဟာ ဒီသဘောပါပဲ။

**မေး** **ဆရာ Trialectics အကြောင်း စာအုပ်တစ်အုပ်ရေးထားတာ ရှိတယ်ထင်တယ်။ Dialectic နဲ့ Trialectics ကွာတာလေး ရှင်းပြပေးပါ။**

**ဖြေ** ထွိုင်ယာလက်တစ်အကြောင်းပြောရရင်ထိုင်ဒိုချင် လောက်အောင် စိတ်ဓာတ်ကျမိတဲ့ ကိုယ်တွေ့ အတွေ့အကြုံက စချင်တယ်ဗျာ။ တကယ်တော့ ဒိုင်ယာလက်တစ်ရဲ့ အားနည်းချက်တွေကို စိစစ်ကြတာ။ အဲဒီကနေ ထွိုင်ယာလက်တစ်ကို ကြံဆလာတာ. . ဒီဖြစ်စဉ်တွေ စနေတာ ၁၉၅၀ ဝန်းကျင်လောက်ကတည်းကဗျ။ ကျွန်တော်က ၁၉၅၂ မှာမွေးတာဆိုတော့ ကျွန်တော်မမွေးခင်ဒါမှမဟုတ်ကျွန်တော်မွေးခါစလောက်တတည်းက ရှိခဲ့တာပေါ့။ ဒါပေမဲ့ ထွိုင်ယာလက်တစ်ဆိုတဲ့ ဝေါဟာရကို စကြားဖူးတာ၊ ဒီအကြောင်းကို စမြည်းဖူးတာ မနေ့တစ်နေ့ကမှ၊ အသက် ၅၆ နှစ်ရောက်မှ။ ဒီတော့ ကျွန်တော်နောက်ကျခဲ့တာ နည်းနည်းနောနောမဟုတ်ဘူး။ တစ်သက်လုံးဗျ။ ကိုယ့်ကိုယ်ကိုယ်လဲ ရှက်တယ်။ ထိုင်ငိုချင်လောက်အောင်ကို စိတ်ဓာတ်ကျမိတယ်။

အခု ထွိုင်ယာလက်တစ်အကြောင်း လုံးချင်းစာအုပ်ထုတ်ဖို့ ရုံးတင်ထားပါတယ်၊ မကြာခင်ထွက်နိုင်ပါလိမ့်မယ်။ အခုလောလောဆယ်မှာတော့ သိပ်ကျယ်ပြန့်တဲ့ဘာသာရပ်မို့ အကျဉ်းသဘောပဲ ပြောပါရစေ။

လူ့သမိုင်းမှာ အခြေခံစဉ်းစားနည်းသုံးမျိုးရှိတယ်





လို့ မှတ်သားရပါတယ်။သမားရိုးကျယုတ္တိ(formal logic)ရယ်၊ ဒိုင်ယာလက်တစ်ရယ်၊ ထွိုင်ယာလက်တစ်ရယ်ပေါ့။ သမားရိုးကျယုတ္တိက စက်မှုခေတ်မတိုင်မီ စဉ်းစားနည်းပါ။ သဘာဝသိပ္ပံနဲ့ ဆက်စပ်ကြည့်ရင် သိပ္ပံပညာရဲ့ ပထမ အလှည့်အပြောင်းကာလ(နယူတန်မတိုင်မီခေတ်) ပေါ့ သူ့ရဲ့ အဓိက အားနည်းချက်က အပြောင်းအလဲကို မထင်ဟပ်နိုင်တာ။ ဒိုင်ယာလက်တစ်ခေတ်ကစက်မှု ခေတ်စဉ်းစားနည်း။ သိပ္ပံပညာရဲ့ ဒုတိယအလှည့်အပြောင်းကာလ(နယူတန်ခေတ်) နဲ့ ဆက်စပ်ပေါ်ထွက်လာတာ။ အပြောင်းအလဲကို ထင်ဟပ်ဖို့ ကြိုးစားလိုက်တဲ့ စဉ်းစားနည်းပါ။ သူ့ခေတ်နဲ့သူ ရှေ့တန်းရောက်တယ်လို့ဆိုနိုင်ပါတယ်။

ဒီနေရာမှာ ပီတာဒရပ်ကာရဲ့ စာအုပ်တစ်အုပ်ကို ကြားဖြတ်ပြောပါရစေ။ "အဆက်ပြတ်သွားတဲ့ခေတ်" (Age of Discontinuity) ဆိုတဲ့ စာအုပ်ပါ။ ဒရပ်ကာကြီးကအိုင်တီမတိုင်မီကာလကို "အဆက်အစပ်ရှိတဲ့ခေတ်" (Age of Continuity) လို့ အကဲဖြတ်တယ်၊ ဒီကာလအပြောင်းအလဲတွေဟာ 'မျဉ်းတန်းသဘော' (linear) မို့လို့တဲ့။ ဒါပေမဲ့ အိုင်တီပေါ်လာတော့ ဖြစ်စဉ်ဖြစ်ရပ်တွေက 'မျဉ်းတန်းမဟုတ်တဲ့သဘော' (non-linear) ဘက် ရွေ့လာ တယ်လို့ဆိုတယ်။ ဒါ့ကြောင့် အိုင်တီနောက်ပိုင်းကို 'အဆက်ပြတ်သွားတဲ့ခေတ်' လို့ သူက ပြောတာ၊

ဒိုင်ယာလက်တစ်က မျဉ်းတန်းသဘောတွေကို ကောင်းကောင်း ချဉ်းကပ်နိုင်ပါတယ်။ ဒါ့ကြောင့် အဆက်အစပ်ရှိတဲ့ခေတ်တစ်လျှောက်လုံး ယေဘုယျအသုံးတည့်တယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ မျဉ်းတန်း မဟုတ်တဲ့ အပြောင်းအလဲတွေကို ချဉ်းကပ်ရာမှာတော့ အကန့်အသတ်ရှိလာတယ်၊ အဆက်ပြတ်သွားတဲ့ ခေတ်အတွက်တော့ ပြဿနာရှိလာတယ်။ ဒါ့ကြောင့် သူ့ထက်ပိုပြည့်စုံတဲ့



www.burmeseclassic.com

www.burmeseclassic.com



ထွိုင်ယာလက်တစ်ဘက်ရွေကလာရတာပါ။

နောက်တစ်ခုက သဘာဝသိပ္ပံပညာရဲ့ အပြောင်းအလဲ။ ပညာရှင်တွေက နယူတန်နောက်ပိုင်းကို သိပ္ပံပညာရဲ့ တတိယအလှည့်အပြောင်းလို့သတ်မှတ်ကြတယ်။ ဒီကာလမှာ သိပ္ပံကိုယ်တိုင်က 'တိကျမှု'ကနေ 'မတိကျမှု' ဘက်ရွေ့လာတယ်။ ဒီအပြောင်းအလဲမှာ 'ကေန်သဘော' ကတဲ့ ဒိုင်ယာလက်တစ်ထက် 'အနေကန်သဘော' ကတဲ့ ထွိုင်ယာလက်တစ်က ပိုအသုံးတည့်နိုင်စရာ ရှိတယ်တဲ့ဗျာ။

တစ်ခုတော့ ရှိပါတယ်။ ထွိုင်ယာလက်တစ်ဟာ ဒိုင်ယာလက်တစ်ကို လုံးဝငြင်းဖျက်တဲ့ သဘောတော့ မဟုတ်ပါဘူး။ ဖြည့်ဆည်းတဲ့သဘောပါ။

**မေး** Trialectics ကို ဆရာတို့ ခုနောက်ပိုင်းမှ သိလာရတာ အရင်က ကမ္ဘာ့စာပေနဲ့ အလှမ်းဝေးနေလို့လား။

**ဖြေ** ကမ္ဘာစာပေနဲ့ လုံးဝအလှမ်းဝေးတာတော့လဲ မဟုတ်လောက်ဘူးဗျ။ 'နီးတဲ့ဟာနီးပြီး ဝေးတဲ့ဟာဝေး'လို့ ပြောရမလားပဲ။ ကျွန်တော်တို့တိုင်းပြည်အနေနဲ့ပြောရရင် လက်ဝဲသြဇာ အတော်ကြီးခဲ့တယ်, ထင်တယ်။ ၁၃၀၀ ပြည့် မတိုင်ခင် ၁၉၃၀ အလွန်နှစ်တွေမှာ တစ်ကြိမ်၊ စစ်ပြီးခါစ ၁၉၄၈ တစ်ဝိုက်မှာတစ်ကြိမ်၊ တော်လှန်ရေးကောင်စီတက်ခါစ ၁၉၆၂ ဝန်းကျင်မှာ တစ်ကြိမ်၊ လက်ဝဲစာပေလှိုင်းလုံးကြီးတွေ ပေါ်ခဲ့ဖူးတယ်မို့လား။ ဒီတော့လက်ဝဲစာပေနဲ့ ပတ်သက်ရင် အတော်လေးပြည့်ပြည့်စုံစုံရှိခဲ့တယ်လို့ထင်တယ်။ ဥပမာ Capital ဘာသာပြန်မရှိပေမဲ့ မြန်မာဘာသာနဲ့ အဖွင့်ကျမ်းတွေရှိတယ်။ Manifesto ဆိုရင် တိုက်ရိုက်ဘာသာပြန်ရှိတယ်။ စာအုပ်တော်တော်များများ ဘာသာပြန် ရှိပါတယ်။ ဒါပေမဲ့ လက်ယာဘက်မှာတော့ မရှိသ





လောက်ရှားတယ်။ ပြောရရင် ဟိုခေတ်က သံရုံးဘာသာပြန်ခပ်ညံ့ညံ့တွေပဲရှိတယ်။ ဒါကလဲ နိုင်ခိုင်မာမာ သဘောထက်အပေါ်စားကွန်မြူနစ်ဆန့်ကျင်ရေးက ကဲနေသလိုပဲ။ စစ်အေးခေတ်ကိုး။

၁၉၈၀ အလွန်နှစ်တွေရောက်တော့ ကမ္ဘာမှာရော၊ ကျွန်တော်တို့တိုင်းပြည်မှာပါ ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီဘက်ဦးလှည့်လာပြီလေ. . ။ ဒါပေမဲ့ ဒီဘာသာရပ်တွေနဲ့ ပတ်သက်တဲ့ ထောက်ထောက်ခံခံ ဘာသာပြန်စာအုပ်ကောင်းတွေမရှိဘူး။ အခုမှ 'ဈေးကွက်စီးပွားရေးဆိုတာဘာလဲ'၊ ဒီမိုကရေစီဆိုတာဘာလဲ' အခြေခံကစ ပြန်လိုက်နေရတယ်။ ပြောရရင်တော့ ဒါ. . ကျွန်တော်တို့အားနည်းချက်ပဲ။ ကျွန်တော်တို့ရှေ့က လူကြီးတွေလောက် အလုပ်မလုပ်နိုင်သေးတာပဲ၊ ကျွန်တော်တို့ တစ်တွေအများကြီးကြိုးစားရဦးမယ်ထင်တယ်။

**မေး** *၁၉၄၈ ဝန်းကျင်လောက်မှာ ဘာသာပြန်စာအုပ်တွေ တော်တော်ထွက်ခဲ့တယ်။ သိရသလောက် ဝန်းဇော်မှာရှိတဲ့ စာပေဝါသနာအိုးတွေက မူရင်းစာအုပ်ကို ကုန်စုံဆိုင်တွေမှာတောင် ဝယ်လို့ရတဲ့ အနေအထားရှိတယ်။*

**ဖြေ** ၁၉၄၈ ဝန်းကျင်၊ စစ်ကြီးပြီးခါစဆိုတော့ လူတွေစာငတ်နေတာလဲ ပါမှာပေါ့ဗျာ။ စာဖတ်ပရိသတ် demand က မြင့်တာပေါ့။ supply ဘက်(စာရေးဆရာဘက်)ဆိုရင်လဲ ဝင်နဲ့တော်လှန်ရေးတွေကို ကိုယ်တိုင်ဖြတ်ခဲ့ရတဲ့သူတွေရှိတယ်လေ။ အဲဒီခေတ် စာရေးဆရာတွေမှာ အတွေ့အကြုံရှိတယ်။ ဘဝရှိတယ်။ ပညာရေးရေခံ မြေခံကောင်း ခဲ့တာလဲပါမယ်။ အဲသလို demand ရော supply ပါ ဘက်ညီတော့ စာပေဖွံ့ဖြိုးတာပေါ့ဗျာ။

ကျွန်တော်တို့ခေတ်မှာတော့ demand (စာဖတ်

www.burmeseclassic.com



သူ)ထက် supply (စာရေးသူ)ဘက်က လိုအပ်သလောက် မဖန်တီးနိုင်တာဖြစ်မယ်ထင်တယ်။ စာအုပ်ဈေးတွေကြီးတဲ့ကြားက ပရိသတ်က ကြိုးစားဝယ်ဖတ်ကြပါတယ်။ အထူးသဖြင့် အပြောင်းအလဲကို ထင်ဟပ်တဲ့စာတွေဆိုရင် စိတ်ဝင်စားကြပါတယ်။ ကျွန်တော်တို့ဘက်ကသာ . . ။ထားပါတော့ဗျာ၊ ဒီနေရာမှာ ကျွန်တော်ပြောချင်တာ တစ်ခုရှိတယ်၊ ကျွန်တော်ဖတ်ရတဲ့ စာအုပ်တစ်အုပ် (J.Curve) ထဲမှာ၊ "တိုင်းပြည်တစ်ပြည်ရဲ့ openness ကို တိုင်းတဲ့ညွှန်းကိန်းတွေဖတ်ရတယ်၊ အဲဒီထဲမှာ 'ဘာသာပြန် စာအုပ်အရေအတွက်' ဆိုတာပါတယ်ဗျ။ ကျွန်တော်တို့ စာရေးသူတွေ စဉ်းစားဖို့ လိုမယ်ထင်တာပဲ။

မေး တရုတ်က ခုနောက်ဆုံး ပါတီညီလာခံမှာ ခါတိုင်းနှစ်ထက် ဒီမိုကရေစီဆိုတဲ့စာလုံး တော်တော်သုံးလာတယ်နော်။

ဖြေ ဟုတ်တယ်ဗျ။ ဟူကျင်းတောင်ရဲ့ မိန့်ခွန်းမှာကိုပဲ ဒီစကားလုံးကို ၁၅ ကြိမ်ဆိုလား ပါတယ်ပြောတာပဲ။ ဒါ ဘာကိုဖော်ပြသလဲဆိုတော့ ပေါက်ဖော်ကြီးတွေလဲ Political reform ကို အလေးထားလာပြီဆိုတဲ့သဘောပေါ့ဗျာ။ ကောင်းတာပေါ့။

စီမံကိန်းစီးပွားရေးနဲ့ တစ်ပါတီစနစ်ကနေ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်လှည့်ပြောင်းတဲ့ နေရာမှာ ယေဘုယျပုံစံနှစ်မျိုးရှိတယ်ဗျ။ လွယ်လွယ်ပြောရရင် ရုရှားပုံစံနဲ့ တရုတ်ပုံစံဆိုပါတော့ဗျာ။ ရုရှားပုံစံက economic reform နဲ့ Political reform ကို တစ်ပြိုင်ထဲလုပ်တယ်။ 'ဂလပ်စနော့' (ပွင့်လင်းရေး)နဲ့ 'ပယ်ရီစတွိုက်ကာ' (စီးပွားရေးပြုပြင်ပြောင်းလဲမှု)ကို တွဲလုပ်တဲ့သဘောပေါ့ဗျာ။ အသွက်အမြန်ကို ဦးစားပေးတယ်။ Shock Therapy





သဘောလို့ ဆိုနိုင်တာပေါ့။ တရုတ်ကတော့ လေးမျိုးခေတ်မီရေးနဲ့ စတာ၊ ပဥ္စမမြောက် ခေတ်မီရေး (Political reform) မပါဘူး။ စီးပွားရေးခိုင်မှ ဒါကို တဖြည်းဖြည်းပြောင်းမယ်ပေါ့။ gradual နည်း။ အသွက်အမြန်ထက်၊ တည်ငြိမ်မှုကို ဦးစားပေးတယ်။

ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီကာလက ရုရှနည်းကို ဗိုလ်သဘောကျတဲ့ သူကများမယ်ထင်တယ်။ လက်တွေ့ဖြတ်သန်းလိုက်တဲ့အခါကျတော့ တရုတ်နည်းက အလုပ် အယမ်းနည်းနည်းနဲ့အောင်မြင်တာ တွေ့ရတယ်လေ။ ဒီမှာ ဘာသင်ခန်းစာရလိုက်သလဲဆိုတော့ စနစ်တစ်ခုကနေ နောက်တစ်ခုပြောင်းတဲ့အခါမှာ Institution တွေရဲ့ အခန်းက ဘယ်လောက်အရေးကြီးလဲဆိုတာပေါ့။ Institution တွေ အားကောင်းရင် အလှုပ်အယမ်းနည်းမယ်၊ တည်ငြိမ်မယ်။ အားနည်းရင် အလှုပ်အယမ်း များမယ်၊ အန္တရာယ်ရှိတယ်ပေါ့။ ဒီတော့ Institutional reform အတွက် 'ကူးပြောင်းရေးကာလ' (transitional period) တစ်ခု လိုမယ်ဆိုတာပေါ့။

စောစောက ကျွန်တော်ပြောခဲ့တဲ့ J.Curve က ဒီအကြောင်းကို ဆွေးနွေးထားတာဗျ။ 'တည်ငြိမ်မှု' (stability) နဲ့ တံခါးဖွင့်မှု (openness) ရဲ့ အဆက်အစပ်ကို ရှင်းပြထားတာ။ အရင်ကတော့ တည်ငြိမ်မှုကို တံခါးပိတ်ပြီး ဖန်တီးယူတာပေါ့။ power base နဲ့ သွားတာပေါ့ဗျာ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ အခြေအနေအရ တံခါးဖွင့်လိုက်ရတော့ အခိုက်အတန့်ကာလတစ်ခုမှာ တည်ငြိမ်မှုဟာ ကျသွားတတ်တယ်တဲ့။ ဒါပေမဲ့တစ်ချိန်မှာ ပြန်တက်နိုင်တဲ့ အလားအလာတော့ရှိပါတယ်၊ အဲဒီလို ကျနေတဲ့ကာလပိုင်းကို'ကူးပြောင်းရေးကာလ'လို့ခေါ်တာ၊ ဒီကာလ မြန်မမြန်၊ ငြိမ်မငြိမ်ကို Institutional reform က ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိမ့်မယ်တဲ့။

Institutional တွေကို ကျမ်းရှင်က မော်တော်ကားတွေမှာသုံးတဲ့ 'ရှော့ဘား' (Shock absorber) နဲ့ ဥပမာယူတယ်။ ရှော့ဘားကောင်းရင် ကားစီးရတာ ငြိမ့်မယ်။ မကောင်းရင် ဝုန်းဒိုင်းဝုန်းဒိုင်းဖြစ်မယ်ပေါ့ဗျာ။ ဒီစာအုပ်အကြောင်းကို ပြုံးခဲ့တဲ့ The Waves (၂၀၀၈၊ ဇန်နဝါရီလထုတ်)မှာ အညွှန်းရေးထားပါတယ်။ အဲဒီထဲကဂရပ်ပုံနဲ့ တိုက်ကြည့်ရင် ပိုရှင်းမယ်ထင်တယ်။

မေး **Institution ဆိုတာ Family က စပါသလား။ ဒါမှမဟုတ် State ပိုင်းပဲ ပါတာလား။**

ဖြေ Family ကနေ State အထိ Institution သဘောရှိတယ်ဗျ။ သူ့ function နဲ့ သူပေါ့။ ဥပမာ အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးစီး (အဖေပေါ့) ကိုကြောက်ရလို့ ငြိမ်နေမယ်ဆိုပါတော့ . . .။ ဒီမိသားစုမှာ တည်ငြိမ်မှုတော့ ရှိချင်ရှိမယ်။ ဒါပေမဲ့ သိရိဂေဟာတော့ ဖြစ်မယ်ထင်ဘူး။ စစ်အေးခေတ်က အသုံးတည့်ခဲ့တဲ့ Power base နည်းပေါ့ဗျာ။ မိဘရော သားသမီးမှာပါ သူ့စည်းကမ်းနဲ့သူ၊ သူ့ရပိုင်ခွင့်နဲ့သူရှိရင်တော့ တည်ငြိမ်မှုလဲရှိမယ်။ သိရိဂေဟာလဲ ဖြစ်နိုင်မယ်။ ဒါက power base နဲ့ သွားတာမဟုတ်ဘူးလေ။ Rule of the game နဲ့ သွားတာ။ Institution ဆိုတာ ဒါကို ပြောတာပါ။ State Building မှာ Institutionalization က 'အခရာ'လို့ဖရန်စစ်ဖူကူယားမားကတော့ ပြောတာပဲ။

မေး **The World Is Flat စာအုပ်နဲ့ ပတ်သက်လို့ 'ကမ္ဘာကြီးမပြားသေးဘူး'လို့ တုံ့ပြန်ကြတာတွေ ရှိတယ်နော်။**

ဖြေ ရှိပါတယ်။ ကျွန်တော်တို့ စာပေလောကမှာရော၊ နိုင်ငံတကာမှာရောရှိပါတယ်။ တကယ်တော့ ဖရီးမင်းကိုယ်တိုင်က 'ကမ္ဘာကြီးတစ်ခုလုံးပြားပြီ' လို့ မပြောပါဘူး။ သူ့စာအုပ်မှာကိုပဲ Unflat world ဆိုတဲ့ အခန်းတစ်ခန်းပါပါတယ်။ ကျွန်တော်တို့ စာပေလောက က ဝေဖန်ရေး ဆရာတွေက စာအုပ်တစ်အုပ်လုံးမပြောနဲ့ 'မာတိကာ' ကိုတောင် ဖတ်ကြဟန်မတူဘူး။ နိုင်ငံတကာပညာရှင်တွေရဲ့ ဝေဖန်ချက်တွေမှာတော့ အလေးထားစဉ်းစားစရာတွေ အများကြီး ပါတယ်။ Newsweek ပင်တိုင် ဆောင်းပါးရှင် Robert J. Samulson ရဲ့ ဝေဖန်ချက်ကို ကျွန်တော့်ဘာသာပြန်စာအုပ် တတိယတွဲမှာ နောက်ဆက်တွဲ အနေနဲ့ ထည့်ပေးထားပါတယ်။ ဟားဗတ်က ပါမောက္ခ Pankaj Ghemawat ရဲ့ ဝေဖန်ချက်ကိုလဲ The Waves (June 2007 ) မှာ Cover Theme အနေနဲ့ ဖော်ပြဖူးပါတယ်။ စာဖတ်ပရိသတ်တွေ ဆက်စပ်စဉ်းစားနိုင်ဖို့ပါ။





ပြောရရင် ဒီခေတ်ရဲ့ ထူးခြားချက်က ဒါပဲထင်တယ်ဗျ။ အယူအဆမျိုးစုံ အပြိုင်ရှိနေတယ်။ ဘယ်ဟာအမှား၊ ဘယ်ဟာအမှန် ယတိပြတ်ပြောဖို့ခက်တယ်။ အမှားထဲမှာ အမှန်ရှိသလို အမှန်ထဲမှာလဲ အမှားရှိနိုင်တယ်။ ဒီတော့ either-or logic နဲ့ ကြည့်လို့မရတော့ဘူး။ဘုရားဟောတဲ့ ဝိဘဇ္ဇဝါဒနဲ့ ချဉ်းကပ်မှ တော်ကာကျလိမ့်မယ်။ ခက်နေတာက ကျွန်တော်တို့စာပေလောကမှာ အမှား၊အမှန်ပြတ်ပြတ်ပြောမှကြိုက်တယ်၊ ရှင်းမှလင်းမှ ကြိုက်တယ်။

မေး **အဲဒါ ကျွန်တော်တို့လူမျိုးတွေရဲ့ စရိုက်တစ်ခုဖြစ်သွားမှာ စိုးရိမ်ရတယ်။**

ဖြေ ကျွန်တော့်အမြင်တော့ ဖြစ်သလောက်ဖြစ်နေပြီ တောင်ထင်တာပဲ။ ဘာပဲဖြစ်ဖြစ်လေ။ အရေးကြီးတာက စရိုက်သေတွေ မဖြစ်ဖို့ပါ။ ဝတ္ထုဆိုရင် စရိုက်သေတွေ များနေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပျင်းစရာကောင်းတာပေါ့ဗျာ။ စရိုက်ရှင်ဇာတ်ကောင်တွေဆိုရင်တော့ သွက်တာပေါ့။ နိုင်ငံတစ်ခုကို ခေတ်မီနိုင်ငံတော်တည်ဆောက်တော့မယ်ဆိုရင် နိုင်ငံသားတွေရဲ့ စဉ်းစားတွေးခေါ်နည်းတွေ၊ စရိုက်တွေကိုလဲ ခေတ်နဲ့ အညီပြောင်းလဲဖို့ လိုမယ်လို့ထင်တာပဲ။

ဒီနေရာမှာ တားလ်မာ့ခ်စ်ရဲ့ စကားတစ်ခွန်းကို ပြန်ညွှန်းချင်တယ်ဗျ။ 'ကမ္ဘာကြီးကို ပြောင်းလဲမယ့်သူဟာ ကိုယ့်ကိုယ်ကိုယ်အရင်ပြောင်းလဲရမယ်'တဲ့။ မာ့ခ်စ်ရဲ့ တပည့် သားမြေးလို့ ဆိုတဲ့သူတွေ သတိရကြဖို့ပါ။

မေး **လူ့အဖွဲ့အစည်းမှာ တင်းမခံဖို့ Flexible ဖြစ်ဖို့ဆိုရင် ပညာရေးက အဓိကတာဝန်ယူတယ်လို့ မထင်ဘူးလားဆရာ။**

ဖြေ သိပ်ဟုတ်တာပေါ့ဗျာ။ နိုင်ငံတည်ဆောက်ရေးကို 'စိတ်လှုပ်ရှားမှု' (emotion) နဲ့ မသွားဘဲ ပညာနဲ့ယှဉ် နှလုံးသွင်းနိုင်ဖို့ပေါ့။ စောစောက ပြောခဲ့တဲ့ Institutionalization ဆိုတာ အနှစ်သဘောကတော့ ဒါပါပဲ. . ။

မေး **သောမတ်ဖရီးမင်းက ရေးဖူးတယ်။ ၁၉ ရာစုပညာရေးနဲ့ နေနေမယ်ဆိုရင် Idea တွေက ခုနလို ဖြစ်နေပါမလား။**

ဖြေ တကယ်တော့ ကျွန်တော်တို့နဲ့ ယှဉ်ပါးခဲ့တဲ့ ၂၀ ရာစု ပညာရေးဟာ ၁၉ ရာစု ဉာဏ်အလင်းခေတ်ကို အခြေခံတာဗျ။ သူက knowledge အဓိကလို့ ဆိုနိုင်မယ် ထင်တယ်။ knowledge ဆိုတာက ရှိပြီးသိပြီး ပညာတွေရဲ့ အစုအဝေးလေ။ တစ်နည်းဆိုရရင် အဖြေတွေရဲ့ အစုအဝေးပေါ့။ ဒါကိုရဖို့ learning နဲ့ သွားရတာ။ ရည်ရွယ်ချက်ကတော့ knowledge ကိုင်ပြီး အလုပ်လုပ်တတ်တဲ့ knowledge worker တွေ မွေးထုတ်ဖို့ ။





ဒါပေမဲ့ ၂၁ ရာစု ပညာရေးရဲ့ ရည်ရွယ်ချက်က knowledge worker သာမက ပညာအသစ်တွေ ဖန်တီးနိုင်တဲ့ knowledge creator တွေပါ မွေးထုတ်ဖို့ ဖြစ်လာတယ်။ ဒီတော့ knowledge သက်သက်နဲ့ မလုံလောက်တော့ဘူး။ Anti-knowledge က ရှေ့ရောက် လာတယ်။ Anit-knowledge ဆိုတာ ရှိပြီး သိပြီး ပညာတွေကို ပြန်စိစစ်ရတာ။ မေးခွန်းတွေရဲ့ အစုအဝေးပေါ့။ ဒါကို learning နဲ့ သွားလို့မရတော့ဘူး။ Unlearning နဲ့ ချဉ်းကပ်ရတယ်။ Unlearning ဆိုတာ ရှိပြီး သိပြီး အသိတွေကို 'ခေတ်'နဲ့ ဆန်ချတ်တိုက်ရတာ။ ပြောရရင် ဝိဘင္ဂနည်းပေါ့။ ဒါမှအရာရာကို 'အသစ်တဖန်လေ့လာ' (Relearning) နိုင်မှာ၊ 'ပညာအသစ်' (New Knowledge) တွေ ထွက်လာမှာ. . . ။ ဒီတော့ 'ဝိဘင္ဂစိတ်အခံ' (analylic mindset) နဲ့ 'ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်း' (flexibility) က အခြေခံလိုအပ်ချက်တွေ ဖြစ်လာတယ်။

ဒါပေမဲ့ အခုထိ ကျွန်တော်တို့ စာပေလောကမှာ တော်တော် များများ စွဲနေတာက 'အယူအဆ တစ်ခုကို (မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ) သေအထိ ကိုင်သွားနိုင်မှ သူရဲကောင်း' ဒီလိုဖြစ်နေတာကိုး။ ဒီတော့ စောစောကပြောခဲ့တဲ့ အခြေခံလိုအပ်ချက်နှစ်ခု (ဝိဘင္ဂစိတ်အခံနဲ့ ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်း)ဟာ၊တွေဝေမှု၊ မပြတ်သားမှုတွေရဲ့ ဖော်ပြချက်ဖြစ်နေတော့တာပေါ့။

မေး **ကျွန်တော်တို့ ဆီမှာတင် မဟုတ်ဘူး။ တခြားမှာလဲ ဒါမျိုးဖြစ်တာတွေ့ရတယ်။အထူးသဖြင့် ဘက်တစ်ဖက်မှာ အကြာကြီးနေခဲ့ရတဲ့ လူတွေက အခြားတစ်ဖက် ရောက်သွားရင် ဒီလိုဖြစ်သွားတယ်ထင်တယ်။**

ဖြေ တလောကပဲ စာအုပ်တစ်အုပ်ဖတ်ရတယ်ဗျ၊ 'မဂိုးရိန်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြည့်' စာအုပ်ပါ။ ဒီစာအုပ်ထဲမှာပါတဲ့ ဆင္ဒသင်္ဂါယနာတင်ပွဲမှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်လေးတစ်ခုကို ပြန်ပြောချင်လို့ပါ ။ သင်္ဂါယနာပွဲ မပြီးခင်မှာပဲ ဝန်ဆောင်အဖွဲ့ထဲက ဆရာတော်တစ်ပါး ပျံလွန်တော်မူတာနဲ့ အဲဒီနေရာမှာ မစိုးရိမ်ဆရာတော်ကြီးကို အစားထိုးဖို့ နာယကအဖွဲ့က အဆိုပြုတယ်တဲ့။ ဒီမှာတင်ဆရာတော်တစ်ပါးက 'ဒီမစိုးရိမ် ဆရာတော်ဟာ တစ်ခါက အဖြူလို့ပြောခဲ့တာကို နောင်မှာ အမည်းလို့ ပြန်ပြောဖူးတယ်။ ဒီလိုစကားမတည်တာမို့ ဒီနေရာမပေးသင့်ဘူး။ ကန့်ကွက်တယ်' ပေါ့။ အဲဒီတော့ မစိုးရိမ်ဆရာတော်ကြီးက အခုလို ပြန်မိန့်တယ်။ 'ဝန်ဆောင်အဖွဲ့မှာ ရွေးတာမရွေးတာနဲ့ ပတ်သက်လို့ ဘာမှပြောစရာမရှိဘူး။' 'ဒါပေမဲ့ တစ်ခါက အဖြူပြောခဲ့တာကို နောင်မှာအမည်းလို့ ပြောတာကိုတော့သူ့ဘက်ကပြောစရာရှိတယ်' တဲ့။ သူ့အနေနဲ့ ဖြူတယ်လို့မြင်လို့ ဖြူတယ်ပြောခဲ့တယ်။ နောက်-အဖြူလို့မမြင်တော့ဘဲ အမည်းလို့ မြင်လာတော့ လူအထင်သေးမှာစိုးရိမ်ပြီး အဖြူပဲလို့ တင်း ခံမနေနိုင်ဘူး။ မည်းတယ်လို့မြင်တာကို မည်းတယ်ပဲ ပွင့်ပွင့်လင်းလင်း ပြောမယ်။ ဒါဟာ သူ့သမာဓိပဲ' တဲ့။ (စကားလုံးအတိအကျတော့ မဟုတ်ဘူးပေါ့ဗျာ။ မှတ်မိသလို ပြန်ပြောတာပါ)

ကျွန်တော်တို့အနေနဲ့ မစိုးရိမ်ဆရာတော်ကြီးရဲ့ သမာဓိမျိုး ရှိဖို့ လိုမယ်ထင်တယ်။

မေး ဆရာ ဘာပြောချင်တာ ရှိသေးလဲ။

ဖြေ ကျွန်တော်ပြောချင်တာ၊ အသိပေးချင်တာတွေကို The Waves မှာရော လုံးချင်းစာအုပ်တွေမှာပါ ပြောနေတာပဲ။ အထွေအထူးပြောစရာ မရှိပါဘူး။



BURMESE CLASSIC .com

အင်တာဗျူး(၉)

## ကန္တာရကျွန်း အင်တာဗျူး
## (ကိုတာရဲ့အမေး စာရေးသူရဲ့ အဖြေ)

---

*ယခုစာစုကို ၂၀၀၅ ၊ နို၀င်ဘာလထုတ် စတိုင်သစ်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။*

---

မေး ***What would you miss on a desert island?***

*ကန္တာရကျွန်းတွင် ဘာအလိုချင်ဆုံးနှင့် သတိအရဆုံး ဖြစ်မလဲ။*

ဖြေ ကိုတာက မေးပါသည်။ ကန္တာရကျွန်းပေါ် ရောက်သွားလျှင် ဘာတွေကိုများ လွမ်းမှာလဲ . . . ။ ကျွန်တော်မဖြေတတ်ပါ။ ကန္တာရကျွန်းပေါ် မရောက်ဖူးသောကြောင့် ဖြစ်ပါသည်။ 'ဂုဏ်ရည်စမ်းအင်တာဗျူး' ဆို၍ ဖြေစရာမလိုဟုလည်း ယူဆထားပါသည်။ ကျွန်တော့်တွင် စမ်းစရာ၊ ဘာဂုဏ်ရည်မှ မရှိသောကြောင့် ဖြစ်ပါသည်။

သို့နှင့်တိုင် မေးသူကမေးလာသောအခါ ယဉ်ကျေးမှုအရ လိုအပ်သည်ထင်၍ ကြိုးစားဖြေကြည့်ပါမည်။ ဆိုခဲ့ပြီးသည့်အတိုင်းကန္တာရကျွန်းပေါ် ကျွန်တော်မရောက်ဖူးပါ။ ကျွန်တော့်အတွက် ကန္တာရလိုနေရာများသို့မူ မကြာခဏရောက်ဖူးပါသည်။ ဤနေရာများတွင် စားစရာ၊ သော



www.burmeseclassic.com

www.burmeseclassic.com



စရာ၊ နေစရာတော့ရှိပါသည်။ ချစ်သူခင်သူမရှိ၊ စာအုပ်မရှိ၊ တခြားဘာဆိုဘာမှမရှိ။ သည်တော့ လွှမ်းစရာရှိတာတွေ အကုန်လွှမ်းမိပါသည်။

ပြောရလျှင် 'လွှမ်း' ဆိုသော စကားက လှလွန်းပါသည်။ တကယ့်အဖြစ်က ဘယ်လိုမှ မလှပါ။ အတော့်အခံရဆိုးပါသည်။ ကြာတော့ ကိုယ့်စိတ်ကို ဆောက်တည်ရာမရပင် ဖြစ်မိပါသည်။ ဤအခိုက်မှာပင် တစ်ချိန်က ဖတ်ခဲ့ဖူးသော စာစလေးတစ်ပုဒ်ကို ဖျတ်ခနဲ အမှတ်ရလိုက်မိသည်။ 'သီတဂူရေအလျှ'ဆိုသော စာစောင်လေးထဲမှ ဆရာတော်ရွှေကိုင်းသား၏ ဆောင်းပါးတစ်ပုဒ်ဖြစ်ပါသည်။

ဆရာတော်က သူရဟန်းဝတ်ခါစကာလ(စစ်ကြိုခေတ် ဖြစ်မည်ထင်သည်။)စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံးခဲ့ရသည့် နိစ္စဓူဝအာဝကို ပြန်ရေးပြထားခြင်းဖြစ်သည်။ ထိုစဉ်က ဆရာတော်တွင်သင်္ကန်းနှစ်စုံနှင့် သပိတ်တစ်လုံးသာ ရှိပါသည်။ ကျောက်ဂူငယ်တစ်ခုကို ကျောင်းအဖြစ်သဘောထားနေထိုင်ခဲ့ပါသည်။

နံနက်အိပ်ရာထသည်နှင့် သပိတ်ထဲမှ လက်ကျန်ရေနှင့် မျက်နှာသစ်၊ နောက် ဘုရားရှိခိုး၊ ပြီးလျှင်အပိုသင်္ကန်းတစ်စုံကို ပခုံးထက်တင်၊ သပိတ်ကိုပိုက်ပြီးစစ်ကိုင်းမြို့ထဲ ဆွမ်းခံထွက်သည်။ ဆွမ်းခံပြန်တော့ ကျောင်းသို့တန်းမသွားပါ။ မြစ်ဆိပ်သို့သွားပြီး အရိပ်ကောင်းကောင်း၊ သစ်ပင်အောက်တွင် ခေတ္တနားသည်။ ချွေးသိပ်တော့ မြစ်ထဲရေဆင်းချိုး၊ ကိုယ်တွင်ဝတ်ထားသော သင်္ကန်းကိုလျှော်၊ အပိုသင်္ကန်းနှင့်လဲ၊ ပြီးမှသင်္ကန်းအစိုကိုနေလှန်းသည်။ နောက် ဆွမ်းဘုဉ်းပေးပြီး သပိတ်ဆေး၊ ရေအပြည့်ဖြည့်၊ ဤအတွင်းလျှော်ထားသော သင်္ကန်းလည်းခြောက်ပြီဖြစ်ရာ၊ ခေါက်ပြီး ပခုံးပေါ် တင်၊ ရေသပိတ်ကို ပိုက်ပြီးကျောင်းသို့ပြန်သည်။ ဤကိစ္စအားလုံး ပြီးလျှင်တော့ ညအိပ်ရာဝင်





ချိန်ထိ တရားအလုပ် လုပ်တော့သည်။ နောက် တစ်နေ့ မျက်နှာသစ်စရာရေချန်ပြီး ရေဆာလျှင် ရေသောက်သည်။ သည်လိုနှင့် နောက်တစ်နေ့ မိုးလင်း၊ အိပ်ရာထ၊ မျက်နှာသစ် . . ဆွမ်းခံကြွ . . ။

ဆရာတော့်စာကိုဖတ်ရင်း မေတ္တာသုတ်မှ 'အပ္ပကိစ္စော စ' ဆိုသော ပါဠိဝေါဟာရကို လှိုက်ခနဲ သတိရလိုက်မိသည်။ 'နည်းသောအမှုကိစ္စရှိခြင်း' ဟု နားလည်ရပါသည်။ 'နည်းသောအမှုကိစ္စဖြင့် မြတ်သော အကျင့်ကိုကျင့်ရာ၏' ဆိုသော ဆရာတော်လက်တွေ့ကျင့်သုံးပြလိုက်သည့် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမက ယောက်ယက်ခတ်နေသော ကျွန်တော့်စိတ်တွေကို ထိန်းနိုင်သိမ်းနိုင်ခဲ့ပါသည်။ ဤစာလေးတစ်ပုဒ်၏ ကျေးဇူးကြောင့်ပင် ကန္တာရနေ့များကိုစိတ်ရောကိုယ်ပါ ကျန်းမာစွာဖြင့် ကျော်နိုင်ခဲ့သည်ဟု ထင်ပါသည်။

ကိုတာပြောသလို ကန္တာရကျွန်းသို့များ ရောက်ခဲ့လျှင် လွှမ်းစရာအားလုံး လွှမ်းဖြစ်ဦးမှာတော့ သေချာသည်။ သို့သော် အလွှမ်းကို ဒီအတိုင်းလွှတ်ထားပြီး 'ငါ့ခမျာ သနားစုရာ' လုပ်နေဖြစ်မည် မဟုတ်ပါ။ ဆရာတော်ရွှေကိုင်းသား၏ စာလေးကို ပြန်တွေးလိုက်ပါမည်။ အပ္ပကိစ္စော စ ကို နှလုံးသွင်းလိုက်ပါမည်။ စွန့်နိုင်ဖြစ်နိုင်မည်ဆိုလျှင်တော့ ကန္တာရကျွန်းကို ဂလိုဘယ်လိုက်ဖေးရှင်းနှင့် ဖူးစာ ဖက်ပေးလိုက်ချင်ပါသေးသည်။ လောကုတ္တရာ မဟုတ်သည့်တိုင် ဤသည်မှာလည်း မြတ်သောအကျင့်ဟု ထင်ပါသည်။ ။

ကျော်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



ဒီရည်ရွယ်ချက်ကို မပြောခင် ခုအချိန်ထိ ကျွန်တော်စွဲလမ်းတဲ့ စာအုပ်တစ်အုပ် အကြောင်းကို ကြားဖြတ်ပြောချင်ပါတယ်။ ဆရာမောင်သာနိုးရဲ့ "ထင်ရှူးပင်ရိပ်" ပါ၊ အထူးသဖြင့် "အမှာစာ" ပေါ့။ အဲဒီမှာဆရာက "အဆက်ပြတ်မှုအရေးဆိုး" ကြီးအကြောင်း ထောက်ပြ သွားတယ် ။

အားလုံးသိကြတဲ့အတိုင်းပဲ။ ၁၉၉၀ တစ်ဝိုက်မှာ ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲကြီးတွေ ဖြစ်ခဲ့တယ်မဟုတ်လား။ ဒါကို နိုင်ငံတကာ ပညာရှင်တွေက "ကြယ်ပွင့်ပြချိန်" (Star time) လို့ပြောကြသလို၊ "ရေစီးကြောင်းများပြောင်းလဲချိန်"(watershed era) လို့လဲ ပြောကြတာပေါ့။

ဒါပေမဲ့ အိုင်ဒီယိုလိုဂျီတစ်ခု အပေါ်က၊ အတိုင်တစ်ခု အပေါ်က ရေးတာပြောတာမျိုးလဲ မလုပ်ချင်ဘူး။

www.burmeseclassic.com